
စာပြုဆရာ-ဦးဝေ[illegible]ရေး

အဂ္ဂယပ် လက်တွေ့

# ရွှေလမ်းငွေလမ်းပဒေသာ

## ကျမ်း



ကိုလင်းအိမ်ဝဏ္ဏ
မှ
ရှူဒါန်းသည်

ရန်ကုန်မြို့ ၂၇၊ ဗဟန်းလမ်း
မိဘမေတ္တာ ရွှေတံဆိပ်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍

*

ရန်ကုန်မြို့
ရွှေတိဂုံဘုရားကြီးဈေး၊ ဆိုင်နံပါတ် (၉)
ဘုရားကြီးအရှေ့မုခ် ဆိုင်ခွဲအမှတ် (၆၂)

ဒေါ်သိန်းက
ပုံနှိပ်ထုတ်ဝေပါသည်။
မှတ်ပုံတင်နံပါတ် ရန်ကုန် (၀၇၈၃)

# ဤစာအုပ်၏ အကြောင်း

*

အဂ္ဂိယပ်ပညာသည် မြန်မာပြည်၌ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်ကစ၍ ပေါ်ထွန်းလာသော ပညာ ဖြစ်လေသည်။

ထိုခေတ်များက ပေါက်ရောက် အောင်မြင်သွားကြသော ရှင်အဇ္ဇဂေါဏ၊ ရှင်ပုဏ္ဏာစရိယ စသော ပညာရှင်တို့သည် မိမိတို့ ပေါက်ရောက်သော လမ်းစဉ် ပညာရပ်များကို နောင်လာ နောက်သားတို့အတွက် မှတ်သားဆည်းပူးကြရန် ကျမ်းစာများကို ရေးသားခဲ့ကြပေကုန်၏။

ထိုသို့ ရေးသားခဲ့သော ကျမ်းစာများတွင် ပါဝင်သော စကားများသည် ပညတ်အမျိုးမျိုး၊ အမည်အမျိုးမျိုး၊ ဝေါဟာရအမျိုးမျိုး၊ ဥပမာစကား အမျိုးမျိုးတို့ဖြင့် ရေးသားထားခဲ့ကြသဖြင့် (ပဏ္ဍိတဝေဒနီယ) ပါရမီရှင် ဉာဏ်ကြီးရှင်တို့သာ သိရှိနိုင်သော အရာဌာနတခုကဲ့သို့ ရှိနေပေသည်၊

သာမန်လူများနှင့် ပညာနုံ့နဲ့သော ယခုခေတ် လူများသည် ထိုစာပေတို့၏ ဆိုလိုရင်း၊ ယူလိုရင်း အဓိပ္ပာယ်များကို မှန်စွာ မှုယူဆနိုင်၊ မဝေဖန်နိုင်ကြသဖြင့် ဝါသနာပါသူ့ ပြုလုပ်ကိုင်ရင်ရာတွင် (ပိုးသာကုန် မောင်ပုန် စောင်းမတတ်) ဟု ဆိုဘိသကဲ့သို့ မပယ်ပယ်ရရ ဘာတခုမျှ မဖြစ်ဘဲ အလွဲလွဲ အမှားမှား မီးပူ လူပန်းသာဖြစ်၍ နေကြသည်ကိုသာ တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် ထိုစာပေတို့၏ အခက်အခဲမှ လွန်မြောက်နိုင်ရန် ကြံစည်စဉ်းစား၍ ၁၉၃၂ ခုနှစ်လောက်က

# ဤစာအုပ်အကြောင်း

စ၍ ရဟန်းပညာရှင်၊ ရသေ့ပညာရှင်၊ လူပညာရှင်များနှင့် တွေ့တိုင်းတွေ့တိုင်း အင်္ဂလိပ်ပညာကို ယထာဘူတ-ဟုတ်တိုင်းမှန်စွာ နောင်လာနောက်သားတို့ လွယ်ကူစွာ သိရှိနိုင်ရန် ဟုတ်မှန်သော နည်းများကို လျှောက်ထား တောင်းဆိုရာတွင် ထိုပညာရှင်တို့ထံမှ မေတ္တာဖြင့် ပေးသွားသော နည်းမှန် လုပ်ထုံးများကို ကျွန်ုပ်ကိုယ်တိုင် ဝါသနာရှိသဖြင့် စုဆောင်းလာခဲ့ရာ နှစ်ပေါင်း(၃၀)မျှ ရှိပြီ ဖြစ်ပါကြောင်း။

ယခုအခါ ထိုနည်းမှန်လမ်းမှန်၊ လုပ်ထုံးမှန် လက်တွေ့နည်းများကို (အင်္ဂလိပ်လောကတွင်) ဝါသနာပါသူ သူတော်ကောင်း လူရှင် ရဟန်းတို့၏ အကျိုးငှာ ကျွန်ုပ် နှစ်ပေါင်း (၃၀) မျှ စုဆောင်း အည်းပူးခဲ့သော နည်းများကို မကွယ်မဝှက် ပွင့်ပွင့်လင်းလင်း ရှင်းရှင်းကြီး ဖော်ပြရေးသား၍ ထုတ်ဝေလိုက်ပါသည်။

အင်္ဂလိပ်ပညာကို ဝါသနာထုံ၍ ပြုလုပ်စီရင်လိုသော လူရှင် ရဟန်းတို့သည် ဤကျမ်းကို ကြည့်ရှုလေ့လာ၍ မိမိတို့ လိုရာလမ်းကို မပင်မပန်း ငွင်လန်းစွာ ပြုလုပ်စီရင်၍ သိဒ္ဓိမြောက်အောင်ကြပါစေကုန်သတည်း။

ဦးပေါဦး
စာပြုဆရာကြီး
ရန်ကုန်မြို့။

၁၃၂၃-ခု၊ ဝါခေါင်လဆန်း (၁) ရက်
(၁၂-၈-၆၁)

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| | ပဏာမနှင့်ပဋိညာဉ် | ၁ |
| ၁။ | ပြဒါးဘမ်းနည်း | ၃ |
| ၂။ | ပတိန်တောင်သံထုတ်နည်း | ၄ |
| ၃။ | ရွှောင်ဘမ်းနည်း | ၄ |
| ၄။ | လကျ်ာသံတက်လမ်း | ၅ |
| ၅။ | သံပြော့အောင်လုပ်နည်း | ၅ |
| ၆။ | ကော်လုပ်နည်း | ၆ |
| ၇။ | ပြဒါးစားလမ်းပြာချနည်း | ၆ |
| ၈။ | ဆေးဒါန်းဘမ်းနည်း | ၇ |
| ၉။ | တနည်းသွတ်ဘမ်းနည်း | ၈ |
| ၁၀။ | လက်တွေ့ဆေးဒါန်းဘမ်းနည်း | ၈ |
| ၁၁။ | လက်တွေ့သွတ်ဘမ်းနည်း | ၈ |
| ၁၂။ | ဂွတ်-ပြဒါး-စိန်-ဓာတ်လုံးစီရင်နည်း | ၉ |
| ၁၃။ | တနည်း-သွတ်စားလမ်းဘမ်းနည်း | ၉ |
| ၁၄။ | နီသောသွတ်ကို ဓာတ်လုံးစီရင်နည်း | ၁၀ |
| ၁၅။ | တနည်းသွတ်သတ်၍စားလမ်းနှင့် ချော်ချက်နည်း | ၁၂ |
| ၁၆။ | တနည်းသွတ်ဘမ်းနည်း | ၁၄ |
| ၁၇။ | ဆေးဒါန်းဘမ်းနည်း | ၁၅ |
| ၁၈။ | တနည်း ဆေးဒါန်းဘမ်းနည်း | ၁၅ |
| ၁၉။ | ဆေးဒါန်းဘမ်းနည်းလက်တွေ့ | ၁၅ |
| ၂၀။ | သွတ်အချောင်းထိုးခံဆေးလက်တွေ့ | ၁၆ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၁။ | လက်တွေ့စားလမ်း သွက်ပြဒါးဘမ်းနည်း | ၁၆ |
| ၂၂။ | တနည်းလက်တွေ့သွတ်ဘမ်းနည်း | ၁၇ |
| ၂၃။ | သွက်ရွှေဝါလက်တွေ့ဘမ်းနည်း | ၁၇ |
| ၂၄။ | သွတ်ဖြူဘမ်းနည်းလက်တွေ့ | ၁၈ |
| ၂၅။ | လက်တွေ့သွတ်ပြဒါးဘမ်းနည်း | ၁၈ |
| ၂၆။ | သုဝဏ္ဏသေလာကျောက် သွတ်သတ်ဆေး | ၁၉ |
| ၂၇။ | နာကိုရွှေဖြစ်စေနိုင်သောကျောက် | ၂၀ |
| ၂၈။ | ရွှေဖြစ်ထိုးနည်း | ၂၀ |
| ၂၉။ | လုံကျာအောင်မြေလမ်း ရွှေဖြစ်ထိုးနည်း | ၂၁ |
| ၃၀။ | ဘော်ဝါလမ်းထိုးနည်း | ၂၂ |
| ၃၁။ | ဘော်ဝါချိတ်လမ်း ရွှေစပ်တူထိုးနည်း | ၂၃ |
| ၃၂။ | ကြေးကိုသတ်၍ ရွှေနှင့်စပ်သော စပ်တူလမ်း | ၂၅ |
| ၃၃။ | ဘော်ဝါလမ်း ရွှေစပ်တူထိုးနည်း | ၂၅ |
| ၃၄။ | နာကို နီအောင်ထိုးနည်း | ၂၇ |
| ၃၅။ | ဒါန်သတ်နည်း | ၂၇ |
| ၃၆။ | တနည်း ဒါန်သေနီညွှန်ဝင်လမ်း | ၂၉ |
| ၃၇။ | လက်တွေ့စားလမ်းတနည်း | ၂၉ |
| ၃၈။ | သွတ်ပြာချနည်းလက်တွေ့ | ၃၃ |
| ၃၉။ | စိန်သတ္တုပြာချနည်း လက်တွေ့လုပ်ထုံး | ၃၄ |
| ၄၀။ | သွတ်ရွှေဝါဘမ်းနည်း | ၃၅ |
| ၄၁။ | စားလမ်းလက်တွေ့ | ၃၅ |
| ၄၂။ | ရေစကြိုဆရာတော်နည်း | ၃၆ |

## မာတိကာ

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၄၃။ | ရွှေလုပ်နည်း | ၃၇ |
| ၄၄။ | ဦးကိုလောကလက်တွေ့နည်း | ၃၉ |
| ၄၅။ | အင်္ဂလိယပ်ပညာ ငါဆရာနည်းများ | ၃၉ |
| ၄၆။ | စစ်ကိုင်းဆရာတော်နည်း | ၄၃ |
| ၄၇။ | ညှေးမှီစားလမ်း | ၄၃ |
| ၄၈။ | ယောထဲကနည်း | ၄၄ |
| ၄၉။ | သွတ်ရွှေဝါအပျော့အခိုးသတ်နည်း | ၄၄ |
| ၅၀။ | တနည်း-စားလမ်း | ၄၄ |
| ၅၁။ | သုဝဏ္ဏလုပ်ထုံး | ၄၅ |
| ၅၂။ | ထုံလုပ်နည်း | ၄၅ |
| ၅၃။ | ကော်ဆေးအကောင်းဆုံးနည်း | ၄၆ |
| ၅၄။ | ကြေး-ဘော်-ဂျီးချွတ်ရန်နည်း | ၄၆ |
| ၅၅။ | လုံကျင်းဓာတ်လုံးထိုးနည်း | ၄၇ |
| ၅၆။ | ရွှေဓာတ်လုံးစီရပ်နည်းလက်တွေ့ | ၄၇ |
| ၅၇။ | သွတ်ပြင်းစားလမ်းလက်တွေ့လုပ်ထုံး | ၄၉ |
| ၅၈။ | သွတ်ဝါစားလမ်းလက်တွေ့ | ၅၀ |
| ၅၉။ | လက်တွေ့ဘော်ဝါစားလမ်း | ၅၁ |
| ၆၀။ | ဒုတ္တာတွဲစားလမ်းလက်တွေ့ | ၅၁ |
| ၆၁။ | မူလပြဒါးဘမ်းနည်းလက်တွေ့ | ၅၂ |
| ၆၂။ | မူလနှင့်ပြဒါးခဲနည်းလက်တွေ့ | ၅၃ |
| ၆၃။ | တနည်း-မူလပြဒါးခဲနည်းလက်တွေ့ | ၅၄ |
| ၆၄။ | တနည်း-မူလအရေဖြင့်ပြဒါးခဲနည်း | ၅၄ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၆၅။ | ချိတ်နှင့်ဘော်ဝါစားလမ်းလက်တွေ့ | ၅၅ |
| ၆၆။ | တနည်းမူလနှင့်ပြဒါးခဲနည်း | ၅၆ |
| ၆၇။ | ဘော်ဝါစားလမ်းတနည်း | ၅၇ |
| ၆၈။ | တနည်း-ပြဒါးဘမ်းရှ်စားလမ်းလက်တွေ့ | ၅၈ |
| ၆၉။ | ပြဒါးလုံးရအောင်ဘမ်းရှ်ထိုးနည်း | ၅၉ |
| ၇၀။ | ဆေးဒါန်းပြဒါးဘမ်းနည်းလက်တွေ့ | ၅၉ |
| ၇၁။ | လုံကျင်းသွတ်လုံးထိုးနည်းလက်တွေ့ | ၆၀ |
| ၇၂။ | နွားနို့ချော်ချက်နည်း | ၆၁ |
| ၇၃။ | မန္တလေးတောင်-ရသေ့ကြီးဦးခန္တီ၏ လက်တွေ့နည်း | ၆၁ |
| ၇၄။ | သတ္တကမ္ဘာ့ထိုးနည်း | ၆၄ |
| ၇၅။ | နာဝါလမ်း ပုဂံဝိဇ္ဇာဒိုရ်ကျမ်းမှလာသောနည်း | ၆၅ |
| ၇၆။ | တနည်း ပုဂံဝိဇ္ဇာဒိုရ်ဆေးကျမ်းလာ ဘော်ဝါလမ်း | ၆၅ |
| ၇၇။ | ပုဂံဝိဇ္ဇာဓိုရ်ဆေးကျမ်းလာဘော်ဝါချိတ်လမ်း | ၆၆ |
| ၇၈။ | တနည်း လက်တွေ့ဘော်ဝါစားလမ်း | ၆၇ |
| ၇၉။ | တနည်း ဘော်ဝါချိတ်လမ်း စပ်တူစားလမ်း | ၇၀ |
| ၈၀။ | တနည်း-မူလနှင့် ထိုးသောဘော်ဝါလမ်း | ၇၁ |
| ၈၁။ | ရှေးဟောင်းစာမူမှလာသောသွတ်ရွှေဝါလမ်း | ၇၂ |
| ၈၂။ | တနည်း ဝိဇ္ဇာဓရဆေးကျမ်းလာ ဘော်ဝါချိတ်လမ်း | ၇၃ |
| ၈၃။ | တနည်း ဆေးဒါန်းဘမ်းနည်း | ၇၄ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၇၄။ | တနည်း–ဆေးဒါန်းတမ်းနည်း | ၇၅ |
| ၇၅။ | မောင်ခေါသိုက်ပုရပိုက်ထွက်ပြာလမ်း | ၇၆ |
| ၇၆။ | တနည်း မောင်ခေါသိုက်ပုရပိုက်မှုမှ ပြာစားလမ်း | ၇၆ |
| ၇၇။ | တနည်း–ဆရာဦးနေထွန်း၏ညှာချေးမှီပြာလမ်း | ၇၇ |
| ၇၈။ | တနည်း-ဝိဇ္ဇာဓရဆေးကျမ်းလာ ဘော်ဝါချိတ်စားလမ်း | ၇၈ |
| ၇၉။ | ရှင်းကျမ်းလာ ဘော်သတ်နည်း | ၇၉ |
| ၈၀။ | တနည်း–သွတ်ရွှေဝါစားလမ်း | ၈၀ |
| ၈၁။ | ဓိမိသာရှင်ရသေ့၏ခေတ်လုံး-လုံကျင်းလမ်း | ၈၁ |
| ၈၂။ | မောင်ခေါသိုက်ပုရပိုက်မှု ဘော်ဝါစားလမ်း | ၈၂ |
| ၈၃။ | မန္တလေးဘုန်းတော်ကြီး ရွှေဆပ်လှည့်နည်း စားလမ်း | ၈၃ |
| ၈၄။ | မောင်ခေါသိုက်ပုရပိုက်မှုမှဘော်ဝါစားလမ်း | ၈၄ |
| ၈၅။ | တနည်း-ဘော်ဝါလမ်း | ၈၅ |
| ၈၆။ | ကျမ်းဂန်အရ လက်ျာကန့်သုံးနည်း | ၈၅ |
| ၈၇။ | မိတ္ထီလာမြို့ ဆရာဦးထွန်းမြင့်၏ လက်တွေ့စားလမ်း | ၈၇ |
| ၈၈။ | တနည်း–စားလမ်း | ၈၇ |
| ၈၉။ | စမ္ပာနဂိုရ်ဘုန်းတော်ကြီး ဦးအရိယ၏ သံပြာစားလမ်း | ၉၀ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၀၀။ | မော်ခေါ်သိုက် ပုရပိုက်မူမှဘော်ဝါစားလမ်း | ၉၁ |
| ၁၀၁။ | တနည်းသွတ်ဘမ်း၍စားလမ်းစီရင်နည်း | ၉၂ |
| ၁၀၂။ | ဟင်းရိုင်းဘမ်း၍စားလမ်းစီရင်နည်း | ၉၃ |
| ၁၀၃။ | ပြဒါးချ၍စားလမ်းစီရင်နည်း | ၉၄ |
| ၁၀၄။ | ပြဒါးဘမ်း၍ စားလမ်းစီရင်နည်း | ၉၅ |
| ၁၀၅။ | ဘော်ဝါစားလမ်းပြဒါးပြစ်၍ စီရင်နည်း | ၉၆ |
| ၁၀၆။ | ဆရာဦးထွန်းမြင့်၏ လက်တွေ့ပြဒါးဘမ်းနည်း | ၉၇ |
| ၁၀၇။ | သံဝိဇ္ဇာခိုရ်နည်း | ၁၀၀ |
| ၁၀၈။ | တနည်း–လက်တွေ့စားလမ်း | ၁၀၁ |
| ၁၀၉။ | တနည်း–ဒုတ္တာပြဒါးစားလမ်း | ၁၀၂ |
| ၁၁၀။ | တနည်း–စားလမ်းချိတ် စီရင်နည်း | ၁၀၃ |
| ၁၁၁။ | သွတ်ရွှေဝါစားလမ်း စီရင်နည်း | ၁၀၄ |
| ၁၁၂။ | စိန်သ[illegible]ဘမ်းနည်း | ၁၀၅ |
| ၁၁၃။ | လက်တွေ့ဘော်ဝါစားလမ်း | ၁၀၆ |
| ၁၁၄။ | ဝိဇ္ဇာဓရဆေးကျမ်းလာ မူလနှင့် သံသတ်နည်း | ၁၀၇ |
| ၁၁၅။ | တနည်း–သံကို မူလနှင့်သတ်နည်း | ၁၀၈ |
| ၁၁၆။ | သံခေတ်မကျသော် သံခေတ်ကျဆေး | ၁၀၉ |
| ၁၁၇။ | ဆေးဒါန်းရွှေဝါချိတ် စီရင်နည်း | ၁၁၀ |

## မာတိကာ

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၁၈။ | သွတ်ပြာရိုက်၍ လက်ျာစားလမ်း စီရင်နည်း | ၁၁၀ |
| ၁၁၉။ | ထွက်ရပ်လမ်းပြဒါးခဲစီရင်နည်း | ၁၁၃ |
| ၁၂၀။ | ဆားရည်ချက်၍ပြဒါးဘမ်းနည်း | ၁၁၆ |
| ၁၂၁။ | မှုလနှင့် ပြဒါးဘမ်း ၍စားလမ်းစီရင်နည်း | ၁၁၆ |
| ၁၂၂။ | ပြဒါးကို ထွက်ရပ်လမ်း စီရင်နည်း | ၁၁၇ |
| ၁၂၃။ | ဗီဿာယုလမ်း | ၁၁၈ |
| ၁၂၄။ | ဘတ္တကွတ္တ ၊ လက်ဝဲလက်ျာပြားလမ်း | ၁၂၀ |
| ၁၂၅။ | ဒေါးဒါန်းသတ္တုကြက်ဆေး | ၁၂၃ |
| ၁၂၆။ | ထိုကျပြဒါးတက်လမ်း | ၁၂၃ |
| ၁၂၇။ | ဘော်သတ်ဆေး | ၁၂၄ |
| ၁၂၈။ | သုဝဏ္ဏမွှေးစစ်နည်း | ၁၂၅ |
| ၁၂၉။ | နာရဏီလမ်း | ၁၂၆ |
| ၁၃၀။ | ကိတ်ခတ်လုံးတည်နည်း | ၁၂၆ |
| ၁၃၁။ | စပ်တူလမ်း | ၁၃၁ |
| ၁၃၂။ | စပ်တူလမ်း | ၁၃၂ |
| ၁၃၃။ | ရွှေဖြစ်နည်း | ၁၃၂ |
| ၁၃၄။ | ရွှေဖြစ်နည်း | ၁၃၃ |
| ၁၃၅။ | ဘော်ဝါလမ်း | ၁၃၃ |
| ၁၃၆။ | ဓာတ်အချင်းချင်း န င်းဖြင့်သတ်ပုံ အခါအရပ်ကိုပြခြင်း | ၁၃၄ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၃၇။ | စတုပညာသ နဝင်းဆေး ဖော်စပ်နည်း | ၁၃၈ |
| ၁၃၈။ | ဒုတိယဆင့် ပြာစီရင်နည်း | ၁၃၉ |
| ၁၃၉။ | တတိယဆင့် ပြာစီရင်နည်း | ၁၄၁ |
| ၁၄၀။ | တတိယဆင့် ပြာစီရင်နည်း | ၁၄၂ |
| ၁၄၁။ | သွတ်ပြင်းသတ်နည်း | ၁၄၇ |
| ၁၄၂။ | ပြာရိုက်နည်း | ၁၄၈ |
| ၁၄၃။ | ရေသယ်သံ-ချသံတို့ကိုပြုလုပ်နည်း | ၁၄၈ |
| ၁၄၄။ | သဒ္ဓိပေါက်ဓာတ်လုံးစီရင်နည်း | ၁၅၀ |
| ၁၄၅။ | မနောသိဒ္ဓိ ဓာတ်လုံး | ၁၅၁ |
| ၁၄၆။ | ပြဒါးမီးနေ-သံပန်းသေလမ်း | ၁၅၂ |
| ၁၄၇။ | ဆေးဒါန်းပြဒါးထုတ်နည်း | ၁၅၄ |
| ၁၄၈။ | ပြဒါးပျော့ဆေး | ၁၅၄ |
| ၁၄၉။ | စားလမ်းဓာတ်လုံး | ၁၅၅ |
| ၁၅၀။ | လက်ဝဲလမ်း | ၁၅၅ |
| ၁၅၁။ | ဓာတ်ပေါင်းကူး စီရင်နည်း | ၁၅၆ |
| ၁၅၂။ | ပြဒါးမူလခဲနည်းတမျိုး | ၁၅၈ |
| ၁၅၃။ | မူလပြဒါးကို အမာသတ်အောင် စီရင်သော ပြုတ်ဆေးနည်း | ၁၅၈ |
| ၁၅၄။ | တနည်း-မူလပြဒါးခဲနည်း | ၁၅၉ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၅၅။ | မီးထားခံပြဒါးခဲကိုမီးနေပြဒါးခဲဖြစ်ရန် စီရင်နည်း | ၁၆၀ |
| ၁၅၆။ | စားလမ်းစီရင်နည်း | ၁၆၄ |
| ၁၅၇။ | စတုတ္ထမီးနေ မူလပြဒါးခဲကို ထွက်ရပ်ပေါက်စီရင်နည်း | ၁၆၆ |
| ၁၅၈။ | ဝိဇ္ဇာဓိုရ်၄ မျိုးကိုဖော်ပြခြင်း | ၁၆၈ |
| ၁၅၉။ | အင်္ဂဝိဇ္ဇာဓိုရ် ဇော်ဂီဝိဇ္ဇာဓိုရ်တို့၏ ပြဒါးခဲပုံအခြင်းအရာကိုဖော်ပြခြင်း | ၁၇၃ |
| ၁၆၀။ | ပြဒါး ၄မျိုး၏ အရိပ်သဏ္ဌာန်ကိုပြခြင်း | ၁၈၁ |
| ၁၆၁။ | ပြဒါးသတ်သောဆေးတို့ကိုပြဆိုခြင်း | ၁၈၃ |
| ၁၆၂။ | ရန်ကုန်မြို့ မိုးကုတ်ကျောင်းဆရာတော်ထံမှ ပြဒါးဆတ်ပြုလုပ်နည်း | ၁၉၁ |
| ၁၆၃။ | ယမ်းတောဇောညိမ်းဆေး | ၁၉၂ |
| ၁၆၄။ | တောဇောညိမ်းဆေး | ၁၉၂ |
| ၁၆၅။ | သတ်ဖြတ်ချော်နည်း | ၁၉၃ |
| ၁၆၆။ | သံကျွေးရန် ကျင်းလုံးသွတ်ဘမ်းနည်း | ၁၉၃ |
| ၁၆၇။ | ဂဠုန်ချော်နှင့်သွတ်ဘမ်းနည်း | ၁၉၄ |
| ၁၆၈။ | မူလမီးနေပြဒါးခဲပြုလုပ်နည်း | ၁၉၅ |
| ၁၆၉။ | မူလပြဒါးခဲနှင့် စားလမ်းစီရင်နည်း | ၁၉၅ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၇၀။ | ဆရာဦးစိန္တာထံမှ မေတ္တာဖြင့်ပေးသော လက်တွေ့စားလမ်း | ၁၉၆ |
| ၁၇၁။ | စားလမ်းတနည်း | ၁၉၇ |
| ၁၇၂။ | ကာကျိုစားလမ်းလုပ်နည်းတမျိုး | ၁၉၈ |
| ၁၇၃။ | ကိုယ်ကျိုးအတွက် အင်္ဂါယပ်ဆေးထပ် | ၁၉၈ |
| ၁၇၄။ | ရိက္ခာဆောက်သော အင်္ဂါယပ်ဆေးထပ် | ၁၉၉ |
| ၁၇၅။ | ရင်ဘတ်ပုံ အင်္ဂါယပ်ဆေးထပ် | ၁၉၉ |
| ၁၇၆။ | ဗဟုသုတပညာရပ်ဆေးထပ် | ၂၀၀ |
| ၁၇၇။ | နန်းငွေအောင်ဆရာတော်၏ သိပ်ပန်းသတ်ဆေး | ၂၀၁ |
| ၁၇၈။ | ဓာတ်နိုင်ကျမ်း | ၂၀၂ |
| ၁၇၉။ | ဆရာတော်ဦးစန္ဒိမာ၏လက်တွေ့ ပြဒါးဘမ်းနည်း | ၂၀၃ |
| ၁၈၀။ | ဓာတ်ဆက်ကို ပြောင်အောင်စီရင်နည်း | ၂၀၄ |
| ၁၈၁။ | မနသိဒ္ဓိဂုဏ်အဘာတ်ပြာရိုက်နည်း | ၂၀၅ |
| ၁၈၂။ | တနည်း ပြာရိုက်နည်း | ၂၀၅ |
| ၁၈၃။ | အင်္ဂါယပ်ထိုးသောသူ ထွက်ရပ် ပေါက်မပေါက် ဟောကိန်း | ၂၀၇ |
| | ဤစာအုပ်၏ အဆုံးနိဂုံးစကား | ၂၀၈ |

*

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# ပဋ္ဌာနမနှင့် ပဋိညာဉ်

နရနာထော၊ လူနတ်ပြဟ္မာ သတ္တဝါသုံးဦးတို့၏ ကိုးကွယ်ရာအစစ် ကောန်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂါဒိအင်္ဂါဇာလံ၊ ရာဂအစရှိသော တစ်ဆယ့်တစ်တန် မီးလျှံကို။ အရဟတ္တ မဂ္ဂညာဏဝါရိနာ၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသော ရေစင်ဖြင့်။ နိဗ္ဗာပေတွာ၊ ငြိမ်းစေတော်မူ၍။ ဝါ၊ ငြိမ်းသတ်တော်မူ၍။ သန္တံ၊ မီးတဆယ့်တတန် ငြိမ်းရာမှန်သော နိဗ္ဗာန်သို့။ (ဝါ)၊ ရာဂမီး-ဒေါသမီး-မောဟမီးတို့၏ ရပ်ရာ ကုန်ရာဖြစ်သော နိဗ္ဗာန်ရွှေမြို့တော်သို့။ ဝါ၊ (အဂ္ဂိ-ယပ်ရာ) နိဗ္ဗုတသို့။ ဂတော၊ ကောင်းစွာဖြောင့်တန်း၊ မဂ္ဂင်လမ်းဖြင့် ကြွမြန်းတော်မူလေပြီ။ တံ၊ (အဂ္ဂိ-ယပ်ရာ) နိဗ္ဗုတကို ကောင်းစွာဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ကြွမြန်းတော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ ဘဒ္ဒါသွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

မဟာမဇ္ဈိမ၊ ဿက္ကာတာအစ၊ ဝေဒိတဗ္ဗာအဆုံး၊ ဘဝင်ချုံးမျှ၊ ဘုန်းရှိန်ကြီးမား၊ ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော တရားတော်မြတ်ကိုလည်း။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

သံဃာဥ္၊ သုပ္ပဋိပန္နအစ၊ ပုညခေတ္တအဆုံး၊ ဘဝင်ချုံးမျှ၊ ဘုန်းရှိန်ကြီးမား၊ ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော် မူသော သံဃာတော်မြတ် အပေါင်းကိုလည်း။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ဂုဏ်တော်အထူး စိတ်ကြည်နူး၍ ဦးနှိမ်ညွှတ်ခါ ရှိခိုးပါ၏ အရှင်ဘုရား။

နတွာ၊ ရှိခိုးပြီး၍။ သုတာဂဝေသိနံ၊ သုတလိုလား အမျိုးသားတို့၏။ ဟိတာဝယ၊ စီးပွားဥစ္စာ ရတနာမျိုး ပွားတိုးစိမ့်သောငှာ။ ဣဒံ၊ ဤ ရွှေလမ်းငွေလမ်း ပဒေသာကျမ်းကို၊ ကရိဿံ၊ ကြိုးပမ်းတကုတ် အားထုတ်ပြုပြင် စီရင်ရေးသားပါအံ့သတည်း။

*

### အဂ္ဂိယပ်လက်တွေ့

# ရွှေလမ်းငွေလမ်း ပဒေသာကျမ်း

ဤစာအုပ်တွင် ပါဝင်ပုံနှိပ်သော နည်းများသည် လက်တွေ့ လုပ်ကိုင်ဘူးသော ရဟန်းဆရာ၊ ရသေ့ဆရာ၊ လူဆရာတို့၏ မေတ္တာစေတနာဖြင့် ပေးအပ်သွားသော လက်တွေ့ နည်းမှန် လမ်းမှန်များကိုသာ ပုံနှိပ်ထုတ်ဝေခြင်း ပြုပါသည်။

## (၁) ပြဒါးဘမ်းနည်း

၁။ စိန် ၁ ကျပ်

၂။ ဇာဒိပ္ပိုလ် ၁ ကျပ်

၃။ ဆား ၁ဝိ

ရောကြိတ်၍ အမှုန့်ပြုချော်ချက်။ ၎င်း ချက်ပြီး ချော်နှင့် ပြဒါးကြက်ချေးစုကို အောက်က ထား၍ မီးရှန် ဖြေးဖြေးထိုး။ နောက်မှ လုံကို အနည်းငယ် မြင့်၍ မြင့်၍ ထိုး။ မီးထိုးခံ ပြဒါးကို ရရှိလိမ့်မည်။

ပြဒါးကြက်ချေးစု ခဲနည်းကား နာကိုကျို။ အရည်ဖြစ်လျှင် အိုးသစ်တစ်ခုတွင် လောင်းထည့်။ ၎င်းနောက် ပိတ်ပါးပါးကို နာပေါ်တင်။ ၎င်းအပေါ်က ပြဒါးကိုထည့်။ ကြက်ချေးစု ပြဒါးရ၏။

ဤနည်းကား လက်တွေ့ဆရာတဦးထံမှ ရသောနည်း ဖြစ်သည်။

*

## (၂) ပတိန်ဂေါင်သံထုတ်နည်း

### စတုပညာသဆေး

ယမ်း ၁၇ ကျပ်၊ သဲခေပ်ပြာ ချက်ပြီး ၁၈ ကျပ်၊ အညာ ဆားခါး ၈ ကျပ်၊ မဖောက်ဆိုး ၁ ဝိ။

ဝှင်းဆေးစုကို ညက်စွာကြိတ်၊ ဂန္ဓာ-နဂါးတွဲ အရည် ဖြစ်လျှင် စတုပညာသ အုပ်၍ထိုး။ ချော်လယ်လျှင် အဆေးခံ။

ဝှင်းချော် ၅ ကျပ်၊ ပတိန်ဂေါင်သံ ၅ ကျပ်နှင့် ရော၍ ထောင်း။ ညက်လျှင် လုံပက်နှင့်ထိုး၊ ချော်လယ်လျှင် ပြဒါး တက်၏။ တက်သော ပြဒါးကို ခပ်၍ယူထား။ ပြဒါးကုန်လျှင် ယခင် ခပ်ယူသော ချော်ကို လုံစောက်နှင့် ထည့်၍ လုံပိတ်ထိုး။ ရွှေအဆင်း သတ္တုရ၏။

## (၃) ရှောင်ဘာမ်းနည်း

စိန်နီမြင်းသွား ၁ ဝိ၊ ဆေးဒါန်း ၁ ဝိ၊ ကန့် ၁ ဝိ၊ ဟင်း ရိုင်းနီ ၁ ဝိ၊ ဇဝက်သာ ၅ ကျပ်၊ လက်ချား ၅ ကျပ်။ ဝှင်းဆေးစုကို သမ္ဘာရာရေနှင့် ၃ ကြိမ် ကြိတ်။ ၃ ကြိမ် နေလှမ်းပြီးလျှင် ဟောချက်အရက်နှင့် ဖော်၍ အပြားလုပ်။ သံဒယ်အိုးထဲမှာ အောက်က မှိုင်းကိုင်စက္ကူခံ၍ ဝှင်း ဆေးပြား ကြီးကိုတည့်။ ကြေးစလောင်းအုပ်။ ကော်နှင့် ထေးပြီးလျှင် မီးဖိုပေါ်မှာ တင်၍ ဖုတ်။ မီးနဲ့နဲ့နှင့် ထည့်၍ဖုတ်။ ဝှင်းနောက် မီးတိုး၍ဖုတ်။ မီးကို နှာသည့်စေရမည်။ ဝှင်းနောက် ဒယ် အိုးကို ချ၍ စလောင်းကို ယူ။ စလောင်းမှာ ကပ်သော ပြဒါးကို ခြစ်၍ ယူ။

ဒုတ္ထာ ၁ဝိ ကို ညက်စွာ ထောင်းပြီးလျှင် အရေကျို။ အရေဖြစ်လျှင် ယခင် ခြစ်ယူထားသော ရှောင်ပြဒါးကို နှစ်ပြီး လုံဖွင့်၍ထိုး။ ဒုတ္တာချော် ဖြစ်၏။ ငွေချော်ကို အအေးခံ။ သွတ် ၁ ကျပ်ကို ငွေချော် ၃ ကျပ် အထက်အောက် နှီး၍ထိုး။ ၃ လုံး ထိုး။ ၃ လုံးထိုးပြီးလျှင် ငွေသွတ်အတွင်း ကြောင်လိမ် အပြင်ကြောင်လိမ် ပြိမ်း၍သေ၏။

သွတ်သေ ၁ မတ် ယခင် ဘမ်းသော သံ ၁ ကျပ်နှင့် ရော၍ သံအလေးတင် ထိုး။ ငွေသံ သေ၏။

ငွေ သံကို ရွှေဇကျွေး။ လကျ်ာသံနည်း ပြီး၏။

## (၄) လကျ်ာသံတက်ယမ်း

ငွေသွတ်သေ ၁ ကျပ်၊ ယခင် သံ ၁ ကျပ်နှင့် ပူးသံ အလေးတင် စတုပဉ္စာသ ချော်ပိတ်၍ထိုး။ ငွေသံကို ဝက် ဆီမှာ (၄၉)မီး လောင်း။ တောဝက်ဆီမှာ (၄၉)မီးလောင်း ပြီးလျှင် တစ်လုံးလျှင် ရွှေ ၁ ပဲကျ၊ ၅ လုံးစေ့အောင် ကျွေး။ ကျွေးသောလုံကို ချော်ပိတ်၍ ထိုး။ ငွေနောက် ဖွတ်ဆီမှာ လောင်း။ လောင်းသောလုံကို ဘော် ၁ မတ်သား ထည့်၍ ထိုး။ ရေနံမှာလောင်း။ ကျင်းလုံ။

## (၅) သံပြောင်းအောင် လုပ်နည်း

ထန်းနို့ဆား ၅ ကျပ်၊ ဟင်းချိုဖြူ ၁ ကျပ်၊ ငွေ ဆေး ၂ ကျပ်ကို ကြိတ်၍ ပေါက်ထိုးလေ။ သွတ် ပြောင်း၏။

## (၆) ကော်လုပ်နည်း

ဂုံညင်းဆံ ၂ ကျပ်၊ တောင်ပို့မြေ ၂ ကျပ်၊ မဖောက်ထုံး ၂ ကျပ်၊ လက်ချား ၈ ပဲ။ ၎င်းဆေးစုကို ရော၍ ကြိတ်။ ကော် ဖြစ်၏။

### သွတ်ပြေ့ဆေးတစ်နည်း

လူရိုး ၂ ကျပ် ၈ ပဲ၊ ထန်းလျက် ၂ ကျပ် ၈ ပဲ။ ၎င်း ၂ ပါးကို ညက်စွာ ကြိတ်။ ချော်ချက်။ ၎င်း ချော်လယ်လျှင် အထက်အောက်နှိုး၍ လုံဖွင့်ထိုး။ သွတ် ပြေ့၏။

(မှတ်ချက်) နာကို ဂဠုံ၊ ကြေးနီကို နဂါးဟု မှတ်။

## (၇) ပြဒါးစားလမ်း ပြာချနည်း

ငါးပုတင်းသည်းခြေ ၄ ကျပ်သား၊ ပြဒါး ၁ မတ်သား။ ဝါးကျည်တောက်အစိုတွင် ငါးပုတင်းသည်းခြေကို အထက်အောက်၊ ပြဒါး ၁ မတ်သားကို အလယ်က ထည့်၍ ဝါးကျည်တောက်ကို အလုံပိတ်၍ ပထမ ဖွဲ့အောက် ၂ ပြည် အထက်က ၂ ပြည်ထည့်၍ မီးစိုက်ရမည်။

ဒုတိယ အောက်က ဖွဲ့ ၄ ပြည်၊ အထက်က ၄ ပြည် ထည့်၍ မီးစိုက်လေ။

တတိယ ဖွဲ့အောက်က ၈ ပြည်၊ အထက်က ၈ ပြည်ထည့်၍ မီးစိုက်။

စတုတ္ထ ဖွဲ့ အထက်က တစ်တင်း၊ အောက်က တစ်တင်း ထည့်၍ မီးစိုက်။

ပြီးလျှင် ချိတ်အဆင်းကဲ့သို့ နီဝင်းသော ပြဒါးကို ရရှိလိမ့်မည်။ ၎င်းပြဒါးကို စင်ကြယ်သော ဘော်သန့်သန့် (၁ဝိ)မှာ ပစ်သော် နီဝင်းသော ဘော်ဝါကို ရရှိလိမ့်မည်။ ပြဒါးပြာ များများအလိုရှိပါက

ငါးပူတင်းသည်းခြေ ၁ဝိ
ပြဒါး ဂ–ပဲ အထက်အောက် နှီး။

ပထမ ဖွဲ့ ၄–ပြည် အောက်ကထား၊ ၄–ပြည်ကို အထက်ကထား မီးစိုက်။
ဒုတိယ အောက်က ဂ–ပြည်၊ အထက်က ဂ–ပြည် ထည့်၍မီးစိုက်။
တတိယ အောက်ကတတင်း၊ အထက်ကတတင်း၊ ထည့်၍ မီးစိုက်။
စတုတ္ထ အောက် ၂–တင်း၊ အထက် ၂–တင်းထည့်၍ မီးစိုက်။

(လက်တွေ့လုပ်သောသူထံမှ ရရှိသောနည်းဖြစ်သည်။)

## (ဂ) ဆေးဒါန်းဘမ်းနည်း

ပဒိုင်းခဘ္ဘာ ပဥ္စငါးပါးကို ဆားချက်။ ၎င်းဆားနှင့် ဆေးဒါန်းကိုထည့်ထိုး။ ဆေးဒန်းသေတ္တု အကြမ်းစားရ၏။ ၎င်းနောက် လက်ချားချော်နှင့်ထိုး။ ဖြူစင်သောဆေးဒါန်းကို ရရှိလိမ့်မည်။ ဤနည်းသည် လက်တွေ့ ဘမ်းရသောနည်း ဖြစ်ပါသည်။

## (၉) တနည်း သွတ်ဘမ်းနည်း

ငါးပူတင်းသည်းခြေနှင့် သွတ်ကို အထက်အောက် နှီးထိုး။ သွတ်မိ၏။ သေ၏။

(ရှမ်းဆရာတော်နည်း)

## (၁၀) လက်တွေ့ဆေးဒါန်းဘမ်းနည်း

ဆေးဒါန်းကိုအမှုန့်ပြု၊ ဝက်ဆီနှင့်လောင်း၍ မီးနွေးနွေးနှင့်ချက်။ မြင်းသိလာက အထက်တက်၍ ပြဒါးက အောက်အိုးဖင်၌ ပြဒါးရည်ကိုရရှိလိမ့်မည်။

(ဆရာဆိုင်နည်း)

## (၁၁) လက်တွေ့သွတ်ဘမ်းနည်း

၁။ ဆေးဒါန်း ၅ ကျပ်။

၂။ ကြေးနီ ၅ ကျပ်။

၎င်း ၂-ပါးကို ကြိတ်ကြေ-ကျအောင်ထိုး။ ၎င်းကြိတ်ကြေ ၅ ကျပ်၊ သွတ် ၁ ကျပ် ရောထိုး။ သွတ်ကို အောက်ကထား၍ လုံပိတ် မီးပြင်း ၃ လုံး ထိုးရမည်။ နီ ဝါ သော သွတ်ကို မိလိမ့်မည်။ ၎င်းသွတ်ကို အတွန့် အတက် ပျောက်အောင်ထိုး၍ ရေနံကျွင် လောင်း၍ ဖွှေတမူးသွင်း၊ သုံးစားရ၏။

(ကျီးသဲ ဦးမောင်ငယ်နည်း)

## (၁၂) ဂျွတ် ပြဒါး စိန် ခေါက်လုံး စီရင်နည်း

ဂျွတ် ပြဒါး စိန် ညီမျှချိန်
ကျောက်ချဉ် သုံးကြိမ်လောင်း။
ဒုတ် ဒါး ကြိုးကြိန် မြွေနာဂိန်၊
ဗုံးစိန် အမြောက်ကောင်း။

| | | |
|---|---|---|
| ၁။ | ဂျွတ် | ၁ ကျပ် |
| ၂။ | ပြဒါး | ၁ ကျပ် |
| ၃။ | စိန် | ၁ ကျပ် |

၎င်းသုံးပါးကို ရောချေ သေတ္တု ကျအောင် ထိုး။
၎င်းနောက် ကျောက်ချဉ် ခံရေတွင် ၃ ကြိမ်လောင်း။
၎င်းနောက် ဝက်ဆီထော်ပတ်တွင် လောင်း။ ၎င်းခေါက်လုံးကို လက်စွပ်လုပ် ဆောင်။

(ထရော်ချောင်း ဆရာတော်နည်း)

## (၁၃) တနည်း သွတ်စားလမ်း ဘမ်းနည်း

သွတ် ၁ ကျပ်၊ ပြဒါး ၁ ကျပ်ကိုတွဲ။ ဒုတ္ထာ ၅ ကျပ် သား အမှုန့်ညက်စွာထောင်း။ သွတ် ပြဒါး တွဲပြီး အမှုန့်နှင့် ဒုတ္ထာမှုန့်ကို ရောမွှေ၍ နေလှမ်း။ ၎င်းခြောက်ပြီး အမှုန့်များကို ရေဆာပ်ထပ်ကလေး ပက်ဖျန်း၍ လှမ်းထားရမည်။ ဒုတ္ထာသည် အငွေ့ ထ၍ သွတ်ခေါက်များကို စားလိမ့်မည်။ ၎င်းကဲ့သို့ ၃ရက် လှမ်းထား။

ရှင်းနေခက် ကြွေဇလုံတွင်ထည့်၍ ရေပျော်အောင် ထည့်၍ ဒုတ္တာရေစိမ်း ကုန်အောင် စောင်း၍ ရေကို သွန်ချပစ်ရမည်။ ဒုတ္တာရေ မကုန်မခြင်း ရေထည့်၍ ရေစိမ်းကုန်အောင် သွန်ပြီး လှမ်း။ ကျန်ရှိနေသော သွတ် ပြခါနှံးမှုန့်များကို လုံတွင်ထည့်။ လက်ချားမီးပေါက် သိပ်၍ မီးရှန် ဖြေးဖြေးထိုးက နီဝါသော သွတ်ကို မိလိမ့်မည်။ မီးကို စိတ်ရှည်ရှည် မြှင်းမြှင်း ခေတ်သားချောသည်အထိ စိတ်ရှည်စွာ ထိုးပါ။ မီးထိုးခံသော အခါ သွတ်သတ်ဆေးများဖြင့် အခိုးငြိမ်းအောင် ထိုးပါလေ။ အခိုးငြိမ်းအောင် ထိုးပြီး၍ မိမိတို့ အလိုရှိရာ ပြာလမ်းသို့မဟုတ် စပ်တူ လမ်းများကို အဆင်ပြေသလိုတက်၍ ပြုလုပ်နိုင်ပါသည်။

ဤနည်းသည် လက်ဖွေ အကျိုးခံစားရသော ပုဂ္ဂိုလ်တဦး၏နည်း ဖြစ်ပါသည်။ ယုံကြည်စိတ်ချရသော ဆရာတဦးထံမှ တစ်ဆင့် ရရှိသောနည်း ဖြစ်ပါသည်။

နီဝါသော သွတ်ကို

## (၁၄) ခေတ်လုံး စီရင်နည်း

(ချော်ဆေးကား အောက်ပါအတိုင်း ဖြစ်ပါသည်)

| | |
|---|---|
| ဆား | ၂ကျပ် |
| ကန့် | ၃ကျပ် |
| စိန် | ၄ကျပ် |
| ယမ်း | ၅ကျပ် |
| ဒဝက်သာ | ၇ကျပ် |

ဆေးဒါန်း ၈ကျပ်
ဟင်းရိုင်း ၉ကျပ်
လက်ချား ၁၀

ပထမ လက်ချားကို ချော်ချက်၍ ချော်အရည် သွက်သွက် ပျော်လာသောအခါ သွတ် (၃) မတ်သားကို ချော်နှစ်၍ မီးမြှင်းမြှင်း ထိုးရမည်။ သွတ်ခါတ်သည် လုံ ဖင်ထိုင်လောက် အောင် မီးဘေးလေးအုပ်မျှ ခပ်မြှင်းမြှင်းထိုး။ သွတ် ဖင်ထိုင် လောက်သောအခါ လုံကို လက်တလုံးခန့် လက်တလုံးခန့် မြှောက်၍ ထိုး။

၎င်းနောက် ဆေး(၈) မျိုးကို ညက်စွာအမှုန့်ပြု၍ ၎င်းဆေး ဖြင့် အုပ်၍ မီးရှိန်ထိုး။ ဆေးကုန်သောအခါ လုံကို ချ။

(မှတ်ချက်) ၎င်းဆေးဖြင့် အုပ်၍ ထိုးသောအခါ သွတ် ဖင်ထိုင်လောက်သောအခါ မီးကို နာနာထိုးပေးရ မည်။ ၎င်းနောက် လုံကို ချ။ ပြီးသွတ်ကို ရရှိလိမ့်မည်။

## သွတ်သေငါးမျိုး

(၁) ဖြူသေ (၂) ဝါသေ (၃) နီသေ (၄) သမြေ အရောင်သေ (၅) နက်သေ ငါးမျိုး ရှိသည်။ ဖြူသေမှာ တန်ခိုးအညွှံ့ဆုံး ဖြစ်သည်။ သွတ် သေလျှင် ထိပ်မောက်၍ နခမ်း လုံးလာလိမ့်မည်။ စိတ်ချဖို့ရန်မှာ ယမ်းနှင့် ပေါက် ကြည့်၊ ပိုက်လှည့်ကြည့်။ ၎င်းနှစ်ပါးနှင့် စမ်း၍ခံမှ ယုံကြည် ရသည်။

၎င်းနောက် (၇) ရက်သားသမီး နို့ရည်မှာ ခံရည်ပြု၍ (၇)မိုး လောင်း။

၎င်းနောက် နာနှင့် ဒါန်ကို တွဲ၍ အပြားခတ်။ တပဲသား၊ တမူးသား၊ တမတ်သားအထိ ကျွေး။ နာနှင့်ဒါန်ကို ကျွေး၍ တော်တော် ဝသောအခါ၊ သုဝဏ္ဏလိုတဲ့ ရွှေကို ကျွေးပါ။ တမတ်သားကုန်က ပြာ–ခါတ်လုံး ဖင်က ထွက်လိမ့်မည်။ ၎င်းပြာကို လိုရာသုံးပါလေ။

(မှတ်ချက်) ဘော်ကိုကျွေးက ခါတ်လုံးဖင်က ငွေပြာ ထွက်လိမ့်မည်။ ကျီးသဲဆရာပယ်နည်း။

## (၁၅) တနည်း သွတ်သပ်၍ ခါးလမ်းနှင့် ချော်ချက်နည်း

ဇဝက်သာ လက်ဟောင်း ၁ဝိ

ယမ်း ၁ဝိ

ဆား ၁ဝိ

မဖောက်တုံးတပိဿာရေကြည် ၁ ပိဿာ

၎င်းတို့ကို ကြွေဇလုံနှင့် မီးမြှင်းမြှင်းနှင့် ချက်။ မတူးမကပ် အောင်မွှေ။ ၂၉ ကျပ်၊ သို့မဟုတ် ၂ဝိ သား ရရှိလိမ့်မည်။ လက်ချားမီးပေါက်လေးဘူ ၂ဝိ နှင့် ရော၍ သံပုရာရည်နှင့် ခုနစ်ပြန်–ခုနစ်ပြန်ချက်။ သွတ် ၁ ကျပ်သား၊ ချော် ၂ ကျပ် သားနှင့် အထက်အောက် မီးရှန် ခုနစ်လုံး ထိုး။ လုံ လဲ၍ ခုနစ်လုံး ထိုး။

၎င်းနောက် အလင်းကျ၍ ရေနံမှာခုနစ်မီး၊ မြင်းဆီမှာ ခုနစ်မီး၊ ဆိတ်ဆီမှာ ခုနစ်မီးလောင်းလေ။

## သွတ်သတ်ရန်ကား

ဟင်းရိုင်း ၂ ကျပ် ၈ ပဲသား အနီ

ဆေးဒါန်း ရွှေဝါပုရပိုက်ခေါက် ၁ ကျပ်သား

စိန်နီ ၁ ကျပ်သား

ငီးဖြူ ကန့် ၁ ကျပ်သား

၎င်းဆေးစုကို ကြက်ဟင်းခါးရွက်နှင့် ကြိတ်၍ နေမှာ လှမ်း။ ခြောက်အောင်လှမ်း။ ကြက်ဟင်းခါးရွက် ၁ဝ သားခန့်။

၎င်းနောက် ဆေးရွက်ကြီးချေးရေနှင့်ကြိတ်၊ နေမှာလှမ်း။

၎င်းနောက် ကွမ်းရွက်သတ္တုရည်နှင့် ကြိတ်၊ နေလှမ်း။

ခြောက်သောအခါ ဒယ်မှာကပ် ကျီးတာရာနှင့်အုပ်။

အုတ်နီမှုန့် ၅ ကျပ်၊ ဆား ၅ ကျပ်၊ ဂုံညင်းဆံ တလုံး တမင်းရေနှင့် ကြိတ်။ သံပိပ်ခပ်၊ သံဖြူး၊ တာရာကြီးထိပ် ပေါ် အံလေး ၅ ပိဿာခန့် ဖိ။

၎င်းနောက် ဝါးမီးနှင့် ၂ နာရီ ၃ နာရီခန့် ထိုး။ အလို ချမ်းစေ။

အေးသောအခါ ခွာ။ တာရာမှာ ပြဒါးကပ်၍ နေ လိမ့်မည်။

ဝင်း ပြဒါးများကို သံပုရာရည်နှင့်ကြိတ်၍ ဇီးကင်းလုံး ခန့် လုံး၍ လုံး၍ထား။

ဝင်းနောက် သွတ်ဘမ်းသော ပထမချော်နှင့် ၆ နံပါတ် လုံနှင့်ချော်ကို ချက်။ ချော် ကြည်သောအခါ ဝင်းပြဒါးလုံး များကို ပေါက်၍ မီးရှန်ထိုး။ ။မီးခံအောင် ဝင်းချော်နှင့် လုံ ၃ ဝ ခန့်မျှ ထိုး။ ပြဒါးလုံးသည် အလွန်သန့်ရှင်းစွာ ရရှိ လိမ့်မည်။ ။ဉာဏ်နှင့် ကြည့်၍ ဘမ်း။ အလွန် အဘမ်း ခက်သည်။

ဝင်းနောက် ပထမသွတ် ၅ကျပ် သားကို အပြားခတ်။ ဝင်းနောက် ပြဒါးလုံး ၅ကျပ် သား အောက်က သွတ်ကို အထက်ကထား၍ ပထမချော်နှင့်ပင် ထိုး။ ထိုးသောအခါ သွတ်ပြဒါးဆတ်လာမည်။

ဝင်းသွတ်ပြဒါးဆတ် ၁ မတ်၊ အခေါက်ရွှေ ၁ မတ် ရောထိုး။ ချိတ်ရ၏။ ဝင်းချိတ် တရွေး၊ကြေးနီစစ်စစ် ၁ ကျပ် တွင်ပစ်။

## (၁၆) တနည်း သွတ်ဘမ်းနည်း

သွတ် ၈ ပဲသား
ဘော် ၆ ပြားသား
ဒုတ္တာ ၁ ကျပ် ၈ ပဲသား
လက်ချား ၁ ကျပ်သား

ရင်းတို့ကို ရောထိုး။ သေတ္တုအဝါရ၏။ ရင်းကို ရေနံမှာ လောင်း။ စပ်သားရ၏။

## (၁၇) ဆေးဒါန်းဘမ်းနည်း

ကြေးနီ ၅ ကျပ်သားကို အရည်ကျို။ အရည် ကြည် သောအခါ ချ၍ သံထဲတွင် လုံကို ထား။ ။ကြေးအရည် ထိပ်တင်းလာသောအခါ ဆေးဒါန်းမှုန့် ၁ ကျပ်သားကို ပစ်ထည့်ပြီးလျှင် ချက်ခြင်း လုံကို မြေပုဂံနှင့် လုံလုံဖိပိတ်။ ဆေးဒါန်းပြဒါးသည် လုံတွင် ဖင်ထိုင်နေလိမ့်မည်။

## (၁၈) တနည်း ဆေးဒါန်းဘမ်းနည်း

ဆေးကြီး ၂ ကျပ်သား၊ ဆေးဒါန်း ၁ ကျပ်သား၊ အထက်အောက်နှီးထိုး။ ဆေးဒါန်း သေတ္တု ရရှိလိမ့်မည်။

## (၁၉) ဆေးဒါန်း ဘမ်းနည်း လက်တွေ့

ဆေးဒါန်း ၁ဝ သားကို ညက်စွာအမှုန့်ပြု၊ စက္ကူနှင့်လုံ အောင် ၂ ထပ် ၃ ထပ် ထုပ်။ ရင်းနောက် အဝတ်ကို ရေနံ ဆွတ်၍ ကိုးထပ် ဆယ်ထပ်လောက် ဆေးဒါန်းကို လုံ အောင် ထပ်၍ပတ်။ ရင်းနောက် ကြေးလင်ဗန်းတွင် ထည့်။ အပေါ်က မြေအိုးကို ဖမှောက်၍ အုပ်။ မီးရှို့ထား။ အားလုံး အဝတ်များ ပြာကျသောအခါ ပြာကို မှုတ်၍ ပစ်။ ပြာကို ဖယ်၍ ပစ်လျှင် လင်ဗန်းပေါ်တွင် ပြဒါးအရည် ၈ ကျပ်

သားခန့် ရလိမ့်မည်။ အပေါ်က မှောက်ထားသော အိုးဖင်တွင်လည်း ပြဒါးများ ကပ်နေတတ်သည်။ ခွာ၍ယူ။ ဤနည်းကား ဆေးဒါန်းမှ ပြဒါးထုတ်နည်း ဖြစ်ပါသည်။

## (၂၀) သွတ်အခြောက် ထိုးခံဆေး လက်တွေ့

တောကြက်မောက် မြစ်ကို လက်ချားမီးပေါက်နှင့် ရောထောင်း။ သွတ်ကို အထက်အောက်နှိုး၍ ဖော်မံ။ မီးရှန် (၇)လုံး ထိုး။

ငုပ်းနေ့ခက် နမြူကြီးအစေး ၅ ကျပ်သားနှင့် သွတ်အရည်ပျော်လျှင် ငုပ်းအစေးကို ၅ ကျပ်သား ကုန်အောင် ထည့်၍ ထည့်၍ ထိုးပါ။ ငုပ်းနေ့ခက် သွတ်သည် မပြေးတော့ဘဲ အခြောက်ထိုးခံသွတ်ကို ရရှိမည် ဖြစ်ပါသည်။

## (၂၁) လက်တွေ့စားလမ်း သွတ်ပြဒါး ဘမ်းနည်း

၁။ ဒုတ္တာ ၁ဝ သား အမှုန့်ထောင်း။ သံပုရာရေနှင့် နယ်။ ငံနေလှမ်း။

၂။ ငုပ်းဒုတ္တာကို ပြဒါး ၃ ကျပ်၊ သွတ် ၃ ကျပ်နှင့် ရောစပ်၍ထိုး။ လက်ချားချော်အုပ်၍ မီးပြင်းသတ္တုကျအောင်ထိုး။ ရွှေရောင်ကဲ့သို့ ဝါသောခတ်သားကို ရရှိလိမ့်မည်။ ရွှေသက် သွင်း၍ သုံးစွဲလိုက လက်ဝတ်တန်ဆာ ပြုလုပ်၍ သုံးစွဲနိုင်ကြသည်။

မှတ်ချက်။ ။မီးနားမလည်က ခတ်သားမကွဲဘဲ ရှိနေတတ်သည်။ ခတ်သားကွဲအောင် ဂရုစိုက်၍ မီးကို သတိထား၍ ထိုးရမည်။

## (၂၂) တနည်း၊ လက်တွေ့ သွပ်ဘမ်းနည်း

ငါးပူတင်းသည်းခြေ အခြောက်ကို အမှုန့်ပြု။ လက်ချားမီးပေါက်နှင့် ရောစပ်ထား။ သွပ်ဖြူကို အောက်က ထား။ အပေါ်က ၎င်းငါးပူတင်းသည်းခြေ အမှုန့်ကို သိပ်၍ ဇော်မံ။ မီးရှန် ဖြည်းဖြည်းထိုး။ ပျော့ပြောင်းသော သွတ်ကို မိလိမ့်မည်။ ၎င်းနောက် ခံရည် ရှောက်ရည် သံပုရာရည်တွင် လောင်း။ အခိုးငြိမ်းသောသွတ်ကို ရရှိလိမ့်မည်။

ဤနည်းကား ရှမ်းဆရာတော် တစ်ပါး၏ လက်တွေ့နည်း ဖြစ်၍ ဖော်ပြလိုက်ပါသည်။

## (၂၃) သွတ်ရွှေဝါ လက်တွေ့ဘမ်းနည်း

ပိန်းမဟော်ရာ အညိုကို ကြိတ်၍ သတ္တုရေ ရအောင် ညှစ်ယူ။ သွတ်ရွှေဝါကို ကျိုး၍ ၎င်း သတ္တုရေကို အနည်းငယ် အနည်းငယ် ထည့်၍ထိုး။ အနည်းဆုံး အခိုးငြိမ်းရန် သံပုရာရည်၊ ရှောက်ရည်ကို ခံရေပြုလုပ်၍ လောင်းပါလေ။ ရွှေကဲ့သို့ ဝါဝင်း၍ အပျော့အပြောင်း ဆိုက်သော ဓာတ်သားကို ရရှိကြပေလိမ့်မည်။ ၎င်း ဓာတ်သား ၁ ကျပ်လျှင် ရွှေ ၄ ပဲ ရောစပ်ပါလျှင် မသမ်းမကွက်ဘဲ လက်ဝတ်ရတနာအတွက် အသုံးပြုနိုင်ပါသည်။

(မှတ်ချက်) ၁၅-ကြိမ်ထက် ပို၍ထိုးနိုင်က သာ၍ကောင်းသည်။ ပိန်းမဟော်ရာအညိုမှာ လတ်လတ်ဆတ်ဆတ် ဥ၊ အရိုး၊ အရွက် ရသောသတ္တုရေနှင့် ပြုလုပ်နိုင်သည်။ လက်တွေ့စမ်းပြီး ဝါးနက်ချောင်း ဆရာတော်၏နည်း ဖြစ်သည်။

## (၂၄) သွတ်ဖြူဘမ်းနည်း လက်တွေ့

ရေသဖန်း အခေါက် အရွက် အသား ရရာကို ပြာချရမည်။ ၎င်းပြာကို ရေစိမ်၍ ဆားချက်။ ရသော ဆားသေတ္တုကို လက်ချား မီးပေါက် အနည်းငယ် ရောစပ်၍ သွတ်ဖြူကို အုပ်၍ ထိုး။ သွတ်အခိုး ငြိမ်းမိလိမ့်မည်။

၎င်း မိပြီး သွတ်ကို အရေငံပျော်ရုံ အရေပျော်ရုံ မိုးဒီဂရီကို ကြည့်၍ အကြိမ်ပေါင်း များစွာ ထိုး၍ ရှောက်ရေတွင် ခံရေလုပ်၍ လောင်း။ အခိုးငြိမ်း မီးထိုးခံသွတ်ကို မပင်မပန်း ရရှိလိမ့်မည်။

လက်တွေ့ ဆရာတော် တပါးထံမှ ရသောနည်း ဖြစ်သည်။

## (၂၅) လက်တွေ့စားလမ်း သွတ်ပြဒါး ဘမ်းနည်း

၁။ ဒုတ္တာ ၁၀ ိ သားကို အမှုန့်ပြု။ သွတ် ၃ ကျပ်၊ ပြဒါး ၃ ကျပ်ကို တွဲ၍ အမှုန့်ပြု။ ၎င်းအမှုန့် ညက်ပြီး ၃ ပါးကို ရော၍ သံပုရာရည်နှင့် နယ်ရမည်။ အခြောက်လှမ်း။ သွေ့ခြောက်သောအခါ လက်ချား မီးပေါက်နှင့်ရော၍ လုံးပိတ်။ ဇော်မံ၍ မီးပြင်းပြင်း မီးရှန် ပထမ ထိုး။ နောက် တဖြေးဖြေး လုံးကိုမြှင့်၍ ထိုးလေ။ ဝါဝင်းသော ဓာတ်သားကို ရရှိလိမ့်မည်။ မီးကို နားမလည်လျှင် ဓာတ်သား မကွဲဘဲ ချော်တွဲနေတတ်သည်။ ဓာတ်သား ကွဲအောင် စိတ်ရှည်

ရှည်နှင့် အညှစ်အကြေး ပစင်မခြင်း ထိုးလေ။ ၎င်းတိုး၍ စပ်ကြွယ်သော ဓာတ်သားကို ရရှိက ရွှေအနည်းငယ် ရောစပ်၍ လက်ဝတ်တန်ဆာ အဖြစ် သုံးစွဲနိုင်ပါသည်။ အခို မသမ်းသော ဓာတ်သား အဖြစ်ကို ရရှိနိုင်ပါသည်။ ဓာတ်သားခံရေမှာ ရွှေနှင့်မစပ်မီ သံပုရာရေတွင် ဘွန်းလောင်းပါ။

## (၂၇) သုဝဏ္ဏသေလာကျောက်

## သွတ်သတ်ဆေး

သယံဇာတ သဘာဝအားဖြင့် ရွှေနှင့်ကျောက် ရောစပ်လျက် ရှိသော ကျောက်တမျိုးသည် ဘောင်တန်းဒေသများတွင် ရှိ၏။ ထိုကျောက်မျိုးကို သုဝဏ္ဏသေလာကျောက်ဟု ခေါ်သည်။ ၎င်းကျောက်၏ အဆင်းအရောင်မှာ စိမ်းစိမ်းနှင့် ရွှေရှု ဝါဝါအဆင်း ရှိသည်။ ဝစ်ပစ် စမ်းသပ်၍ ကြည့်လိုလျှင် ၎င်းကျောက်ကို အမှုန့်ပြု၍ ၎င်းအမှုန့်ဖြင့် ခပ်ပြီ သွတ်ကို အဘောက်အောက် နိုး၍ ဖော်မံ၊ လုံမိတ် ထိုးလျှင် သွတ်သေလေလိမ့်မည်။ ၎င်းသွတ်သေ ကရွေးကို ဘင် ၅ ကျပ်တွင် ကျို၍ ပစ်လျှင် ရွှေစင်အတိ ဖြစ်၏ဟု စာဟောင်းတွင် အဆိုရှိ၏။ ထိုကျောက်မျိုး ရရှိနိုင်သော ဒေသမှာ ပခုက္ကူနယ်၊ ပခန်းကြီး အနောက် တည့်တည့်တွင် ရှိသော တောင်တန်း ဘောင်မကြီးများတွင် ရှိ၏ဟု အညွှန်း
၃ တွေ့ဖူးလေသည်။

## (၂၇) နှာကို ရွှေဖြစ်စေနိုင်သော ကျောက်

ထိုကျောက်မျိုးကို ကျောက်ကွမ်းသီး ဟူ၍၎င်း၊ သုဝဏ္ဏသေလာ ရွှေကျောက် ဟူ၍၎င်း ခေါ်ဝေါ်ကြသည်။ ကျောက်၏ အရောင်အဆင်းမှာ ညိုညိုပြာပြာ အရောင် ရှိသည်။ ခွဲ၍ကြည့်လျှင် အတွင်းကျောက်သားသည် ပုဇွန်ဆီကဲ့သို့ နီဝင်းသောအဆင်း ရှိရမည်။ ၎င်းကျောက်မှုန့်နှင့် နှာကို အထက် အောက် နှိုး၍ လုံပိတ်ထိုးလျှင် နှာသည် ရွှေအစစ် ဖြစ်ကြောင်းကို စာဟောင်းတွင် တွေ့ရှိရပါသည်။ ထို ကျောက်မျိုးသည် မန္တလေးအရှေ့ ရေတံခွန်တောင်တန်းနှင့် ရှမ်းပြည် တောင်တန်းများတွင် ရှိ၏ဟု အညွှန်းစာတွင် ဆိုပါသည်။

## (၂၈) ရွှေဖြစ်ထိုးနည်း

ဒိုင်း ပေါက်-ပြဒါး၊ စိန်နီအား၊ မှတ်သား တကျပ်စီ။ ရွှေချိန်တပဲ၊ ထည့်စွက်ကဲ၊ အမြဲရွှေဖြစ်မည်။

ဤလင်္ကာ၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ (၁) ပဒိုင်းစေ့ ၁ ကျပ်။ (၂) ပေါက်စေး ၁ ကျပ်။ (၃) ပြဒါး ၁ ကျပ်။ (၄) စိန်နီ ၁ ကျပ်။ (၅) အခေါက်ရွှေ တပဲသား။ ဤ ၅ ပါးကို ရောစပ်၍ လုံပိတ် ဖော်မံ၍ ထိုးရမည်။ ရွှေချိန် ၃ မတ်သားတိတိ အသားတင်ရနိုင်သည်။

## (၂၉) လကျ်ာအောင်မြေလမ်း
## ရွှေဖြစ်ထိုးနည်း

သွတ်·နာ ယမ်း ဆား၊ ဤလေးပါး၊ မမှား တကျပ်စီ။ ပေါင်း၍ထိုးလျှင်၊ တကျပ်တင်၊ ချိန်လျှင် ပြာကိုရ။ ၎င်းပြာပင်၊ ရွှေထဲတွင်၊ ပစ်လျှင် ကြိတ်ကြေရ။ ကြိတ်ကြေ တမတ်၊ နာငါးကျပ်၊ ခတ်၍ထိုးခါကြည့်။ နာရဏီသာ၊ ဖြစ်လိမ့်မှာ၊ မှန်စွာမယွင်းသိ။

ထိုလက်ာ၏ သိမှတ်ဖွယ်ရာ အဓိပ္ပာယ်မှာ သွတ် ၁ ကျပ်၊ နာ ၁ ကျပ်၊ ယမ်း ၁ ကျပ်၊ ဆားခါး ၁ ကျပ်၊ ဤလေးပါးသော ဓာတ်တို့ကို ပေါင်း၍ထိုးလျှင် ပြာ ၁ ကျပ်သား အသားတင် ရလိမ့်မည်။ ထိုပြာ ၁ ကျပ်၊ ရွှေ ၁ ကျပ်နှင့် ရောစပ်၍ ထိုးသောအခါ ရွှေကြိတ်ကြေ ဖြစ်၏။ ၎င်းကြိတ်ကြေ ၁ ကျပ်သားကို နာ ၁ဝ ပစ်လျှင် နာရဏီ ရွှေစစ် ပကတိ ဖြစ်ပေလတ္တံ့ဟု စာဟောင်းများက ဆိုပါသည်။

**မှတ်ချက်။** ။ထိုနည်းကို စမ်းသပ်သောအခါ ရွှေကို ၁ ကျပ်သား မဟုတ်ဘဲ ပြာ ၂ ပဲ၊ ရွှေ ၂ ပဲနှင့် သော်လည်းကောင်း၊ သို့မဟုတ် ပြာ ၁ ပဲ၊ ရွှေ ၁ ပဲနှင့် သော်လည်းကောင်း ပဌမ စမ်းသပ်၍ ပြုလုပ်ကြပါလေ။

## (၃၁) ဘော်ဝါလမ်းထိုးနည်း

ပြဒါး ၂ ကျပ်၊ သွတ် ၂ ကျပ်ကို ရောစပ်၍ တွဲရမည်။ ၎င်းသွတ်တွဲပြဒါးကို အောက်က ထား၍ ခြေးနီ ၄ ကျပ်ကို အပေါ်ကထည့်၍ အုပ်ထား။ ကန့် ၁ ကျပ်၊ ယမ်း ၁ ကျပ်၊ လက်ချား ၁ ကျပ်၊ ဟင်းရိုင်း ၁ ကျပ်၊ ဒုတ္တာ ၂ ကျပ်၊ ၎င်းတို့ကို အမှုန့်ပြု၍ ကြက်သွေးကြက်ဆီနှင့် နယ်၍ အပေါ်က ထပ်၍ ထည့်ပြီးလျှင် မီးသွေး တပြည်ကုန်အောင် ထိုးပါ။

ရွှေအဆင်းကဲ့သို့ ဝါဝင်းသော သဥ္ဇာတမျိုးကို ရရှိလိမ့်မည်။ ၎င်းသဥ္ဇာတ ၁ ကျပ်၊ ဘော် ၁ ကျပ်နှင့် ပေါင်းစပ်၍ထိုးလျှင် အလွန် ကောင်းမွန်သော ဘော်ဝါကို ရရှိပေမည်။ ခံရေမှာ ရေနံတွင် ၃ မီး လောင်းရမည်။

၎င်းဘော်ဝါနှင့် အခေါက်ရွှေနှင့် အရည်ကိုကြည့်၍ ထက်ဝက် သို့မဟုတ် ၂ ချိုး ၃ ချိုး စပ်ကြပါသည်။ စပ်ပြီးခံရေလောင်းရန်မှာ နှင်းပန်းဥ၊ ပဒပ်စာဥ၊ ရှားစောင်းလက်ပတ် အနှစ်ကို ကြိတ်၍ ခံရေလုပ်၊ ၇ မီး လောင်းရမည်။

## (၃၂) ရွှေစပ်တူတနည်း

နာဒုတ္တာ စိန်-ပြဒါး၊ လက်ချားနှင့် ရှားစောင်းပါ၊ ကောင်းပညက်ဘွာ။ ။ကျိုင်ပေါ်းဖြာဆေးမှာ လူး၊ ဒန်ရေတွင် ပစ်ခါကူးလျှင်၊ မှူးတော့ညာဏ်ထွး။ ။

ဤအထက်ပါ လင်္ကာ၏ အဓိပ္ပါယ်မှာ-

နာ ၂ ကျပ် ၈ ပဲ၊ ဒုတ္တာ ၅ ကျပ်၊ စိန်နီ ၂ ကျပ် ၈ ပဲ၊ ပြဒါး ၂ ကျပ် ၈ ပဲ၊ လက်ချား ၅ ကျပ်၊ ရှားစောင်းကြီး အစေး ၂ ကျပ် ၈ ပဲ၊ ဤမာတင်ါးမျိုးကို သမအောင်ရော၍ ညက်စွာ ကြိတ်ရမည်။ ဒန် ၂ ကျပ် ၈ ပဲသားကို အရည်ကျို၍ ၎င်းဆေးကို ၁ မူးသားခန့် ပစ်၍ထိုးပါ။ ဆေး မကုန်မခြင်း မီးပြင်းပြင်းအုပ်၍ ထိုးရမည်။ ဆေးထည့်တိုင်း မွှေပေးရမည်။ ဆေးကုန်လျှင် မီးတိုးရပ်ရမည်။ ချိတ်ကဲ့သို့ ဓာတ်တမျိုးကို ရရှိလိမ့်မည်။ ၎င်းဓာတ် ၁ မတ်သားကို ယူ၍ ဒန် ၅ ကျပ် အရေတွင် ပစ်က ဒန်သေ၍ သတ္တု တမျိုးကို ရလိမ့်မည်။ ၎င်း သတ္တုနှင့်သာ ရွှေနှင့် စပ်ရမည်။ မှာတ် မစင်ကြယ်သေးဘဲ ရမ်း၍ မစပ်နှင့်။ ပဌမ ၁ ပဲ ၁ ရွေးက စ၍ စမ်းသပ်ပြီးမှ လိုသလို ပြုလုပ်ရပါသည်။

## (၃၁) ဘော်ဝါချိတ်လမ်း ရွှေစပ်တူ ထိုးနည်း

ကျောက်ချဉ် ဇဝက်၊ ယမ်းစိမ်းစွက်၊ ကန့်ထက် ကြေးနီပေါင်း။ ထိုဆေးငါးထွေ၊ ညက်ကြိတ်လေ၊ သံပုရာရေတွင် လောင်း။ ။ရက်ပိုင်းဒေသ၊ စိမ်ပြီးမှ၊ သူရနေ့တွင် လှမ်း။ လုံပိတ်မီးပြင်း၊ ထိုးတုံလျှင်း၊ မယွင်းချိတ်ကိုရ။ ဤသည့် ချိတ်ပင်၊ ဘော်နိုက်တွင်၊ ပစ်လျှင် ဘော်ဆတ်ရ။ ဘော် ချိတ် ၁ ကျပ်၊ ဘော် ၄ ကျပ်၊ ပစ်ခတ် လုံတွင်သွင်း။ ဘော် ဝါရွှေရောင်၊ တခပြောင်ပြောင်၊ နေရောင်လအဆင်း။ ဘော် ဝါဓာတ်တွင် ၂ ပဲပင်၊ ရွှေစင်ပစ်ခါသွင်း။ ။

ဤလက်ာ၏အစိပ်ပွားယ် ကောက်ယူပုံမှာ– ကျောက်ချဉ် ၂ ကျပ် ၅ မူး၊ ဇဝက်သာ ၂ ကျပ် ၅ မူး၊ ယမ်းစိမ်း ၂ ကျပ် ၅ မူး၊ ကန့် ၂ ကျပ် ၅ မူး၊ ရှင်း ဆေးလေးမျိုးကို ညက်စွာကြိတ်။ ကြေးနီစစ်စစ်ကို တဇဉ်းစာချ၊ သို့မဟုတ် ကတ်ကြေးစာချပြီး ကြေးနီ (၁၀)နှင့် ရှင်းဆေး ၅ မျိုးကို စုပေါင်းရောမွှေ၍ သံပုရာရေတွင် အယ်ရက်တိတိ စိမ်ထား ရမည်၊ ဆယ်ရက် စေ့သောအခါ နေပူတွင် ခြောက်သွေ့ အောင် လှမ်းပြီးလျှင် လက်ချားမီးပေါက် အနည်းငယ် ထည့်၍ လုံပိတ် မီးပြင်းထိုးပါလျှင် ကြေးချိပ်တမျိုးကို ရရှိ ပါလိမ့်မည်။

ရှင်းချိပ်ကို ညက်စွာပွတ်၍ (၁၀)ပုံ ပုံပြီးလျှင် စင်ကြယ် သော ဘော် ၁ ကျပ်နှင့် ဆေးချိပ် ၁ ပုံနှင့် ရောစပ်၍ လုံ ပိတ်ထိုးပါ။ ။ရှင်းနည်းအတိုင်း ချိပ် ၁၀ ပုံကို ကုန်အောင် ရှင်းဘော် ၁ ကျပ်၌ပင် ထည့်၍ (၁၀)ကြိမ် စေ့အောင် လုံပိတ်ထိုးသောအခါ ဘော်ချိပ်တမျိုးကို ရရှိပါလိမ့်မည်။

ရှင်းဘော်ချိပ် ၁ ကျပ်ကို စင်ကြယ်သော ဘော် ၄ ကျပ် တွင် ပစ်၍ ထိုးပါလျှင် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ဘော်ဝါသတ္တုခဲကို ရရှိလိမ့်မည်။ ။ထိုဘော်ဝါ ၁ ကျပ် တွင် ရွှေ ၂ ပဲသား ထည့်၍ ရောစပ်ပါလျှင် အထည်ပျက် ရွှေကဲ့သို့ ပဘာမ်းဘဲ ဝတ်ဆင်ရန် အလွန်ကောင်းသော ရွှေကို ရရှိကြပါလိမ့်မည်။

အထူးသတိပြုရန်။ ရှင်းနည်းကို စမ်းသပ်သောအခါ သန့် ရှင်းသော ဘော်ကို ရမှ လွယ်ကူစွာ ဖြစ်နိုင်သည်ကို သတိပြုပါ။

## (၃၂) ကြေးကိုသတ်၍ ရွှေနှင့်မပ်သော စပ်တူလမ်း

| | | | |
|---|---|---|---|
| ၁။ ပြဒါး | ၁ ကျပ်။ | ၅။ ဆေးဒါန်း | ၁ ကျပ်။ |
| ၂။ ကန့် | ၁ ကျပ်။ | ၆။ လက်ချား | ၁ ကျပ်။ |
| ၃။ ဒုတ္ထာ | ၁ ကျပ်။ | ၇။ ဟင်းရိုင်း | ၁ ကျပ်။ |
| ၄။ ဇဝက်သာ | ၁ ကျပ်။ | ၈။ စိန် | ၁ ကျပ်။ |

ဝှင်းဆေးအားလုံးကို ညက်စွာကြိတ်၍ ကြေးနီ ၄ ကျပ်၊ ဘော်စင် ၁ ကျပ်ကို ဝှင်းဆေးဖြင့် အထက်အောက် နှီး၍ လုံပိတ် ဇော်မံ၍ ချော်လည်အောင် ထိုးပါ။ ကောင်းမွန်သော သတ္တုကို ရရှိနိုင်ပါသည်။

သတိပြုရန်။ ဝှင်းကို ရွှေနှင့် စပ်လိုသောအခါ ဝှင်း ဓာတ်သားသည် မာဆတ်၍ နေသေးလျှင် ရွှေနှင့် မစပ်ရ သေးပါ။ စို့ဖြတ်၍ ပျော့မှသာ စပ်ရလေသည်။ စပ်လိုသော အခါ တပဲ၊ တရွေးလောက်သာ စပ်ကြည့်ပါ။ ပျော့ပျောင်း နူးညံ့၍ အရေမိမှသာ စပ်ကြစေလိုပါသည်။

## (၃၃) ဘော်ပါလမ်း ရွှေစပ်တူ ထိုးနည်း

၁။ ကြေးနီထက်တွင်၊ ပြဒါးတင်၊ ရွှေစင် ပွတ်ခါရံ။
၂။ စိန်နှင့်ဒုတ္ထာ၊ နှစ်ပါးသာ၊ သုံးခါကြိတ်၍မံ။
၃။ နေလှမ်းပြီးလျှင်၊ ဖိုသို့တင်၊ မီးပင်ထိုးရမှာ။

၄။ ဤပိတွင်၊ သွတ်နှင့်ပင်၊ ဘော်လျှော် ထပ်ထည့်ပါ။
၅။ ရောနှောမိသကာ၊ မီးချိန်သာ၊ ထိုးရအလင်းသာ။
၆။ ဘော်နီ ၁ ကျပ်၊ တင်းလေးမှတ်၊ သွင်းလင်ရေနံမှာ။
၇။ ဘော်နီ ရွှေရောင်၊ ဝင်းဝင်းပြောင်၊ ကြံ့ခေါင် ပန်းလိုတာ။
၈။ ရွှေနှင့်စင်လျှင်၊ ရွှေသည်ပင်၊ မှတ်ထင်သုဝဏ္ဏာ။

ဤအထက်ပါ ဆေးစာ၏ အဓိပ္ပာယ်မှာ။ ။ကြေးနီပြား တကျပ် ပါးပါးခင်၍ ပြဒါးရေသုတ် ရွှေချ။ ။ရှင်း နည်း အတိုင်း ပြဒါးသုတ်၍ သုံးကြိမ်ရှိအောင် ရွှေချရမည်။ ရွှေနှင့် ပွတ်ရမည်။

ဇုင်းနောက် စိန် တကျပ်နှင့် ဒုတ္တာ တမတ်ကို ၃ ခါ ကြိတ်၍ ရွှေပြဒါးပွတ်ထားသော ကြေးနီကို ၃ ကြိမ် ထပ်မံ၍ နေလှမ်းရမည်။

နေလှမ်းပြီးသောအခါ လုံတွင် ထည့်၍ ဇော်မံပြီး ထိုးပါ။ ဆိုးဆေးချက်တမျိုးကို ရပေလိမ့်မည်။

ဇပ်းချိတ် ၁ ကျပ်သားနှင့် သွတ် ၁၂းသားကို သန့်ရှင်း သော ဘော် ၁ ကျပ်တွင် ထည့်မွှက်ရောစပ်၍ မီးအလင်း ထိုးရ မည်။ လက်ချားမီးပေါက် အနည်းငယ် ပေါက်ထိုးပါ။

ဘော်အလေး ၁ ကျပ်သားဖပ်အောင် ထိုးရသည်။ ခံရေမှာ ရေနံတွပ် လောင်းပါ။ ပြီးသောအခါ အလွှန်လုပသော

ဘော်နီ ၈ ကျပ်ရပါလိမ့်မည်။ ၎င်းဘော်နီ ၁ ကျပ်နှင့်ရွှေကို ဆတူစပ်လျှင် ယိုးဒယားသုံးရွှေဖြစ်သည်။

(မှတ်ချက်) ဉာဏ်ဖြင့်ဝေဖန်၍ ဤနည်းစမ်းသပ်ပါလျှင် ဇာပဲသားစီတွဲကြည့်က ရွှေရည်ကိုသိနိုင်ပါသည်။

ဤနည်းကား ယိုးဒယား အင်္ဂလိယပ်ဆရာများ ထံမှ ရသောနည်း ဖြစ်ပါသည်။

## (၃၄) နာကိုနီအောင်ထိုးနည်း

နွားချေးနှင့် နာကို အဆက်အောက် နှိုး၍ ထိုးလျှင် နာသည် ရွှေအဆင်းကဲ့သို့ နီဝင်း၍ လာပါလိမ့်မည်။ ထိုနာနီကို ဓမ္မစစ်နှင့် အနည်းငယ်တို့၍ လိုသလို အသုံးပြုနိုင်ပါသည်။

၎င်းနာနီသတ္တုကို ဘပ်နှင့် နံချပ်းစပ်သော် သုံးစွဲရန် အလွန်ကောင်းသည်ဟု ရှေးစာဟောင်းတစောင်တွင် တွေ့ရှိရပါသည်။

(မှတ်ချက်) ၎င်းနာနီသတ္တုကို အခြားဓာတ်များနှင့် မတွဲစပ်မီ လက်ချားနှင့် အထက်အောက် နှိုး၍ ထိုးပြီးမှသာ တွဲစပ်ကြရလေသည်။

## (၃၅) ဒန်လာတ်နည်း

၁။ ကန့်ချုပ်ဖို၊ ကန့်ချုပ်နီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဤလေးမျိုးကိုဆတူချိန်၍ကြိတ်ရမည်။

၂။ စိန်ဖြူတကျပ်၊ းစိန်နီတကျပ်၊ ဖွဲဖြူတကျပ်၊ ဤသုံးပါးကို ရောစပ်ပြီးလျှင် အထက်ကကြိတ်ပြီး ဆေးလေးမျိုးကို မံ၍ အဝတ်ဖြူနှင့် ထုပ်ရမည်။

၎င်းအထုပ်ကို ကြိုးကလေးနှင့်ချီ၍ အိုးနခမ်းတွင် ဝါးခြမ်းစိပ် သေးသေးကို ကန့်လန့်တင်၍ အထုပ်မှ ကြိုးကလေးကို အိုးအတွင်း၌ အိုးဖင်နှင့်မထိအောင် ချီဆွဲထားပါ။

၎င်းနောက် သံပုရာရေကို အိုးအတွင်းသို့ အထုပ်မြှုပ်လောက်အောင်ထည့်၍ မီးပေါ်တွင် ခုနစ်ရက်လှည့်အောင် ချက်ရပါမည်။ ။ချက်သောအခါ လူမဝင်ရသော သန့်ရှင်းလုံခြုံသောနေရာတွင် ချက်ရသည်။ ပြုလုပ်သူက ငါးပါးသီလမြဲ၍ ချက်ဆဲခဏ၌ ဂုဏ်တော်ကို တတ်နိုင်သလောက်အာရုံပြု၍ ရွတ်ဖတ်ကာ ပြုလုပ်ရမည်။ ။ဆရာသမား မိဘများကိုလည်း ရိုသေလေးစားရမည်။

ထိုဓာတ်များကို ချက်သောအခါ စည်းဝိုင်းပြု၍ လူမဝင်စေရ။ ၎င်းဓာတ်ကို သံပုရာရည်နှင့် ခုနစ်ရက် ချက်ပြီးသောအခါ ဒန် ၁ဝိ ကို အရည်ကျို၍ ၎င်းဓာတ် ၁ ကျပ်သား ထည့်လျှင် ဒန်သေကို ရရှိနိုင်ပါသည်။ ခံရေလောင်းလျှင် အရက်တွင် လောင်းရမည်။ ။ထိုဒန်သေ ၁ဝိ၊ ငွေကောင်း တကျပ်နှင့်စပ်လျှင် ဇမ္ဗူရာဇ်ဖြစ်လိမ့်မည်ဟု ရှေးစာအဆိုရှိပါသည်။

## (၃၆) တနည်း ဒန်သေနိဗ္ဗာန်ဝင်လမ်း

၁။ ကန့်ကြုတ်ဖြူ ၂။ ကန့်ကြုတ်နီ ၃။ ကြက်သွန်ဖြူ ၄။ ကြက်သွန်နီ ၅။ စိန် ဤငါးပါးသော ဆေးကို ဆတူ ညက်ညက်ကြိတ်၍–

၁။ စိန့်တကျပ် ၂။ စိန်နီ တကျပ် ၃။ ပြဒါးတကျပ် ၄။ ဖွဲဖြူ တကျပ် ဤလေးပါးကို ကြိတ်ခြေဆေးစပ်၍ အထက်ဆေး ၅ မျိုးကို အပြစ်က မံပြီးလျှင် အဝတ်ဖြူနှင့် ထုပ်။ ကြိုးခကလေးကို အိုးဖင်နှင့် မထိအောင် အိုးနခမ်းတွင် ကန့်လန့် တင်ထားသော ဒုတ်ကလေးမှာ ချိထား၍ သံပုရာရည်ကို အထုပ်မြုပ်အောင် ထည့်၍ အိုးနှင့် အထက်ပါ နည်းအတိုင်း ခုနစ်ရက် ချက်ပါ။ ၎င်း ချက်ပြီးရသောဓာတ် ၁ူးသားကို ဒန် ၁ဝ တွင် ပစ်၍ ထိုးလျှင် နိဗ္ဗာန်ဝင်ဓာတ်ဖြစ်၏ဟု ရှေးစာပေါင်းတွင် ဝန်ခံချက်ထား၍ ဖော်ပြပါသည်။ ။ခံရေလောင်းရန်မှာ အရက်၌ဖလောင်းရန် ဖြစ်ပါသည်။

## (၃၇) လက်တွေ့စားလမ်းတနည်း

(ပဌမကာဏ္ဍ)

**မိမိဆန္ဒအတိုင်း ယမ်းကို မှုတည်။** သို့သော်လည်း အချိန် (၂၅)ကျပ်သားထက် မနည်းစေနှင့်။ အချိန်ပို၍ စိမ်ထားက တကြိမ်တခါနှင့် ကိုစွပြီး၏။

သံဒယ်တလုံးကို ဝင်ကြယ်အောင် ပွတ်တိုက် ပြီးနောက် **မိမိဆန္ဒအရ ယမ်းကို သောင်းပြီး ထည့်ထား။**

ကျွဲကျောဝင်းမုဝ်စေ့ပင် (အချို့ ဒိုက်နို့ပင်ဟု ခေါ်ဝေါ်ကြ၏။) ရင်းအပင်ကို ပန်းငါးပါး တပင်လုံး လက်နှင့် ဆွဲ၍နုတ်က အမြစ်ပါ ပါလာပါသည်။ အချို့နေရာ၌ အလွန်ပေါပါသည်။ သံကြေ့ဇလုံငယ်သို့ ကျွဲကျောဝင်းမုဝ်စေ့ပင်ကို ရေဆေးပြီးလျှင် ထုချေ၍ သတ္တုရေ ညှစ်ယူပြီးလျှင် ကြွေဇလုံ တလုံးခန့် ထည့်ထား။

သတ္တုရေ ညှစ်ပြီး အဖတ်များကို လွှင့်မပစ်နှင့်၊ သံဇလုံ၌ ထည့်၍ သိမ်းထား။

ယမ်းတည့်သော သံဒယ်သို့ သတ္တုရေ ယမ်းမြုပ်အောင် ထည့်ပြီးလျှင် မွှေပေးပြီးနောက် ဘတ္တုရေ အနည်းငယ်ခန့် ထပ်ထည့်ပေးပြီးလျှင် မီးဖို ခွင်သစ်လုပ်၍ ရင်း ဖိုခွင်ပေါ်သို့ ယမ်းဒယ်ကို တင်။

ဒယ်ဖင်အောက်မှ မီးမျှင်းမျှင်း မီးမျှင်းမျှင်း ပေး။ မီးတောက်ကြီးကြီး ပေးရန်မလို။ မီးဝပ်၍ မတောက်စေနှင့် သတိပြု။ ထည့်ထားသော သတ္တုရေ ခန်းခြောက်လောက်ရုံ မီးအရှိန် ပေး။

သံယောင်းမနှင့် မွှေမွှေပေး။ သံဒယ်ထဲရှိ သတ္တုရေ မခန်းခြောက်စေနှင့်။ မီးရှိန်နှင့် ပေးရင်း အနည်းငယ် ခန်းခန်း သွားရင်း သတ္တုရေကို ယမ်းမြုပ်အောင် ထည့်ပေး။ သတ္တုရေ ထည့်ပေးတိုင်း မွှေပေး။

၅-၆ ကြိမ်ခန့် သတ္တုရေ ထည့်ပြီးနောက် ယမ်းတောဇော ငြိမ်းမငြိမ်း ခမ်းသပ်ကြည့်လေ။

ယင်းတောဇော်ဂျီမ်းက သ ုရေ ထည့်ရန် ပလို။ ညှစ်ပြီး ကိုင်းထားသော အဖတ်များကို ယမ်းပေါ်သို့ ဖုံးအုပ်ပေးပြီး သံဒယ်အောက်မှ မီးရှိန်ပေးသွားရင်း အဖတ်များ ပိုးဂြုမ်ပြီး ပြာအားလုံးဖြစ်က မီးပေး ရပ်။ အအေးခံ။ ဒယ်ထဲမှ ယမ်း အခဲကြီးကို ပြာဖယ်ပြီးယူ။ ထိုအခါ မိုးရေကဲ့သို့ ယင်ထား သော်လည်း ယမ်း အရေ ဖြစ်တော့။ ၎င်းယမ်းခဲကို အမှုန့်ပြု။ ပုလင်းထဲသို့ ထည့်ထား။

ပဌမကဏ္ဍ ပြီး၏။

(ဒုတိယ ကဏ္ဍ)

ဟင်းရိုင်းနီမှ ထုတ်ရသော ပြဒါးရေချိန် (၁ဂ)တဆယ်နှင့် (နှ၁၂) ခဲစင်အချိန် (၂၀)နှစ်ဆယ်သား ပေါင်းစပ်။ အချိန် (၃၀) သုံးဆယ်သား ဖြစ်၏။ စင်ကြယ်စွာ ပွတ်တိုက်ပြီး သံဒယ်သို့ ထည့်။ ဖိုခွင်၌ ဖြစ်စေ၊ မီးဖို၌ဖြစ်၊ သုံးလိုတာ သုံးပါ။

သံဒယ်ကို ဖိုမှာကင်၍ မီးပေးရာမှ ခတ် ၂-ပါး အရေ ဖြစ်လျှင် ဇောင်းယားမြစ်နှင့်မွှေ၍ ဖြစ်ရုံ ဒယ်အိုးအောက်မှ မီးရှိန်ကလေး ပေးလေ။ မီး မကြီးရ။ မီးရှိန် မလွန်စေနှင့်။ ကျိုင်းဖြစ်ပြီး ပြဒါး ထွက်သွားတတ်သည်။

မသာစက္ခုဖြင့် မမြင်နိုင်။ သို့ပါ၍ ရှေးဆရာမြတ်တို့ ဆုံးမ သည်။ မီးက ဆရာလိုလှပါ၏) အထူးသတိပြုပါ။ သံဒယ် အောက်မှ မီးပေးရာ အလွန်လိုလှပါကြောင်း။

မွေ့ရာဖြစ်ရုံ မီးရှိန် ပေးလေ။ ဇောင်းယားမြစ်ကို အလုပ်မစမီ တပေါင်ခန့် ၅-ချောင်း၊ ၆-ချောင်း အသင့် ငံမံ၍ထား။ လုံးပတ်မှာ မြင်းလုံးခန့် ပြုပြင်ထား။

သံဒယ်ကို တည်ချနိုင်ရန် ဿဲခွက်တခုနှင့် ရေဇလုံကလေးတခု အသင့်ရှိစေ။ ဤကဲ့သို့ မွေ့ပေးစဉ် နာ ချေး ဖုတ်သဘော ဝါဝါမှုန်တွေ ထွက်လာလိမ့်မည်။ သိမ်းယူထားလေ။

ပေါင်းစပ်သော (နာ) အချိန်(၂၀)မှာ ဖုတ်ပြာ ဖြစ်၍မွေ့ပေးရင်း ကုန်လောက်ပြီ ထင်က ကျန်ဓာတ်သားကို ချိန်ကြည့်။ အချိန်(၁၀)သား ဓာတ်သားရှိက နောက်ထပ် မွေ့ရန်မလိုပါ။

နိဗ္ဗာနဿ ပစ္စယော ဟောတု။

အရှင်ဇာဂရိယ၊ ခေတ္တရာ။

ဒုတိယကဏ္ဍ ပြီးတော့၏။

(တတိယကဏ္ဍ)

ပဌမကဏ္ဍမှ ယမ်းတောဇောငိမ်း အမှုန့်နှင့် ဒုတိယကဏ္ဍမှ မွေ့ရာဂ ထွက်လာသော (နာ)ပြာနှင့် အချိန်ဆတူ စပ်၍ သမအောင် နယ်ပြီး ခွက်တခုထဲသို့ ထည့်ထား။

၃ လက်မ၊ နှစ်ထပ် လုံစောက်ထဲသို့ စပ်ပြီး ဆေးမှုန့် အနည်းငယ် တလက်မခံ၍ ကျန်ပြဒါးခဲ (၁၀)မှ ၁ ကျပ်သား ဖြတ်ယူထည့်။ ။ဂုင်းဓာတ်ပေါ်မှ ချော် ၂ ပါးမှုန့် ဖိသိပ် ၍ အငှားဖုံး ဖုံးပေး။ ဖိုခွင်၌ဖြစ်စေ၊ လေဖို၌ဖြစ်စေ လုံကို မီးရှိန်တည်၍ မီးမပြတ်နှပ်နှပ်ပြီး မီးပေး ဆုမ္မလေ။

၄ ရက် လွန်၍ ၅ ရက် မြောက်သော နေ့၌ လုံကို ဖွင့်၍ နှုတ်ခမ်းတိုက်၊ လှည့်လှည့် ဆုမ္မဓပး။ ၆ ရက်နေ့၌ နှုတ်ခမ်း အောက် (၇)ရက်နေ့ လုံခါးလယ် မီးပေး၍ ဆုမ္မသွားလေ။ ဆုမ္မရသောဓာတ် နောက်ဆုံး (၇) ရက်စေ့နေ့ အကြိမ်မှာ လုံတခိုင် တေဇောမီး ဝင်အောင် ဆုမ္မပေးလေ။ ။ဆုမ္မရ သော ဓာတ်ကို လုံခြောက် တကြိမ်၊ လုံတခိုင် ဆုမ္မပေးပြီးမှ ခံရေ လောင်း။ ရေနံသန့်သန့်မှာ လောင်း။ ။ကျန်သော ပြဒါး ၁ ပဲကို ဤနည်း ဆုမ္မယူပြီး ရွှေအဖို့ ဉာဏ်ရှင်၍ ခရီးသွား။ ။အကျိုး များပါ၏။

ဤနည်းကား လက်တွေ့ လုပ်ကိုင်ဘူးသော လပွတ္တာ ဆရာတော် ထံမှ မေတ္တာဖြင့် ပေးသွားသောနည်း ဖြစ်ပါ သည်။

တတိယကဏ္ဍ ပြီး၏။

## (၃၈) သွတ်ပြာချနည်း လက်တွေ့

သွတ်ကို ကြက်ဥခွံနှင့် ရောထောင်းလျှင် ပြာကျ၏။ ။ ဂုင်းသွတ်ပြာနှင့် ပြဒါးရေကို မီးနွေးနွေးနှင့် ရောစပ်မွှေလျှင် ပြဒါးခဲ၏။

၎င်းသုတ်တံဖြင့်ရေသုတ်ပြီးနောက် ဒုတ္တာ(၁၀)ကို အပူပေး၍ ရောမွှေ၊ သံပုရာရည်နှင့် နယ်။ ကြော်ထပ်ထပ်ရှိသောအခါ လုံစောက် တွင် ထည့်။ ဟင်းချိုသပ်၍ မီးလျှံကို ပိတ်ထိုး။ စပ်သား ခွာတ်ခဲ ရ၏။

၎င်းခေါက်သားကို စင်ကြယ်အောင်ထိုး၍ အပျော့ အပြင်း ဆိုက်အောင် ထိုး၍ ရွှေသက်သွင်း။ လက်ဝတ် ရတနာ အတွက် အသုံးပြုနိုင်၏။

## အင်္ဂလိပ်ဟင်းလျာ

### (၃၉) ပန်းသတ္တုပြာချည်း လက်တွေ့လုပ်ထုံး

ဝဥ အနီ ဟလုံးကို လုံကဲ့သို့ အလယ်ကျင်း ဖြစ်အောင် ဖောက်ထွင်းပါ။ ဝက်သည်းခြေတွင် စိန်ဖြူကို ထည့်ရမည်။ ၎င်းစိန်ဖြူ ထည့်သွင်းထားသော ဝက်နက် သည်းခြေကို ဝဥ အနီတွင် ထည့်၍ ဝဥနှင့်ပင် အပေါက်ကို ပြန်ပိတ်ရမည်။ ၎င်းနောက် ဇော်(၁၀) ထပ်မံရမည်။ ဖွဲမီး အတင်း ၄၀ ကုန်အောင် မီးစိုက်ရမည်။ ဖွဲမီး အတင်း (၄၀) ကုန်အောင် မီးစိုက်ပြီးသောအခါ ဝဥကို ဖောက်၍ ကြည့်ပါ။ အတွင်း၌ သတ္တုကျနေသော စိန်ပြာများကို ရရှိနိုင်ပါသည်။ စိန်ပြာ ဆိုသည်မှာ ဒေါးလိုင်ပြာကဲ့သို့ အဆီအနှစ် ကင်းမဲ့သော ပြာမျိုး မဟုတ်ချေ။ အဆီအနှစ်ကျ၍ ခဲနေသော သတ္တုကိုသာ ပြာဟု သိရှိရမည်။

ရင်းသတ္တု အနှစ်ကျပြီးသော ပြဒါး၏ အသုံးချနည်းမှာ ဒန်(၁၀)တွင် ရပ်းပြဒါး တရွေးပစ်က ဓမ္မစစ်ဘော် ဖြစ်ကြောင်းကို လုပ်သူက ရဲဝံ့စွာ အာမခံပါသည်။ စမ်းသပ်လုပ်ကိုင်ကြရန် ဤလက်တွေ့နည်းကို စေတနာရှေ့ထား၍ ရေးသား လည့်သွင်းလိုက်ပါသည်။

(မှတ်သားရန်အထူး) ဒန်ဟူသောအမည်ကား အင်္ဂလိပ်အမည်ဖြစ်၍ ဒန်ဆိုသော်လည်း ကြေးကိုသာ မှတ်ယူရမည်ဖြစ်ပါကြောင်း။

## (၄၀) သွတ်ရွှေဘမ်းနည်း

၁၊ ဇာဒိပ္ပိုလ်အမှုန့် ၂၀ သား။
၂။ လက်ချားအမှုန့် ၂ ကျပ်သား။
၃။ သွတ်ရွှေဝါဥတ်ချပ် ၂ ကျပ်ငပဲသား။

အထက်အောက်နှိုး၍ ထိုး။ အပျော့အပြင်းရရှိမည်။ ။ သတ်ဆေးကား သံပုရာရေတွင် ၂ ခုနစ်ခါလောင်း။ အနိုးငြိမ်း၍ခြေသိမ်းသေး၏။ ။စပ်တူလမ်း။

ငါးထပ်ကြီးဆရာနည်း။

## (၄၁) စားလမ်းလက်တွေ့

သွတ် ၁ဝိ၊ ပြဒါး ၁ဝိ တွဲ၍ထား။ ရင်းနောက် မဖောက်ထုံး ၁ဝိ၊ သိမ္ဓော ၁ဝိ တွဲ၍ သံပုရာရေနှင့်ကြိတ်။ လုံလုပ်အုံးပိတ်လုပ်၍ ရင်းလုံတွင် ဘုတတွဲထည့်၍ မြေသရွတ် ၃ ထပ် မံ၍ ဖွဲ ၃ တင်းနှင့် ဖုတ်။ ပြာကျ၏။ မရော့ဘဲ

 ရသည်။

ဇရှင်းနောက်ပြဒါး ၁ဝိ ထည့်၍ လုံသစ်နှင့် ဇရှးနည်းအတိုင်း လုပ်၍(၁၂)ကြိမ်ဖုတ်၊ပြဒါနရောက်၏။ ဇရှင်းပြဒါကိုရွှေ(၁ကျပ်) မှာ ၁ မတ်ပစ်က ကြိတ်ကြေကျ၏။

ဇရှင်းရွှေပြဒါ ၁ မတ်၊ ဘော်စင် (၁ပိ)မှာပစ်က သေ၏။ အသက်(၁ကျပ်)ကို ၁ျူးသုပ်းလေ။ နီဗ္ဘာန်ဝင်၏။ လက်တွေ့ နည်း။

မီးမှာ ၃ ရက် ၃မီး ဖုတ်ရမည်။ ဖွဲ ၁ တင်း စ၍ ရွှေ ၁ မတ်သားကို ပြာ ၁ပဲသား ပစ်လေ။ ဖွဲမီးစိုက်လျှင် အောက်က တခွဲ၊ အပေါ်ကတခွဲ၊ ၃ တင်းတမီးဖြစ်သည်။

## (၄၂) ရေစကြိုဆရာတော်နည်း

ဖားကျောက်ကုန်း၊ ကြွက်ပုန်းလိုပူးကန်၊ စနေနံလုံအောင် မြှုပ်၊ လုပ်ရပ်သို့ကြံ၊ ပြာအံ့သည့်တုံး။ ။ပြိုင်လာလျှင်-ရှင် မန္တန်းနှင့်၊ ထင်သလောက်သုံး။

၁။ ဖား ဘော် ၁ ကျပ်
၂။ ကြွက် ခဲ ၁ ကျပ်
၃။ ပူး သွတ် ၁ ကျပ်
၄။ စနေနံပြဒါး ၁ ကျပ်

လုပ်နည်းကား ခဲ ၁ ကျပ်၊ သွတ် ၁ ကျပ်၊ပြဒါး ၁ ကျပ်။ ခဲတကျပ်ကို ကပ်ကြေးစာချ။ သွတ် ၁ ကျပ်ကိုလဲ ကြေ အောင်ထု။ ပြဒါးနှင့်ပေါင်း၍ အရေတဖိအောင်ကျို။ ခဲ- သွတ်-ပြဒါး-ဇရှင်း ၃ ခု အခဲကိုရယျှင် ဘော်ကို တခြားကျို။

အရေလင်လျှင် လုံကို ညှပ်နှင့်ဆွဲချ။ အောက်သို့ ကျလျှင်၊ အပေါ်ရေကလေး တင်းသွားလျှင် အထက်က ခဲ-သွတ် ပြဒါး လုံအပေါ်က တင်လိုက်ပါက အရေဖြစ်၍ မြုပ်သွားလိမ့်မည်။ မမြုပ်က ရှင်းခါတ်လေးပါး ရော၍ မီးစိုက်။ လောဘ သိပ် မကြီးနှင့်။ မီးမပြင်းရ။ ။မီးစိုက်သောအခါ ခြသေ့ ဟောက် လိမ့်မည် ဆိုသည်မှာ။ ။လုံထဲက တဖျောက်ဖျောက် မြည် နေတာကို ဆိုသည်။ အစာတောင်းတာ။ သွတ်ရှိက သွတ် ၅ူး တမတ်သား၊ သို့မဟုတ် ခဲ-ငါးမူး တမတ်သား အစာ ကျွေး၍ မီးစိုက်ပါလေ။

လုံထဲက ဖျောက်ဖျောက် မြည်နေလို့ အစာ မကျွေးလျှင် ထွက်ပြေးတတ်သည်။ ။မီးနေဘို့ အလွန် အရေးကြီးသည်။ မီးနေသောအခါ ကျလျှင် ရွှေကို ကျွေး။ ပြာအံလာအောင် မီးများစွာထိုးရသည်။ ရှင်းပြာကို ဘော်မှာပစ်။ ဘော် ၁ကျပ် သား ရွှေပြာ တရွေးသား ပစ်ပါလေ။ (၉)မူး ရွှေ ဖြစ်၏။ အမိနှင့် ရောသုံး လောဘ မကြီးနှင့်။ ။အမိ ဆိုသည်မှာ အခေါက်ရွှေကို ဆိုသည်။ အရေးအသားကို ကြည့်ရှုပြီး သုံး ပါလေ (လက်တွေ့နည်း)

## (၃၃) ရွှေလုပ်နည်း

နာသုကေ၊ ပဉ္စဒုတ်ဟင်း၊ တြိဘော်ငွေ၊ လေးပဲရွှေ၊ ထိုးလေ တလုံးသာ။ ။

ပြဒါးနှာတွဲ
ဒုတ္တာဟင်းရှိမ်းတွဲ
၎င်းနှစ်ပါးတွဲလျှင် ပြာကျ၏။
ရွှေငွေကို တွဲ၊ အထက်ပါဆေးနှင့်တိုး။
ရွှေလက်လွှတ် ဖြစ်၏။

ရွှေလုပ်နည်း ပြီး၏။

ဒုတ္တာ ၁ ကျပ်
ကန့် ၁ ကျပ်
၎င်း ၂ ပါးကို အမှုန့်ပြု၍ ထား။
ကြေးသား ၂ ကျပ် အပေါ်က ပိတ်ဖမ်းလေ။
၎င်းချိတ်ကို ၁ ကျပ်လျှင် ၄ ပဲသားနှင့် သွတ်ဖြူခွက်ကို ဖမ်းလေ။ ရွှေအဆင်းသာ ရ၏။

ရွှေခေါက်လုံးလုပ်နည်း။

နာ ၁ ပဲ
ပြဒါး ၁ ပဲ
ဒုတ္တာဟင်းရှိမ်း ၅ ပဲသားစီ
ဘော် ၃ ပဲသား
ရွှေ ၄ ပဲသား

၎င်းကို အထက်က တိုးနည်းအတိုင်း တွဲဖက်ပြီး ထိုးပါလေ။ ရွှေ ဖြစ်၏။

နာကူးက၊ ပဥ္စဒုတ်ဟင်း၊ ကကြိုဘော်ငွေ၊ လေးပဲရွှေ၊ ထိုးလေ တလုံးသာ။ ။ဆိုသော လင်္ကာအရ အကောက် ဖြစ်သည်။

## (၄၄) ဦးတိဒလာက လက်ဒတ္တနည်း

၁။ နာ ၂ ကျပ်
၂။ ဘော် ၂ ကျပ် ဆေးခတ်လုံးထိုးလိုက
၃။ ဂွတ် ၂ ကျပ် ကြေးနီ ၂ ကျပ်သား။

ဂုဏ်းခတ် ၃ ပါးတွဲ၍ အမှုန့်ပြု။ ၄ ပုံ-ပုံ လုံလုပ်။ ၁ လုံလျှင် ပြဒါးစိမ်း ၁ မတ်စီ ထည့်၍ ဇော်မံ။ ဖွဲ ၃ ဆုပ်နှင့် ဖုတ်။ ပြဒါး ခဲ၏။ ဂုဏ်း ပြဒါးခဲ ၁ ကျပ်သားလျှင် နဝင်းဆေး ၁ ကျပ်နှင့် လုံပိတ် မီးရှိန်ထိုး။ ဂုဏ်းပြဒါးကို နာ ၁ ကျပ် ကုန်အောင်လှည့်ပစ်ပါက ပြဒါးသေ ရ၏။ ပြဒါးလုံကောင်း ရ၏။

## (၄၅) အဂ္ဂိယပ်ပညာ ငါးဆာရာနည်းများ

ဆေးဒန်း လက်ချား၊ စိန်နီအား၊ တခြား ကန့်ဇဝက်၊ ငါးပါးမျှတူ၊ ဟင်းရွှံ့မှု၊ ကဲမူချိန်၍တက်။ ။သံပုရာရေ ရဝိနေ၊ မသွေလှမ်းသုံးရက်။ ။သူရာတဖန်၊ နှောခနီးပြန်၊ အမှန်ယှဉ်းမကွက်။ ။ မှိုင်းကိုင်ဖြန့်ခင်း၊ ဒယ်အိုးခင်း၊ ဆေးမင်းထည့်မပျက်။ ။စလောင်းအုပ်ခါ၊ ကော်ထေးပါ၊ သေချာလုံစေလျက်။ ။ကော်ဆေးမှာမူ၊ မြေနီယူ၊ ချိန်မူ ၉ မတ်ဖက်။

ပဲခိုးဆားမုတ်၊ နို့ချိန်နှစ်ကျပ်၊ နောက်ထပ် ၅ူး စွက်။ ငါးမတ်ဂုံညပ်း၊ အဆံသွင်း၊ ထမင်းအရေစက်။

တော်ဒေအာဝင် ခပ်မွှေ၊ ကြိတ်ညက်စေ၊ တေလေကော်မပျက်။

နွေးနွေးနွေး၊ တအေးအေး၊ တိုက်ပေးမီးမပျက်။
အဘောက်ကြားလျှပ်၊ မီးပြင်းပြင်း၊ မယွင်းနေကုန်လျက်။
တနေကုန်လေ၊ ဒလပ်စေ၊ ချိန်လေသွေ့မပျက်။
နောက်ထပ်တဖန်၊ သွင်းလိုပြန်၊ ချိန်မှန်လေးတူစက်။
အားထုတ်မလျှော့၊ လုပ်ကြလော့၊ မှတ်တော့ဆေးသက်သက်။

ကြေးနီဆယ်ကျပ်၊ အေးတကျပ်၊ ပစ်ခတ်ချော်နီထွက်။
ဂဠုန်ချော်မင်း၊ ဘော်လေးသွင်း၊ နီဝင်းသဏ္ဍာန်ထွက်။
နောက်ကိတ်နှင့်တွဲ၊ ဒက်ခနဲ၊ မလွဲစားလမ်းထွက်။

## စားလမ်း

သွတ်ဖြူတဆ၊ ချော်နှစ်ဆ၊ ထိုးကခိုးမထွက်။
ခိုးမထွက်နေ၊ သွတ်ဖြူသော၊ ခေါ်လေစဉ်အဆက်။
သွတ်သေ ၂ ကျပ်၊ သံ ၁ ကျပ်၊ ထိုးလပ်မီးပြင်းနှက်။
ငှင်းနည်းသာ၊ ဆယ်ချိန်သာ၊ မီးမှာမီးပြင်းနှက်။
အလင်းပါပြန်၊ သံသေကျန်၊ ကျေးရန်ရွှေမပျက်။
ငါးပက်ကုန်လျှင်၊ ဘော်ကိုကျင်း၊ မျိုးဆင်းဘူမပျက်။
နှမ်းဆီစပ်စပ်၊ လောင်းပြီးလစ်၊ အညစ်ဒေါသထွက်။

ရွှေသွေးရွှေရောင်၊ ဝင်းပြောင်းပြောင်း အရောင် ဖိတ်ဖိတ်ထွက်။

ချဉ်-ချို စိန်သောက်၊ ရောဂါပျောက်၊ အံ့လောက်သံသေချက်။

တဆယ်နှစ်ဆင့်၊ မီးတိုးမြှင့်၊ ထပ်ဆင့်ကျွေးမပျက်။
တလုံတခွေ၊ လေးရက်စေ့၊ ပိတ်၍ထိုးခါနှက်။
အခိုးရှိန်ဝေ၊ ရောင်လေးထွေ၊ တွက်လေယွင်းမပျက်။
ဘော်ကျင်းကြံမူ၊ သံမြတ်မူ၊ အဘူဖြစ်လေချက်။
ဆင့်ကာကျွေးမူ၊ ပြာနှံ့ဖူ၊ နောက်မူပြာဝါနက်။
လေးဖြာ-ပြာနေ၊ ပစ်ခတ်လေ၊ မသွေလက်လွတ်ထွက်။
ပြာဆိုက်လုံတွင်း၊ ပြဒါးသွင်း၊ လက်ငင်းရလပ်ရာ။
ပြဒါးတကျပ်၊ ဂဠုန်မှတ်၊ ချော်မြတ်လေးဟူသာ။
လုံပိတ်မှကောင်း၊ ထိုးတုံရှောင်း၊ လုံပေါင်းဆယ်မီးသာ။
သုံးဆယ်စေ့လပ်၊ နောက် ၂ ကျပ်၊ ထပ်၍ဤနည်းသာ။
သုံးဆယ်အပြည့်၊ ထိုးလေဘိ၊ အရှိ ၃ကျပ်-သာ။
သုံးဆယ်စေ့မြောက်၊ ဝင်းဝင်းတောက်၊ အံ့လောက်ဇမ္ဗူမှာ။

ငှင်း ၃ကျပ်၊ ထည့်ပြန်လပ်၊ နောက်ထပ်တထောင်သာ။
တထောင်စေ့ညီ၊ နာရဏီ၊ အညီမှတ်လေပါ။
ရွှေနာရဏ်၊ ၄ ရွေးချို၊ ပစ်မည်ထိုဘင်မှာ။
ရွှေနာရနက်၊ ယွင်းမကွက်၊ မှန်လျက်ကော်သာ။

ဒန်(၁၀ိ)မူ၊ ၄ ရွေးယူ၊ ပစ်မူ ၄ ရွေးသာ။
ပါဒဒုတ္တာ၊ ကြေးနှင့်သာ၊ မှန်ရှာရာလေပါ။
ရွှေဇမ္ဗူရာဇ်၊ မှန်အစစ်၊ ဖြစ်လိမ့်ကောန်သာ။
ငင်း ၂ကျပ်၊ ယူတုံလပ်၊ ပြုလပ်ထုံကျက်မှာ။
ရွှေတုံနှိပ်ညှား၊ အုန်းနှဲ့သား၊ မမှားပြုလေပါ။
၁ကျပ်သုတ၊ တင်လေကာ၊ ခဲထရွှေပပါ။
ပြဒါးခဲခြင်း၊ ရွှေအဆင်း၊ အပြင်းဆိုက်သည့်သာ။
ငင်းပြဒါး၊ ဆီပေါင်းများ၊ လောင်းဖြား(၃၀)သာ။
သုံးဆယ်စေ့က၊ ဘမ်းမရ၊ ရိတ္တကိုယ်ပျောက်ကွာ။
နောက်ကိုမီးမျိုး၊ (၃၀)ထိုး၊ ရောင်မျိုးစုံထွက်ရှာ။
ဘမ်း၍မမိ၊ ဉာဏ်သတိ၊ ပြုဘိလူခေတ်မှာ။
တသောင်းခရီး၊ မမောပြီး၊ စောထီးထွဋ်မြတ်စွာ။
ပူဇော်ပြီးခါ၊ နယ်ရှစ်ဖြာ၊ များစွာလှည့်ပတ်ပါ။
လိုပတ်ရာပေါက်၊ ထင်တိုင်းမြောက်၊ စွန်းရောက်သိဒ္ဓိသာ။
ခေတ်လုံးကိုတွင်း၊ မြှုပ်ထားတွင်း၊ မထွင်းပြုအပ်စွာ။
ချက်ပြုတ်စားဘိ၊ ခေတ်လုံးထည့်၊ သိဒ္ဓိအာဟာရ။
မနောမယိဒ္ဓိ၊ ဆုံတိုင်ဘိ၊ နှိုင်းညှိကျမ်းများစွာ။
အမှီတခု၊ သတိပြု၊ ကြည့်ရှုတိုင်းဆရာ။
သီလသိတင်း၊ ဆောက်တည်ခြင်း၊ မယွင်းခါးဝတ်လွှာ။
ကောန်ဒိဋ္ဌ၊ လုပ်လေကာ၊ ဖြစ်ကြ ဤနည်းသာ။
ဖြစ်သည့်-နိသျှည်း၊ ဝိဇ္ဇာနည်း၊ အပြီးနိဋ္ဌိတာ။ ။

ပြီး၏။

## (၄၆) စစ်ကိုင်းထား တော်နည်း

သံကောဝင်းကောင်းစင်စင် ၁ကျပ်၊ ဆေးဒါန်းရွှေဝါ ၄ပဲနှင့် ပေါက်၍ တလုံ ထိုး။ ။၎င်းဆေးဒါန်းရွှေဝါ (၅) မတ်သား ကုန့်အောင်ပေါက်၍ ထိုး။ ။၎င်းနောက် လွတ်ရွှေဝါ တလုံ ၄ ပဲသားထည့်၍ (၅)မတ်သား ကုန့်အောင်ထိုး။ ။ (ဓာတ်လုံး ဖြစ်၏။)

၎င်းနောက် ရွှေ(၄)ပဲသား ကျေး။ ဘော် (၅)မတ်သား ကုန်အောင် တလုံ ၄ ပဲသား ထည့်၍ ကျင်း။ ။ကျင်းပြီး ဘော်ကို ကိတ်လေးတူသွင်း။ ၎င်းနည်း ရွှေ(၅)မတ် ကုန် အောင် ကျေး။ ဘော်ကို ကျင်း။ ။၎င်းနောက် ကျင်းလို သောအခါ ရွှေ ၁ ပဲ ၁ ပဲ ကျေး၍ လုံကျင်းလေ။ မီး ပေါင်းများစွာ ထိုးသောအခါ ပြာဆင့်၍ လာလိမ့်မည်။ ။ ၎င်းပြာကို ဘာက်နှင့်ချိန်၍သုံးလေ။

## (၄၇) ညာချေးမှိုလမ်း

ဒုတ္တာ ၅ ကျပ် ရေနံနှင့်ကြိတ်။ ဟင်းရိုင်း ၁ကျပ် ၄ပဲနှင့် လုံပိတ်၊ မီး ၃ မျိုးနှင့် ထိုး။ ဟင်းရိုင်းသတ္တု ဓာတ်လုံး ၁ ကျပ် ၄ ပဲသားကို လက်ချား ၈ ပဲ ဟင်းရိုင်း အစိမ်း တကျပ်၊ ဒန် ၁ ကျပ်၊ မီး ၃ ခါထိုး။ ဒန် သေ၏။ ခွာ၍ ယူထား။ ဒန်သေကို ရေနံတွင် ၃ မီးလောင်း။

ဘော် ၁ ကျပ်၊ ရွှေ ၁ကျပ်၊ ဒန်သော ၁မတ်၊ သုတ ၁ မတ် ရော၍ မှိုက်ပက်နှင့်ကျို။ န၁ ဂပဲ ထည့်။ မှိုက်ပက်နှင့် လှည့်၊ အလင်းကျို။ကြိုက်ရေကို ချ။ လုပ်စားလေ။ သုတကို ညှက်နှင့် ခြင်ပြီး ဝင်အောင်သွင်းလေ။

## (၄၈) ယောထဲကနည်း

ဘော် ၁ ကျပ်ကို ယမ်းခတ်၍ ထိုး။ ချော်ကုန်လျှင်၊ ကန့်ကိုဖြူးတယ်၊ ထူးတဲ့စေတနာ။ ကြိတ်ချေယေ်လာ၊ စိတ်စေတနာ ဒုတ္ထာသွင်းပါလို့၊ ဝင်းလို့ရယ်တဲ့ပါကယ်။ နိမ္မာန်တောင် ရောက်အောင်ကူးတယ်၊ ဖြူးမှို့အောင်ခန်း။

## (၄၉) သွတ်ရွှေဝါအပျော့ အခိုးသတ်နည်း

ဒုတ္ထာ ၁ ကျပ်၊ လက်ချား ၁ ကျပ်၊ ဓာ်း ၂ ပါးကို အညက်ကြိတ်၍ သွတ်ရွှေဝါကို အထက်အောက်နှိုးထိုး။ အခိုးသေ၍ ပျော့သည်။ ကြေးနီကိုလည်း ဓာ်းနည်း သတ်က ပျော့၏။ သေ၏။

## (၅၀) တနည်းစားလမ်း

ဇီးချိပ် ၁ ကျပ်၊ ဆေးဒါန်း ၅ ကျပ်၊ ဟင်ရိုင်း ၅ ကျပ်၊ ကန့် ၅ ကျပ်၊ နနွင်းခိမ်း ၅ ကျပ်၊ ဓာ်း ၄ ပါးကို ဆေးလုံးလုပ်၍ ပြဒါး ၅ ကျပ်၊ ရွှေဆပ်ကျောက် ၁ ကျပ်၊ အမှုန့်

ထောင်း ဆေးလုံးတွင်ထည့်။ တဖန် မြေလုံတွင်ထည့် ဇော်မီး။ ဖို ၃ တင်းနှင့်ဖုတ်၊ ပြာကျ၏။ ၎င်း ပြာတစ်မတ်သားကို ရွှေ ၁ကျပ်တွင်ပစ်။ ရွှေပြာကျ၏။ ၎င်းရွှေပြာ တစ်မတ်တိုင်း ဘဲ(၁ဝ)ပစ်။ ရွှေကောင်း ဖြစ်၏။

## (၅၁) သုဝဏ္ဏလုပ်ထုံး

| | |
|---|---|
| သွတ်ရွှေဝါ | ၂ ကျပ် |
| ပြဒါး | ၂ ကျပ် |
| ဟင်းရိုင်း | ၂ ကျပ် |

၎င်းကို ဆိတ်နို့ ၂၅ ကျပ်နှင့် ကြိတ်၍ နေလှမ်း။ ရှောက်သီးတလုံးမှာသွင်းပြီး ဇော်သုံးထပ်မီး။ ဖို ၂ တင်းနှင့် ဖုတ်။ ပြာကျ၏။ ၎င်းပြာကို ဘော် ၃ ကျပ်မှာ ၁ မတ်သား ပစ်။ ဘော်ဝါ၏။ ဘော်ဝါ (၁)ကျပ်မှာ ရွှေ (၁) မတ်။ ထောက်ပါက ရွှေဖြစ်၏။

## (၅၂) ထုံးလုပ်နည်း

ဘော်အရင်ကျို။ နှာဘည့်။ ဂျုတ်ထည့်။ ၎င်းကို ထုံးလုပ်။ ပြဒါးခဲ၏။ ။နောက် ထည့်ကျို၍ မခဲခဲ့လျှင် ဘော် ၂ ကျပ် ထည့်ပြီးထိုး ပါလေ။ ပြဒါးခဲတော့၏။

## (၅၃) ကော်သေးအနာကောင်းဆုံးနည်း၊

ကြံသကာရေကို ကျက်ကျက်ကျိုပြီးလျှင် မီးဖိုပြာကို သန့်ပြန်စွာ မှုလုပ်ပြီး သင့်တင့်စွာ စပ်၍ ဆေးချက်သော အခါ ကော်တေပါက အလွန်ကောင်း၏။

ခေါတ်သားအပျော့ဆေးကား–

ဆေးခြောက်နှင့် ငရုတ်ကောင်းစေ့ ဆတူရော၍ လုံပိတ် တလုံးထိုး။ ပျော့၏။

## (၅၄) ကြေး ဘော် ရှီးချွတ်ရန်နည်း၊

မိတ်လဒ်ချဉ် ၁ ကျပ်၊ ပိတ်ချဉ်း ၁ ကျပ်၊ ငရုက်ကောင်း ၁ ကျပ်သားစီ အမှုန့်ပြု၍ ခံရေလုပ်လောင်းပါက ကြေး ရှီးချွတ်ပြီးဖြစ်သည်။ ကြေးကောင်း ဖြစ်၏။

....ဝ....

## ဓပြေချဉ်ပစ်နည်း

ဒုတ္ထာ

ဆား

ယမ်း

ရှင်းသုံးပါးကို အမှုန့်ပြု၊ ခေါတ်သားကို ပစ်လေ။ ။

## (၅၅) လုံကျင်းခေါက်သုံးလက်တွေ့နည်း

နှာ(ခဂိ,ကို သံဒယ်အိုးမှာ ထည့်။အောက်က မီးနွေးနွေးနှင့်ကျို။ ကောရာဇ်ခေါက်နှင့်မွှေ။ တဖြေးဖြေး ပြာဖြစ်၏။ ၎င်းနောက် ၎င်းပြာကို ကန့် ၅ ကျပ်သားနှင့်ရော၍ သံဒယ်၌ ပြောင်း၍ချက်။ နှာဆတ်၏။ ၎င်းနှာဆတ်ပြီးကို လုံစောက်နှင့် လက်ချားချောင်ကိုချက်ပြီး မီးနာနာထိုး။သရန်ထောင်၏။ ၎င်းသရန် ၃ ကျပ်သားနှင့် ဟင်းရိုင်း ၅ ကျပ်သားကို အမှုန့်ထောင်း၍ရော။ လုံစောက်နှင့် နာနာထိုး။ ဟင်းရိုင်းပြဒါး မိ၏။

၎င်းဟင်းရိုင်းပြဒါးနှင့် သွတ်စိမ်းကို လေးတူ လက်ချားချောင်ချက်၍ထိုး။ သွတ်ပြဒါးမိ၏။ ၎င်းသွတ်ကို မီးရအောင်ထိုးပြီး မွှေကျွေး။ ခေတ်လုံးကိုချင့်ချိန်၍ (၉)ကြိမ်ကျွေး။ ပြီး၏။

၎င်းကျွေးပြီး သွပ်ကို လုံကျင်းရ၏။ ။နည်းက မခက် မီးကခက်၏ ဟူလို။ သတိပြု၍ လုပ်ပါလေ။ ။ကြံတိုင်းဖြစ်၍ ဉာဏ်ရှိမှ ကံရှိမည်။

ဦးဘဆန်း၏ လက်တွေ့နည်း။

## (၅၆) ရွှေခေတ်လုံးစိရင်နည်း လက်တွေ့

ကန့်ချူဂံနက် ပဉ္စငါးပါးကို အမှုန့်ပြု။ အခေါက်ရွှေ တတ်နိုင်လျှင် ၁ ကျပ်သား၊ သို့မဟုတ် မတက်နိုင်လျှင် သုံးမတ်သားဖြစ်စေ၊ ငါးမူးသားဖြစ်စေ၊ အရင်းတည်ရမည်။ ၎င်း

အခေါက်ရွှေကို လုံတွင်ထည့်။ ။ ကန့်ချုပ်နက် အမှုန့်ကို အထက်အောက်ခံ။ လက်ချွေးမှုန့် အနည်းငယ်ထည့်။ လုံပိတ်ဇော်မံ။ တနေ့ကုန် မီးပြင်း လုံခိုင်သရွေ့ထိုး။ ဓာင်းနည်းအတိုင်း ၄၈ လုံစေ့အောင် မီးမပြတ်စေဘဲ ထိုးပါလေ။ ။ လုံလဲတိုင်း ကန့်ချုပ်နက်အမှုန့် အထက်အောက်နှိုး၍ (၄၈) လုံစေ့အောင် ထိုးရမည်။ ။(၄၈)လုံစေ့အောင် ထိုးပြီးသောအခါ ရွှေဓာတ်လုံးကို ရလိမ့်မည်။ နာကိုကျီ၍ ဓာင်းဓာတ်လုံးကိုပစ်သောအခါ ဓာတ်လုံးသည် ပထမနာအတွင်းသို့ ခဏငုပ်သွားလိမ့်မည်။ ခဏကြာလျှင် ပြန်ပေါ်လာလိမ့်မည်။ အသာညှပ်နှင့် ဆယ်ယူထားပါ။ ဓာင်းနာသည် နာရဏီရွှေအစစ်ဖြစ်လာလိမ့်မည်။

[မှတ်ချက်]ကန့်ချုပ်နက်မရလျှင် ကန့်ချုပ်နီ ပဒ္ဒါးပါးကို အမှုန့်ပြု၍ သုံးပါ။ မီးပူမခံနိုင်က လေဖိုနှင့် မီးမပြတ်ဘဲ ၄၈လုံစေ့အောင် မီးစိုက်ပါ။ ရက်အပိုင်းအခြား အားဖြင့် (၄၈)ရက် မီးမပြတ်စေဘဲ တနေ့ တလုံကျ မီး နာနာ ဂရုစိုက်၍ မီးစိုက်ပါ။

ကန့်ချုပ်နက်မှုန့်ကို တပိဿာ အမှုန့်ကုန်အောင် မီးထိုးပါလေ။ ဤနည်းကို စီရင်ပြုလုပ်သောသူသည် ကံငါးပါးကို ရှောင်ကြဉ်၍ လောဘမကြီးဘဲ ကိုးပါးသီလကို ထိန်းသိမ်း၍ သာသနာ ပြုလိုသော စေတနာ ရှေ့သွားဖြင့် ကြိုးစားကလျှင်မြန်စွာ ဓနသိဒ္ဓိအောင်မြင်ကြပေလိမ့်မည်။

ဦးဘဆန်း။

## (၅၇) သွတ်ပြင်းခေါ်း လက်ဖွေ

### လင်္ကာ

ယမ်း-ဆား တကျပ်၊ ဒုတ်-ဟင်း-ဒတ်၊ ဆေးဒါန်း ကေညီ။ ။မှုန့်မှုန့်စုံညက်၊ ကြိတ်ချေကြ၊ လုပ်ကြလုံးကိုယူ။ ။ သွတ်ဖြူ ၁ ကျပ်၊ လုံတွင် နှပ်၊ မပြတ်မီးတွင်သာ။ ။တို့ နောက်တဖန်၊ ဇော်မြုံ၊ တိုးပြန့်၍ဆေးသာ။ ။သွတ်ဖြူ စင်းစင်း၊မိတုံလျှပ်း၊အပြင်းနေလိမ့်မှာ။ ။ဝင်းဝင်းဇမ္ဗူရာဇ်၊ ရွှေရောင်ဖြစ်၊ သွင်းကြ နှစ်ပဲသာ။

ယမ်း ၁ ကျပ်၊ဆား ၁ကျပ်၊ ဆေးဒါန်း ၁ကျပ်၊ဒုတ္တာ ၁ဝိ၊ ၎င်းဆေးများကို ဆုံတွင်ထည့်၍ ညက်အောင်ထောင်း အမှုန့်ပြု။ ထမင်းရည်အနည်းငယ် ဆွတ်ဖျန်း၍ တေဆေးများ တေသလို တေပြီးလျှင် တဝက်ကို လုံပုံလုပ် ၎င်းဆေးလုံးကို မြေလုံကြီး အတွင်းမှာ ထား။ ၎င်းနောက် ဟင်းရိုင်း ၁ဒိကို အတွင်း ဆေးလုံ အတွင်း အလည်မှာထည့်၍ ကျန်ဆေး တဝက်ကို အပေါ်က ဖိထည့်ပြီးလျှင် အပြင် မြေလုံကြီးကို လုံအောင်ပြု၍ ဇော်မံပါ။ ဖွဲတဘင်းနှင့် အထက်အောက် ထည့်၍ မီးဖုတ် ပါ။ ဟင်းရိုင်းမိလိမ့်မည်။

၎င်းမိသော ဟင်းရိုင်းကို အထက်ပါ ဆေးနှင့်ပင် ရော စပ်၍ လုံလုပ်။ ၎င်းလုံအတွင်း၌ သွတ် ၁ ကျပ်ကို အထက် အောက်နှိုး၍ အလယ်တွင် ထည့်။ အပေါ်က ဟင်းရိုင်းနှင့် စပ်သောဆေးကိုသိပ်။ ဇော်မံ၍ ဖွဲတဘင်းနှင့် ဖုတ်။ သွတ်ပြင်း ၁ ကျပ်သားကို မိလိမ့်မည်။

မီသော သွက်ပြင်း ၁ ကျပ်ကို အထက်ပါ ဆေးနှင့်ပင် အထက်အောက်နှိုး၍ လုံးပိုက် ၃ လုံးထိုးလျှင် ဇမ္ဗူရာဇ်ရွှေကဲ့သို့ ဝင်းဝါသော သွက်သေကို ရရှိလိမ့်မည်။ အခေါက် အသက် သွင်း၍ ဉာဏ်ရှိတိုင်း သုံးစွဲကြရာသတည်း။

## (၅၇) သွတ်ဝါစားလမ်း လက်ဖွဲ့

| | |
|---|---|
| ဆင်ချေးပြာ | တပိဿာ။ |
| ကျွဲချေးပြာ | တပိဿာ။ |
| လူချေးပြာ | တပိဿာ။ |
| မြင်းချေးပြာ | တပိဿာ။ |
| နွားချေးပြာ | တပိဿာ။ |
| ငှက်ပျောသူငယ်စာ | တပိဿာ။ |
| ဟင်းရိုင်း | တပိဿာ။ |

ရင်း အထက်ပါပြာများကို ရေကြည်ခံ၍ ဆားချက်လျှင် ဆားသတ္တုရ၏။ သွတ် ၁ဝ ကို အရေကျို။ ရင်းဆား ၁ ကျပ် သားခပ်၍ တိုးလေ။ နာရဏီရွှေကဲ့သို့ ပျော့သောခတ်သားကို ရရှိလိမ့်မည်။ အသက်သွင်း၍ ဉာဏ်ယှဉ်သုံးကြပါလေ။

## (၅၉) လက်တွေ့ဘော်ဝါစားလမ်း

ဘော် ၁ ကျပ်၊ ဆေးဒန်းရွှေဝါ ၅ ကျပ်၊ဟင်းရိုင်း ၈ ပဲ၊ ဘော် ၁ ကျပ်ကိုအရေကျို။ ဆေးဒန်းရွှေဝါ ၅ ကျပ်သားကုန်အောင် ၄ ပဲသားခန့် ပေါက်၍ ပေါက်၍ထိုး။ ၎င်းဆေးဒန်း ၅ ကျပ်သားကုန်လျှင် ဟင်းရိုင်း၈ပဲသားကုန်အောင် ၁ ပဲ၊ ၁ မူး ပေါက်၍ ပေါက်၍ထိုး။ ထိုးမြဲ ဟင်းရိုင်း ၈ ပဲသားကုန်လျှင် ဘော်သည် ပိတုန်းရောင်ကဲ့သို့ အဆင်းဖြစ်၍ ဘော်သေကို ရရှိလိမ့်မည်။

ကြေးနီ ၁ ကျပ်ကို အရေကျို။ ၎င်းဘော်သေ ၁ ပဲ ပစ်။ အဆင်းအရောင် နက်သော ဒန်သေကို ရရှိလိမ့်မည်။ ။ ၎င်းဒန်သေ ၁ ကျပ်၊ ဘော် ၁ ကျပ်ကို စပ်၍ထိုး။ စပ်သားဘော်ဝါကို ရရှိလိမ့်မည်။ ။၎င်းဘော်ဝါ ခေတ်သားကို စင်ကြယ်အောင် နာ ၄ ပဲနှင့်လုံပက်တွင်ထည့်၍ ခါပါ။

ခေတ်သားစင်ကြယ်မှ အခေါက်ရွှေနှင့် မှတ်ရေကို ချိန်ဆ၍ ပူးကပ်သုံးစွဲကြပါလေ။ လောဘကြီးလွန်းက ပျက်တတ်သည်။ ဉာဏ်ယှဉ်၍ ပြုလုပ်ကြပါကုန်။ ဤလမ်းက မပပ်မပန်း ညစျေးမှိုလမ်း ဖြစ်သည်။

## (၆၀) ဒုတ္ထာတွဲ စားလမ်း၊လက်တွေ့

နာ ၁ ကျပ်၊ ဒုတ္ထာ ၁ဝိ။

ဒုတ္ထာကို အမှုန့်ပြု၍ နာ ၁ ကျပ်နှင့် လုံးခိုင်ခိုင်နှင့် ချော်ကျအောင် တလုံ နာနာထိုးရမည်။

ဂုဏ်းနောက် လုံကိုခွဲ၍ ချော်အတွင်း၌ရှိသော သတ္တုခဲကို ရရှိလိမ့်မည်။ ။ဂုဏ်းသတ္တု ဂ ပဲသားနှင့် ဘော် ၁ ကျပ်ကို တွဲ၍ ထိုးပါ။

ပေါက်ရန်ဆေးမှာ။ ။ဟင်းရိုင်း ဂ ပဲ၊ ကျောက်ချဉ် ဂ ပဲ၊ လက်ချား ဂ ပဲ၊ ဂုဏ်းဆေးစုကို ရောရ၍ အမှုန့်ပြု။ လေးပုံခွဲ၍ လေးထုပ်ထုပ်၊ ဘော် အရေလင်သောအခါ ခုတ်နှင့်နှိုး၍ ဘော်အတွင်းသို့ ဝင်အောင်သွင်း၍ လေးထုပ် ကုန်အောင်ထိုးပါ။

ဂုဏ်းနောက် ရေနံတွင် ဘော်အလေးချိန် တင်အောင် ခါပါ။ ရေနံခါ၍ ဘော်လေးတင်ကျန်သောအခါ ဝင်းပါ သော သတ္တုကို ရရှိလိမ့်မည်။

ဂုဏ်းသတ္တုတွင် ၁ ပဲဖြစ်စေ၊ ၂ ပဲဖြစ်စေ၊ ရွှေအသက် သွင်း၍စပ်။ စပ်ပြီးနောက် ရေမီးတွင် ခံရေအဖြစ်လောင်း၍ သုံးလျှင် ဂတ်ဆင်သုံးစွဲရန် ကောင်း၍ မသမ်း မမဲသော လက်ဝတ်ရတနာများကို ရရှိနိုင်ပါသည်။

## (၆၁) မူလပြဒါးဘပ်နည်း လက်တွေ

ရင်းနှောင်း၊ သဘော်ဖို၊ နန္တင်း၊ မိုးမျှော်ရှုပ်၊ ဟင်းနံ့ နွယ်၊ သဲအင်ပြာ ဂုဏ်းဆေး ၆ ပါးကို အမျှစု၍ အရေညှစ် ယူပါ။ စင်ကြယ်သော ပြဒါးကို ဒယ်အိုးတွင်ထည့်၍ မီး နွေးနွေး ထည့်ပေး။ မီးပူ၍ ပြဒါးလှုပ်လှုပ်လာတိုင်း အထက်

ဖော်ပြပါဆေးရေ ငါးကျပ်သားကုန်သည်အထိ တစက်တစက်ချ၍ ဆေးရေ ၅ ကျပ်သားကုန်အောင်ချက်ပါ။ ချက်၍ဆေးရေ ၅ ကျပ်သား ကုန်လျှင် သုတ ပြဒါးခဲကို ရရှိလိမ့်မည်။

## (၄၂) မူလနှင့် ပြဒါးခဲနည်းလက်တွေ့

ရေကရင် ၁ ကျပ်၊ တံငါမြုပ် ၁ ကျပ်၊ ရေပဲထွေး ၁ကျပ်၊ ကြိတ်မှန် ၁ ကျပ်။

ရှင်းဆေးလေးပါးကို သံဆုံတွင် ညက်အောင်ထောင်း။ သို့မဟုတ် ကျောက်ဆုံ၊ စဉ့်ဆုံတို့တွင် တခုခုနှင့် ညက်အောင်ထောင်း။

ရှင်းထောင်းပြီးဆေးလေးပါးနှင့် စင်ကြယ်သော ပြဒါး ၁ ကျပ်ကို စရနယ်၍စုပြီးလျှင် ခွက်တခုအတွင်းမှာ ထည့်။ အပေါ်က ခွက်တခုနှင့်အုပ်။ ကောက်ညှင်း ပေါင်းသကဲ့သို့ အပေါ်ခွက် နှုတ်ခမ်းနှင့် အောက်ခွက်နှုတ်ခမ်းအစပ် ၂ ခုဆို လုံအောင် အဝတ်ပတ်၍ မြေနီသရွက်နှင့် လုံအောင် နှုတ်ခမ်းကို ပတ်၍ ထေး။ အခြောက်နေလှန်း၍ ခြောက်သောအခါ ဖိုပေါ်တင်၍မီးအေးအေးထည့်ပေး။ အဝတ်ကို ရေဆွတ်ခေါက်၍ အပေါ်ခွက်ပေါ်တွင် အုပ်၍ထား။ ။ အောက်က မီးထည့်၍ အချိန် တော်တော်ကြာသောအခါ ပြဒါးသည် အပေါ်ခွက်တွင် ကပ်၍ နေလိမ့်မည်။ ။ရှင်း

ပြဒါးကိုခွာ၍ ဂုဝ်းနည်းအတိုင်း ဂျုံဆေးလေးမျိုးနှင့်ပင် စရနယ်၍ ၃ ကြိမ်စေ့အောင် မီးတိုက်၍ပြုလုပ်ပါ။

ဂုဝ်းနောက် ၃ ကြိမ် မီးတိုက်၍ ရသော ပြဒါးကို ဟက်ချားချော်တွင် ထည့်၍ မီးအေးအေးနှင့် ထိုးသွားပါလျှင် အလွန်မာသော မူလခဲပြဒါးကို ရရှိနိုင်ပါသည်။ ဂုဝ်းနောက် ကြိုက်ရာလမ်းကိုစီးနိုင်ပါသည်။

## (၆၃) တနည်း မူလပြဒါးခဲနည်းလက်တွေ

၁။ ဆိမ်မီးတောက်ဖြူ၊ ၂။ မရကာ ၃။ မြေပြစ်ခါး ဂုဝ်းနွား ၃ ပါးကို ပျားရည်နှင့်ဖော်၍ လုံးလုပ်။ ဖင်ကြယ်သော ပြဒါးကို ဂုဝ်းလုံးတွင် ထည့်။ ဂုဝ်းလုံးလုပ်သော ဆေးနှင့်ပင် အားပြည့်လိုက်၍အုပ်။ အပေါ်က မြေညက်ဖြင့် ဇော် ၃ ထပ် မံ၍ ဖွဲမီးနှင့် စိတ်ရှည်ရှည် ပူတံပူတံ မြှင်းမြှင်းဖုတ်။ ဂုဝ်းနည်းအတိုင်း ၃ ကြိမ်ဖုတ်သော် စင်ကြယ်သော မူလ ပြဒါးကို ရရှိလိမ့်မည်။ ။ဂုဝ်းနောက် ကြိုက်ရာလမ်းနှင့် ဟက်နိုင်လေသည်။

## (၆၄) တနည်း မူလအရည်ဖြင့် ပြဒါးခဲနည်း

ရေကရဝ်ပင်လုံး၊ ရေပဲထွေး ပင်လုံး၊ တောက်တဲ့ လက်ဂါးပင်လုံး၊ ဗျိုင်းမှို့ပင်လုံး၊ သဘော်ရွက်၊ မဟော်ရာ ရွက်၊ ပဒိုင်းရွက်၊ ကွမ်းရွက်၊ ပင်စိမ်းရွက်၊ ကြောင်ပန်း

ရွက်၊ မန်ိုးရွက်၊ ဖါလာဝတီရွက်၊ တမာရွက်၊ ကြောင်ရှီ သေရွက်၊ ဘင်းရွက်၊ ရင်းဆေးစုကို အမှုန့်ထောင်း၍ အရေ ရအောင် ယူပါ။ ရင်းနောက် စင်ကြယ်သောပြဒါးကို မီးမှာ တင်၍ ချက်ရမည်။ ခုန်ပိုင်း ကြွတိုင်း ရင်းဆေးရည်နှင့် တစက်တစက်ချ၍ ချက်ရမည်။ စိတ်ရှည်ရှည်ဖြင့် နေထွက် က နေဝင်ချိန်အထိ တဖြေးဖြေး ချက်လျှင် မူလဇစ်စစ် ပြဒါးခဲကို ရရှိနိုင်ပါသည်။

....o....

## (၆၅) ချိတ်နှင့်ဆော်ဝါစားလမ်း လက်တွေ့

ပြဒါး ၁ကျပ်၊ ကန့် ၁ကျပ်၊ သွတ် ၁ ကျပ် ရော၍ အမှုန့်ပြု။ ရင်းသုံးပါးကို သဖြုသီးအတွင်းက အူနှင့် ရောစပ် စရနယ်၍ လုံတွင် ထည့်။ ဇော် ၃ ထပ်မံ၍ ပူတံ ပူတံ မီး အေးအေးနှင့် ချော၍ ၃ရက် ၃ည ဖွဲမီးစိုက်။ မီးလည်း သိပ်မများစေနှင့်။ ချိတ်ဖြစ်လောက်ရုံ ဉာဏ်ယှဉ်၍ မီးကို ပေး ရမည်။ ၃ ရက် ၃ညစေ့၍ အလိုချမ်းလျှင် ချိတ်ကို ရနိုင် ပါသည်။

မှတ်ချက်။ ။ရောစပ်ဆိုသည်မှာ ။သွတ် ၁ ကျပ်ကို အရည်ကျို၊ အရေဖြစ်လျှင် မီးပေါ်မှချ။ ပြဒါး ၁ ကျပ် လုံတွင် ထည့်၍ မီးကင်ထား။ အရေဖြစ်သောသွတ် ထိပ် တင်းလာလျှင် ချက်ချင်း မီးကင် ထားသော ပြဒါးကို လောင်းထည့်လိုက်။ ပြဒါးရည် သွတ်အတွင်းဝင်၍ ပြဒါးနှင့် သွတ် ရောသွားလိမ့်မည်။

ငုပ်သက်ဘဲ့ပြဒါးကို ဆုံတွင် အမှုန့်ဖြစ်အောင် ထောင်း၊ ကြိတ်။ ကန့် ၁ ကျပ်ကို အမှုန့်ထောင်း၍ သွတ်ပြဒါး အမှုန့် ရော။ ငုပ်ရောပြီး အမှုန့်နှင့် သဖြုသီး အတွင်းက အူနှင့် သမအောင် နာနာဘော၍ လုံတွင် ထည့်၊ ဇော်မံ၍ ဖွဲ့မီးနှင့် ၃ ရက် ၃ ည မီးအပြတ်မခံဘဲ ဉာဏ်ယှဉ်၍ ပြုလုပ်ပါလေ။ ချိတ်ကို ရရှိပေလိမ့်မည်။

**စားလမ်းကား**။ ။ငုပ်ချိတ် ၁ ကျပ်သားကို စင်ကြယ်သော ဘော် ၄ ကျပ်နှင့် လုံတွင် ထည့်၍ ဇော်မံထိုးသော အခါ ပကတိ ရွှေအဆင်းနှင့်တူသော ဘော်ဝါမှာတ်သား ကို ရရှိလိမ့်မည်။ ရှေးဆရာတို့က ပကတိရွှေ ဖြစ်၏ဟု ဆိုကြ ပါသည်။ သို့သော် လောဘမကြီးဘဲ အခေါက်ရွှေ အသက် သွင်း၍ သုံးစွဲက ကောင်းမွန်သော လက်ဝတ်ရတနာမျိုး အဖြစ် ရရှိနိုင်ပါသည်။

သီလကိုလဲ ဆောက်တည်။ ဒါနကိုလဲ တတ်အားသမျှပြု။ မေတ္တာဘာဝနာကိုလဲ နေ့စဉ်ပွားပါ။ သီလ ရှိသူများကိုသာ နတ်ဝိဇ္ဇာတို့သည် စောင့်ရှောက်တတ်ကြပါသည်။

....o....

## (၆၄) တနည်းမှုလနှင့် ပြဒါးခဲနည်း

သဇော်ဘူရာ၊ ဘံပုရာရေ၊ ဆက်ပိတ်ချင်း ပဉ္စငါးပါး အရေ၊ ငုပ် ၃ မျိုးအရေ တပိဿာစီ ရော၍ စင်ကြယ် သော ပြဒါး ၃ ကျပ်ကို မီးမှာတပ်၍ ငုပ်အရေ ၃ ပိဿာ

ကုန်အောင် ချက်ရမည်။ အရေ ၃ပိဿာ ခန်း၍ ကုန်သော အခါ စပ်ကြယ်သော ပြဒါးခဲကို ရရှိလိမ့်မည်။ ၎င်းပြဒါးကို မီးနေ မီးရပ် ဆိုက်အောင် ထိုး၍ လိုသောလမ်းတွင် အသုံး ပြုနိုင်ပါသည်။

*

## (၆၇) ဘော်ဝါစာ လမ်း တနည်း

ကျောက်ကွမ်းသီးကို ညက်အောင် ထောင်း၍ အမှုန့်ပြု။ ကျင်ခွက်နှင့်ကျင်ပြီးမှ အနှစ်ကို ယူ၍ ၎င်းကျောက်ကွမ်းသီးနှစ် ၁ကျပ်၊ ကနခိုပဥ္စငါးပါး ၃ကျပ်၊ ဟင်းသပြဒါးချိင်း ၁ကျပ်၊ ထုံး ၁ ကျပ်၊ လက်ချား ၁ ပဲ ရော၍ အမှုန့်ပြု။ ။ကြေးနီစစ် ၅ကျပ်ကို ၎င်းဆေးမှုန့်နှင့် ကြေးနီကို အလယ်က ထား၍ အထက်အောက် နှံ့၍ လုံပိတ်၊ ဇော်မံ၊တလုံ ထိုး။ ၎င်းနောက် အလင်းတမီးတိုးလျှင် ချိတ်ဖြစ်၏။ ။စပ်ကြယ်သော ဘော် ၃ကျပ်ကို အရေလည်အောင် ထိုး၍ ၎င်းချိတ် တမူးသားကို ပစ်။ ဂမူးတင်၊ ရွှေရောင်ကဲ့သို့ ဝါဝင်းသော ဘော်ဝါကို ရရှိလိမ့်မည်။ အလျော် မှတ်တင်ခံ၏။ အခေါက်ရွှေ အသက် သွင်း၍ လက်ဝတ်ရတနာအဖြစ် အသုံးပြုနိုင်ပါသည်။

**(မှတ်ချက်)** ကျောက်ကွမ်းသီး အမှန်ကို ရရှိနိုင်ရန်မှာ မလွယ်ကူပါ။ အဂ္ဂိယာပ်ဓာတ်ပညာ ဝါရင့်သူများထံ အမှန် ရအောင် စုံစမ်းပြီးမှ ပြုလုပ်ရန် သင့်ပေသည်။ ။နည်းမှန် သော်လည်း ဆေးမမှန်က အကျိုးမပြီးနိုင်ပါ။

## (၆၈) တနည်း ပြဒါးဘမ်း၍ စားလမ်း လက်ဖက်တွေနည်း

တောပင်စိမ်. ပဋ္ဌင်ါးပါးကို ညက်အောင် ကြိတ်။ ပြဒါး အောက်ကထား။ ငှင်းဆေးကို အပေါ်က အုပ်၍ မီးဖြင်းမြှင်း ချော့ထိုး။ ပြဒါး ငုတ်တုတ်မိ၏။ ။ငှင်းမိသော မီးထိုးစံ ပြဒါးကို ငှင်းဆေးနှင့်ပင် ပေါက်၍ (၇)လုံး ထိုး။ ထိုးတိုင်း ထိုးတိုင်း ရေနံတွင် (၇)မီးလောင်း။ ။ထို့နောက် အခေါက် ရွှေနှင့် ၃ချောင်းထောက် စပ်၊ ရေနံတွင် (၇)မီး လောင်း၍ သုံးစွဲလေ။ အရေမီသော ရွှေကို ရရှိနိုင်ပါသည်။

(မှတ်ချက်) တောပင်စိမ်း ဆိုသည်မှာ ဟင်းခတ်သော ပင်စိမ်းမျိုး မဟုတ်ပါ။ ခြောက်သော်လည်း အရွက် အရိုး၏ အဆင်းကား စိမ်းနေမှသာ တောပင်စိမ်း စစ်ပါသည်။ အရွက် သဏ္ဌာန်မှာ ရှောက်ရွက်နှင့် တူပါသည်။

လက်ဖက်တွေ လုပ်သူထံမှ သိရသည်မှာ ငှင်းပင်စိမ်းသည် ပုဒေါင်းမြို့၏ အနောက်မြောက် ၂မိုင်ခန့်ဝေးသော ချင်းရွာ၏ တောင်ယာ တောင်ကုန်းစောင်းများတွင် အမြစ်ယှက်သန်း၍ ပေါက်လျက် ရှိသည်ဟု ပြောပါသည်။-

ငှင်းပြဒါး စားသောအခါ ငှင်းဆေးနှင့် လက်ချား မီး ပေါက် ပေါက်၍ ထိုးပါ။ ပြဒါး ကြွခုန်လာမည် အပြုတွင် ဖိုကို ရပ်၍ ဆေးနှင့်လက်ချား အုပ်၍ ထိုးပါ။ ။ငှင်းနည်းကို လက်ဖက်တွေ လုပ်ကိုင်ဘူးသော ဆရာကြီးထံမှ မေတ္တာဖြင့် ပေးသွားသောနည်း ဖြစ်ပါသည်။

## (၆၉) ပြဒါးလုံးရအောင် ဘမ်းရှဲထိုးနည်း

နာ ၁၅ကျပ်ကို သံဒယ်တွင် ထည့်၍ ကျို။ နာ အရေပျော်လျှင် စင်ကြယ်သော ပြဒါး ၃ကျပ်သားကို နာတွင်းသို့ ဝင်အောင်လောင်းထည့်ပါ။ မီးမြှင်းမြှင်းပေး၍ နာနှင့် ပြဒါး ထိုးသော အရေကို ခဏခဏ မွှေပေး။ အပေါ်တွင် ချေး တက်၍ လာလိမ့်မည်။ ၎င်းချေးကို ဇွန်းနှင့် ကော်၍ သိမ်း ထားပါ။ ။မီးမပြတ်ပဲ မွှေ၍မွှေ၍ ပေး။ ၎င်းအတိုင်း ရက်ကြာကြာ ပြုလုပ်လျှင် နာကုန်၍ ပြဒါး ၃ ကျပ်သာ ကျန် လိမ့်မည်။ ၎င်းကျန်သော ပြဒါး သုံးကျပ်ကို တဇောင်း လက်ဝါး အစေးနှင့် ပေါက်ထိုးလျှင် ပြဒါးလုံး ကောင်း ကောင်းကို ရရှိလိမ့်မည် ဖြစ်ပါသည်။

လက်တွေ့လုပ်ဘူးသော ဆရာတော် တပါးထံမှ ရသော နည်း ဖြစ်ပါသည်။

## (၇၀) ဆေးဒါန်းပြဒါးဘမ်းနည်း

### လက်တွေ့

| | |
|---|---|
| နာ | ၂၅ ကျပ် |
| ဆေးဒါန်း | ၂၅ ။ |

၎င်းနှစ်ပါးကို သံဒယ်မှာထည့်၍ ဇလောင်းဖုံး။ ၎င်းအဖုံး ပတ်လည်တွင် ကောက်ညှင်း ပေါင်းသကဲ့သို့ အငွေ့မထွက် နိုင်အောင် ကော်ထေး။

(ကော်လုပ်နည်း.ကား) ဆားနှင့် ထုံးကို ဆဘူနယ်၍ ကော်လုပ်။ ။ဒယ်အောက်က မီးမြှင်းမြှင်းပေး။ တနေ့နှင့်တည မီးမပြတ်ထား။ ။ပြီးလျှင် စလောင်းကို ဖွင့်၍ စလောင်းတွင်ကပ်နေသော ဆေးဒါန်းပြဒါးများကိုခြစ်၍ ယူ။ငင်းနောက် ရသောပြဒါးကို နာနှင့်ချက်ရမည်။ နာနှင့်ချက်ပြီးသောအခါ နီဝင်းသောပြဒါးနီတုံးကို ရရှိလိမ့်မည်။ ၎င်းပြဒါးနီ တမတ်သားကို ကြေး ၁ကျပ် အရည်ကျို၍ အရေလင်သောအခါ ပေါက်ပါ။ ကြေးသေခြင်းသို့ ရောက်ရှိလိမ့်မည်။ ။၎င်းကြေးသေကို လိုရာတွင် အသုံး ပြုနိုင်ကြပါသည်။

## (၇၁) လုံကျင်းသွတ်လုံးထိုးနည်းလက်တွေ့

### ဘမ်း၍မိပြီးသား သွတ် ၂ ကျပ်

ကန့်နှင့် လက်ချားကို ချော်ချက်။ ချော်အရည်လင်သောအခါ အောက်ချ။ သွတ် ၂ကျပ်ကို ချော်တွင် ပစ်ထည့်ပါ။ ။၎င်းနောက် လုံကို အသာမ၍ ဖိုတွင် ပြန်ထည့်။ မီးကိုကြည့်၍ထိုး။ သွတ်ခုန်ထွက်လာလျှင် လက်ချားချော် ပေါက်ပေး။၎င်းနောက် သွတ်အခုန်များလာလျှင် နွားနို့ရည် အနည်းငယ် အနည်းငယ် လောင်းထိုး။ ၄လုံ ၅လုံ ထိုး၍ ၀ါလာလျှင် ကန့်ပေါက်ရန် မလို။

ဟင်းရိုင်းနှင့် လက်ချားကိုသာ အထက်အောက် နီး၍ သွတ်ပါကို အလယ်က ထား၍ထိုး။ လုံပေါင်း (၁၀၈)လုံ အထိ ထိုးပါ။ နိတာရဲ ဖြစ်၏။ ။လုံပေါင်း (၁၀၈)လုံ စေ့သောအခါ ဇဂက်သာ၊ လက်ချား၊ ယိမ်း ၃ မျိုးကို ဆတူပေါက်၍ ထိုးပါ။ ။ဒင်းနောက် ကိတ်ကျေးရန်မှာ (၁၀၈)လုံကျေး။ ကျေးသောအခါ ၁ ပဲသားကို (၁၂)လုံ ထိအောင်ကျေး။ ရွှေ (၁၀)ပဲသား ကုန်လျှင် လုံကျင်း ရ၏။

## (၇၂) နွားနို့ချော် ချက်နည်း

နွားနို့ တအာတာကို လေးညှင်း ၂ ပဲဘိုးကို အမှုန့်ပြု၍ နွားနို့တွင်ထည့်။ မှာတ်လုံးထိုးသောအခါ ကြွလာက ဒင်း နွားနို့ကို မီးကင်၍ အနည်းငယ် အနည်းငယ် ထည့်၍ ထိုး။ ငြိမ်လာပါလိမ့်မည်။ ဤနည်းကား ရှေးဆရာကြီးများ အသုံးပြုသော ရိက္ခာထောက်လမ်း ဖြစ်ပါသည်။

## (၇၃) မန္တလေးတောင် ရသေ့ကြီး ဦးဓမ္မ၏ လက်တွေ့နည်း

ဇမ္ဗူဒီပါ၊ ကျွန်းလက်ျာတွင်၊ ပညာရှိများ၊ ရေးမှတ် ထားသည်၊ အများသိဖွ၊ သုဝဏ္ဏကို၊ လမ်းပြသေချာ၊ အမြီး မှာအဖုံ။

ဒန်ကိုကြေးနီ၊ ကြေးနီကိုနဂါး၊ နဂါးကိုမြွေ၊ ခေါ်ကြလေ၏။ ထိုမြွေသေမှ၊ ဟင်းချက်ရမည်၊ မုချမသွေ၊ မှတ်ကြလေ။ ။

မြွေကို စင်းခုတ်၊ နုပ်နုပ် သေးသေး၊ ကပ်ကြေးလည်းကိုက်၊ တဇဉ်တိုက်၍ ၁ ပိစေ့မှ၊ ချက်ရမည့်ဆေး၊ ဖော်ပြပေအံ့။ ။

ဆေးလာဉ်းမများ (၇)ပါးတည်း။ ။ လက်ချား ကန့်ဝါ၊ ဇဝက်သာနှင့်၊ ဒုတ္တာ ဟင်းရှိင်း၊ ဆိန္ဒော ကျောက်ချဉ်၊ ထည့်ပြီးလျှင်မှ၊ ကြိတ်ရတူဘွယ်၊ မှန်း ၁ ကျပ်ဒီ၊ ညီညီညာညာ၊ စုပြီးခါမှ။ ။သံပုရာရေ၊ ရောနှောဖော်၍၊ နေပူမှာလှမ်း၊ တခမ်းသဏ္ဍူ၊ ရက်ကြမှလျှင်၊ မြေဂူ သွင်း၍၊ မဆိတ်ညံ့ညံ့၊ ဖိုတွင်နှိပ်ချ၊ မီးပြင်းပြက၊ ကျက်ပါလှသည်၊ စားရမြွေသေ၊ ဟင်းချက်တည်း။ ။

သက်ငပိန်ချုပ်၊ မြွေသေ ရုပ်ကို၊ အလေး တူခတ်၊ ဘော် ၁ ကျပ်နှင့်၊ ပေါင်းစပ်ထိုးမှု၊ ချိန်လျှင်လုံမှ၊ ဟိုင်းသေရ၏။

သေသည့်အရောင်၊ ပိုးမဲတောင်သို့၊ ရွှေကောင်း နာရဏီ၊ သိင်္ဂီရွှေစင်၊ လိုရှိလျှင်လည်း၊ ယခင်ဟိုင်းခေါ်၊ ဘော်သေ ၁ ကျပ်၊ ယူပြီးလပ်၍၊ (၅ဝိ)သားဘော်၊ ရောနှောပြန်က၊ ရွှေဖြစ်ရမည်၊ မုချမသွေမလွဲတည်း။

မလွဲမသွေ၊ ဖြစ်ခဲ့လေသော်၊ ဒန်သေပုံးသွတ်၊ ညီညွတ်အောင်စု၊ ဝေးကုပြု၍၊ မြေဂူတွင်သွင်း၊ မီးပြင်းတလုံ၊နာနာဖြုံ၍၊ ဖိုခွင်နှိပ်ချ၊ အလင်းပြသော်၊ သတ္တာမီးပေ၊ အုန်းနို့ရေ တွင်၊သွင်းလေ(၇)ကြိမ်၊ ပြီးလျှင်တစ္စေ၊ အခိုးသေ၏။

စနေနေ့က၊ ဝ၍တွင်းလိုင်း၊ ပဒိုင်းခတ္တာ၊ ရေမှာသွန်ချ၊ (၁၀)ပြ၏။ နွားနို့(၆)မီး၊ သောပတ်မီးမှာ၊ (၁၅)သာတည်း။ တိကရုန်းကြီးရေ၊ (ဂ)မီးပေ၊ ပျားရေမှာ(၁၇)မီး၊ ဆိတ်နို့ရေမှာ၊ (၁၉)သာ၊ ဂေါဏလောဟိတ်၊ (၆) မီး၊ လောင်း၍ပြီးက၊ စိန်ကျောက်သဏ္ဍာန်၊ အမှန်ဘူစွာ၊ ဖြစ်ပြန်လာ၏။

မြဲစွာလက်ဆုပ် လုပ်၍ဝတ်က၊ တလခြေထောက်၊ နေ့ချင်းပေါက်၏။

တသီးတသွေ၊ ဥဒဂေမှာ၊ ပုဝါစွန်ထုပ်၊ နာဝါလုပ်က၊ သမုဒ္ဒရာ၊ ကူးနိုင်ပါ၏။

ဘေးခြင်းမရှိ၊ ကင်းဘိရောဂါ၊ ဇေဝါသိကြား၊ စကားပြောရ၊ သိဟနဂါး၊ ရန်ငါးပါး၊ ရှောင်ရှားဝေးကွာ၊ မြင်သမျှလူ၊ ကြည်ဖြူသဒ္ဒါ လိုရာကိုရ၊ မရရှိပြန်၊ နောက်တဖန်လည်း၊ ယခင်လက်ဆုပ်၊ ညာကဝတ်၍၊ ရွတ်အံ့ ဂါထာ၊ (၇)ခါဖြင့် သောချာကြောင်းမှာ၊ လက်ရုံးတန်း၍၊မန်းလိုက်ပါက၊ လိုရာသမျှ၊ ရှေတွင်ရ၏။ ။ မုခသဘော၊ ဒေဝ်ဂျီပြောသည်၊ မနောသိဒ္ဓိလမ်းကြီးတည်း။

### အညွန်းဂါထာ

ဥုံ အနေ ာ လောစံ-ဒ၍ ရာ ဇွန် ဝ ၏ ကာ ရှိ ကာ ရွတ် လော ဒ လေ ကေ ကီ ပါ တေ လု သော နိ တာ ဇေ ဝ-ဒေါနိ။ ။

ပြီးပြီ။

## (၇၄) သတ္တကမ္ဘာ ထိုးနည်း

ဇမ္ဗူမြန်အောင်၊ ဉာဏ်တန်ဆောင်ကို၊ လျှံဆောင်သူတို့၊ နေ့ဝင်လာ နေ့ဝင်လာ၊ မျိုးလေးဖြာတို့။

ခုနစ်ဖြာဓာတ်၊ သတ္တကမ္ဘာတ်ကို၊ ကျက်မှတ်ဘို့ရာ၊ နိဒါန်း ဖြာအံ့။ ။မြိုင်ပေါ်မဝါ၊ ကေသရာဟု၊ တေဇာရှိန်ပြေး၊ စိန်-ဆေး-ကန့်-ဝက်၊ ဒုတ်-ဟင်း-လက်ဖြင့်၊ ဆင်းသက် စဉ်လာ၊ (၇)ဖြာကို၊ ညီစွာပေါင်းစု၊ ထောင်းထုပြီးခါ၊ သံ ပုရာနှင့် သုံးခါကြိတ်စမ်း၊ သုံးနေလှမ်း၍၊ စခန်းစေ့တုံ၊ ၆-သစ်လုံတွင်၊ အကုန်ထည့်လတ်၊ ဆား ၃ ကျပ်နှင့်၊ ပိတ်လပ် ပြီးခါ၊ မီးမှာဇာဇေ၊ နှာနှာတေက၊ သတ္တုရ၏။

ရသည့် သတ္တု၊ သုံးဆောင်မှုမှာ၊ ခွေးမြွေ ကိုက်လာ၊ ထိုအနာကို၊ တိုက်ကာလိမ်းချ၊ ချမ်းသာရမည်။ ။ပယောဂ သာ၊ ပျောက်ငြိမ်းရကား၊ မျက်စိမှာကား၊ မယှဉ်းတတူ၊ ခွေးရူးပြန်သော်၊ ဆီသံပုရာ၊ သွေးကာမလွဲ၊ ဝမ်း ၃ ခါ တိုက်တိုပါ၍ သွေးကာမသွေ၊ ဆီနှင့်မွှေလျက်၊ လိမ်းလော ၃ ခါ၊ ပျောက်ငြိမ်းရာ၏။

ဘယာဇွက်ဖက်၊ ထဲအချက်က၊ ခွဲတက်ပြန်သော်၊ ဆန်ပုံး ရေနှင့်၊ သွေးစေသောက်က၊ ပျောက်ငြိမ်းရ၏။

စက္ခုရောဂါ၊ ကြုံတွေ့ပါသော်၊ ဇလာပြန်ရေ၊ နွားနို့ရေ နှင့်၊ ခတ်လေသွေးကာ၊ ဆီမှာသွေးကွင်း၊ ပျောက်တုံလျှင်း၏။ မယှဉ်းသွားကိုက်၊ သွားနာ၌မူ၊ ယူပါပုံးရေ။ သွေးပွက် လေက၊ ချမ်းသာရသည်၊ ဘယပျောက်ဇွာ နိဒါန်းတည်း။

(မှတ်ချက်) ဇလာပြန်ရေဆိုသည်မှာ တံစက်မြိတ်လက်ပြန် ရေကိုဆိုသည်ဟုမှတ်။

## (၇၅) နာဝါလမ်း၊ ပုဂံဝိဇ္ဇာဓိုရ်ဆေးကျမ်းမှ လာသောနည်း

တောရှောက်ရွက်ကို ဆုံတွင်ထောင်း။ အရေ စပ်စပ်ရှိလျှင် ပြဒါးနှင့်နယ်။ လုံတွင် ထည့်၍ မီးအေးအေးနှင့် ၃လုံစေ့အောင် ပူတံ ပူတံ ပြု၍ ထိုး။ ၃ လုံးထိုးပြီးနောက် ၎င်းတောရှောက်ရွက်ဆေးရည်ဖြင့် ထပ်၍ စရနယ်ပြီးလျှင် ၎င်းတောရှောက်ပဥ္စငါးပါးကို ညက်အောင်ထောင်း၍စရနယ်ပြီးသော ပြဒါးကို အလယ်မှာ ထား။ တောရှောက် ပဥ္စငါးပါးကို အောက်ကတဝက်၊ အထက်က တဝက် သိပ်၍ ဆေးကျွမ်းရုံ ၃ မီးထိုးပြီးလျှင် ပြဒါးသေ၏။ ၎င်းပြဒါးသေ တရွေးကို ဘင် ၁ဝိ မှာ အရေကျို၍ခပ်လျှင် ၎င်းဘင်ဆပ်ကျိုးသွား၏။ ဤဘင်ကျိုး စပါးတလုံးခန့်ကို အရေကျိုထားသော နာ ၁ဝိ မှာ ပစ်လျှင် နာသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော သဏ္ဍာန်တမျိုးအဖြစ်သို့ ရောက်ရှိလေ၏။

ဤနည်းကား မုဂံဝိဇ္ဇာဓိုရ်ဆေးကျမ်းတွင် လာသောနည်းပေတည်း။

## (၇၆) တနည်း ပုဂံဝိဇ္ဇာဓိုရ်ဆေးကျမ်းလာ ဘော်ပါလမ်း

ဘော် ၁ ကျပ်ကို ကျို။ ၎နက်အမြစ်နှင့် မှော့။ သို့မဟုတ် ၎နက်အသားစိုစိုနှင့် (၇)မီး မှော့၍မှော့၍ထိုး။ ၎နက်နှင့် (၇)မီး ထိုးပြီးနောက် မက်လင်နှင့်(၇)မီး မှော့၍ မှော့၍ ထိုးရမည်။

ရင်းနောက် ရေနံတွင် ခံရေလောင်း။ ရွှေအရောင်ကဲ့သို့ ဝါဝင်းသော ဘော်ဝါသတ္တုတစ်မျိုးကို ရရှိပေလိမ့်မည်။ ညက်ရှိတိုင်း ပီရင်၍ အသုံးပြုကြရာ၏။

## (၇၇) ပုဂံဝိဇ္ဇာဓိုရ်ဆေးကျမ်းလာ ဘော်ဝါချိတ်ထမ်း

ဒန်ကိုအပြားခတ်။ ပြဒါးတမတ်နှင့် မဝင်မချင်းပွတ်၍နေ။ ဒန်ပြားတွင် ပြဒါးဝင်သောအခါ ရွှေကောင်းကောင်းဖြင့် ၃ ထပ်ရွှေချ၍ထား။ ။ရင်းနောက်၊ ဆိမ်းတောက်ဥတမူး၊ စိန်တမူး၊ ဆေးဒန်းတမူး၊ ဒုတ္တာတမူး၊ ဟင်းသပြဒါးရိုင်းတမူး၊ သုဝဏ္ဏပထာ တမူး၊ ၎င်းဆေး(၆)ပါးကို သံပုရာရေနှင့် ညက်အောင်ကြိတ်။ ၎င်းကြိတ်ပြီးဆေးကို ရွှေ ၄ ထပ်ချထားသော ဒန်ပြားမှာ သုတ်၍ နေလှမ်းရမည်။ ဆေးမကုန်မခြင်း အထပ်ထပ်သုတ်၍ နေလှမ်းပါ။ သုတ်လိမ်း၍ကုန်သောအခါ ၎င်းဒန်ပြားကို ချိုးဖဲ့၍ ကလိန်ရွက်ရေနှင့် လော်ရမည်။ ကလိန်ရွက်ရေနှင့် လော်ပြီးသောအခါ မိုက်စောက်လုံတွင် ထည့်၍ ထိုး။ ဒန်အရေဖြစ်လျှင် သွတ် ၂ ကျပ်၊ သို့မဟုတ် ၃ ကျပ်သားကို မိုက်စောက်လုံအတွင်းသို့ပစ်ထည့်ပါ။ထင်းရှူးသားနှင့်မွှေပေး။ မီးမြှပ်းမြှင်းထိုး၍ ဒန်နှင့် သွတ် ကောလီဖြစ်၍ အရေချင်းဖပ်မိအောင် နာနာမွှေပေးပါ။ မာစ် ၂-ပါး ရောယှက်မိလောက်သောအခါ လုံကို ချ၍ အအေးခံ။ ။

ဂုဏ်းနောက် လုံကို ခွဲ၍ နန္နင်းခါး ၂ ဟတ်၊ ကလိန်ဆံ ၂ မတ်၊ ဆေးကောင်း ၂ မတ် ရောစပ်၍ ညှက်အောင်ကြိတ်ရမည်။ ဂုဏ်းဆေးဖြင့် အထက်အောက်နှိုး၍ တဖန် ထိုးဖြန်လျှင် ဒန်နှင့်သွတ်သည် ချိတ်ဖြစ်၍ သွား၏။ ။ဂုဏ်းချိတ်နှင့် ဘော်ကို အလေးတူတည့်၍ ထိုး။ ၁ကျပ်သားတင်အောင် ထိုးသော် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ဓာတ်သားကို ရရှိမည်။ ဂုဏ်းဓာတ်သားတွင် အခေါက်ရွှေ ၁ူး ရောစပ်၍ ထိုးလျှင် အလွန် ကောင်းမွန်သော လက်ဝတ်ရတနာ အဖြစ် သုံးစွဲနိုင်ကြောင်းကို ရှေးစာဟောင်းအရ ဖော်ပြ လိုက်ပါသည်။

(မှတ်ချက်) ဆေးကျမ်းမူ စာတွင် သုဝဏ္ဏပထာဟု တွေ့ရှိရ၏။ ကျွန်ုပ် အထင်မှာမူ သုဝဏ္ဏပထာဟု ရှိမည် ထင်၏။ သုဝဏ္ဏပထာ ရှိက ဆေးအမည်မှာ ရွှေနွယ်ကို ကောက်ယူရမည်ဟု ထင်၏။ ။ပို၍ စိတ်ချရန် သုဝဏ္ဏပထာ ဟူသော ဆေးအမည် အမှန်ကို သိရှိရန် အဂ္ဂိယာဝါရင့်သော ပညာရှိများကို မေး၍ ဆေးအမှန်ကို သိရှိပြီးမှ ဤနည်းကို ပြုလုပ်ရန် သင့်ပါသည်။

## (၇၇) တနည်း လက်တွေ့ဘော်ဝါစားလမ်း

ဘော်တကျပ်ကွပ်၊ ဆေးဒန်းပင်၊ ပစ်လျှင် ငါးကျပ်သာ။
ထိုသည့်ဓာတ်တွင်း၊ ဟင်းရိုင်းပင်း၊ ပစ်ခွင်းရှမ်ပဲသာ။
 ဟင်းရိုင်းပစ်ခွင်း၊ ဘော်စင်းစင်း၊ မယွင်း မရဏာ။

ဘော်သေသူကောင်၊ ပိတုန်းရောင်၊ သုံးဆောင်ဒန်သေမှာ၊
ဒန်သေ တကျပ်၊ ဘော် တကျပ်၊ ကပ်၍နာနာထိုးရမှာ။
ညစ်ကြေးမဖင်၊ နာနွှင့်ပင်၊ ဉာဏ်ယှဉ်ခါ၍ထိုးရမှာ။
ညစ်ကြေး ကင်းပျောက်၊ ဝင်းဝင်းတောက်၊ အုံ့လောက်
ဘော်ရွှေဝါ။
ပိဇ္ဇာ-သိကြား၊ နတ်အများ၊ မေ့ ... ပွားလို့ ဝေငှပါ။
ကုသိုလ်မလပ်၊ ဒါနမြှတ်၊ မပြတ်ပြုလုပ်ပါ။
သီလ စောင့်ပြား၊ ဘာဝနာပွား၊ သ ... ဝါများကိုလည်း
မျှဝေပါ။

## ဤဆေးစာ၏ သိမှတ်ဖွယ်ရာ အဓိပ္ပာယ်မှာ

ဘော်တကျပ်ကို အရေကျို။ အရေလပ်သောအခါ ဆေးဒန်း ရွှေဝါအမှုန့် ၅ ကျပ်သားကုန်အောင် ၁မူးသား ၄ ပဲသားခန့် နဲနဲပစ်၍ ထိုး။ ၎င်းဆေးဒန်းအမှုန့် ၅ ကျပ်သား ကုန်အောင် ပေါက်ခါ ပေါက်ခါကိုး၍ ကုန်သောအခါ ဟင်းရိုင်း ၈ ပဲ သားကုန်အောင် ၁ မူးသား၊ ၁ ပဲသားခန့် ပေါက်၍ ပေါက်၍ ထိုး။ ဟင်းရိုင်း ၈ ပဲ သားကို ပေါက်၍ ကုန်သော အခါ ဘော်သည် ပိတုန်းရောင်ကဲ့သို့ စပ်းစင်းကြီးသေခြင်းသို့ ရောက်၏။

ကြေးနီ ၁ ကျပ်သားကို အရေကျို။ ထိုဘော်သော ၁ ပဲ သားကို ပေါက်၍ထိုးလျှင် ကြေးနီသည် နက်၍သေပြန် တော့၏။ ဒန်သေဟူ၍လည်း ဆိုရ၏။ ၎င်းဒန်သေ ၁ကျပ်နှင့်

ဘော် ၁ ကျပ်နှင့် ကပ်၍ တွဲ၍ ထိုးပါလျှင် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ဘော်ဝါကို ရရှိနိုင်၏။ ။ဝါပင် ဝါသော်လည်း အညစ်အကြေး ချေးမစင်ကြယ်သေးပါ။ အညစ်အကြေး ချေးစင်ကြယ်အောင် နာ (၄) ပဲသားကို ကုန်အောင် လှည့်၍ခါမှသာ ချေးစင်ကြယ်၍ သန့်ရှင်းသော ဘော်ဝါကို ရရှိကြပေလိမ့်မည်။ ။နာလှည့်သောအခါ သတိပြု၍ လှည့်ပါလေ။ ရင်းမှာတတ်သားသည့် ငရဲမီး အာဖမ်းခံသည်။

ဘော်ဝါ သန့်ရှင်း စင်ကြယ်သောအခါ အခေါက် ၂ ပဲသားထည့်၍ သုံးစွဲပါလျှင် မသမ်းမညှိုးသော လက်ဝတ်တန်ဆာမျိုးကို ပြုလုပ်၍ သုံးစွဲနိုင်ပါသည်။

(မှတ်ချက်) ။ဤနည်းကို ပြုလုပ်၍ အောင်မြင်သောသူသည် ကံငါးပါးကို လုံအောင်ကျင့်သုံး၍ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် ထိန်းသိမ်းခြင်း၊ သက်သတ်လွတ်စား၍ သတ္တဝါ အများကို နေ့စဉ် မေတ္တာပို့သခြင်း၊ တတ်နိုင်သလောက် ဒါနပြုခြင်း၊ သိကြား ဝိဇ္ဇာဓိုရ် သမာဒေဝ နတ်အများတို့အား မှတ်သား၍ အမျှဝေခြင်း၊ မေတ္တာပို့ခြင်းအမှုတို့ကို ပြုလုပ် ဆည်းပူးပါလျှင် နတ်ဝိဇ္ဇာ ချစ်၍ လောကီတွင်လည်း အရောင်တောက်၍ ပြောင်မြောက် ပြီးလျှင် သံသရာတွင်လည်း အပယ်ဘေး ကင်းဝေး၍ လူချမ်းသာ နတ်ချမ်းသာတို့ကို ဖန်ခါခါ ခံစား စံစားရသော အကျိုးထူးအပေါင်းနှင့် ပြည့်စုံနိုင်မည်ကား မုချမလွဲ ကေန်ပင်တည်း။

## (၇၉) တနည်း ဘော်ဝါချိတ်လမ်း
### မပ်ကူစားလမ်း

နာ နှစ်ကျပ်၊ သွတ်ကပ်ပါလို့ ဆတူ၊ ပြဒါးရေ ဒုတ္တာသွင်း၊ ဝင်းဝါလို့ယူ။ ဘော်သာခွာ ချိန်ပါကျ တကျပ်သား၊ စိတ်ရှည်စွာ ကြိတ်ချေကာ ဇော်မံလို့၊ မပေါ်ဉာဏ် ဝိဇ္ဇာနည်းပါကွယ်၊ ပြီးပေါ့မှတ်သား။

ဤဆေးစာ၏ သိမှတ်ဖွယ်ရာ အဓိပ္ပာယ်မှာ– နာ ၂ ကျပ်၊ သွတ် ၂ ကျပ်၊ ပြဒါး ၂ ကျပ် ဤဓာတ်သုံးမျိုးကို အရေကျို၍ တွဲ။ ဒုတ္တာ ၁၀ နှင့် ရော၍ အမှုန့်ပြု။ ညက်အောင် ကြိတ်ပါ။ ၎င်းနောက် လုံတွင်ထည့်၍ ဇော်မံ၊ မီးရှိန်ထိုး။ မီးသွေး ၆ အုပ် လောက်ကုန်အောင် ထိုးရမည်။ ၆ အုပ် ထိုးပြီးလျှင် လုံခေါ်။ လုံကိုခွဲ၍ ချိတ်ကိုယူပါ။ ။ ၎င်းချိတ်နှင့် ဘော် ၁ ကျပ်ကို ရော၍ ကောင်းကျေအောင်ထိုးလျှင် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ဘော်ဝါဓာတ်သားကို ရရှိလိမ့်မည်။ ၎င်းနောက် ရေနံတွင် ခါပါ။ ရေနံခါတိုင်းခါတိုင်း ယမ်း ၂ကျပ်၊ ဆား ၂ကျပ် ဇဝက်သာ ၂ ကျပ်၊ လက်ချား ၂ ကျပ် အမှုန့်ပြု၍ ပေါက်၍ ထိုး။ ဘော်လေးတင်သောအခါ မီးထိုးရန်ကိစ္စ ပြီးတော့၏။ မာတ်သား ၁ ကျပ်မှာ အခေါက်ရွှေ ၁ မတ် သွင်းလျှင် နှံ့ပြာန် ဝင်၏ဟု အမှာရှိပါသည်။

(မှတ်ချက်) သတိပြုကြရန်မှာ နည်းက မှန်သော်လည်း မီးပေး မီးယူ မကတ်က မအောင်မြင်ဘဲ ရှိတတ်သည်။ ထို့ကြောင့် ရှေးဆရာများက 'နည်းက မခက်–

မီးကခက်ဟု ဆိုထုံး ရှိပေသည်။ ညာဏ်ယှဉ်၍ စိမ်ပြုလုပ်ကြ ပါကုန်။

## (၁၀) တနည်း မူလနှင့်ထိုးသော ဘော်ဝါလမ်း

| | | |
|---|---|---|
| ဒန်ကျဲ့စေ့ | ၁ | ကျပ် |
| ပဒိုင်းခတ္တာအသီး | ၁ | ။ |
| နာဂမောက်မြစ် | ၁ | ။ |
| အုစ်ရှစ်မြစ် | ၁ | ။ |
| တဇောင်းလက်ပတ်အမြစ် | ၁ | ။ |

ဇဝ်းဆေးအားလုံးကို ညက်အောင် ကြိတ်၍ ထား။ ။ ဘော်ကောင်းကောင်း ၁ ကျပ်သားကို တဇဉ်းဖြင့် တိုက်၍ အမှုန့်ပြု။ ။ဆေးကို အောက်က ခံ။ ဘော်မှုန့်ကို အလယ်က ထည့်။ ဆေးကို ဘော်အထက်က ထပ်၍ ထည့်သိပ်။ လုံပိတ်၍ ၇လုံ မီးနာနာ အုပ်ထိုးပါ။ ပထမအကြိမ်(၇)လုံ ထိုးပြီးသော အခါ ဘော်သည် ငှက်ခါးတောင်ကဲ့သို့ စိမ်းသော အဆင်း အရောင် ရှိလာလိမ့်မည်။

ဒုတိယအကြိမ်တွင်လည်း ဇဝ်းဆေးနှင့်ပင် အထက်အောက် နှီး၍ (၇)လုံ အုပ်ထိုး။ ဇဝ်း ဒုတိယ (၇)လုံ ပြီးသောအခါ ဘော်ရောင်သည် ဝါဖန့်ဖန့် အဆင်း ရှိလာလိမ့်မည်။

ထိုကဲ့သို့ အကြိုပ်တွင်လည်း ဖဝ်းဆေးနှင့်ပဝ် အထက်အောက် နှီး၍ ၇လုံ အုပ်ရိုး။ ဖဝ်း တာလိယ ၇လုံ ပြီးသော အခါ သောရောင်သည် ရွှေဒင်္ဂါးအရောင်ကဲ့သို့ ဝါဝင်းသောအဆင်း အရောင် ရှိလာလိမ့်မည်။

ရှိနေသက် အလင်း ထိုးရမည်။ ခံရေမှာ သရက်ခေါက်၊ ကျောက်ချဉ် ကန့်၊ မြင်းချေး အားလုံးကို ရောစပ် ရေစိမ်၍ ခံရေ ပြုလုပ်ရပါမည်။

သုံးခွဲလိုသောအခါ အခေါက်ရွှေ ၂ပဲဖြစ်စေ၊ ၄ပဲဖြစ်စေ အသက်သွင်း၍ လိုရာကို အသုံးပြုနိုင်ပါသည်။

## (ဂ၁) ရှေးဟောင်း စာမူမှလာသော သွတ်ရွှေဝါလပ်း

၁။ တောင်ရိုးချိတ်စပါး

၂။ မြင်းဝေါ်နှာရောင် (အနွယ်)

ဖဝ်း ၂ပါးကို များရည်နှင့် ညက်အောင် ကြိတ်။ သွတ် ရွှေဝါ ၁ကျပ်ကို အလယ်တွင် ထား၍ ဖဝ်းဆေးဖြင့် အထက် အောက် နှီး၍ သိပ်ထား။

| | | |
|---|---|---|
| ၁။ | ဆား | ၈ ကျပ် |
| ၂။ | ပဟ်း | ၁၇ ။ |
| ၃။ | ထုံး | ၁၀ ။ |
| ၄။ | ဆပ်ပြာ | ၁၉ ။ |

ငှင်းဆေးများကို ရော၍ လုံကြီးကြီးနှင့် ချော်ချက်။ ငှင်းချက်ပြီးချော် ၈ ပဲသားကို လုံအောက်ဆုံးကထား။ အထက်က ဖော်ပြခဲ့သော သွတ်ရွှေဝါ ၁ ကျပ်နှင့် သိပ်ကားသောအေးများကို ယူ၍ ချော်ခံသောလုံတွင် ယူ၍ ထည့်၊ ငှင်းနောက်ချက်ပြီးချော် ၈ ပဲသားကို အပေါ်က ထပ်၍ သိပ်ထည့်။ လုံကိုဇော်မံ လုံပိတ်ပြု၍ ပထမ မီးညှင်းညှင်းကိုထိုး။ ငှင်းနောက် လုံတခုလုံး မီးရဲလာအောင် ထိုး။ ယုံခိုင်သလောက် မီးကို ထိုးရမည်။ ။အအေးခံ၍ လုံကို ခွဲလျှင် အခိုး ငြိမ်းသော သွတ်ရွှေဝါကို ရရှိကြပေလိမ့်မည်။ ။အကယ်၍ မသေဆတ်နေသေးလျှင် ငှင်းဆေးချော်များနှင့် ထပ်၍ ထိုးလျှင် အခိုးငြိမ်း သွတ်သေကို ရရှိနိုင်ပါသည်။ ။ဉာဏ်ယှဉ် သုံးစွဲကြရာသတည်း။

## (၈၂) တနည်း ဝိဇ္ဇာဝေဒ ဆေးကျမ်းလာ ဘော်ဝါချက်လမ်း

သွတ်ကို အရေကျို။ သက်ရင်းမြစ်နှင့် မွှေသော် သွတ်သေ၏။ ခံရေမှာ ကလိန်ရွက်ရေကို ခံရေပြု၍ လောင်းရမည်။ ။ဤနည်းအတိုင်း ခုနစ်ကြိမ် တိတိ သက်ရင်းမြစ်နှင့်မွှေ၍ ကလိန်ရွက်ရေတွင် ခံရေ လောင်းလျှင် သွတ်သေကို ရရှိလိမ့်မည်။

**စားလမ်းမှာ။** သွတ်သော ၁ ကျပ်၊ လက်ချား ၁ ကျပ်၊ ယမ်း ၁ ကျပ်၊ ပြဒါး ၁ ကျပ်၊ ၎င်းဆေးစုကို စုပေါင်း၍ ညက်အောင်ထောင်း၊ သံပုရာရေနှင့် ကြိတ်။

၎င်းနောက် ဒန်(ခွက်)ကို အပြားခတ်။ ၎င်းကြိတ်ပြီးဆေးနှင့်သုတ်၍ နေလှမ်း။ ခြောက်လျှင် ထပ်သုတ်၍ နေလှမ်း။ ဆေးမကုန်မခြင်း သုတ်၍ သုတ်၍ နေလှမ်းရမည်။ ကုန်လျှင် မိုက်လုံတွင် သေးသေး ကပ်ကြေးနှင့် ဖြတ်ထည့်၍ မီးမြှင်းမြှင်းပေး၍ ထိုးလျှင် ချိတ်ဖြစ်၏။ ၎င်းချိတ် ၁ ကျပ်သားကို ဘော်(ခွက်) တွင် အရေဖြစ်ခိုက် ပစ်၍ ထိုးလျှင် ဝါဝင်းသော ဘော်ဝါ မှာတ်သားကို ရရှိပါလိမ့်မည်။ ဘော်ဝါ ၁ ကျပ်လျှင် အခေါက်ရွှေ ၄ ပဲခန့် အသက်သွင်း၍ ပူးကပ်လျှင် မှတ်တင်ခံနိုင်သော လက်ဝတ်ရတနာမျိုးကို ရရှိနိုင်ပါသည်။ ကျမ်းရင်း၏ အဆိုမှာ လက်လွတ်ဖြစ်သည်ဟု ဖော်ပြထားပါသည်။

ရှေးဝိဇ္ဇာခိုရ် ပုဂ္ဂိုလ်များကား ပါရမီရှင် ဉာဏ်ကြီးရှင်များ ဖြစ်ကြပေသည်။ လောဘလည်း မကြီးကြ။ လုပ်နည်းလုပ်ပုံကလည်း ဌာန်ကရိုဏ်း ကျသဖြင့် မဟုတ်မမှန်ဟု ပြစ်မှားရန် မသင့်ပေ။

## (၈၃) တနည်း ဆေးဒန်းဘမ်းနည်း

၁။ မှိုနတိုချဉ် ၅ ကျပ် အစိမ်းကြိတ်။

၂။ ဆေးဒန်း ၁၀ ကျပ် အမှုန့်ပြု။

၎င်း ၂ ပါးကို စရနယ်၍ ဇီးကင်းခန့် အလုံးလုံး၍ နေလှမ်း။ ၎င်းဆေးလုံး ခြောက်သောအခါ လုံစောက်နှင့် လက်ချား ချော်ချက်။ ဆေးတလုံး တလုံး ပေါက်၍ ချော်လယ်အောင် ထိုး။ ဆေးကုန်သောအခါ ဖိုကို ရပ်ထား။ အအေးခံ။ လုံကိုခွဲ၍ ကြည့်သောအခါ ဖြူဖွေးသော ဆေးဒန်းသတ္တုကို ရရှိလိမ့်မည်။ ၎င်းသတ္တုဖြင့် မိမိတို့ ကြိုက်ရာလမ်း ရပ်နိုင်ပါသည်။

လက်တွေ့ဘမ်းဘူးသော ဆရာတဦးထံမှ မေတ္တာဖြင့် ပေးသွားသောနည်း ဖြစ်ပါသည်။

## (၈၄) တနည်း ဆေးဒန်းဘမ်းနည်း

ကြေး၊ နာ၊ ကန့် ၎င်းသုံးပါးကို ဆဘူတဲ့၍ လုံကြီးနှင့်ကျို။ မီးပြင်းပြင်းထိုး။ ထိုအခါ ချော်များ တက်လာပါလိမ့်မည်။ ၎င်းတက်လာသော ချော်များကို ဇွန်းနှင့် ခပ်ယူပါ။ ၎င်းနောက် ခပ်ယူထားသော ချော်များကို လုံစောက်နှင့် ကျို၍ ဆေးဒါန်း (၁၀)သားကို ပစ်ဘမ်းလျှပ် ဆေးဒန်းသတ္တုကို လွယ်လွယ်နှင့် ရရှိနိုင်ပါသည်။

၎င်းနည်းကို လက်တွေ့လုပ်ဘူးသော ဆရာတဦးထံမှ မေတ္တာဖြင့် ပေးသွားသောနည်း ဖြစ်ပါသည်။

## (၇၅) ဖော်ဒေသိုက် ပုရပိုက်ထွက်ပြာလမ်း

ဘော် ၅ဘူး၊ နာဂ ၁ကျပ်၊ မြဒါး ၅ဘူး၊ ၎င်းသုံးပါးကို တွဲ။ ခိန်နီ ၅ကျပ်၊ လက်ချား ၂ကျပ် ၈ပဲ၊ ၎င်းခတ်များကို ပေါင်းစပ်၍ ညက်အောင်ကြိတ်။ မဖောက်ထုံး ၃ဝိ၊ ပြွားရေ ၃ဝိ နှင့် ရော၍ စရနယ်။ ။၎င်းနောက် နယ်ပြီးသော ခတ် အားလုံးကို သုံကြိုးကြီးတွင် သည့်သိပ်၍ ဇော် ၃ ထပ်။ အခြောက်လှမ်း။ ဖွဲ ၆ တင်းနှင့် မီးစိုက်၍ ဖုတ်ရမည်။ အေးမှ ထု။ ၎င်းခတ်ပြာ ၁ ပဲကို ကျင်သီကြီး ၁ဝိ အရေ ကျို၍ ပစ်ခတ်လျှင် သုဝဏ္ဏရွှေ ဓမ္မစစ်ဖြစ်၏ဟု ပုရပိုက်မူ တွင် တွေ့ရှိရ၏။

## (၇၆) တနည်း ဖော်ဓောသိုက်ပုရပိုက်မူမှ ပြာစားလမ်း

၁။ ပုဇွန်ဆီ ၂၂ကျပ်

၂။ လပိုင်ဆီ ၂၂ကျပ်

၃။ ဝက်ဝံဆီ တပိဿာ

၄။ ဟင်းရိုင်း ၁ဝိကျပ်

၎င်းဆေးအားလုံးကို ရောစပ်၍ မီးဖြင့် ခန်းအောင် ချက်ရမည်။ ၎င်းဆီအားလုံး ခန်းလျှင် ဟင်းရိုင်းကို လုံကွင် ဆည့်၍ ဇော်မံ၍ ဖွဲဖြင့် မီးပြင်းဖုတ်လျှင် ဟင်းရိုင်း ပြာကျ သွားလိမ့်မည်။

**စားလမ်းမှာ။** ။ဘော် ၁ဝိကို အရေကျို၍ ဝှင်းပြာ ၁ပဲ ပစ်၍ ထိုးလျှင် သုဝဏ္ဏရွှေ ခမ္မစစ်ဖြစ်၏ ဟူ၍ဝှင်း၊ ကျပ်သီကြီး ၁ဝိကို အရေကျို၍ ဝှင်းပြာ ၁ပဲ ပစ်၍ ထိုးလျှင် သုဝဏ္ဏရွှေ ခမ္မစစ်ဖြစ်၏ ဟူ၍ဝှင်း စာအဆိုကို တွေ့ရှိရပါသည်။

(၇၇) ဟနည်း သြချင်း နှဘွဲ့၏ ညမျှေးမှုပြာလမ်း

၁။ ဘော်တဇဥ်းစာ ၃ ကျပ်
၂။ ဘင်တဇဥ်းစာ ၂ ။
၃။ ပြဒါး ၅ ။

ဝှင်းခတ် ၃ ပါးကို လောက်စာလုံးလောက် လုံး၍ ရေနံနှင့် ပျော်၍ ရော၍ထား။

ဝှင်းနောက် ဆေးဒန်း ၂ကျပ်၊ လက်ချား ၂ကျပ်၊ ကျောက်ချဥ် ၁ကျပ်၊ ဒုတ္ထာ ၁ပဲ၊ ဝှင်းခတ်စုကို ရေနံနှင့်ပင် ရော၍ အသက်ပါခတ် ၃ မျိုးနှင့် ပူးတွဲ၍ ကြိတ်ထား။

သံဒယ်အိုးတွင် ဝှင်းကြိတ်ထားသော ခတ်အားလုံးကို ထည့်။ အပေါ်က သံဖလား သို့မဟုတ် သံစလောင်းဖုံးအုပ်၍ သံဒယ်နှင့် သံဖလားအစပ်တွင် လုံအောင် ကော်ထေးရမည်။ ။ဝှင်းနောက် ဖိုခနောက်ပေါ်တွင် တင်၍ မီးမြှင်းမြှင်း ထည့်ပေးရမည်။ ။မီးဖိုပေါ် တင်၍ ကော်ထေး

သောအစပ်မှ အငွေ့ထွက်သော်ငင်း၊ ရေနံစော် နံသော်ဝင်း ထိုအခါ အငွေ့အနံ့ မထွက်နိုင်အောင် ကော်ဖြင့် ထပ်မံ၍ ဖာထေးပေးရမည်။ အငွေ့မထွက်ဘဲ ရေနံစော်မနံလျှင် ခိုင်ပြီ ဟု မှတ်။ ။ငင်းနောက် မုန့်ဖုတ်သကဲ့သို့ အပေါ်မီး အောက်မီးထည့်၍ (၆)ရက်တိတိ မီးမပြတ်ဘဲ မီးထည့်ပေး။ ၆ ရက်စေ့လျှင် အအေးခံ၍ ဖွင့်ကြည့်။ အားလုံး ခတ်များ ပြာကျနေသည်ကို တွေ့ရလိမ့်မည်။ ကြေး ၁ဝိကို အရေကျို၍ ငင်းပြာ ၁ ပဲ ပစ်ထိုးလျှင် ဘော်ကျ၏ဟု စာမူတွင် တွေ့ရှိရ၏။

ငင်းနည်းတွင် အေးရမည့် ကော်စပ်နည်းကား။ ။ လောဟာသံ ၁ကျပ်၊ ငွေချော် ၁ကျပ်၊ ကျောက်မှုန့် ၁ကျပ်၊ ဆား ၂ ကျပ်၊ သံပြာ ၂ကျပ်၊ လက်ချား ၂ကျပ်၊ ငင်းဆေးစု ကို ပျားနှင့် ဖယောင်းသားကျအောင် ကြိတ်က ကော်ဖြစ်၏။

ငင်းကော်လုပ်နည်းကို မသုံးဘဲ လွယ်ကူသော ကော်ဖြင့် လုပ်သော်လည်း ဖြစ်နိုင်ပါသည်။ လိုရင်းမှာ အတွင်းက ခတ် လုံ၍ အငွေ့အနံ့ မတွက်ဘဲ လုံခြုံလျှင် ကိစ္စ ပြီးတော့ သည်သာတည်း။

## (၈၈) ဟနည်း ဝိဇ္ဇာ ရေဆေးကျမ်းလာ ဘော်ပေါ်ချိတ် သားလမ်း

| | |
|---|---|
| ၁။ ရွှေမှုန့် ၁ကျပ် | တဇဉ်းစာချ |
| ၂။ ပြဒါး | ၁ မူး |
| ၃။ ဖြင်းဘီလာဆေးဒန်းရွှေဝါ | ၁ မူး |
| ၄။ ဟင်္သပြဒါးရိုင်း | ၂ မူး |

ဂုဏ်းဆေး အားလုံးကို ရော၍ နွားနို့နှင့် ၃ ရက် တိတိ စရနယ်ရမည်။ ထို့နောက် လုံတွင် ထည့်၍ ပူတံ–ပူတံ မီးမပြတ်စေပဲ ဖွံမီး ၃ရက် စိုက်ရမည်။ သုံးရက် စေ့၍ လုံကို ခွဲသောအခါ ချိတ်ကို ရရှိလိမ့်မည်။

**စားလမ်းကား။** ဘော်သေ ၅ကျပ်ကို ကျို။ ဂုဏ်း ချိတ် ၄ ပဲသား ပစ်၍ထိုးလျှင် ရွှေဖြစ်၏ဟု ဝိဇ္ဇာခရဆေး ကျမ်းတွင် အဆိုရှိ၏။ ဤသော် နည်းက မခက် မီးက ခက် ဆိုသဖြင့် မာတ်ကောသ် ကျော၍ ချိတ်ဖြစ်အောင် မီး ကို ဉာဏ်ဖြင့် ဆင်ခြင်၍ မပို–မလို ရအောင် ပြုလုပ်ကြရာ သတည်း။

## (၇၉) ဂုဏ်းကျမ်းလာ ဘော်သတ်နည်း

၁။ ဘော် ၁ဝိ ကို တဇဉ်းစားချ
၂။ ဆား ၂ဝိ
၃။ ကျောက်ချဉ် ၂ဝိ

ဂုဏ်းဆေး အားလုံးကို ညက်အောင် ကြိတ်။ လုံတွင် ထည့် ဇော်မံ၊ ၃ ရက်တိတိ ဖွံမီး ဖုတ်။ ဂုဏ်းနောက် လုံကို ခွဲ၍ နောက်ထပ် ဖိုမှာ၊ မီးနာနာ ထိုးလျှင် ဘော်သေခြင်းသို့ ရောက်၏။

(မှတ်ချက်) ဘော်နှင့် ပတ်သက်သော လုပ်ထုံးများ တွင် ဘော်သေကို အသုံးပြုလျှင် သာ၍ ကောင်းမည်။

အဘယ်ကြောင့်ဆိုသော် ရပ်းသေ ဖျားသေ၊ ၂ ပါးသေက လုပ်ရပ်စခန်းတွင် ခရီးပထောက် ရောက်လွယ်သည်ဟု ရှေးဆရာများ ဆိုစကား ရှိကြပါသည်။

## (၉၀) တနည်း သွတ်ရှေ့ဝါကြားဆေး

ညွှတ်စေတနာ သွတ်ရှေ့ဝါ ကျောက်ချဉ် ဆင့်ပါလို့၊ မီးမြှုပ်ကာ ထိုး။ ။လက်ဖျား ခါစရာ၊ ထက်သီကြားပမာ၊ လက်ချားပါ ဇဝက်သာ ကန့်-ဒုတ်–ဟင်းရယ်နှင့် ဟိတ်လင်းလှုံ့ ဖြာ၊ ကိတ်သွင်းကာ ဖွက်ကာထိုးရပ်ကွယ် ကျိုးရှေ့ဖြစ်မိုး။

ဤဆေးစာ ကဗျာ၏ သိမှတ်ဘွယ်ရာ အဓိပ္ပာယ်မှာ

၁။ သွတ်ရှေ့ဝါကြွက်မီး ၁ဝိ
၂။ ကျောက်ချဉ် ၁ဝိ
၃။ လက်ချား ၁ဝိ
၄။ ဇဝက်သာ ၁ဝိ
၅။ ဟင်းရိုင်း ၁ဝိ

ရပ်းမာတ် ၅ ပါးတို့တွင် သွတ်နှင့် ဟင်းရိုင်း အောက်ကထား။ ။ကျောက်ချဉ်၊ လက်ချား၊ ဇဝက်သာ ၃ ပါးကို အမှုန့်ပြု၍ အပေါ်က သိပ်ပါ။ လုံပိတ် ဇော်မံပြီးလျှင် မီးရှိန်တိုးရမည်။ လုံခိုင်သလောက် တိုး။ ရပ်းနောက် လုံလဲ၍ ရင်းအချော်နှင့်ပင် လုံပိတ်။ ကြက်ဘူရှေး နှုတ်သီးကျအောင်

ထိုးပါလျှင် ခေတ်သေးခြင်းသို့ ရောက်၏။ ထို့နောက် ၎င်းခေတ်သေတခုယ်ကို အရှေ့ကျ်။ ကိုတ်သမတ်သား ရော၍ထိုး။ ခေတ်သေနှင့် ကိုတ်ရောပြီးလျှင် ဒုတ္တာနှင့်ကန့်ကို ရော၍ အနည်းငယ် မနည်းငယ် ခေတ်သေကို ပေါက်၍ ထိုးပါ။ ရေနံကြီးတွင် ခံရေ ခုနစ်ကြိမ် ဖောခင်းရမည်။ ဒုတ္တာနှင့် ကန့်ကိုလည်း ခုနစ်ကြိမ် ထိုးတိုင်း ထိုးတိုင်း ပေါက်၍ထိုးရမည်။ ။ရေနံတွင် ခုနစ်ကြိမ်ပေါင်းပြီးသော အခါ လက်ဝတ်ရတနာ အခါရှိသော မိမိဘိုလိုရာကို သုံးစွဲနိုင်ကြပါသည်။

## (၉၃) ဓိမိသခရှင်ရောဂါ၏ ဆေးစုံ လှ်ကျင်ဆေး

| | | | |
|---|---|---|---|
| ဆေးဒန်း | ၂ | ကျပ် | ၈ ပဲ |
| ပြဒါး | ၂ | ကျပ် | ၈ ။ |
| စိန်နီ | ၂ | ကျပ် | ၈ ။ |
| နာ | ၂ | ကျပ် | ၈ ။ |
| ဒုတ္တာ | ၂ | ကျပ် | ၈ ။ |
| လက်ချား | ၂ | ကျပ် | ၈ ။ |
| ရှားစောင်းကြီး | ၂ | ကျပ် | ၈ ။ |

၎င်းဆေးအားလုံးကို ညက်အောင်ကြိတ်။ သင့်ဘော်အောင် အလုံးသေးသေးလုံး။ နေလှမ်း။ ၎င်းနောက် ဒန် ၂ ကျပ်

၈ ပဲကို လုံတွင် ထည့်၍ထိုး။ အရေလည်သောအခါ ဗင်းဆေးလုံးများကို ပေါက်၍ ပေါက်၍ ဆေးကုန်အောင် ထိုးပါ။

ဗင်းနောက် ပြုလုပ်ရန်ဆေးမှာ။ ။စိန်ဖြူ ၈ပဲ၊ စိန်နီ ၈ ပဲ၊ ကျောက်ချဉ် ၈ ပဲ၊ မဖောက်ထုံး ၈ပဲ ၊ဗင်းဆေးစုကို ရော၍ အမှုန့်ပြု၍ ၃ ပုံပုံရမည်။ ။ဗင်းဆေးတပုံကို ထည့်၍ လုံပိတ်ထိုး။ ဗင်းနောက် ဆေးတပုံထည့်၍ ဒုတိယ လုံပိတ် တလုံထိုး။ ။ဗင်းနောက် ကျန်ဆေးတပုံကို ထည့်၍ တတိယ လုံပိတ် တလုံထိုးလျှင် ပိဘုန်းရောင် အဆင်းရှိသော ဓာတ်လုံးကို ရရှိလိမ့်မည်။ ။လိုရာကြေးနှင့် ကျင်းလေ။ မှန်ကန်သောနည်းလမ်းဟု စာတွင် အဆိုရှိပါသည်။

## (၉၂) မော်ဓာသိုက်ပုရပိုက်မှ
## ဘော်ဝါစားလမ်း

| | |
|---|---|
| ကန့် | ၁ကျပ် |
| ကျောက်ချဉ် | ၁ကျပ် |
| ဇဝက်သာ | ၁ကျပ် |
| ဟင်းရိုင်း | ၁ကျပ် |

ဗင်းဆေးအားလုံးကို ညက်အောင်ထောင်း၍ အမှုန့်ပြု။ ကြေးနီ ၁ဝိ ကိုပါးပါးအပြားခတ်၍ ကတ်ကြေးစာချေ။ ။ အထက်ပါဆေးမှုန့်နှင့်ပေါင်း၍ သံပုရာရေနှင့် နှစ်အောင် စိမ်လျက် နေ ၃ ရက်လှမ်းလျှင် ရွှံဖြစ်၏။

၎င်းရှုံကို ၁၀ ပုံ ခွဲ၍ယူ။ စင်ကြယ်သော ဘော် ၁ကျပ်ကို ၎င်းဆေးတပုံနှင့် အထက်အောက်နှိုး၍ လုံပိတ်ထိုး။ အခဲ၍ လုံကို ခွဲ။ သဏ္ဍာကို ခွာ၍ ထားပါ။

၎င်းနောက် ၎င်းဘော်ကိုပင် ကျန်ဆေး (၉) ပုံ ကုန်အောင် ဆေးတပုံ တလုံကျ အထက်အောက် နှိုး၍ ပထမ နည်းအတိုင်း ဆေး ၁၀ ပုံ ကုန်အောင် ၁၀ လုံ ထိုးရမည်။ ၁၀ ပုံ ကုန်လျှင် ရပ်၍ထား။ လုံခွဲ၍ကြည့်။ (၈)မူးရေ ဝါ သော ဘော်ကို ရရှိလိမ့်မည်။ ။၎င်းဘော်ဝါ (၁)ပဲကို ယူ၊ ဘော်စိမ်း ၁ကျပ်မှာ ပစ်လျှင် (၈)မူးရေးပင် စွဲ၏။ ခံရေကား ပုဇွန်ဆီတွင် ကျို၍ ၃ကြိမ် လောင်း။ ၎င်းဘော်ဝါ ၁ကျပ်တွင် အခေါက်ရွှေ (၈)မူးသွင်း၍ သုံးလေ။

## (၉၃) မန္တလေးဘုန်းတော်ကြီး ရွှေဆပ်လှည့်နည်းစားလမ်း

| | |
|---|---|
| ပြဒါး | ၅ကျပ် |
| ဆေးဒါန်း | ၃ကျပ် |
| ဒုတ္တာ | ၂ကျပ် |
| ကြက်ဘွန်နီအပုပ် | သင့်ရုံ။ |

၎င်းဘော အားလုံးကို ကျင်ငယ်ရေနှင့် တနေ ကြိတ်။ မြောက်လျှင် သံပုရာရေနှင့် တနေ့ ကြိတ်။ ၎င်းနောက် ပဒိုင်းခဏ္ဍာရေနှင့် တနေ့ကြိတ်။ ၎င်းနောက် ကြက်ဟင်းခါး

ရေနှင့် တနေ့ကြိတ်။ ၎င်းနောက် ငှက်ပျောသူငယ်စာရေနှင့် တနေ့ကြိတ်။ ပြီးလျှင် လုံးတွင် ထည့်၊ အဖုံးပိတ်၊ ဇော် ၃ထပ်မံ၊ ဖွဲ သုံးပြည်နှင့် ဖုတ်။ ။ဖွဲခေါင်းဖြူလျှင် ဆယ်၍ ယူ။ ဖိုနှင့်လုံ ပေါ်ရှိ မီးကို ချိန်၍ထိုး။ အလိုချမ်းစေ၍ အအေးခံပြီးမှ လုံးကို ခွဲ။ ပြာကျလိမ့်မည်။

၎င်းပြာကာ ၁မူးသား ယူ၊ နာ ၃ဝိ သား အရေတွင် ပစ်။ နာ ပြာကျ၏။ ၎င်း နာ ပြာက ၁ မူးသား ယူ၊ နာ ၁ဝိ အရေတွင် တခါပစ်။ ပိတုန်းရောင် အဆင်း ဖြစ်၏။

၎င်းပိတုန်းရောင်အဆင်းခေတ်က တမူးသား ယူ၊ နာ ၁ဝိ အရေတွင် တခါပစ်။ ပိုးမဲတောင်တာ ဖြစ်၏။

၎င်းပိုးမဲတောင်တာ ခေတ်က တမူးသား ယူ။ နာ ၁ဝိ အရေတွင် တခါပစ်။ နာရဏီ ဖြစ်၏။ ၎င်း နာရဏီ ၁ဝိ သားကို ဒန် (၄ဝိ) ခဲမပုပ် ၅ဝိ တို၌ ပစ်လျှင်၊ ရောစပ်လျှင် မင်းစံရွှေ ဖြစ်၏ဟု ဘုန်းတော်ကြီး၏ မှတ်တမ်းစာတွင် ပါရှိပါသည်။

## (၉၄) မော်စောသိုက် ပရမိုက်မှုမှ ဆော်ဝါစားလမ်း

| | |
|---|---|
| ဒုဿာ | ၁ကျပ် |
| ကျောက်ချဉ် | ၁ကျပ် |
| လက်ချား | ၁ကျပ် |
| ယမ်းစိမ်း | ၁ကျပ် |
| ဇဝက်သာ | ၁ကျပ် |

ဤ ဆေးငါးပါးကို ညက်အောင် အမှုန့်ပြု၍ သံပုရာရေနှင့် သမအောင် စရနယ်၍ ဘော် ၁ကျပ်ကို အလယ်က ထား၍ ၎င်းဆေးကို အထက်အောက် ထည့်၍ လုံပိတ်(၇)လုံထိုး၍ ။ ၎င်းနောက် အလင်း ထိုး၍ ရေနံတွင်(၈)လုံ ထိုး၍ ခါရမည်။ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ဘော်ဝါကို ရရှိလိမ့်မည်။ အရေကို ကြည့်၍ ရွှေသက်သွင်း၍ သုံးစွဲကြပါလေ။

## (၉၅) တနည်း ဘော်ဝါလမ်း

ရွှေတမူးဖြစ်စေ၊ တကျပ်ဖြစ်စေ၊ ဒုတ္တာ တကျပ်နှင့် ဆယ်ခါ ထိုး၍ ၎င်းထိုးပြီးရွှေ ဆပ်၊ (၁)ပဲကို ဘော်တကျပ် အရေတွင် ပစ်၍ ထိုးလျှင် ဘော်သည် ဝါဝင်းသော ပကတိ ရွှေကဲ့သို့ အရောင်အဆင်းပွင့်၍ လာလိမ့်မည်။ ၎င်းဘော်ဝါကို မှတ်ရေတွင် ကြည့်၍ အလိုရှိသလို ပိမ်ပြုလုပ်၍ ဉာဏ်ယှဉ်၍ အသုံးပြုကြရာသတည်း။

## (၉၆) ကျမ်းဂန်အရ လက်ခါကန့်သုံးနည်း

စတ္တုကြိတ္တက် အင်္ဂုပဒ် ကေသုဝဏ္ဏံ၊
ကုက္ကုဋ္ဌတေလေန မဒ္ဒေတွာ၊
အနောလုံမေ ကလိဂ်ရာသီဟိ၊
သဗ္ဗရတ္တံ ပစိတ် ဘာသွာ ဟောတိ၊
နာဂေသတ် ကေကုဋ္ဌန် သုဝဏ္ဏံ ဘဝေ။ ။

မူအတိုင်း

စတ္တာကြိတ္တကံ၊ ဝါ၊ စတုကိတ္တကံ၊ လက်ျာကန် လေးရွေး ကိုရင်း။ အဌပဒံ၊ ပြဒါးရှစ်ရွေးကိုရင်း။ ကောသုဝဏ္ဏံ၊ ကိတ် တရွေးကိုရင်း။ ကုက္ကုဋ္ဌတေလေန၊ လယ်ပုဇွန်လုံးဆီနှင့်၊ (ဝါ) ကက္ကဋတေလေန၊ လယ်ပုဇွန်လုံးဆီနှင့်။ မဒ္ဒေတွာ၊ ကြိတ်နယ်၍။ အနေ့ာလုံမေ၊ တနည်း။ အဏ္ဏောလုံမေ၊ လုံအတွင်း၌ ထည့်၍။ ကလိင်္ဂရာသီဟိ၊ ဇော်ဂျီတို့ဖြင့် သုံးထပ်မံ၍။ သမ္ဘရတ္တံ၊ ညဥ့်သုံးယာမ်ကာလပတ်လုံး။ ပစိတံ၊ ချက်သည် ရှိသော်။ ဘာသွာ၊ ကောင်းသောပြာကျသည်။ ဟောတိ၊ ဖြစ်၏။ နာဂ သတ်၊ နာအကျပ်တရာကို။ ဧကကုဋ္ဌနံ၊ တချင်ရွေးပစ်သည် ရှိသော်။ သုဝဏ္ဏံ၊ နာရဏီရွှေသည်။ ဘဝေ၊ စင်စစ်မသွေ ဖြစ်တော့လေသတည်း။

ရွှေဘိုမြို့ မုဆိုးခြုံဘုတာက ချောင်းဆုံရွာသိ [illegible] လျှင် မောင်သာကဲဆိုသူကို မြော။ ဆရာကပြောသည် [illegible] ကန်၊ ထန်းသားကန် ယူပေးနိုင်သည်။ ၎င်းကို ငွေ ၁ဝ ပေး လိုက်။ ယူပေးလိမ့်မည်။

### ဤပါဌ်အနက်၏ သိမှတ်ဖွယ်ရာ အစီပွာယ်မှာ

| | |
|---|---|
| လက်ျာကန် | ၄ ရွေး |
| ပြဒါး | ၈ ရွေး |
| ရွှေ | ၁ ရွေး |

၎င်းသေး ၃ မျိုးကို လယ်ပုဇွန်လုံးဆီနှင့် သမအောင် နယ်ရမည်။ ၎င်းနောက် လုံအတွင်း၌ထည့်၍ ဇော် ၃ ထပ်မံ။ ၃ ရက် ၃ ည မီးမပြတ်စေဘဲ မီးတိုက်သည်ရှိသော် ပြာ

ကျ၏။ နှ၁ ကျပ်ချိန်တရာကို အရေကျို၍ ၎င်းပြ၁တရွေး ပစ်၍ထိုးလျှင် နှ၁ရဏီရွှေအစစ် ဖြစ်၏ဟု အဓိပ္ပ၁ယ် လုပ်ထုံးကို အတိုချုံး၍ သိမှတ်ရာ၏။

မှတ်ချက်။ ။၎င်းနည်းကို ပြုလုပ်လျှင် လက်ကျ၁ကန့် စစ်စစ်ရရှိရန် အလွန်မလွယ်ကူလှပါ။ အကယ်၍ ရရှိပါမူ စစ်မစစ်ကို တတ်သိသော ပညာရှိများထံ ပြသ ပြီးလျှင် အစစ်အမှန်ဟုတ်မှ ဤနည်းကို ပြုလုပ်သင့်ပေသည်။

## (၉၇) မိတ္ထီလာမြို့ ဆရာဦးထွန်းမြင့်၏ လက်တွေ့စားလမ်း

| | |
|---|---|
| ဒုတ္ထာ | ၅ ကျပ် |
| ဟင်းရိုင်း | ၄ ပဲ |
| ကန့် | ၄ ပဲ |
| စိန် | ၄ ပဲ |
| ဘော် | ၁ ကျပ် |

၎င်းဆေးအားလုံးတို့တွင် ဒုတ္ထာ ၅ ကျပ်ကို အမှုန့်ပြု၍ ရေနံကြီးနှင့်နယ်၍ထား။

၎င်းနောက် ဟင်းရိုင်း၊ ကန့်၊ စိန်သုံးမျိုး ၄ ပဲစီကို ပေါင်း၊ ညက်စွ၁အမှုန့်ပြု၍ထား။

ဘော် ၁ ကျပ်ကို အရေကျို၊ ရေနံကြီးနှင့် နယ်ထားသော ဒုတ္ထာ ၅ ကျပ်ကို ပေါက်၍ ပေါက်၍ ကုန်အောင်ထိုးပါ။

ဒုတ္ထာပေါက်၍ ကုန်သောအခါ ဒုတိယ ကြိတ်ထားသော ဟင်းရိုင်း၊ ကန့်၊ စိန် ၃ ပါးပေါင်းထားသော ဆေးမှုန့်ဖြင့် ပေါက်၍ ပေါက်၍ထိုးရပ် မှိုက်ၾကည့်ပါ။

အထက်အောက် မှိုက်လှည့်သောအခါ အတွင်းခေတ်သား ရွှေရောင်ပေါက်လာလိမ့်မည်။ လုံ့ကိုခွဲကြည့်ပါ။

နောက်တခါ ငုဝ်းရွှေရောင်ပေါက်သော ခေတ်သားကို အရေဖြစ်အောင် ကျို။ အရေဖြစ်လျှင် အထက်ဖော်ပြပါ ဟင်းရိုင်း၊ ကန့်၊ စိန် ၃ မျိုး ပေါင်းကြိတ်ထားသော ဆေးမှုန့်ကို ရွှေးငယ်ခန့် ပေါက်၍ ပေါက်၍ ၇ လုံထိုး။ ထိုးတိုင်း ထိုးတိုင်း ရေနံမှာ (၇)မီးသွန်းလောင်းပါလျှင် ရွှေအဆင်းကဲ့သို့ ပါဝင်းသော ခေတ်သားကို ရရှိလိမ့်မည်။ ရွှေနှင့်စပ်သောအခါ ရွှေကို အရေကြည့်၍ စပ်ကြပါကုန်။

## (၉၀) တနည်းစားလမ်း

ဆေးဒါန်းရွှေဝါ၊ ဇဝက်သာ၊ ကန့်ဝါ စိန် လက်ချား။
ငါးမည်ဆေးခေတ်၊ ကျပ်စီမှတ်၊ ၆ ကျပ်ဟင်းရိုင်းထား။
မီးတွေးပစိတ်၊ တလုံပိတ်၊ နက်ချိတ်ပိတုန်းသား။
(ဖြေးဖြေးညှင်း၍ ဖွဲမီးစိုက်ကြည့်)

တိုဆေး၁ကျပ်၊ကိုက် ၁ကျပ်၊ နှိုးအပ်လုံပိတ်ထား။
လုံ့ပေါင်း ၃၀၊ စိတ်ကပယ်၊ မှင်ညှယ်ရွှေအသား။
ဘော်နုတကျပ်၊ တပဲချပ်၊ ပစ်လတ်ရွှေစင်ပြား။
ရေနံ ၃မီး၊ ပေါင်း၍ပြီး၊ မီးကြီးကဲ့အလား။
မစမ်းခင်ပင်၊ နိဗ္ဗာန်ဝင်၊ ငါလျှပ်လက်တွေ့ငြား။
မဟုတ်ဘဲပင်၊ ထားခဲ့လျှင်၊ ပါယ်ခွင်ကျစေသား။
နောင်သားနောင်လူ၊ တွေ့ခဲ့မူ၊ နည်းယူလုပ်၍စား။
တွေ့လျက်နှင့်ပေ၊ မလုပ်လေ၊ မွဲစေလုပါမွှား။ ။

## ထိုးဆေးကဗျာ၏ သိမှတ်စရာ အစိပ္ပာယ်မှာ

| | |
|---|---|
| ဆေးဒန်းရွှေဝါ | ၁ ကျပ် |
| ဇဝက်သာ | ၁ ကျပ် |
| ကန့်ဝါ | ၁ ကျပ် |
| စိန် | ၁ ကျပ် |
| လက်ချား | ၁ ကျပ် |
| ဟင်းရိုင်း | ၁ ကျပ် |

၎င်းဆေး ၆ ပါးကို ရော၍ အမှုန့်ပြု၊ လုံပိတ်၊ မီးသွေး တစိပ်ကုန်အောင် ထိုးပါလျှင် ပီကုန်းရောင်ကဲ့သို့ နက်ချိတ်သော ချိတ်ခဲတက်ကို ရရှိမည်။ ။ထိုနောက် ၎င်းချိတ်ကို တဖန် လုံတွင် ထည့်၍ ဇော် ၃ ထပ်မံ။ ဖွဲမီးဖြင့် ဖြေးညှင်းစွာ မီးတိုက်က ပြာနုဆိုက်လိမ့်မည်။ ထို့နောက် တဖန် ထိုပြာနု ဆေးက ၁ ကျပ်၊ ကိတ်ဘ ၁ ကျပ်၊ အထက်အောက်နှိုး၍ လုံပိတ်။ လုံပေါင်း ၃၀ ထိအောင် ထိုးရမည်။ ကိတ်ပြာကျ၏။ ဘော် ၁ ကျပ်ကို အရေကျို၊ ၎င်းကိတ်ပြာ ၁ ပဲသားကို ထည့်ပစ်၍ ထိုးပါလျှင် နို့ဘွန်ဝင်ရွှေကဲ့သို့ ဝါဝင်းသော ဘော်ဝါခဲတက်သားကို ရရှိကြပေလတ္တံ့။ ထိုနောက် အလင်း ကျို၍ ရေနံတွင် ခံရေ ၃ မီးလောင်းပါလေ။ စင်ကြယ်သန့်ရှင်းသော ခဲတက်သားကို မှတ်ရေကြည့်၍ ရွှေနှင့်စပ်ပြီး ဉာဏ်ယှဉ် သုံးကြပါကုန်။

## (၉၉) စမွာနဂိုရ်ဘုန်းတော်ကြီး ဦးအရိယ၏ သံပြဒါးစားလမ်း

| | |
|---|---|
| သံ | ၁ ကျပ် |
| သွတ် | ၃ ကျပ် |
| နာ့ | ၁ ကျပ် |
| ပြဒါး | ၅ ျူး |

၎င်းဆေး ၄ ပါးတို့တွင် ပထမ သံ ၁ ကျပ်ကို အရေကျို။ သွတ် ၃ ကျပ်နှင့် သမအောင်သွင်း။ ၎င်းနောက် နာ့ ၁ ကျပ်နှင့် သမအောင်တွဲသွင်း။ ။၎င်းနောက် သံ၊သွတ်၊ နာ့ သုံးပါး တွဲစပ်ထားသော အရေတွင် ပြဒါး ၅ ျူးသား ဝင်အောင် ထပ်၍သွင်း။ ။၎င်းနောက် သံ၊သွတ်၊နာ့၊ပြဒါး တွဲပြီးသား ခါတ်စုကို လုံစောက်တွင် ထည့်၍ အလုံ အဖုံးပိတ်။ ဇော် ၃ထပ်မံ၍ ဖွဲ့ ၃တင်းနှင့် မီးပြင်းပြင်းဖုတ်။ ။၎င်းနောက် ၎င်းလုံနှင့်ပင် အလင်းကျ၍ ဝက်ဆီတွင် လောင်းပါ။ ၎င်းနောက် ထောပတ်တွင် လောင်းလျှင် အရောင်အဆင်း တောက်ပြောင်လာလိမ့်မည်။ ကြိုက်မှတန်ပါ။မကြိုက်သေးလျှင် ထပ်၍လောင်းပါ။

ထို့နောက်ကန့် ၁ ကျပ်၊ဆား၃ ကျပ်ကို ညက်စွာကြိတ်၍ ဆေးရွက်ကြီး ၃ ရွက်တွင် နှံအောင်သုတ်၍ ၎င်းခါတ်လုံးကို ဆေးရွက်ကြီး ၃ ရွက်ဖြင့် ရစ်ပတ်ရမည်။ ၎င်းနောက် ဆေး

ရွက်ဖြင့်ပတ်ထားသော ခေတ်လုံးကို ဆန့်သောလုံတွင် ထည့်၍ ပိတ်၍ ဇော်ဂျီ ၃ ထပ်ထူထူမံလျက် ဖွဲ့ ၃ တင်းနှင့် ဖုတ်လျှင် ပြာကျ၏။ ။ကြေးကို အရေကျိ၍ ဇင်းပြာကို ပစ်ထိုးလျှင် ရွှေဒင်္ဂါးနှင့်တူသော ခေတ်သားကို ရရှိလိမ့်မည်။ ဇင်းနောက်ရေနံတွင် ခါ၍ ဉာဏ်ယှဉ်၍သုံးကြလေ။

စမ္ပာနဂိုရ်ဘုန်းတော်ကြီး ဦးအရိယာထံမှ မေတ္တာဖြင့်ပေးသွားသော နည်းဖြစ်ပါသည်။

## (၁၀၀) မော်ခေါသိုက်ဂူဂုပိုက်မူမှ ဘော်ဝါစားလမ်း

| | |
|---|---|
| ဒုတ္တာ | ၅ ကျပ် |
| ယမ်းစိမ်း | ၅ ။ |
| ဇဝက်သာ | ၂ ။ |
| သိန္ဓော. | ၁ ။ |
| လက်ချား | ၄ ။ |
| ဟာပီးရိုင်း | ၁ ။ |
| ဘော် | ၂ ။ |

ဇင်းခေတ်အားလုံး ပေါင်း၍ လုံတွင် ထည့်။ ဘော်ကို အောက်ဆုံးကထား။ လုံပိတ် မီးရှန့်နာနာထိုး။ အခိုးကုန်လျှင် မီးကိုရပ်၍ အအေးခံ။ လုံကိုခွဲ၍ယူ။ ရွှေအဆင်းကဲ့သို့ ဝင်းဝါသော ဘော်ဝါခေတ်သားကို ရရှိလိမ့်မည်။

ထို့နောက် ဘော်ဝါခါတ်သားကို ရှင်းချော်နှင့်ပင် လုံကို အလုံပိတ်၍ ၃ ကြိမ် မီးကောင်းကောင်း ထိုးရမည်။ ၃ ကြိမ် စေ့လျှင် လုံကို ခွဲ၍ ယူ။ ၉ မူးရေ ထွက်သော ဘော်ဝါခါတ် သားကို ရရှိလိမ့်မည်။ ။စားလမ်းအဖြစ် သုံးလိုသောအခါ အရေကိုကြည့်၍ ရွှေအသက်သွင်းခါ ဉာဏ်ယှဉ်၍ သုံးစွဲကြရာ သတည်း။

## (၁၀၁) တနည်း သွတ်ဘမ်း၍ စားလမ်းစီရင်နည်း

| | |
|---|---|
| ပါပဒုတ္ထာ | ၅ ကျပ် |
| လက်ချား | ၁ ။ |

ရှင်းဆေး ၂ ပါးကို သံပရာရေနှင့် ညက်အောင် ကြိတ် ထား။ ရှင်းနောက် ဟင်းရိုင်း ၁ ကျပ်၊ သွတ်ဖြူ ၁ ကျပ်၊ ရှင်းဓါတ်နှစ်ပါးကို အလယ်ကထား။ ကြိတ်ထားသော ဒုတ္ထာ နှင့် လက်ချားကို အထက်အောက်ခံ၍ လုံခိုင်ခိုင်နှင့် မီးရှုန် ထိုး။ ဓါတ်သား (၅မူး) အဖြူ(၁၀)ပဲသား ရရှိလိမ့်မည်။ ရှင်းဓါတ်အဖြူ(၄)ပဲသားနှင့် ဘော် ၁ ကျပ်ကို ရော၍ထိုးလျှင် ကောင်းမွန်သော စပ်သားကို ရရှိလိမ့်မည်။ ။ရွှေတဆ ဓါတ်သား ၃ ဆနှင့် စပ်၍သုံးလျှင် ငရဲမီးခံသော လက်စဝတ် ရတနာအဖြစ် ဉာဏ်ယှဉ်၍ သုံးစွဲကြပါလေ။

## (၁၀၂) ဟင်းရိုင်းဘမ်း၍ စားလမ်းစီရင်နည်း

| | | |
|---|---|---|
| ကျောက်ချဉ်ကြီး | ၃ | ကျပ် |
| ဂျုတ် | ၅ | ။ |

ရှင်းခါတ် ၂ ပါးကို ရော၍ မီးပြင်းပြင်းထိုး၍ ကောလီကျော်အောင် ကျိုပြီးလျှင် အမှုန့်ညက်အောင် သံဆုံနှင့်ထောင်းရမည်။ ရှင်းနောက် ဟင်းရိုင်း ၁ကျပ်သားကို အလယ်မှာ ထား။ အမှုန့် ထောင်းထားသော ဆေးမှုန့်ကို အထက် အောက် ထား၍ လုံပိတ်၊ ဇော်ဂျီ ၃ထပ်မံ၍ ဖွဲ့တတင်းနှင့် ဖုတ်။ အအေးခံ၍ ထား။

ရှင်းနည်းအတိုင်း ၄ ကြိမ်တိုင်တိုင် ဖွဲ့မီးဖုတ်လျှင် မိပြီးဟင်းရိုင်းသတ္တု ၄ကျပ်သား ရရှိလိမ့်မည်။ ။ရှင်းနောက် သွတ်ဖြူ ၁ကျပ်သားကို မိပြီး ဟင်းရိုင်း ၄ကျပ်သားနှင့် သွတ်ကို အလယ်က ထား၍ ဟင်းရိုင်းကို အထက်အောက်နှိုး၍ လုံပိတ်၊ မီးရှန် ထိုးလျှင် သွတ်သေကို ရရှိလိမ့်မည်။ ။ရှင်း သွတ်သေက ၁ကျပ်၊ ပြဒါးက ၁ကျပ်၊ ရွှေက ၁ကျပ် ၃ပါး ရော၍ဖွဲ့မီးမိုက်၍ ပြာရိုက်ပါ။ နောက်ကို အရေကျို။ရှင်းပြာကိုပစ်၍ ထိုးလျှင် သုဝဏ္ဏမှုစစ်နာရကျော်ရွှေ ဖြစ်၏ဟု စာမူတွင် တွေ့ရှိရပါသည်။

ဓာတုလက္ခဏာ ဝိစိတြ ဆိုသည့်အတိုင်း ဓာတ်သဘောတို့မည်သည့်မှာ အလွန်တရာ ဆန်းကြယ်သဖြင့် ဉာဏ်ယှဉ်၍ လုပ်ထုံးကို ပြီသ မှန်ကန်အောင် ပြုလုပ် စီရင်ကြရာသတည်း။

## (၁၀၃) ပြာချ၍ စားလမ်းစီရင်နည်း

| | |
|---|---|
| လက်ျာကန့်တိုက် | ၁ မတ် |
| ဆေးဒန်းရွှေဝါ | ၁ မတ် |
| ဂမုန်းဖား | ၁ မတ် |

ရှင်းဆေး ၃ ပါးကို ညက်အောင် ကြိတ်။ အရိပ်ထဲတွင် သွေ့ခြောက်အောင် လှမ်း။ ထို့နောက် ကြေးဝါခွက်တွင် ထည့်။ အပေါ်က ကြေးနီခွက်ကို ဖုံးအုပ်၍ အပေါ်ခွက် အောက်ခွက် ၂ လုံး၏ နှုတ်ခမ်းအစပ်ကို ကော်ဖြင့် လုံအောင် ထေးပါ။ ကော်ထေးပုံမှာ လှေစပ်ကြောင်းများကို ပုန်းညက်ဖြင့် ရေလုံအောင် ထေးသကဲ့သို့ ခွက် ၂-လုံးတို့၏ အစပ်ကို ရေလုံ လေလုံ အခိုးအငွေ့ မထွက်နိုင်အောင် ကော်ဖြင့် လုံအောင် ထေးရမည်။

ကော်ထေး၍ ခြောက်သွေ့သောအခါ မီးမှာ တင်၍ ဆေးကျွမ်းလောက်ရုံ ချိန်ဆ၍ မီးအပူပေး၍ မီးတိုက်ရမည်။ မီးကို ချိန်ဆ၍ ပေးလျှင် မကြာခင် ပြာကျ၏။ ။ရှင်းပြာကို နာကို အရေကျို၍ ပစ်လျှင် နာရဏီစစ်စစ် ရွှေဖြစ်ရသည် ဟူ၍ရှင်း၊ ဘော်ကို အရေကျို၍ ပစ်လျှင်လည်း နာရဏီ-နာရဏီ မလွဲကေန် ရွှေအမှန်ဖြစ်ရ၏ ဟူ၍ရှင်း မူရင်းကျမ်းစာတွင် ဤအတိုင်းပင် အဆိုရှိပါသည်။

ပြုလုပ်လိုက ဆေးအစစ်အမှန်တို့ကို ရအောင် ကြိုးစား၍ ပြုလုပ်ကြပါလေ။

ကော်လုပ်နည်းမှာ သံပြာ(၃ဝိ) ကျောက်ဖြူမှုန့် ၂ကျပ် ၇ပဲ ၎င်းဆေးနှစ်ပါးကို ကျွဲကော်နှင့် တေလျှင် ကော် ဖြစ်ပါသည်။

## (၁၀၄) ပြဒါးဘမ်း၍ စားလမ်းစီရင်နည်း

| | | |
|---|---|---|
| ပြဒါး | ၂ကျပ် | ၂မတ် |
| ဟင်းရိုင်း | ၅ကျပ် | ၂မတ် |
| ကန့်တိုက် | ၇ကျပ် | ၂မတ် |

၎င်းဓာတ် ၃ ပါးတို့တွင် ဟင်းရိုင်းနှင့် ကန့်ကို အမှုန့်ပြု၊ ပြဒါးနှင့်နယ်၍ လုံးထား။

ဆိတ်မြန်မဘ၏ သွေး၊ သည်းခြေ၊ အဆီ ၎င်း ၃ မျိုးကို ရောစပ်၍ထား။ ခဲမ အချိန်(၃ဝိ)သားကို အရေကျို။ အရေဖြစ်လျှင် အောက်ချ။ ခဲအရေ ထိပ်တင်းလာသောအခါ (လုံးပုံ)နှင့် နက်နက်ဝင်အောင် နှိပ်သွင်း။ မြေလုံကဲ့သို့ တွင်းနက်နက် ဆေးမှာတ် အားလုံး ဝင်နိုင်အောင် နှိပ်သွင်းပါ။ ထို့နောက် အထက် ဖော်ပြခဲ့သော နယ်၍ ထားသော ပြဒါး၊ ဟင်းရိုင်း၊ ကန့်၊ ဆိတ်သွေး၊ အဆီ၊ သည်းခြေ တို့ကို ရောစပ်၍ ခဲမလုံတွင်း၌ ထည့်၍ ခဲမကို အဖုံး အုပ်၍ ဇော် ၃တင်မံ။ အခြောက်ခံ။ ဖွဲမီးဖြင့် ၄ရက် ၄ည မီးမပြတ် စေဘဲ ဖုတ်ရပည်။ မီးပြင်းဖုတ်ခြင်း ၄ ည စေ့သောအခါ အအေးခံ၍ အေးမှယူပါ။ ပကတိရွှေ ဖြစ်၏ဟု စာမူတွင် အဆို ရှိပါသည်။

## (၁၀၅) ဘော်ဝါစားလမ်း ပြာပြစ်၍ စီရင်နည်း

| | |
|---|---|
| ယျင်သီကြေး | ၅။း |
| သွတ်ရွှေဝါ | ၅။း |
| ဘင် | ၁ကျပ် |
| ယမ်းစိမ်း | ၁ကျပ် |
| လက်ချား | ၁မတ် |
| ဖန်ဝါ | ၁ကျပ် |

ရှင်းခါတ် ၆ ပါးကို ရောစ၍ လုံတွင်းမှာထည့်။ အဖုံးပိတ်၊ ဇော်မံ။ ဖွဲမီးဖြင့် ၃ရက် ၃ည မီးမပြတ်စေဘဲ ဖုတ်လျှင် ပြာကျ၏။ ဘော် ၆ကျပ်ကို အရည်ကျို၍ ရှင်းပြာ လေးရွေး ပစ်၍တိုးလျှင် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော (ဂ-မူးရေ) စဲ့သော ဘော်ဝါကို ရရှိလိမ့်မည်။ တို့နောက် ရှင်းဘော်ဝါ ကို ၃ မီး အလင်းကျို၍ ခံရေ ပုဇွန်ဆီတွင် ၃ ကြိမ် လောပ်းပါ။ မှတ်ရေကို ကြည့်၍ ရွှေအသက်သွင်း။ ဉာဏ်ယှဉ်၍ သုံးစွဲကြပါကုန်။

....o....

## မိတ္ထီလာမြို့ ဆရာဦးထွန်းမြင့် ၏ (၁၀၆) လက်တွေ့ ပြဒါးဘမ်းနည်း

ပြဒါး ၁ကျပ်

နာ ၃ကျပ်

နာကို အရေကျို။ ပြဒါးကို လုံတခုတွင် ထည့်၍ ပူအောင် မီးကင်ထား။ ။နာ အရေဖြစ်လျှင် အောက်ချ။ အရေ ထိပ်တင်းသာလျှင် မီးကင်ထားသော ပြဒါး ၁ကျပ်ကို နာခွက်ထဲသို့ လောင်းထည့်လိုက်လျှင် ပြဒါးသည် နာအတွင်း ဝင်၍ နာတွဲပြဒါးဖြစ်သွား၏။ ထို့နောက် ၎င်းနာတွဲပြဒါး ၄ကျပ်သားကို တဖန်ပြန်၍ အရေကျို။ ပျားရေတွင် တလုံလောင်း။ ၎င်းနောက် ဆေးရွက်ကြီးမှုန့်ရေတွင် တလုံလောင်း။

ဤကဲ့သို့ ပျားရေတွင် ခံရေတလှည့်၊ ဆေးရွက်ကြီးမှုန့်ရေတွင် ခံရေတလှည့်စီ အကြိမ်ပေါင်း (၃၀) ပြည့်အောင် မီးကစား၍ ခံရေလောင်းပါ။

၎င်းနောက် ၎င်းနာတွဲပြဒါး ၄ကျပ်သားကို တဖန် အရေကျို။ ပြဒါး ၈ ပဲသား ထပ်ထည့်၍ ပျားရည်တွင်တလှည့်၊ ဆေးရွက်ကြီးမှုန့်ရေတွင် တလှည့်စီ၊ အကြိမ်ပေါင်း (၃၀) ပြည့်အောင် ခံရေလောင်းရမည်။ ဤကဲ့သို့ နာတွဲပြဒါးကို အရေကျို၍ နောက်ထပ် ပြဒါး ၈ ပဲသား ထည့်တိုင်းထည့်တိုင်း အကြိမ်(၃၀)ပြည့်အောင် ခံရေလောင်း၍ ပြဒါး ၁၂ကျပ် ၈ ပဲသားကို ရသောအခါ ၎င်းပြဒါးကို လုံကြီးကြီးတွင် ထည့်။ အပေါ်က လက်ချားမီးပေါက် ပေါ်ပြည့်သိပ်၍ ထိုးပါ။

၎င်းနောက် သန့်ရှင်းသော လုံတွင် ပြောင်းထည့်။ လုံကို သဲတွင် မြှုပ်။ တလက်မလောက် ဖော်ထား၍ မီးမြှင်းမြှင်း ထိုးပါ။ လက်ချားချော် အောက်သို့ ချောင်ကျသွားလိမ့် မည်။ ချောင်ကျတိုင်း ချောင်ကျတိုင်း လက်ချားမီးပေါက် လုံပြည့်အောင် ပေါက်ထိုး။ ။ မီးသွေး လေးပြည်လောက် ကုန်အောင်ထိုးပါ။

မီးသွေး လေးပြည် ကုန်သောအခါ ရပ်ထား အအေးခံ၍ လုံခွဲ၊ ပြဒါးကို ယူ၊ ချော်ကို အမှုန့်ပြု၍ သိမ်းထားပါ။

ထို့နောက် တဖန် ဟင်းရိုင်း၊ ကန့်၊ စိန်နီ၊ ဆေးဒါန်း၊ ၎င်းဓာတ် ၄ မျိုးကို ဆတူချိန်၍ ရောစပ်၊ အမှုန့်ပြု။ သံပုရာ ရေနှင့် ကြိတ်။ ၄ ပုံ-ပုံ ပထမ တပုံကို လုံစောက်တွင် ထည့်။ ၎င်းအပေါ်က ပြဒါးခဲကို ထည့်။ ပြဒါးခဲအပေါ်က အမှုန့် ပြု၍ သိမ်းထားသော လက်ချားချော်ကို သိပ်၍ ဇော်မံပြီး လျှင် ဖြေးညှင်းစွာ မီးရှန် တနေ့လုံး ထိုးပါ။ အချိန်စေ့လျှင် ရပ်ထား။ အအေးခံ။ လုံကိုခွဲ၍ ပြဒါးခဲကို ယူပါ။

၎င်းနောက် ပြဒါးခဲတွင် မကောင်းသော အညစ်အကြေး များသည် ပြဒါးလုံး၏ အထက်ပိုင်းတွင် တက်နေလိမ့်မည်။ ၎င်းအညစ်အကြေးများကို ခွာပစ်ပါ။

၎င်းနောက် ကျန် ဆေး ၃ ပုံတွင် တပုံကို လုံစောက် တွင် ထည့်။ အပေါ်က ပြဒါးခဲကို ထည့်။ ပြဒါးခဲအပေါ်က စုထားသော လက်ချားချော် သိပ်။ ဇော်မံပြီးလျှင် ရှေးနည်း အတူ မီးရှန် တနေ့လုံး ထိုးပါ။ ။ အချိန်စေ့လျှင် ရပ်ထား။

အအေးခံ။ လုံကို ခွဲ၍ ပြဒါးခဲကို ယူပါ။ ။မကောင်းသော အညစ်အကြေးရှိလျှင်လဲ ခွာပစ်ပါ။

ထိုနည်းတူစွာ ကျန်ဆေး ၂ပုံ ကုန်အောင် တပုံလျှင် တရက်ကျ မီးရှန် ၄ ကြိမ် လေးရက်တိတိထိုးရပါမည်။

လေးကြိမ်လေးရက် ထိုး၍ ဓာတ်ဆေး ကုန်သောအခါ ရှေးဦးစွာစုသိမ်းထားသော လက်ချားချော်နှင့်ပင် ထပ်ခါ ထိုးကပြုံးနိုင်သည်၊ ပြဒါး၏ အခြေအနေကိုကြည့်၍ မီးပြင်း ထိုးရမည်။

၎င်းနောက် (၁၅)လုံလောက် ထိုးလျှင် ပြဒါးခဲသည် ဘော်အရောင်ကဲ့သို့ ဖြူဖွေးလာလိမ့်မည်။ အကယ်၍ ဖြူဖွေးမလာဘဲ အညစ်အကြေးဓာတ်သား ကျန်နေသေးလျှင် ပြဒါးခဲ အောက်ပိုင်းကို ဖြတ်ယူ၍ မစင်ကြယ်သော အပေါ်ပိုင်းကို ပထမချော်နှင့်ပင် ဘော်သားကျအောင်ထိုးပါ။

ထို့နောက် အညစ်အကြေး စင်ကြယ်၍ ဘော်သား ကျသော ပြဒါး (၂)ကျပ် (၈)ပဲသားကို ဖြတ်ယူ၍ မကျည်း မှည့် ၅ ကျပ်၊ ပဖောက်ထုံး ၅ ကျပ်၊ ၎င်း ၃ ပါးကို ရော စပ်၍ လုံတွင်ထည့်၊ ဇော်မံ၊ ဖွဲမီးနှင့်ဖုတ်လျှင် ပြဒါးသည် ပြင်းပျော့လာလိမ့်မည်။ ငရဲမီး ခံ၏။ ငရဲမီးခံလျှင် အဝါ ဆိုးရန် ဖြစ်၏။

**စားလမ်းကား။** ။ကြေးနီ (၁၀)ကို အရေကျို။ ၎င်း ပြဒါးခဲကို ပေါက်၍ထိုး။ မှိုက်လှည့်၍ ရေနံတွင် မံရေပြု ကောင်းပါ။ မှတ်ရေကို ကြည့်၍ ရွှေ အသက်သွင်းရမည်။

**သပြုတိရန်။** ကြေးဝါ ကြေးဖြူကို မထည့်ရ။ ကြေးနီကိုသာ ထည့်ရမည်။

## မိတ္ထီလာ ဆရာဦးထွန်းမြင့်၏
## (၁၀၇) သံဝိဇ္ဇာခိုရိုက်နည်း

| | | |
|---|---|---|
| သံ | ၁ | ကျပ် |
| ဆေးဒန်း | ၅ | ကျပ် |

ဆေးဒန်းကို အမှုန့်ပြု။ သံကို အလယ်က ထား။ ဆေးဒန်းကို အထက်က တဝက် အောက်ကတဝက် အထက်အောက်နှိုး၍ လုံပိတ်၊ ၃ လုံ မီးပြင်းနာနာထိုးရမည်။ ။အအေးခံ။ လုံခွဲ၍ ဓာတ်လုံးယူထား။

ထို့နောက် ပေါက်ရန် ဆေးမှာ–

| | | |
|---|---|---|
| ကန့် | ၁ | ကျပ် |
| လက်ချား | ၁ | ။ |
| စိန်နီမြင်းသွား | ၁ | ။ |
| ဟင်းရိုင်း | ၁ | ။ |
| ဆေးဒန်း | ၁ | ။ |

၎င်း ဆေးငါးမျိုးကို ညက်အောင်ကြိတ်၊ အမှုန့်ပြု၍ သံပုရာရေနှင့် ပျစ်ပျစ်နယ်၍ တဝက်ကို ဖယ်ထား။ ။ တဝက်ကို လက်ချားမီးပေါက်နှင့်ရော၍ လုံအောက်က ခံ၊ အလယ်က သံဓာတ်လုံး ထား။ ဓာတ်လုံးအထက်က ၎င်းဆေးကိုပင် သိပ်၍ လုံပိတ်၊ မီးနာနာချိန်ဆ၍ထိုးပါ။ ၎င်းနောက် အအေးခံ။ လုံပြောင်း၍ အလင်းကိုးပါ။ လုံဖွင့်၍ အလင်းထိုးသောအခါ ပထမက တဝက်ခွဲ ချန်ထားသော

ဆေးဖြင့်ပေါက်၍ ပေါက်၍ ထိုးရမည်။ ပေါက်၍ ဆေးကုန်လျှင် မီးရပ်၍ အအေးခံထား။

၎င်းနောက် မှာတ်လုံးကို လုံပြောင်း၍ အလင်းထိုးပြီးလျှင် ဝက်ဆီ၊ ထောပတ်၊ မြွေပွေးဆီ၊ မြွေဟောက်ဆီတို့တွင် ရရာဆီနှင့် (၇)မီး ထိအောင် အလင်းထိုး၍ ခံရေလောင်းပါလျှင် သံမှာတ်လုံး ပြီးဆုံးခြင်းသို့ ရောက်၏။

**သတိပြုရန်။** ။ မှာတ်လုံးကို ဆီ လောင်းသောအခါ (၇)ကြိမ် မစေ့သေးသော်လည်း အရောင်ဝင်း၍ မှာတ်လုံးအရေ မဖြစ်ဘဲ ကင်းပုံသီးမှည့်ကျ၍ ဆီမှာ လောင်းပြီးလျှင် ရွှေကျွေးသောအခါ ၁ ရွေးကစ၍ (၁၂) ရွေး အထိ ကျွေးပါလေ။ ။၎င်းမှာတ်လုံးကို လိုရာတွင် သုံးကြရာသတည်း။

## (၁၀၈) တနည်း ဆရာဦးထွန်းမြင့်၏ လက်တွေ့စားလမ်း

| | | |
|---|---|---|
| ကျောက်ချဉ် | ၅ | ကျပ် |
| ကန့် | ၅ | ။ |
| ယမ်း | ၅ | ။ |
| ဇဝက်သာ | ၅ | ။ |
| ဟင်းရိုင်း | ၁၀ | ။ |
| နဘော်ကြွယ် | ၁၀ | ။ |

ရင်းဆေးအားလုံးကို ညက်အောင် ထောင်းကြိတ်၍ သံပုရာရေနှင့်စိမ်၍ နေလှမ်း။ ခြောက်သောအခါ လုံးကြီး ကြီးတွင် ထည့်၊ ဇော် ၃ ထပ်မံ၊ ဖွဲ့ ၃တင်းနှင့် ဖုတ်။ ပြာ ကျ၏။

ထို့နောက် ရင်းပြာကို လုံတွင်ထည့်၍ မီးပြင်းထိုးလျှင် ကြေးသတ္တုကို ရရှိပြန်၏။

ရင်း ကြေးသတ္တုနှင့် ဒဘော် ၁ကျပ် ပူးစပ်၍ ထိုးပြန်လျှင် ရွှေအဆင်းကဲ့သို့ ဝါပင်းသော ဘော်ဝါကို ရရှိပြန်၏။

**စားသမ်းကား။** ရင်းဘော်ဝါနှင့် ရွှေကို ဆတူ စပ်၍ ပူးကပ် ထိုးပါ။ ရင်းနောက် လယ်ပုဇွန်ဆီတွင် ခံရေ ၃ မီး လောင်း။ ဝါလစ်ဆီတွင် ၁မီး လောင်း၍ ညာဏ်ရှိတိုင်း သုံးစွဲကြပါကုန်။

## (၁၀၉) ဟနည်း ဆရာဦးထွန်းမြင့်၏ ဒုတ္ထာပြာစားသမ်း

ဒုတ္ထာ ၅ ကျပ်ကို အမှုန့် ညက်အောင် ထောင်း။ သံ ဒယ်အသစ်မှာထည့်၍ မီးမှာ တင်ချက်ပါလျှင် ဒုတ္ထာ ပြာ ကျ၏။ ။ရင်းပြာကို ပြောင်းနှင့်မှုတ်၍မီးပြင်းပြင်းနှင့်ချက်။ မီးပြောင်းနှင့်မှုတ်၍ ပြာကုန်လျှင် သံဒယ်မှာကပ်နေသော ဆေးမှုန့်များကို ဆောက်နှင့်ထိုး၍ ကုန်အောင်ခွာယူ။

ထို့နောက် ဇင်းခွာ၍ရသော ဆေးမှုန့်နှင့် ဘော် ၅ မူးသားကို အထက်အောက်နှိုး၍ လုံပိတ်၊ မီးနာနာထိုးပါလျှင် ဘော်နှံ၍ သေခြင်းသို့ရောက်၏။

ကျပ်သီကြေးက ၅ကျပ်သားကို အရေကျို၊ ဇင်းဘော်နီ ၁မတ်သားကို ပစ်၍ ထိုးပါလျှင် တဖန် ကြေးသေခြင်းသို့ ရောက်ပြန်၏။

ဇင်းကြေးသေ ၅ ကျပ်ကို ပုဇွန်ဆီတွင် ခံရေပြု၍ (၇) ကြိမ် လောင်းလျှင် အညစ်အကြေး စင်သော ကြေးသေကို ရရှိလေသည်။

ဇင်းကြေးသေ ၅ ကျပ်နှင့် ရွှေ ၁ကျပ်ပူးကပ်၍ ရောစပ်ထိုးပါလျှင် ငရဲမီး အစားခံနိုင်သော လက်ဝတ်ရတနာများကို ပြုလုပ်သုံးစွဲနိုင်ကြပါသည်။

## (၁၁၀) တနည်း စားလမ်းချိတ် စီရင်နည်း

| | |
|---|---|
| ကန့် | ၁မတ် |
| ဟင်းရိုင်း | ၁မတ် |
| ရွှေ | ၁မူး |

ဇင်းဆေးသုံးပါးကို အမှုန့်ပြု၍ လုံးထား။ စလယ်ဝင်အိုးသစ်ကွင် မဖောက်ထိုး အပြည့်ထည့်။ အလယ်တွင် လုံးထားသော ဆေးလုံးကို ထည့်၍ အဖုံးပိတ်။ လုံအောင် မြေသာရွက်ပက်၍ ဇော် ၃ ထပ်မံ။ ဖွဲ ၃ တင်းနှင့် မီးဖုတ်လျှင် ချိတ်ဖြစ်၏။

ကြေး ၁ကျပ်ကို အရေကျို။ ရင်းချိတ်က ၁မတ်သား ပစ်ထိုးလျှင် တဖန် ကြေးသေပြန်၏။

ရင်းကြေးသေက ၁ကျပ်သား၊ မီးထိုးခံ ပြဒါးက ၁ကျပ် သား၊ ရင်းခေါက် ၂ ပါးကို ပူးကပ်ရောစပ်၍ ထိုးလျှင် ရွှေ အဆင်းကဲ့သို့ ဝါဝင်းသောခေါက်သားကို ရရှိပြန်၏။ ။ ရင်းခေါက်သားကို ချေ၊ အညစ်အကြေး သန့်ရှင်းအောင် ရေနံ့တွင် ခံရေလောင်း၍ မှတ်ရေကို ကြည့်၍ ရွှေအသက် သွင်း။ ဉာဏ်ယှဉ်၍ အသုံးပြုကြရာသတည်း။

## (၁၁၁) သွတ်ရွှေဝါစားသမ်း စီရင်နည်း

သွတ်ဝါ ၁ကျပ်၊ ငြုပ်စပ်၊ ချိန်မှတ် ဆတူသာ။
ရှောက်ရေနှင့်သာ၊ ရောစပ်ခါ၊ ညက်စွာကြိတ်ချေပါ။
ကြိတ်ချေပြီးက၊ လုံတွင်းချ၊ ထိုးကြမီးနာနာ။
ထိုသည့်နောက်ကို၊ အလင်းကျို၊ မီးကို ဖြေးညှင်းစွာ။
သစ်ပုတ်ခေါက်တွင်၊ မွှေရလျှင်၊ သွင်းလျှင်အုန်းရေမှာ။
အုန်းရေမှာသွင်း၊ ပြီးတုံလျှင်း၊ ရောင်ဆင်း (၈)မူးဝါ။
အလှူပေးရာ ငါ့ကိုသာ၊ ဝေပါ အမျှသာ။ ။

ထိုကဗျာ၏ ဒိဋ္ဌမှတ်ဖွယ်ရာ အဓိပ္ပာယ်မှာ။ ။သွတ်ရွှေဝါ ၁ကျပ်သားကို တဇဉ်းစာချ၍ အမှုန့်ပြု။ ရွှေအပ် ငြုပ်သီး ၁ကျပ်သား၊ ရင်းနှစ်ပါးကို ရှောက်ရေနှင့်ဖျန်း၍ ညက် အောင်ကြိတ်၊ နေလှမ်း။ ခြောက်လျှင် တဖန် ပြန်ကြိတ်၍

လုံမှာသွင်း၊ ဇော် သုံးထပ်မံ၍ မီးပြင်းနာနာထိုး။ အလိုချမ်းအအေးခံ။ လုံခွဲ၍ ယူလျှင် အခိုးငြိမ်းသော သွတ်ဝါကို ရရှိလိမ့်မည်။ ထို့နောက် ၎င်းအခိုးငြိမ်းပြီးသွတ်ကို အလင်းကျို။ အရေလင်သောအခါ သစ်ပုတ်မြစ် အခေါက်နှင့်မွှေ၍မွှေ၍ ထိုး ခံရေမှာ အုန်းရေတွင် လောင်း၍ လောင်း၍ အရောင်အသွေး မတက်မခြင်း သစ်ပုတ်မြစ် အခေါက်နှင့်မွှေ။ အုန်းရေတွင် ခံရေ လောင်း၍လောင်း၍ ထိုးပါလျှင် (၈)မူးရေစွဲသော ဓာတ်သားကို ရရှိပေလတ္တံ့။ ။ လောဘမကြီးပဲ အခေါက်ရွှေ အသက်သွင်း၍ ဉာဏ်ယှဉ်ကာ သုံးစွဲကြရာသတည်း။

အလှူလည်းပေး၊ စားဘို့လည်းလုပ်၊ ငါ့ကိုလည်း အမျှဝေပါဟု နည်းပေးသော ဆရာက မှာထား ညွှန်ကြားထားသည်ကို ကျွန်ုပ် တွေ့ရပါသည်။

**ဆရာဦးထွန်းမြင့်၏**

## (၁၁၂) စိန်သတ္တုဘမ်းနည်း

စိန်ပန်းကြီးမြစ်ကို သွေး၍ လုံအတွင်းမှာ စနေနေ့ကစ၍ (၇)ရက်ဘုတ်၍ (၇)ရက် နေလှမ်း။ ၎င်းနောက် စိန်ကို လုံတွင်းမှာ ထည့်။ လုံကို ဇော် ၃ထပ်မံ၍ ဖွဲမီး စိုက်။

တလုံ ဖွဲမီး စိုက်သောအခါ ၎င်းစိန်သတ္တုကို အလင်းထိုးလျှင် လိုရာကို အသုံးပြုနိုင်သော စိန်သတ္တု ပြဒါးလုံးကို ရရှိနိုင်ပါသည်။

## ဓာတ်ဆရာ ဦးထွန်းမြင့်၏

## (၁၁၃) လက်တွေ့ ဘော်ဝါစားယမ်း

သ-သု-ကန့်-ဂန္ဓ၊ လက်·ယမ်း-ဇဝက်သာ

ချိန်လျက် အမျှသာ။

ပုဂံမှာချေ၊ မီးမှာမွှေ၊ အရေ ရရှိသာ။

အခိုးတောက်ဆဲ၊ ပြာရောက်မြဲ၊ ကြုတ်ထဲထည့်လိုက်ပါ။

လုံတွင် အံပိတ်၊ ဖွဲ့တစိပ်၊ တညသိပ်ဖို့ရာ။

ပြီးလျှင်နုတ်ယူ၊ တပဲယူ၊ ဘော် ၁ကျပ်တွင်၊ ပစ်လိုက်လျှင်။

ပြီးလျှင်ခန၊ သုဝဏ္ဏ၊ အများသုံးဘို့ရာ။ ။

ဤဆေးကဗျာ၏ သိမှတ်ဖွယ်ရာ အဓိပ္ပာယ်မှာ။ ။

| | |
|---|---|
| သွတ်ရွှေဝါ | ၁ကျပ် |
| သွတ်ခွက်ဖြူ | ၁ကျပ် |
| လကျ်ာကန့် | ၁ကျပ် |
| ကန့်တိုက်ဝါ | ၁ကျပ် |
| လက်ချား | ၁ကျပ် |
| ယမ်း | ၁ကျပ် |
| ဇဝက်သာ | ၁ကျပ် |

ဓာတ်ဆေး ၇ ပါးတို့တွင် လကျ်ာကန့်၊ ကန့်ဝါ၊ လက်ချား၊ ယမ်း၊ ဇဝက်သာ၊ ဤဆေးငါးပါးအမှုန့်ကြိတ်၍ ပုဂံ တလုံးတွင် ထည့်ထား။

ရင်းနောက် သွတ်ရွှေဝါနှင့် သွတ်ခွက်ဖြူ နှစ်ပါးကို လုံ ကြီးကြီးနှင့် အရေကျို။ သွတ် အရေ ကြည်လာသောအခါ ပုဂံ၌ ထည့်ထားသော ဆေးမှုန့်ကို ကြေးဇွန်းဖြင့် ယူ၍ သွတ် အရေထဲသို့ဝင်အောင် ထည့်ပေးရမည်။ မီးကို မြှင်းမြှင်းတိုး၍ ဆေးမကုန်မချင်း သွတ်ထိုးသော လုံအတွင်းသို့ ဆေးမှုန့် ကုန်အောင် ထည့်၍ ထည့်၍ ပေါက်ထိုး။ ဆေးမှုန့်ကုန်လျှင် ဖိုကို ရပ်။ အလိုချမ်း အအေးခံ။ ပြာကျ၏။

လုံခွဲ၍ ရင်းပြာကို လုံသစ်မှာထည့်။ အလုံပိတ်။ ဇော် ၃ ထပ်မံ၍ ဖွဲ့ကစိပ်ကုန်အောင် တည့်မီးဖုတ်လျှင် နောက်ထပ် တဖန် ပြာနုကို ရပြန်၏။ ။ဇော် ၁ ကျပ်ကို အရေကျို။ ရင်းပြာနုက တပဲသားကို ထည့်ပေါက်၍ ထိုးပါလျှင် တခဏ ခြင်းပင် သုဝဏ္ဏမမှုစစ် ရွှေအစစ်ဖြစ်လတ္တံ့ဟု ဆေးစာ ကဗျာ၏ အဓိပ္ပာယ် ဆိုလိုရင်းကို အကျဉ်းချုံး၍ သိမှတ်ရန် ဖော်ပြလိုက်ပါသတည်း။

(မှတ်ချက်) ဆေးမှုန့်ပေါက်၍ ထိုးတိုင်း ထိုးတိုင်း မွှေ၍ ပေးပါ။ သို့မှသာ ဓာတ်ချင်းမီးထက်ဖြစ်၍ ပြာရောက်လွယ် မည်။ မီးကိုသတိပြု၍ မလိုအောင် ညဏ်ဖြင့်စီရင်ကြပါကုန်။

## (၁၁၄) ဝိဇ္ဇာဓရမဆေးကျမ်းလာ မူလနှင့် သံသတ်နည်း

ချဉ်၊ ရေဇပုံသံ တခုခုရာကို အမှုန့်ထောင်း၍ အဝတ် နှင့် ယုပ်ထား။

ဂုဏ်းနောက် မုတ် ၅ ပါး၊ မြန်မာကြောင်ပန်း၊ ကုလားကြောင်ပန်း၊ တောပင်စိမ်း ဤဆေး အားလုံးကို ဆုံဘွင် ညက်အောင်ထောင်း။ အမှုန့်ပြု။ ။အရေမထွက်လျှင် ရေ အနည်းငယ် ထည့်၍ မွှေပေး။ ဂုဏ်းဆေးရေတွင် ယခင် အဝတ်နှင့် ထုပ်ထားသော သံကို ၇-ရက်စေ့အောင် စိမ်။ ဆေးရေတွင် စိမ်၍ ၇-ရက်စေ့သောအခါ ရှားစောင်း လက် ဝါးနှင့် ရှားစောင်းစေး ရော၍ကြိတ်။ ဆေးစိမ်ပြီးသော သံကို အလယ်ကဆား။ ဂုဏ်းဆေးကို အထက်အောက်ခံ၍ ထိုး။ ခံရေမှာ ပဌမ သံစိမ်ထားသော ဆေးရေတွင် လောင်း၍ လောင်း၍ လုံပေါင်း (၃၀) ပြည့်အောင် ထိုးလျှင် သံသည် နိ၍ သေခြင်းသို့ ရောက်၏။

သံသေလျှင် တပြေ၀ ဆိုသည့်အတိုင်း ဂုဏ်း သံသေဖြင့် မိမိတို့ကြိုက်လမ်းကို ပြုလုပ်ကြကုန်ရာသတည်း။

## (၁၁၅) တနည်း သံကို မူလနှင့် သတ်နည်း၊

ရှားစောင်းလက်ပတ်မြစ်
ဆပ်သွားမြစ်
ရှားစောင်းလက်ပတ်နှစ်
ရှားစောင်းကြီးပင်လုံး

ဤဆေးလေးမျိုး ညက်အောင် ကြိတ်။ သို့မဟုတ် ညက် အောင် ထောင်း အမှုန့်ပြု။ အရေမရှိလျှင် အနည်းငယ် ထည့်ပါ။

ချသံ၊ တောင်ပွဲသံ၊ ရေဇယ်သံ ရရာကို ထုချေ၍ အမှုန့်ပြု။ အဝတ်နှင့် ထုပ်။ ဆေးရေတွင် ၇ ရက်စိမ်။ ။ဆေးစိမ်၍ ၇-ရက်စေ့သောအခါ သံကိုယူ၍ လုံတွင်ထည့်။ မီးပြင်းပြင်း ထိုး။ ခံရေမှာ စိမ်သည့် ဆေးရေမှာပင် လောင်းပါလေ။ သံသည် ဘော်ရောင်ကဲ့သို့ ဖြူဖွေး၍ သေခြင်းသို့ ရောက်၏။ ပျဉ်း၏။

ပြောင်စေလိုသော် လဗိုင်ဆီ၊ ဝက်ဆီမှာ ၃ မီးသွန်လျှင် ပြောင်၏။

## (၁၁၆) သံခေတ်မကျသော် သံခေတ်ကျဆေ ကား

ရှားစောင်းစေး

ညောဝ်စေး

မဟော်ရာကြီး

ဤဆေးသုံးမျိုးကို ဆတူချိန်၍ ဘမအောဝ် ရောကြိတ်။ အလုံးသေးသေးလုံး၍ နေမှာလှမ်း။ အချို့ကို ပုန်းရေနှင့် ဖျော်၍ ခံရေလုပ်ရန် ခွက်နှင့်ထည့်ထား။ ။သံကို လုံတွင် ထည့်၍ အရေကျို။ ဆေးလုံးကလေးဖြင့် ပေါက်၍ ပေါက်၍ ထိုး။ ဆေး ပါက်တိုင်း ပေါက်တိုင်း မှုတ်ပေး။ ။ဆေးနှင့် ပုန်းရေရောစပ်ထားသော ခံရေတွင် ကြိမ် ၃ မီး လောင်းလျှင် သံခေတ်ကျတော့၏။

ဤသံသေကို ပြုဒါး အရေအခဲတို့နှင့် တွဲ၍ ခေတ်ချုပ်၊ မူလချုပ် ၂ မျိုး ကြိုက်ရာစီရင်ကြလေ။ ။သို့မဟုတ် ထွက်ရပ်စီရင်နည်းတွေ့လျှင်လည်း စီရင်ကြပါလေ။ ။ သံမူလသေ မှန်၏။

## (၁၁၇) ဆေးဒန်းရွှေဝါချိတ် စီရင်နည်း

| | |
|---|---|
| ဇင့်နီအရက်ကောင်းကောင်း | ၆၀ |
| ပျားရည် | ၆၀ |
| သံပုရာရည် | ၆၀ |
| ရှောက်ရည် | ၆၀ |
| ဆေးဒန်းရွှေဝါ | ၆၀ |

ဝှင်းဆေး ငါးမျိုးတွင် ဆေးဒန်းရွှေဝါကို အမှုန့်ပြု၍ အရက်၊ ပျားရည်၊ သံပုရာရည်၊ ရှောက်ရည်တို့နှင့် သမအောင် စရနယ်၍ အိုးစောက်ကွင်ထည့်၊ အလုံပိတ်၊ မြေသရွတ်မံ၊ ဖွဲခြောက်တစ်းနှင့် မီးဖုတ်၊ အလိုချမ်း အအေးခံ၍ အိုးခွဲယူလျှင် ဆေးဒန်းချိတ်ကို ရရှိ၏။ ကြေး ၁ဝ ကိုအရေကျို။ ဝှင်းချိတ်က ၁မူးပစ်၍ ထိုးလျှင် သုံးစားရ၏။ ၂ဝ ကဲမှာ စပ်လျှင် ၂၅ကျပ်ကဲ ထွက်၏။

## (၁၁၈) သွတ်ပြာရိုက်၍ လက်ျာစားထမ်း စီရင်နည်း

သွတ် ၅ကျပ်

နန္ဒင်းစိမ်း ၅ကျပ်

သွတ် ၅ကျပ်ကို တဇဦးစာ ချ၍ နန္ဒင်းစိမ်း ၅ကျပ်နှင့် ဆေးကြိတ်သကဲ့သို့ သမအောင် ရော၍တော။ ။၎င်းနောက် နန္ဒင်းစိမ်း ၅ကျပ်နှင့်ပင် မြေစေးနှင့် ရော၍ သမအောင် ကြိတ်၍ လုံးလုပ်။ ။နန္ဒင်းနှင့် ရောထားသော သွတ်ကို လုံးမှာ ထည့်။ အဖုံးပိတ်၊ ဇော်မံ၊ ဖွဲ ၂တောင်းနှင့် ဖုတ်။ ကျွမ်းလျှင် ထပ်၍ ရှေးနည်းအတိုင်း ၃ ကြိမ်စေ့အောင် ပြန်၍ဖုတ်ပါ။

ထို့နောက် ဒုတိယတဖန် ဖုတ်ထားသော သွတ်ကိုပင် ကြက်သွန်နီ ၅ကျပ်နှင့် ရော၍ ကြိတ်ပြီးလျှင် မြေစေးနှင့် ကြက်သွန်နီ ၅ကျပ်ကို ရော၍ သမအောင် ကြိတ်၍ လုံးလုပ်ပါ။ ၎င်းလုံးတွင် ကြိတ်ထားသော သွတ်ကို ထည့်။ အဖုံးပိတ်၊ ဇော်မံ၊ ဖွဲ ၂ တောင်းနှင့် မီးဖုတ်။ ကျွမ်းလျှင် ထပ်၍ ၎င်းနည်းအတိုင်း ၃ကြိမ်စေ့အောင် ပြန်၍မီးဖုတ်ပါ။

၎င်းနောက် တတိယတဖန် ဖွဲမီးဖြင့် ၆ကြိမ် ဖုတ်ပြီးသောသွတ်ကို လုံးသစ်တွင် ထည့်ပြန်၍ လုံပိတ် ထိုးပါလျှင် ပြာနှံ ဆိုက်တော့၏။

၎င်းပြာနှံကို ပျားရည်နှင့်တောပြီးလျှင် ပြာက ၁ကျပ်သား၊ ကြေးနီ ၅ကျပ်သားနှင့် ပူးကပ် ရောစပ်၍ ထိုးပြန်လျှင် ရွှေဖြစ်သွားပြန်၏။

ငှင်းနောက် စတုတ္ထတဖန် ငှင်းချော်က ၁ကျပ်သား၊ ဘော် ၅ကျပ်သားနှင့် ပူးကပ် ရောစပ်၍ လုံပိတ် ထိုးပါ လျှင် သုဝဏ္ဏ ရွှေရောင် ဝင်းဝင်းပြောင် တောက်ပသော ဘော်ဝါခါတ်သားကို ရရှိပေလတ္တံ့။

ငှင်းနောက် ပဉ္စမတဖန် ငှင်းကြေးချော်ကို ညက်အောင် ကြိတ်၍ ပျားရည်နှင့် စေပြီးလျှင် လုံသစ် အတွင်းက နှံ့ အောင် သုတ်။ သွတ်ဖြူကို ငှင်းလုံတွင် ထည့်၍ လုံပိတ် ထိုးပြန်လျှင် အခိုးငြိမ်းသော သွတ်သေကို နောက်ထပ် တဖန် ရရှိပြန်တော့၏။

ငှင်းသွတ်သေက ၁မူးသား၊ ရွှေက ၁မူးသားနှင့် ပူးကပ် ရောစပ်၍ လုံပိတ် မီးနာနာ ထိုးပြန်လျှင် ရွှေ ပြာကျသွားပြန် တော့၏။

ငှင်းရွှေပြာက ၄ပဲသား၊ နာက ၁၀ သားနှင့် ပူးကပ် ပစ်ခတ်၍ ထိုးပြန်လျှင် နာရဏီရွှေအစစ် ဖြစ်သွားတော့၏ဟု ငှင်းနည်း မှတ်တမ်းစာမူတွင် တွေ့ရှိရပါသည်။

(မှတ်ချက်) 'ကောင်ဝှေးကြီးနဲ့ရသော့ရယ်၊ သွတ်ကိုသေရင် စားမကုန်ဘူး' ဟု ဆိုသောစကား၊ သွတ်သေ ရွှေဖြစ် ဆိုသော စကားများသည် ဤလုပ်ထုံးကို ရည်၍ ဆိုသော စကားများဟု ယူဆရန် ဖြစ်ပါသည်။

....o....

## (၁၁၉) ထွက်ရပ်လမ်း ပြဒါးခဲ စီရင်နည်း

| | |
|---|---|
| ဒုတ္ထာ | ၁ဝိ |
| ပြဒါး | ၁ဝိ |

၎င်းနှစ်ပါးတွင် ဒုတ္ထာကို ညက်အောင် အမှုန့်ထောင်း၊ သံဒယ်မှာထည့်။ ပြဒါးနှင့်ရော၍ နေပူတွင် လှမ်း။ သံတူနှင့် မွှေပေး။ နေလှမ်း၍ သံတူနှင့် တနေကုန်အောင် မွှေပေးပါလျှင် ပြဒါးသေ၏။

ထို့နောက် ၎င်းပြဒါး၊ ဒုတ္ထာ တွဲထားသော ဒယ်တွင် ရေထည့်၍ နေရိပ်ထဲတွင် မွှေပေး။ ။မွှေတိုင်း မွှေတိုင်း ရေနောက်ထွက်လျှင် သွန်၍ပစ်။ ။မွှေ၍ ရေနောက်ကုန်လျှင် တန့်။ ပြဒါးအခဲကို ရရှိလိမ့်မည်။

အကယ်၍ အခဲ မရဘဲ ပြေ့ပြေ့ရှိခဲ့သော် ၎င်းပြဒါးကို အဝတ်နှင့် ထုပ်၊ မဲဇလီရွက်နှင့် ပွတ်လျှင် အခဲအမာကို ရရှိမည်။

၎င်းအမာပြဒါးခဲကို ပဒိုင်းသီးတွင် ထည့်၍ ပဒိုင်းသီးကျွမ်းရုံ မီးအုံးရမည်။ ။သို့မဟုတ် ဖွဲမီး မြှင်းမြှင်းဖြင့် ပဒိုင်းသီး အလုံး(၃၀)စေ့အောင် မီးအုံးရမည်။ မီးအုံးခြင်း ပဒိုင်းသီး အလုံး(၃၀) စေ့သောအခါ ပြဒါးခဲသည် ပို၍ မာလာမည်။

| | | |
|---|---|---|
| ထို့နောက် | ဆား | ၂ကျပ် |
| | ဇာဒိပ္ဖိုလ်သီး | ၂ကျပ် |
| | ဆေးဒန်း | ၂ကျပ် |

ငှင်းဆေး ၃ ပါးကို ညက်အောင် ထောင်း။ လုံစေ့က်တွင် ထည့်၍ အရေသွက်သွက် ပျော်လာအောင် မီးနာနာ တိုး။ အရေသွက်လာလျှင် ပဒိုင်းသီးနှင့် မီးဖုတ်ထားသော ပြဒါးခဲ ကို ထည့်လိုက်ပါ။ ပြဒါးငုပ်၍ သွားလိမ့်မည်။ မီးအနည်းငယ် ဆက်၍ ထိုးပြီးလျှင် လုံကို ချ၍ အလိုချမ်း။ အအေးခံ။ အေးလျှင် လုံခွဲ၍ကြည့်။ ငှင်းပြဒါးအခဲသည် ငှင်းခဲတော်တို့၏ အလယ်၌ ပြဒါး အလုံးလိုက် ကည်မှိုနေသည်ကို တွေ့ရလိမ့် မည်။

ငှင်းပြဒါးလုံးကို ငှင်းဆေး ၃ ပါးနှင့်ဝင် (၁၂)ကြိမ် တိတိ မီးထိုးပါလျှင် မီးရပ်တော့၏။

**အကျိုးကား။** ။ဝေး၊ လှုံ၊ သေနက်။ သစ်ချွန်၊ ဝါးချွန် စသော အန္တရာယ် လက်နက်ဘေးမှ ကင်းဝေးအောင် ခံ၍ ကာကွယ်နိုင်၏။

ထို့နောက်တဖန် တဆင့်စီရင်ရန်မှာ။ ။ငှင်းပြဒါးလုံးကို ပဒိုင်းသီးတွင် ထည့်၍ ပဒိုင်းသီး အလုံးတထောင် ပြည့်အောင် မီးအုံးရမည်။ ။မီးအုံး၍ အလုံးတထောင် စေ့သောအခါ–

| | |
|---|---|
| ဆား | ၂ကျပ် |
| ဇာဒိပ္ပိုလ်သီး | ၂ကျပ် |
| ဆေးဒန်း | ၂ကျပ် |

ငှင်းဆေး ၃ပါးကို အထက်က ဖော်ပြခဲ့သည့် အတိုင်း အရေ သွက်အောင် ချက်၍ အရေသွက်လာသောအခါ ပဒိုင်း

သီး တထောင်ဖြင့် မီးဖုတ်ပြီးထားသော ပြဒါးကို ပစ်ထည့်လိုက်ပါ။

ပြဒါးလုံး ငုံ့ပ်၍ သွားလိမ့်မည်။ မီးအနည်းငယ် ဆက်၍ ထိုးပြီးလျှင် လုံကို ချ၍ အအေးခံ။ အေးလျှင် လုံခွဲယူလျှင် ရှင်းပြဒါးလုံးသည် ရှင်းတို့၏ ခေတ်အလယ်၌ အလုံးလိုက် တည်နေသည်ကို တွေ့ရလိမ့်မည်။

ထို့နောက်တဖန် ဆက်၍ ပြုသုပ်ရန်မှာ ရှင်း ဆား-ဇာဒိပ်ဖိုလ်-ဆေးဒန်း၊ ဤဆေး (၃)မျိုးနှင့်ပင် လုံပေါင်း တထောင်စေ့အောင် မီးထိုးပါလေ။ ဤဆေး ၃ ပါးဖြင့် ပြဒါးလုံးကို လုံတထောင် မီးရအောင် ထိုးပြီးသောအခါ ပျားရေ၊ ထောပတ်တွင် စိမ်၍ သောက်လျှင် အနာရောဂါ ကင်း၏။

ရှင်း ဖော်ပြခဲ့ပြီးသော ဆေး ၃ ပါး ပဒိုင်းသီးတို့ဖြင့် အထက်က ဆိုခဲ့သော နည်းအတိုင်း မီးပေါင်း တထောင် ရှစ်ရာစေ့အောင် ပြုလုပ်စီရင်နိုင်ပါလျှင် ပယဝီသိဒ္ဓိ၊ ဥဒက သိဒ္ဓိ၊ အန္တလောမသိဒ္ဓိ၊ မနောမယသိဒ္ဓိ တို့သည် ပြည့်စုံအောင်မြင်ခြင်းသို့ ရောက်ကြပေကုန်လတ္တံ့။

ဤပြဒါးလုံးကို ဆိတ်နို့၊ နွားနို့၊ ထောပတ်၊ ငှက်သိုက် အုံဖတ်ကိုယှဉ်တွင် စိမ်၍ စားသော် အသက်အတိုင်း ရှည်ကြောင်းကို ကပ္ပာလက်ာရကျမ်း၌ အဆို ရှိပါသည်။ စင်ကြယ်စွာ - သီလကို ဆောက်တည်၍ မေတ္တာဘာဝနာကိုလည်း ပွားများအားထုတ်၍ ပြုလုပ်စီရင်ကြပါကုန်။

## (၁၂၀) ဆားရေရှက်၍ ပြဒါးဘမ်းနည်း

ရွှေစွန်ညို-ဘာကိုလိုလို့ ဝဲရတယ်။
နောက်ဆုံးမွေး-မဖွေးကို လိုလို့ ဝဲရတယ်။
ဒွေးအသား-ခါးတယ် ခါးတယ်၊ ပင်လယ်ရေနဲ့
ဆေးပါမယ်။

ဤကဗျာ၏ သိမှတ်ဖွယ်ရာ အဓိပ္ပာယ်မှာ။ ။ငံပြာရည်ကို အိုးမှာထည့်၍ မီးဖိုမှာ တင်၊ မီးအေးအေးနှင့် ချက်။ လိုသလောက် ပြဒါးကို ၎င်းငံပြာရည်အိုးတွင် ထည့်။ ငံပြာရည်ကို ခန်းအောင် ကျိုရမည်။ ငံပြာရည် ခန်းခါနီးတွင် ငံပြာရည်ကို ထပ်၍ ထပ်၍ထည့်။ မီးမပြတ်စေဘဲ ချက်လျှင် ငံပြာရည် ခန်းသွားလိမ့်မည်။ အိုးကို မီးဖိုမှချ၍ အအေးခံ။ ဆားပွင့်သာစုလျက် ကျန်လိမ့်မည်။ ၎င်းဆားကို ခွာ၍ ကြည့်လျှင် ဆားအောက်က ဘော်သားကဲ့သို့ ဖြူစင် သန့်ရှင်း၍ မာသော ပြဒါးခဲကို ရရှိလိမ့်မည်။ ၎င်း ပြဒါးခဲကို ဉာဏ်နှင့်ယှဉ်၍ အလိုရှိရာ ပြုလုပ်စီရင်နိုင်ကြပါသည်။

## (၁၂၁) မူလပြဒါးဘမ်း၍ စားလမ်း စီရင်နည်း

| | |
|---|---|
| ဆီဒီးတောက်အဖြူ | ၁ကျပ် |
| စင်ကြယ်သောပြဒါး | ၁ကျပ် |

ဇင်းခေါက် ၂ ပါးကို ပျားရည်နှင့် ရောစပ်၍ ညက်အောင် ကြိတ်။ ။လုံးခေါက်ရှည်ရှည်တွင် ထည့်။ အဖုံးပိတ်၊ အခေါက် တထပ် မြေစေးတထပ် ရစ်ပတ်၍ ဇော်ထူထူမှ်။ အခြောက် လှမ်း။ ဖွဲမီးတွင် ထည့်၍ တည မီးဖုတ်လျှင် ပြဒါးသည် ပြင်းပြော့ခဲ၍ သေခြင်းသို့ရောက်၏။ ဒန်(၁၀)ကို အရေကျို။ ဇင်းပြဒါးသေကို ပစ်၍ ထိုးလျှင် ဘော်ဖြစ်၏။

ထိုမှတပါး ဇင်းပြဒါးအခဲကို တက်လမ်း အမျိုးမျိုးတွင် မိမိတို့နှစ်သက်သော လမ်းတွင်လည်း အလိုရှိသလို စီရင်နိုင် ပါသည်။

## (၁၂၂) တို့ပြင် ပြဒါးလုံးကို ထွက်ရပ်လမ်း စီရင်နည်း

မီးနေ မီးရ ပြဒါးကို ထွက်ရပ်လမ်း စီရင်နည်းကား– မီးနေ မီးရ ပြဒါးကို ပဒိုင်းသီးတွင် ထည့်၍ မီးအုံးရမည်။ ဤကဲ့သို့ မီးအုံး၍ ပဒိုင်းသီး အလုံး ၁၀၀ စေ့လျှင် ပြဒါး လုံးသည် အလွန်မာ၍ သွား၏။

ပေပေါ်တွင် တင်၍ ထုခြေသော်လည်း ပေသော်ကား ဝင်ရာ၏။ ပြဒါးခဲ မဝင်နိုင်ပြီ။ ပြော့ခြင်း ကွဲခြင်း မဖြစ်နိုင်။

ထို့နောက် ပဒိုင်းပဉ္စငါးပါးနှင့် တနေ့ပွတ်။ ထို့နောက် ရေကဇွန်းနှင့် တနေ့ပွတ်။ ထို့နောက် နနွင်းနှင့် တနေ့ပွတ်။ ဤကဲ့သို့ ၃နေ့ ၃ရက် ၃ည ပွတ်၍ ပြီးသောအခါ ပြဒါး လုံးသည် အရောင် ၄ ပါးနှင့် ပြည့်စုံလာလိမ့်မည်။

ထို့နောက် သုံးနှစ်စေ့သော ရေအိမ်တွင် သို့မဟုတ် သုံးနှစ်ကြာသော ကုဋ္ဌိတွင် ၎င်း ပြဒါးလုံးကို ခုလစိမ်၍ ထားပါလျှင် အနုလောမသိဒ္ဓိ ပြီး၏။ သေလျှင် ဝင်းဝင်း တောက်၏။ အာပေါ်သို့ တက်၍လာ၏။ ။ကောင်းစွာ ယူ၍ မနောသိဒ္ဓိတင်။ အမွှေးအကြိုင် နံ့သာနှင့် စိမ်၍ ထားရမည်။ သွက်ရပ်ကိစ္စ ပြီးလေတော့၏။

ခဝဲလေးပါးကို အရေကျို။ အရေလင်ရာတွင် တို့လျှင် အပြီးတိုင် အောင်မြင်၏။ ပျားရေနှင့် စိမ်၍ သောက်လျှင် ဆ နု ဓုတိ အနာရောဂါမရှိ ကင်းစင်၏။ ။နွားနို့နှင့်စိမ်၍ သောက်သော် ခွန်အားဗလ ကြီးမား၏။ နံ့သာနှင့် စိမ်၍ လိမ်းရသော် နတ်သားကဲ့သို့ ထင်၏။

ရေစိမ်၍ သောက်ရသော် မအို မသေနိုင်။ သူတပါးတို့၌ လည်း သေသောသူကို ရေစိမ်၍ ဖျန်းရသော် ရှင်၏။ အနာ ရှိသော သူကို ရေစိမ်၍တိုက်သော် ပျောက်၏။ ။အရုပ်မျိုးစုံ လုပ်ပြီးလျှင် ရေစိမ်၍ ပက်ရသော် ထ၍ ရှင်၏။ ငုံသော် ပျံနိုင်၏။ ဤကား သုတပြဒါး ထွက်ရပ်တည်း။ တပသီ ဝိဇ္ဇာ မိုရ် ဖြစ်၏။

## (၁၂၃) ဒီဿာယုလမ်း

ပညာတန်ခိုးအောင်၊ ဆီမီးရောင်ဖြင့်၊ အမောင်တပည့်၊ ကြည့်ရှုဝမ်းထဲ၊ အမှတ်စွဲမှု၊ ကသိုဏ်းရှုလော။

လူမှုသောချာ၊ ပြုလိုပါက၊ ဘင်ပြာမရကာ။ ရသည့်စိန်ဖြူ၊ ဦးနှောက်ယူလော၊ လေးတူဘင်ပြာ၊ ထိုပြီးကူမှ၊ ပါရမီမှုန့်၊ အမှုန့်ပြု၍၊ လုံမှာလည့်သွင်း၊ မီးပြင်းနှင့်တိုက်၊ ကင်းပုံဆိုက်မှ၊ ပြာကျဘိ၏။ ဥပရိဆင့်ဖြန့်၊ တတန့်ပြာက၊ ၁ကျပ်မျှကို၊ ၅ဆရုပ်စင်၊ ထိုနည်းဆင်၍၊ စီရင်လေက၊ ယိုပြာကျ၏။ သုဘလေးတူ၊ လုံကိုယူ၍၊ ထို့တူရင်း၊ ညက်ကြောင်း ထွားထွား၊ ထိုကားကာယသို့၊ စားလိုဘိမူ၊ မစူရနှင့်၊ ချိမျှရသာ၊ သကာသကြား၊ စိမ်၍ထား၊ စားပါလတ်သော်၊ ၄ လကျော်လျှင်၊ ကြီးပေါ်အာယုဝဏ္ဏ၊ ထိုကအပြီး၊ ဆဝ်ဆယ်စီးအား၊ တုဖက်ရှားလိမ့်၊ ငါးပဲယောကျ်ား၊ ကြိမ်းဝါးလေမောင်၊ လက်ရုံးထောင်တော့၊ တောင်မြင်းမိုရ်အောက်၊ မြန်စွာရောက်၍၊ ထက်အောက်စကြဝဠာ၊ သွားနိုင်ပါ၏။ ထက်မှာ စားလမ်း၊ ဒါနခန်းမှာ၊ လှူဒါန်းပေး၍၊ သက်မွေးကိုယ်ဝယ်၊ ဘင် ၁ဝိတွင်၊ တရွေးဝင်က၊ ဘော်မှန်ကြသည်၊ ကောင်းစွာ ဇေယျ လမ်းမှီတည်း။

## အစိပ္ပာယ်ကား

စိန်ဖြူ ဦးနှောက် တဆလျှပ် ဘင်ပြာ လေးဆနှင့် ရော၍ အမှုန့်ပြုပြီး လုံတွင်ထည့်။ မီးပြင်းတိုက်။ အားလုံး ပြာကျ၏။ ၎င်းပြာ ၁ကျပ်ကို ယူပြီး သွတ် ၅ဆနှင့် ရော၍ လုံတွင်ထည့်။ မီးပြင်းတိုက်။ ထုံပြာကျ၏။ ၎င်းထုံပြာတရွေးလျှင် ရွှေ၄စေ့ရွေးနှင့် ဖျော်ပြီး ပျားရည်နှင့် တေစားလေ။

## (၁၂၄) သတ္တုကွတ္တုံ လက်ဝဲလက်ျာ ပြာလမ်း

စိန်၊ ဆေးဒန်း၊ ကန့်၊ ဇဝက်သာ။

ဒုတ္ထာ၊ ဟင်းရိုင်း၊ လက်ချား။

၎င်းကို အမျှုပြု၍ သံပုရာရည်နှင့် ကြိတ်။ စိန်၊ လက်ချား နှစ်ပါးနှင့် ချုပ်၍ဘမ်းလေ။ သတ္တုရ၏။ ၎င်း သတ္တု ၁ကျပ် ဂွတ်နှင့်ရောကျိုလေ။ အရေလင်မှ သုတ ဒေါ်သစင်စဝ် ၁ကျပ် သွင်း။ လုံအေးတွင်သွင်း။ ဇော်သုံးထပ်မံ။ ၁၇ရက် မီးစိုက်။ ပြာကျ၏။ ၎င်းပြာကို ထားဦး။ ဘော် ၁ကျပ်ကို ရွှေတ်ကောင်း ၅ကျပ်နှင့် ၅လုံထိုး။ ဇဝက်သာ ၅ကျပ်နှင့် ၅လုံ ထိုး။ ပြီးလျှင် ဆေးဒန်း၊ ကန့်၊ ဟင်းရိုင်း။ ဒုတ္ထာ ၁ ကျပ်စီ၎င်း ၄ကျပ်နှင့် ဘော် ၁ကျပ်ကို အပိတ် တလုံ နာနာ ထိုးပြီးလျှင် အထက်ပြာနှင့် လေးဘုထိုး။ ပြာကျ၏။ ၎င်းပြာ လေးရွေးကို ဘဝ် ၁ဝိတ္တင်ပစ်။ ဘော်ဖြစ်၏။ ၎င်းဘော်မှာ ဒန် ၁မူးသွင်း၍ မှုတ် ရုပ်ပေါ်၏။ တဖန် တက်လိုသော် ၎င်းဘော်ပြာ ၁ကျပ်ကို ယူ။ သုတကောင်းကောင်းမှာ သွင်း။ ဖွဲမီးမှာ စိုက်။ မာလာ လိမ့်မည်။ ပါလျှင် သုတ ၂မတ် သွင်းလေ။ ဖွဲမီးမှာ စိုက်။ ပြာနုံဆိုက်၏။ ၎င်းပြာကို နှမ်းလုံးခန့် စားရလျှင် တနေ့လုံး ရေမငတ်ပါ။ ခရီးသွားသော် မပန်း။ ညောင်းညာခြင်း မရှိ။ ထမင်းနှင့်နယ်၍ စားသော် ၇ရက် အစာမစားဘဲ နေနိုင်၏။ ။ ထောပတ်နှင့်စားသော် လောနာ ရင်နာ ပျောက်၏။ လေး သောဝန် ဆောင်နိုင်၏။ အရောင်အဆင်း လှ၏။ အကျိုး ၇-ပါး ပြီး၏။

မစားဘဲ ဆောင်ရသော် သူပုန်၍ မဖြစ်။ ရက်ရှည် လရှည် စားရသော် သိဒ္ဓိ ၄ ပါး မြောက်၏။ နံ့သာ ငါးပါးနှင့် လိမ်းသော် မြင်သူ ချစ်၏။ ၁၇-အရွယ်သို့ ရောက်၏။ ၎င်းပြာကို ရွှေကြုတ်နှင့် ဆောင်သော် ရန်ခပ်သိမ်း ငြိမ်း၏။ ကွမ်းရွက်နှင့် ထည့်၍ စားသော် နေလတို့ကို ပူစေလို ပူ၏။ အေးစေလို အေး၏။ ဆိနှင့်ဖျော်၍ နားကို ဒေါင်းတောင်နှင့် ကြပ်သော် သူတထူးတို့၏ အကြံအစည်ကို သိနိုင်၏။ ၎င်းပြာနှင့် ရွှေနှင့် လေးတူထိုး။ ပြာကျ၏။ ၎င်းပြာ ၁ကျပ်ကို သုတ ကောင်းကောင်း ၂ မတ် သွင်း။ ဖွဲ့မီးမှာစိုက်။ မာ၏။ ထို အခါ ကာယသိဒ္ဓိ မြောက်၏။

## နေသိဒ္ဓိကို တင်လိုသော်

၎င်းသတ္တု ၁ ကျပ်ကို ဒန် ၅ ကျပ်မှာ ပစ်။ ကိတ် ၁ ကျပ် သွင်း။ ပြီး၏။ ၎င်းသတ္တု ၁ မတ်နှင့် နာ ၅ ကျပ်တွင်ပစ်။နာသေ၏။ ၎င်းနာသေ ၁ မတ်ကို ဒန် ၅ကျပ်မှာပစ်။ ကိတ် ၁ ကျပ် သွင်း။ ပြီး၏။ ၎င်းနာသေ ၁မတ်။ ဘင် ၅ကျပ်မှာ ပစ်။ ဘင်သေ၏။ ၎င်းဘင်သေ ၁ မတ် ၅ ကျပ်မှာ ပစ်။ ကိတ် ၁ ကျပ် သွင်း။ ပြီး၏။ ဘင်သေ ၁ မတ် ဘော် ၅ကျပ်မှာ ပစ်။ ဘော်သေ၏။ ၎င်းဘော်သေ ၁ မတ် ဒန် ၁ပိ မှာ ပစ်။ ကိတ် ၁ကျပ်သွင်း။ပြီး၏။ ။၎င်းဘော်သေကို သုတကောင်းကောင်းနှင့် လေးတူစပ်။ ရှိန်းခို၊ မဟော်ရာ ပေါင်း။ ပျားရည်နှင့် တေ။ အထက်အောက် နှိုး၍ သုတနှင့် တွဲသော ဘော်

သောကို ဖွဲ့တာတင်းနှင့် ဖုတ်။ ပြီးလျှင် ပျားရေတွင် ၃ မိုးသွန်။ ပြီးလျှင် ရင်းခေါက်ကို နာ ၃ ကျပ်တွင် ပစ်။ စိန် ၁ကျပ် သွင်း။ ပြီး၏။

## တက်လိုပြန်သော်

ရင်းခေါက်ကို တဝက်ခွဲ။ သုတနှင့် လေးတူသွင်း။ အထက် ဆေးနှင့် လေးတူနှီး၍ တလုံထိုး။ ရင်းနောက် ဖွဲ့တာတင်းနှင့် ဖုတ်။ ပြာကျ၏။ ဤကဲ့သို့ ၇-ဆင့်စေ သော် အထက်ကပ်သမျှ ကင်း၍ မူလပြဒါးသော၏။ ထိုပြဒါးကို ဆင့်လိုသော် တစက် ခွဲ၍ သုတနှင့် လေးတူသွင်း။ အထက်ဆေးနှင့် ချုပ်။ ရင်း နည်း ၇ဆင့်တိုးသော် ထိုသုတသည် မူလထက် မူလ ဖြစ်၏။ ကာယသိဒ္ဓိတခန်း၊ ပြီး၏။

ကာယသိဒ္ဓိမှ ဓနသိဒ္ဓိကို သွားရမည်။ ထိုမှ မလွဲ လကျ်ာ ပေါက်သည်။ လက်ဝဲကျော် လမ်းကား ရင်းသုတ တရွေး ဘော် ၁ကျပ်တွင် ပစ်။ ပြာကျ၏။ ရင်းပြာ တရွေး၊ ဒန် ၁ဝိ တွင် ပစ်။ ကြေးနီ ၁ ကျပ်၊ စိန်နီ ၁ကျပ် သွင်း။ ပြီး၏။ လကျ်ာကိုလိုသော် ရင်းသုတ တရွေး၊ ရွှေနီ ၅ကျပ်တွင် ပစ်။ ပြာကျ၏။ ရင်းပြာ တရွေး ဘင် ၁ဝိဆွပ် ပစ်။ သုဝဏ္ဏ စစ်စစ်ဖြစ်၏။

## (၁၂၅) ဆေးဒါန်းသတ္တုဘက်ဆေး

ကြိုကတုပ် ၃ပါး၊ မုတ် မျှားဆိပ် ဘပ်ရွက် တောက်တဲ့ လက်ဝါးရွက်၊ ၎င်းတို့ကို အမျှပြု၊ ပျားရေနှင့် ပျစ်ပျစ်ဖျော်။ ၇ကြိမ်လောင်းသော် အခြေသိမ်း၍ လုံး၏။ သောက်ရှူး ကြယ်ကဲ့သို့ ရှိ၏။

ပဌမဆေး ဆေးအစေး ဆေးချေး နှမ်းဆီ၁စစ်စစ်နှင့်ဖျော်။ ၇ကြိမ်လောင်းသော် ကျီးအာသီးကဲ့သို့ နီ၍ လာ၏။ ဤတွင် မီးရပ်သင့်၏။ထွက်ရပ် ဝင်ရပ်ရောက်၏။

❋

## (၁၂၆) ထုံကျပြဒါးဇက်လမ်း

ကွမ်းရွက်ရေမှာ ၁၂ ကြိမ်လောင်းသော် ဘော်သို့ကျ၏။ သံပုရာရေမှာ ၁၂ ကြိမ် လောင်းသော် မိုးကြိုးသို့ ကျ၏။ ရှားစောင်းကြီး အစေးမှာ ၁၉ ကြိမ်လောင်းသော် ရွှေကဲ့သို့ ကျ၏။ ကြံသကာရေမှာ ၁၂ ကြိမ် လောင်းသော် ပုလဲအတိ ကျ၏။ အုန်းရေမှာ ၁၂ ကြိမ်လောင်းသော် ပိတုန်းရောင် ကျ၏။ ဆီနှင့်ထောပတ်မှာ ၂၃ ကြိမ်လောင်းသော် ကြယ် ရောင်ကဲ့သို့ ထွက်၏။ ထိုဓာတ်လုံးကို ကပ်လဲရေမှာ ဖြစ်စေ၊ ထောပတ်မှာဖြစ်စေ၊ ပျားရေမှာဖြစ်စေ စိမ်၍ သောက်သော် ၉၆ ပါးရောဂါကင်း၏။ သေနတ်၊ ဓား၊ လှံ မြိုး၏။ အဆင်း လှ၏။ကိုယ်ရေအေးလျက် သွားမကျိုး၊ ဆံမဖြူဘဲ အားခွန်ဗလ ပြည့်ဝ၏။ ပေါ့ပါးလျင်မြန်၏။ အာကာသပြောင်းကိုယ်ခွာ ရ၏။

## (၁၂၇) ဘော်သတ်ဆေး

တောင်တွင်းကြီး ခင်ကြီးပျော်၊ ဘော်သတ်သည့် ရှောင်ဆေး။ ငွေပေး၍ မဝယ်၊ ကွမ်းအစ်ထဲက ဆေးနှစ်မယ်။ ဟင်းရွက်သယ်က ဆေးနှစ်ခု၊ တရုတ်စုက ဆေးနှစ်ထွေ။ ရောယှက်လို့မွှေ၊ ဖယောင်းသား သူ့အနေကို၊ ညက်စွာလေ ကြိတ်ငြား။ (ပျားရေနှင့် ကြိတ်။) ကြိတ်ပြီးရ ထိုဆေးနှင့် လုံးသေးသေးလုပ်ပါလေ ဖုံးအုပ်နှင့်ပေ။ ပြဒါးရေ မှတ်မသွေကို ထည့်ပါလေ လုံတွင်းသို့။ ထည့်ပြီးလျှင် ဖုံးအုပ်၍ ဇော်ဂျီထုပ် သေချာ၊ ဖွဲ ၃အုပ် နာနာနှင့် မီးတိုက်ရှို့ပါ။ မီးအေးမှ ယူကြပါ ပြဒါးရေ မာပြင်းပလေ။

ပြဒါးရေမာပြင်းကို ခင်းလိုက်သည့်ခေတ်စုံ၊ ပုလဲဥမှန်ပုံကို ဆေးရှစ်စုံတေဇောနှင့် ပေါက်ထိုးပ ဖုန်မသွေ၊ သယံထွေ ယှက်ကူးလို့လေး။

သယံထွေ ထိုပြဒါးကို သိငြားပရုံသာ၊ တမူးလောက် ပုလဲညာငယ် နာစင်စွာ ၁ကျပ်နှင့်၊ ရောစပ်၍ မွှေပါလေ မီးနာလှမစေ။ နာ ၁ကျပ် ကုန်ချေလျှင် ပြဒါးသေ တမူးပေါ့လေး။

ပြဒါးသေ တမူးကို၊ ထူးမြတ်သည့်အရသာ၊ ကျွေးလိုက်ကြပါ။ ကာယာသိဒ္ဓိ ဘိုစမ်းပါ၊ ပြောဖွယ်ရာမရှိ၊ ကာယကို သူပြီးက၊ ကြီးလိုက်သည့်အကြံ၊ စိတ်ရှိတိုင်း ကြံဖန်လျှပ် မတန်တဲ့အကြောင်း၊ ကံကောင်းလျှင် လမ်းရှည်စွာ တွေးလိမ့်နော်ဗျာ။ လမ်းကိုသို့ လိုက်ပါမူ ထုံပြာသာရှိက်ကြတော့လေး။

ထိုထုံးပြာတမူးက ကျူးလိုက်ပဘော်ငွေ၊ ၁ကျပ်လောက်ပေ။ ရောယှက်၍ အရည်ထွေလျှင်၊ ဘော်ငွေ သေထိုးဖြစ်သည့်နည်း။

ဘော်ငွေသေ ထိုထုံးကို သုံးကြတော့ သက်ဝေ။ ၁၀ လောက် ခဲမရေတွင် ပစ်ပါလေ နှစ်ရွေး၊ ခဲအေးက ဘော် သာခွာ ဖြစ်ရမှန်စွာ၊ ကြေးထည့်၍ မှုတ်ပါလျှင် တပွင့်ကြာ သုံးပါတော့လေး။

(တေဇော ဂမျိုးဆိုရာ၌ ဆားတမူး၊ လက်ချား ၆မူး၊ ကန့် ၂မူး၊ ဟင်းရိုင်း ဂ မူး၊ ဆေးဒန်း ၇ မူး- စိန်နီ ၃ မူး၊ ယမ်း ၄ မူး၊ ဇဝက်သာ ၆ မူးတို့ကို မှတ်လေ။)

## (၁၂၈) သုဝဏ္ဏမမှုစစ်နည်း

ရွှေစပ်ကျောက်

ဟင်းရိုင်း

သာနပ်ထော်

သုတ

ဇင်းလေးပါးကို အမျှစီ ညက်စွာ ကြိတ်။ လုံပိတ်၊ နာနာ ၂အုပ်၊ ၃အုပ် ထိုး။ အလိုအေးစေ။ ကြိတ်ကြေ ပြာကျ၏၊ ဇင်းပြာတရွေး နာ ၁၀ိမှာ ပစ်။ နာနက်၍ သေ၏။ ဇင်းနာ နက်တရွေး နာ ၁၀ိမှာ ပစ်၊ နီနီဝါဝါ အရောင်အဆင်းနှင့် သေ၏။ ဇင်းက ၁ကျပ်ယူ၊ ဘော် ၅ကျပ်မှာ ပစ်။ မမှုစစ် ဖြစ်၏။

## (၁၃၉) နှာရကျိလမ်း

ရွှေစပ်ကျောက်၊ ဟင်းရိုင်း၊ စိန်နီ၊ ကန့်၊ သုတ၊ ငပ်း ငါးပါး အမျှစီ သံပုရာရေနှင့်ကြိတ်။ ၃ နေ လှမ်းပြီးလျှင် ဖွဲ ၃တင်းနှင့် မီးဖုတ်။ ပြာကျ၏။ ငင်းပြာတရွေး နှာ ၁ဝိ မှာ ပစ်။နှာရကျိဖြစ်၏။

## (၁၃၀) ကိုတ်ဓာတ်သုံးတည်နည်း

ပါဒဒုတ္တသ ၁ မူး၊ ယမ်း ၉မူး။
ကန့် ၂ မူး။ ဟင်းရိုင်း ၈ မူး။
စိန်နီ ၃ မူး။ ဆေးဒါန်း ၇ မူး။
လက်ချား ၄ မူး။ဇဝက်သာ ၆ မူး။

ငင်းဓာတ် ၈ပါးကို စုပြီးလျှင် ကိုတ်ကို အလယ်ကထား။ ၃၂လုံ ထိုးပါ။ မီးရှန် ဓာတ်လုံး ၃ကျပ်ကို နဝရတ် ၉ပါး ဓာတ်ခဲ ၁မတ်ကျွေး။ ၃ ရက်ပတ် မကျွေးတတ်လျှင် အစာ နင်၍ အကျိုးနဲတတ်၏။

ငင်းဓာတ်လုံးကို ရသေ့ရှစ်သောင်း ဆရာကောင်းဖြစ်သော မဟာတိဿ၊ မဟာသုမိတ္တ၊ မဟာဂုရု၊ မဟာဂဏ္ဍိရ၊ နာမ တင်ခေါ် ဇော်ဂျီ လေးယောက်တို့ စီရင်၍ ထားခဲ့သော အာယုဝဍ္ဍန ဆေးဓာတ်လုံးဖြစ်သည်။

## ရင်းဆေးခေတ်လုံးစီရင်နည်းမှာ

ထွက်ရပ်သို့နှင့်၊ ခေတ်ရွှေစင်ကို၊ သည်တွင်တလီ၊ ထို မည်သောခါ၊ နေရာကျကျ၊ ဖိုဦးကလျှင်၊ ပွဲလှတင်၍၊ ရှစ် အပ်သီလ၊ နဝ နှင့်၊ ဒသသီလံ၊ ခံပြီးမှလျှင်၊ စီရင်ပါလေ့။

(၁) အချက်၊ နဝရတ် ၉ ပါးဆေးကို ကျွေးအံ့။

(၂) အချက်ကား၊ ခေတ်လုံးကျွေးသည့်အခါ အတိတ်၊ နိမိတ်တခုခု ရောင် (၉) ထွေနှင့် တကွ ပြလာ လိမ့်မည်။ (သတိထား)

တောရပျော်၊ ခေတ်လှဖြစ်ထွေ၊ ရောင် ၉ ထွေနှင့်၊ ဖြူ ရွှေ နီ ဝါ၊ စိမ်းပြာညိုမောင်း၊ မှောင်တချို့ထွက်၊ ကြိုးစုံ ယှက်၍၊ မဏိဇောတရပ်၊ ကျောက်မြတ်နှင့်မူ၊ သူမတူဘူး၊ ကံတူယောကျ်ား၊ တိဟိတ်ဖွားသို့၊ ယောကျ်ားဟုံ ငါ၊ သည်တစ်ခါဖြင့်၊ လိုရာသို့ရောက်၊ ကြံတိုင်းပေါက်လိမ့်၊ မိုးအောက်ဘဝင်၊ ခရီးနှင်သော်၊ သည်တွင်တစ်ခါ၊ သကာ တင်လဲ၊ နွားနို့ထဲတွင်၊ ခေတ်ရွှေစင်ကို၊ စိမ်လျှင်သတ္တ၊ စေ့ကာဖျမူ၊ ဆယ်ယူပြီးခါ၊ သုံးဆောင်ပါလေ့။ ကာယ သိဒ္ဓိ၊ တုမရှိဘူး။ ကြီးဘိခွန်အား၊ ခြောက်ပါးကိုးဆယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝယ်မရှိ၊ ကင်းလွတ်ဘိသည်။

စိတ်လည်းနူးပျို၊ ကိုယ်လည်းနုထွား၊ ပျားရည်ရေ ပတ်၊ သည်နှစ်ရပ်တွင်၊ ခေတ်ရွှေစင်ကို၊ စိမ်ပါသတ္တ၊ စေ့ကာကမူ၊ ဆယ်ယူပြီးခါ၊ သုံးဆောင်ပါလေ့။ ကြီးစွာ ခွန်အား၊ ယောကျ်ား ဇာတိ၊ ရဲရဲငြိလိမ့်၊ လိုရှိပြန်က၊

မောင်းမတာလောင်၊ ဖွမ်းဆောင်နိုင်ဘိ၊ လိုမရှိပေ၊ သမ္ဘာရာ ရေ သဒ္ဒြာ၊ စိမ်ကာလမူ၊ ဆယ်ယူပြီးခါ၊ သုံးဆောင်ပါက ကိုလေသာဘေး၊ ကင်းလွတ်ဝေးလိမ့်။

ညစ်ကြေးတဏှာ၊ ကင်းဝေးကွာသည်၊ ကြီးစွာအကျိုး၊ မှာတော်တန်ခိုးကြောင့်၊ မိုးအောက်တခွင်၊ တုမမြင်ဘိ၊ ရေတွင်ပစ်လေ၊ မနစ်ပေတည်း။ တထွေမီးမှာ၊ ဖုတ်ပါလေဘိ၊ စွမ်းမပြီဘူး။ စာတ်ကျေးဇူးကြောင့်၊ မြစ်ကူးချောင်းကွေ့ နေသမွှေ့ကို၊ မတွေ့လေပြီ။

ပဋ္ဌဝီဥဒက၊ စသည်တရိုး၊ သိဒ္ဓိမျိုးကို၊ အစုံရ၍ ပညာအရာ၊ ဆိုသည်မှာလည်း၊ ကျမ်းရှေ့စာမြွတ်၊ ပိဋ္ဌ ကတ်ကို၊ မှတ်လေထုတ်ချောက်၊ (၃) ရက်လောက်နှင့်၊ ကျမ်းဂပါက်လိမ့်မည်။

တလီတို့ပြင်၊ သည်ကနှင်သော်။ ဇော်ဖေဂျီမြွတ်၊ ဝိဇ္ဇာ နတ်တို့၊ ပျော်မှတ်နေရာ၊ မြောက်မှာသာသည်း၊ လမ်းမှာ တဖန်၊ တောင်ရံခုနစ်လုံး၊ ပိတ်ဖုံးကာဆီး၊ တောင်ကြီး အလယ်၊ ပျော်ဘွယ်ကိန်းအောင်း၊ ကဿဖအရှင်၊ သည် တွင်ရှိသည်၊ တလီတောင်ပေါ်။ မျှော်၍ကြည့်ပြန်၊ ပြောရန် ညီ့ညို့၊ မှိုင်းမို့မို့နှင့်၊ လွမ်းလိုဝေဖြာ၊ ဂန္ဓာရမှိုင်၊ ဂနိုင်စုံချော သာသည့်တောမှ၊ ရှင်စောမြွတ်စွာ၊ ဒေသ စာလည်း၊ လည့်ရာအရပ်၊ သည်မှာမှတ်လေ့။ နေရဥ္စရာ၊ မြစ်သာချောင်းနား၊ နို့ဆွမ်းစား၍၊ သွားသည်တရပ်၊ သည်တွင်မှတ်လေ၊ မတ်မတ်ထိုပြင်၊ မောဗိပပ်ကို၊ ဝင်၍

ဖူးအုန်း၊ ကုန်းလျှင်မရှိ၊ စည်ကြီးပမာ၊ မြေမျက်နှာလည်း၊
ညီစွာရှိဘိ၊ မဏ္ဍိမဒေသ၊ ဤသို့ကျသော်၊ ကမ္ဘာ့တန်ဆာ၊
ကျောက်တိုင်စာတည်း၊ သည်မှာရှိသည်၊ လမ်းသိအောင်
သာ၊ ကြည့်ပါလေလော့။ မှတ်ပါကဗျည်း၊ လူလည်းမစပ်၊
နတ်လည်းမနည်း၊ မြို့ကြီးဟောမဇါ၊ ဝင်သောခါလျှင်၊
ပြောင်မာဆင်ကြီး၊ ကြီးဘိခွန်အား၊ ဘွားကံနဲ့ချင်း တွေ့၊
လေလျှင်းက၊ နင်လားဟဲ့ငါ၊ သည်တခါဖြင့်၊ ဝင်၍တရ
ကြမ်း၊ လက်ရဖမ်းလျက်၊ နှစ်ခွအစွယ်၊ လက်ဝယ်ကိုင်ခါ၊
နှိမ်လေရာတွင်၊ သည့်ာမရှိ၊ ဟတ္ထိဗလ၊ ဆင်လုရာဇာ၊
သူ့ခမျာမှာ၊ ပုဆစ်သာတုပ်၊ မလှုပ်ရှားသော်၊ ဤဆင်ပြောင်
ကြီး၊ ကြွက်ကြီးပမာ၊ ငါ့လက်တွင်းမှာ၊ မငြိမ်းရှာဘူး၊
ဓာတ်ကျေးဇူးကြောင့်၊ ရန်ငြိုးကိုခွင်း၊ ထားခဲ့လျှင်းမှ။

သည်က ထဝေသော်၊ နေဝ်မာသောင်စ၊ မြရေရောအုံ၊ ငွေ
သဲမှုန်နှင့်၊ သောင်ခုံစတွင်၊ ခြသေ့ကျောမှာ၊ အက္ခရာကို၊
သေချာစေ့ငုံ၊ ကြည့်ရှုပါလေ။ ရွှေနီတဖန်၊ ချိန်မှန်အသပြာ၊
ကျပ်တရာကို၊ ခေါက်ခါလည်းထပ်၊ မှတ်သည်ပရိုက်၊
အဖိုးတိုက်ပေ၊ မယူလေနှင့်။ နေရာကျကျ၊ ထားပြီးမှ
လျှင်၊ သည်က တဖန်၊ သွားလေ့ပြန်ကုံ၊ သုဝဏ္ဏရွှေမြေ၊
ရောက်ပြန်လေသော်၊ သည်မြေတွင်သာ၊ ပါသမျှဆေး၊
ရွှေး၍ယူပါ၊ ဓာတ်ရာဇာကို၊ တခါသည်တွင်၊ သိဒ္ဓိတပီမှ၊
အာကာသချောန့်၊ ထလိမ့်မှန်ပြီ၊ ဤကာလမှ၊ ဗုဒ္ဓ ချစ်ရှင်၊
ဂန့်ဂေါပင်မှာ၊ ပွင့်သောခါလျှင်၊ ဦးစွာမသွ၊ ဖူးတွေ့ရ၏။

## အဓိပ္ပာယ်ကား

ဓာတ်လုံးကို ပျားရည်မှာ စိပ်။ ၁ နာရီကြာမှ သောက်သော် ဓာတ်ကောင်းဟူ၍ မှတ်။ ၂ နာရီ ကြာမှ သောက်သော် ဓာတ်ညံ့ဟူ၍ မှတ်။ ၁ နာရီမကြာခင် သောက်သော် ဓာတ်လုံးကို ငုံလေ။

**အကျိုးကား**—အတောင် ၃၀ ခုန်နိုင်၏။ ၎င်းဓာတ်လုံးကို ပျားရည်မှာ စိမ်၍ ၄ လ သောက်သော် အတောင် ၈၀၊ ၅ လသောက်သော် အတောင် ၁၀၀၊ တနှစ် သောက်သော် ရေပေါ်၏။ ဆံမဖြူ သွားမကျိုး နုပျို၏။ ၎င်းဓာတ်လုံးကို ဝါးကျည်တောက်နှင့် ထည့်၍ ရေအိမ်မှာ (ကုဋ္ဌီမှာ) ထောင်၍ချထား။

နံနက်က မွန်းတည့်လျှင် ကျည်တောက် လှုပ်လိမ့်မည်။ ယူ၍ထား။ လောင်းရန်ဆေးကား-ဂန့်ဂေါဝတ်ဆံ၊ ကြာမျိုးငါးပါးဝတ်ဆံ၊ မြတ်လေးပွင့်၊ ဇလပ်နီပွင့်၊ သရက်ပွင့်၊ ခရာပွင့်၊ နံ့သာနီဖြူ အမျှစီစု။ ၎င်းဆေးနှင့် ၃ လစိမ်ပြီး ငုံရသော် ကာယပေါ့၍ လိုရာသွားနိုင်၏။

ကျည်တောက်ကို ခွဲသောအခါ အသင့်ကို အသက်သွင်း သောသူ ကျွန်ုပ်ဖြစ်သည်။ ကျွန်ုပ်ကို အသက်သွင်းသောသူ အသင် ဖြစ်သည်။ အသင်သည် တောင်ပျော်ဇော်ဂျီ တပသီ ဝိဇ္ဇာတို့၏ စကားကို နားမထောင်နှင့်။ ကျွန်ုပ်၏ စကားကို နားထောင်ရမည်ဆို၍ ကျည်တောက်ကို ခွဲလေ။

ရေအိုး ၅လုံးနှင့် ဆေး။ သံဿာ ၃ပါးပင့်၊ ကမ္မဝါဩွပ်။ လက်တွင်ထား။ အမျှဝေပြီးလျှင် ဆရာကို မမေ့ပါနှင့်။ ဝေပါ အမျှ၊ သမ မထောင့်၊ ဖြောင့်ဖြောင့်မှန်စွာ၊ ထားခဲ့ပါသည်၊ ဆရာဇော်ဂျီ လက်တွေ့တည်း။

နဝရတ် ၉ပါး မကျွေးခင် ခံရေပြုရန် ကြိုကတုပ် ၃ပါး ကန့်တိုက်ကျောက်၊ မုတ်ပလင်သား၊ မျှားဆိပ်ရိုင်း၊ ဘင်ရှက်၊ တောက်တဲ့လက်ဝါး အမျှစီ ကြိတ်ပြီးလျှင် ပျားရည်စစ်စစ်နှင့် ပျစ်ပျစ်ဖျော်၍ ၇မီး လောင်းပြီးမှ နဝရတ် ၉ပါး ကျွေး။ ကျွေးသည့်အခါ ဓာတ်လုံးသည် အမျိုးမျိုး ရုပ်ပြောင်း၏။ စိတ် မပျက်နှင့်။ အဖျက်အဆီးများလည်း ပေါ်လာတတ်သည်။

## (၁၃၁) စပ်တူလမ်း

ကျင်သီကြေး ၅ကျပ် အရေကျို။ ဟင်းရိုင်း ၅ ကျပ် အမှုန့်ပြု၍ ပေါက်ခါ ပေါက်ခါ ထိုး။ ၎င်းက ထွက်သော ချော်ကို ဘော်မှာ ပစ်။ ဘော်သက်ဆေးကား ကျောက်ချဉ်။ ယမ်းစိမ်း၊ ကန့်၊ ဇဝက်သာ၊ လက်ချား ၎င်းတို့ကို ၁ကျပ်စီ ထား။ ဘော် ၁ကျပ်ကို အစဉ်အတိုင်း ပေါက်၍ ထိုး။ ဘော် သေ၏။ ယခင် ချော်ကို ဘော်မှာ ၁မတ် ၃ပဲသား ပစ်။ ရေနံမှာ ဘော်လေး တင်ဖေအာင်ခါ၊ ပုဇွန်ဆီမှာ လောင်း။ မိုးကြိုးရွှေနှင့် လေးတူ စပ်လျှင် စပ်တူအမှန် ဖြစ်၏။

## (၁၃၂) စပ်တူလမ်း

ဟင်းရိုင်း ၅ ကျပ်၊ ပါဒဒုတ္တာ ၁ဝိ သမအောင် ကြိတ်ပြီးလျှင် ၇ရက် နေလှမ်း။ လက်ချားမီးပေါက် ဖလ်ဝါ ပုလင်းနှင့် သမအောင် ထောင်း၍ပိတ်။ မီးရှန်ထိုး။ ဟင်းရိုင်းခေါက်လုံးရ၏။ ခေါက်လုံး ၂ ကျပ်၊ သွတ် ၁ ကျပ်ကို ဖမ်း။ သွတ် ၁ မူး၊ ဘော် ၁ ကျပ်နှင့်စပ်။ ရေနံကြီး၊ နာနတ်ရေ၊ ဝါးရောင်းချဉ်ရေတို့တွင် ၇မီး လောင်း။ ပုဇွန်ဆီမှာ ၇မီး လောင်း။ ကြေး ၁ဝ ကျပ်၊ ကန့် ၅ ကျပ်နှင့် တလုံ ထိုး။ ၎င်းနောက် ကြေး ၁ဝိ၊ ဟင်းရိုင်း ၅ ကျပ်နှင့် တလုံ ထိုးပြီးလျှင် ကန့်ချော်နှင့် ဟင်းရိုင်းချော်ကို အထက်အောက်နှီး၍ သွတ်ဖြူ ၂ကျပ်ကိုဖမ်း။ ခံရေမှာ ရေနံ၊ ပုဇွန်ဆီ၊ လူဆီတို့မှာ ၁လောင်း။ ပြီးလျှင် သွတ် ၁ကျပ်၊ ကိုတ် ၁မူး စပ်လေ့။ အပြီးတိုင်၏။

## (၁၃၃) ရွှေဖြစ်နည်း

ရွှေ ၁မတ်၊ သတ္တုကွ္ဘ၊ ၈ပဲစိနှင့် ၁ဝလုံးထိုး။ ကြိတ်ကြေကျ၏။ ၎င်းကြိတ်ကြေ ၁မတ်ကို ယူ။ သော် ၅ကျပ်ကိုပစ်။ လက်ဝှတ် ဖြစ်၏။ သတ္တုကွ္ဘတ္တု ၁ကျပ်စီ သံပုရာရေနှင့် ကြိတ်၍ ၂၈ပုံ ပုံ၍ တပုံကို ရွှေ၁မတ်နှင့် ၂၈လုံ ကုန်အောင် ပိတ်ထိုး။ ၎င်းအထက်က ဘော်စင်ကို ၁ကျပ်မှာ တရွှေး ပစ်။ သုဝဏ္ဏ မမှုစစ်ရွှေ ဖြစ်လေ၏။

### တနည်း

ကန့်၊ စိန်ဖြူ၊ လက်ချား၊ ပြဒါး၊ ဒုတ္ထာ မျှအညီ ရောယှက် လှီးမွှေ။ လုံတွင်းမှာ တဲ၊ ထည့်ကာမွှေ၊ တခ်ီးချင်းသေ။ ။

ပေါက်ပြည်၊ သုံးလေသည့် ရှင်မထီး၊ တပဲဝင် အမှုန်ပြီးရ၊ နိဗ္ဗာန်ဝင် ဓာတ်စစ်ကြီးကို သုံးလှုံမငြီး။

## (၁၃၄) ရွှေဖြစ်နည်း

သွတ်နှင့်ဒုတ္ထာ၊ နှာနှင့်ပြဒါး လေးပါးမရဏကို ကုလားဟင်းအိုးနှင့် မီးတောက်ရုံ ထည့်ပြီး မဒမထင်းသား တမွှေကုန်အောင် တိုက်။ ဟသံပြဒါးကဲ့သို့ ပြာကျ၏။ ၎င်း ပြာ ၁ကျပ်ယူ။ ရွှေ ၁မတ်နှင့် လုံပိတ် ထိုး။ ရွှေကို ငုံ၍ နေ၏။ ရွှေအလေးတတ်နိုင်သမျှကို ဆတူ ပြာထည့်ရမည်။ ထည့်ပြီးလျှင် ၁၂လုံပိတ်၍ထိုး။ မီးနာစေ။ ၎င်းရွှေချိတ် ၁ပဲကို ဘော် ၁ကျပ်မှာ ပစ်။ မမှုစစ်ဖြစ်၏။

## (၁၃၅) ဘော်ဝါလမ်း

ကန့်၊ စိန်၊ ကျောက်ချဉ်၊ ဒုတ္ထာ၊ ဇဝက်သာ ၂ကျပ်စီ။ ၎င်းဓာတ်စုကို အညက်ပြု၍ သမ္ဘာရာရည်နှင့် ဖျော်။ ကြေးနီ တဇဉ်းစာ ၁ဝိနှင့် ရောပြီး နေလှမ်း ကြိတ်။ ပြာကျ၏။

ဘော်စပ် ၂ကျပ်ကို လုံတွင် ထည့်၍ အရေကျို။ အထက်ပါ ဆေးများကို ကုန်အောင်ဖြူး၍ ထိုး။ ဘော်ကား မရမ်းရောင် ကဲ့သို့ လာ၏။ ရွှေစင် ၂မတ်သွင်း၍ အဆက်မပြတ် ထိုး။ မရမ်းရောင် ပျောက် ကျီးတောင် ရောက်၏။ ဘော်စင် ၁ဝိ၊ မီးနှိုး၍ သေချာစွာ ထိုးသော် ဘော်ဝါ ဖြစ်၏။

## (၁၃၆) ဓာတ်အချင်းချင်း နဝင်းဖြင့် သတ်ပုံ အစိအရင်ကို ပြခြင်း

နာ၊ ဂျွတ်၊ ဿံ၊ တင်၊ ပြဒါး၊ သွတ်၊ ဒန်၊ ဘော်၊ ရွှေ၊ အစရှိသော ဓာတ် ၉ပါး။ ။စိန်၊ ဆေးဒန်း၊ ကန့် အစရှိသော ဓာတ် ၁၂ပါး ၁၈ပါး အစရှိသော ဓာတ်အမျိုးမျိုးတို့ကို အချင်းချင်း နဝင်းဖြင့် သတ်နည်းကို ဖော်ပြပေအံ့။

### နဝင်းသတ်ပုံနည်း

(၁) ဂျွတ် နှင့် ဒန် ဂျွတ် - ဒန်
၂ - ၇

ဂျွတ်သည် တနင်းလာနံ (၂)
ဒန်သည် စနေနံ (၇)

၎င်းဓာတ်များ၏ အမည်နံ ၂ပါးဖြစ်သော ၂နှင့် ၇ကို ပေါင်းလျှင် ၉ နဝင်း ကြေသဖြင့် ၎င်းဓာတ် ၂ပါးကို ပူးတွဲ စီရင်သော် ဓာတ်သေခြင်းသို့ ရောက်၏။

(၂) ဘော်နှင့်ဆေးဒန်း။ ဘော်–ဆေးဒန်း
၅ - ၃

ဤမှာတ် ၂ပါးတို့တွင် ဘော်သည် ကြာသပတေးနံ (၅)၊ ဂြိုဟ်သက်မှာ (၁၉)။ ဆေးဒန်းသည် အင်္ဂါနံ (၃)၊ ဂြိုဟ်သက်မှာ (၈)။

၎င်းဓာတ် ၂ပါး၏ အမည်နံ-ဂြိုဟ်သက် ၂ ခု ဖြစ်သော ၁၉ နှင့် ၈ကို ပေါင်းလျှင် ၂၇-သတ္တဗီသ နဝင်းကြေနေသဖြင့် ၎င်းဓာတ် ၂ပါးကို တွဲ၍ စီရင်ပါလျှင် ဓာတ်သေခြင်းသို့ ရောက်၏။

(၃) ဘင်နှင့်ပြဒါး။ ဘင်–ပြဒါး
၄ - ၅

ဤဓာတ် ၂ပါးတို့တွင် ဘင်သည် ဆင်၊ ဗုဒ္ဓဟူးနံ (၄)၊ ပြဒါးသည် ဘား၊ ကြာသပတေးနံ (၅)။ ၎င်းဓာတ် ၂ပါး ဖြစ်သော ၄နှင့် ၅ကို ပေါင်းလျှင် (၉)။ ကိုးနဝင်းကြေသဖြင့် ၎င်းဓာတ်နံ ၂ပါးကို တွဲ၍ စီရင်လျှင် ဓာတ် သေခြင်းသို့ ရောက်၏။

(၄) တနည်း နာ ဂျုတ် ဒန် ဘော်
၁- ၂- ၇- ၈

ဤဓာတ် ၄ မျိုးတို့တွင် နာသည် ဂဠုန်၊ တနင်္ဂနွေနံ (၁)။ ဂျုတ်သည် ကျား၊ တနင်္လာနံ (၂)။

ဒန်သည် နဂါး၊ စနေနံ(၇)။ ဘော်သည် ဟိုင်း၊ ရာဟုနံ (၈)။ ၎င်းဓာတ် ၄ပါး၏ နံသင့် ဂဏန်းဖြစ်သော ၁၊ ၂၊

၃၊ ၈ တို့ကို ပေါင်းလိုက်ပါလျှင် ၁၈-အဋ္ဌာရသ နဝင်းကြေသောကြောင့် ဇာတ် ၄ ပါးကို တွဲ၍ စီရင်ပါက ဓာတ်သေခြင်းသို့ ရောက်၏။

(၅) တနည်း သွတ်-သံ-နာ-ဘော်
၆- ၃- ၁- ၈

ဇာတ်ဓာတ် ၄ပါးတို့တွင် သွတ်သည် ပူး၊ သောကြာနံ ၆။ သံသည်ခြင်္သေ့၊ အင်္ဂါနံ ၃။ နာသည် ဂဠုန်၊ တနင်္ဂနွေနံ ၁။ ဘော်သည် ဟိုင်း၊ ရာဟုနံ ၈။ ဇာတ်ဓာတ် ၄ ပါး၏ နံသင့်ဂဏန်းများ ဖြစ်သော ၆၊ ၃၊ ၁၊ ၈ တို့ကို ပေါင်းလိုက်ပါလျှင် ၁၈ အပေါင်းရ၏။ အဋ္ဌာရသ နဝင်းကြေသောကြောင့် ဇာတ်ဓာတ် ၄ပါးကို ပေါင်း၍ စီရင်က ဓာတ်သေခြင်းသို့ ရောက်၏။

(၆) တနည်း သွတ်-သံ ဘမ်-ပြဒါး
၆- ၃- ၄- ၅

ဇာတ်ဓာတ် ၄ပါးတို့တွင် သွတ်သည် ပူး၊ သောကြာနံ ၆။ သံသည် ခြင်္သေ့၊ အင်္ဂါနံ၃။ ဘင်သည် ဆင်၊ ဗုဒ္ဓဟူးနံ ၄။ ပြဒါးသည် ဘား၊ ကြာသပတေးနံ ၅။

ဇာတ်ဓာတ်လေးပါး၏ နံသင့် ဂဏန်းများ ဖြစ်သော ၆၊ ၃၊ ၄၊ ၅ တို့ကို ပေါင်းလျှင် (၁၈) ဖြစ်၍ အဋ္ဌာရသ နဝင်း ကြေသောကြောင့် ၎င်းလေးပါးသော ဓာတ်တို့ကို စတုဂုဏ်ဘုတ်ဆေးများနှင့် စီရင်သည်ရှိသော် ဓာတ်သေခြင်းသို့ ရောက်၏။

(၇) တနည်း။ ဂြိုဟ်တွဲနှင့် ဘောဇ်

၂ - ၈

ဝင်းခေတ် ၂ပါးတို့တွင် ဂြိုဟ်သည် ကျား၊ တနင်္လာနံ ၂၊ ဂြိုဟ်သက်က ၁၅။ ဘောဇ်သည် ဟိုင်း၊ ရာဟုနံ ၈၊ ဂြိုဟ်သက်က ၁၂။ ဝင်းခေတ်နံများ၏ ဂြိုဟ်သက်ဖြစ်သော ၁၅နှင့် ၁၂ကို ပေါင်းလိုက်လျှင် (၂၇) ဖြစ်၍ သတ္တဗီသ နဝင်း ကြေသောကြောင့် ဤခေတ် ၂ပါးကို စီရင်ပါက ခေတ်သေခြင်းသို့ ရောက်၏။

(၈) တနည်း။ ဂြိုဟ်-သံ-ဘောဇ်-ပြဒါး

၂- ၃- ၈- ၅

ဝင်းခေတ် ၄ပါးတို့တွင် ဂြိုဟ်သည် ကျား၊ တနင်္လာနံ ၂၊ ဂြိုဟ်သက်က ၁၅။ သံသည် ခြင်္သေ့၊ အင်္ဂါနံ ၃၊ ဂြိုဟ်သက်က ၈၊ ဘောဇ်သည် ဟိုင်း၊ ရာဟုနံ ၈၊ ဂြိုဟ်သက်က ၁၂။ ပြဒါးသည် ဆား၊ ကြာသပတေးနံ ၅၊ ဂြိုဟ်သက်က ၁၉။

ဤခေတ်လေးပါးတို့၏ ခေတ်နံဂြိုဟ်သက်များ ဖြစ်သော ၁၅၊ ၈၊ ၁၂၊ ၁၉တို့ကို ပေါင်းလျှင် (၅၄)ရ၏။ စတုပညာသ နဝင်းကြေပါသည်။ ဝင်း (၅၄)ကို ၅နှင့် ၄ ပေါင်းပြလျှင် ၉။ ကိုးနဝင်း တဖန် ကြေပြန်သောကြောင့် ဤခေတ်များကို စတုပညာသဆေးနှင့် ပြုစီရင်ပါက ခေတ်သေခြင်းသို့ ရောက်နိုင်ပါ၏။

## (၁၃၇) စတုပညာသနစင်းဆေး ဖော်စပ်နည်း

| | | | | |
|---|---|---|---|---|
| (၁) | ဆေးဒန်း | အင်္ဂါနံ ၃၊ | ဂြိုဟ်သက် | ၈။ |
| (၂) | ဒုတ္ထာ | စနေနံ ၇၊ | ။ | ၁၀။ |
| (၃) | ဇဝက်သာ | အင်္ဂါနံ ၃၊ | ။ | ၈။ |
| (၄) | ဆပ်ပြာ | အင်္ဂါနံ ၃၊ | ။ | ၈။ |
| (၅) | ယမ်းစိမ်း | ရာဟုနံ ၈၊ | ။ | ၁၂။ |
| (၆) | ဆား | အင်္ဂါနံ ၃၊ | ။ | ၈။ |

နံသင့်ဂဏန်းပေါင်းလျှင် (၂၇)

ဂြိုဟ်သက်ဂဏန်းပေါင်းလျှင် (၅၄)

ဧင်းဆေး ၆ ပါးတို့၏ နံသင့်ဂဏန်းများကို ပေါင်းလိုက်လျှင် (၂၇)ရ၍ သတ္တမီသ နဝင်း ဖြစ်၏။

ဂြိုဟ်သက်ဂဏန်းများကို ပေါင်းပြန်လျှင် (၅၄) စတုပညာသနဝင်း ဖြစ်ပြန်၏။ ၅ နှင့် ၄ ကို ပေါင်းပြန်လျှင်လည်း (၉)ကိုးနဝင်းကို ကိတ်မာတ် ဖြစ်ပြန်၏။ ထို့ကြောင့် စတုပညာသဆေး (၆) ပါးကို ဂြိုဟ်သက်အတိုင်း စု၍ ဘုံပုရာရေနှင့် ကြိတ်။ လုံအတွင်းကမံ၊ အတွင်းလုံလုပ်။) ဧင်းစတုပညာသ ဆေးကို အပေါ်က ဖုံး၊ လုံကို စလောင်းပိတ်၊ ဇော် ၃ ထပ်မံ၊ ဖွဲ ၃တင်းနှင့် ၉ကြိမ် ဖုတ်ပါလျှင် လုံးခြောက်ကဲ့သို့ ပြာကျလေတော့၏။

ထို့ကြောင့် ဤအဓိပ္ပာယ်ကို ရည်၍ ထို့နောက် ဇေဋ္ဌ၊ အဿလိဿနှင့်၊ မေါ်ကြအညီ၊ ရေဝတီကိတ်ခါတ်၊ မီးမှာ နှပ်က၊ ဆပ်ဆပ်မှုန့်ကြေ၊ ပြာဆိုက်လေ၏။ ။ဟု မိန့် ဆို တော်မူ၏။

ရင်းပြာသည် ပဌမဆင့်ပြာ ဖြစ်၏။ ၄ကျပ်သား ရှိ၏။

မှတ်ချက်။ ။ခါတ်လေးပါး အခဲတွဲပုံမှာ

ဘော်၊ ဂျုတ်၊ သွတ်၊ ပြဒါး ဤလေးပါးကို ခါတ် ၄ပါး ဆိုသည်။ စင်ကြယ်သော ဘော်၁ကျပ်ကိုအရေကျို။ အရေဖြစ်လျှင် စင်ကြယ်သော ဂျုတ် ၁ကျပ်ကိုထည့်။ အသာချထား။ သွတ် ၁ကျပ်ကို အရေကျို။ အရေဖြစ်လျှင် အောက်ချ။ မီးကင်းထားသော ပြဒါး ၁ကျပ်ကို ထည့်။ ပြဒါးဝင်၍ သွတ်တွဲပြဒါး ရ၏။

ရင်းနောက် ဘော်၁ကျပ်၊ သွတ် ၁ကျပ်တွဲထားသော အခဲကို အရေကျို။ အရေဖြစ်လျှင် အောက်ချ။ မခဲမီ အရေထိပ်တင်းလာလျှင် သွတ်တွဲပြဒါးခဲကို ထည့်။ခါတ်လေးပါး အခဲဖြစ်၏။ ဤခါတ်လေးပါးအခဲကို ထုခြေ၍ စတုပညာသနဝင်းဆေးဖြင့် ပုံးအုပ်၊ ဇော်မံ၍ ဖွဲ့ပီးဖြင့်ဖုက်ရပည်ဟု အဓိပ္ပာယ်ကို ကွဲပြားအောင် သိမှတ်ကြရာသတည်း။

## (၁၃၈) ဒုတိယဆင့် ပြာစီရင်နည်း

ဘော်၁ကျပ်ကို အမှုန့်ရအောင် တံစဉ်းစာချ၊ ပြဒါး၂ကျပ်နှင့်ရောထား။ ။ရင်းနောက် လိုတွင် စတုပညာသ ဆေးဖြင့်

အတွင်းက မံ။ (အတွင်းလုံ လုပ်။) ၎င်းလုံတွင် ငွေ တဇဉ်းစာ နှင့် ရောပြီး ပြဒါး ၂ကျပ်သားကို ထည့်။ ၎င်းအထက်က ခေတ် လေးပါး ပဋ္ဌမဆင့် ပြာ ၄ကျပ်သားတွင် ၂ကျပ်သားကို ယူ၍ ဘော်နှင့် ပြဒါး ပေါ်က ထပ်၍ ထည့်။ ၎င်းအထက်ကမှ စတုပညာသဆေးကိုပင် အပေါ်က ထပ်၍ အုပ်ထည့်။ လုံ စလောင်း အပုံးပိတ်၊ ဇော် ၃ ထပ်မံ၊ ဖွဲမီးနှင့် ဖွဲ ၁ပြည်က စ၍ ၂ပြည်၊ ၃ပြည်၊ တဆိပ်၊ ၆ပြည်၊ တခွဲ၊ ၃ စိပ်၊ ၁တင်း၊ ၂တင်း၊ ၃တင်းထိ တက်၍ မီးစိုက်က ပြာကျပြန်တော့၏။ ၎င်းပြာသည် ဒုတိယအဆင့်ပြာ ဖြစ်၏။ ၅ ကျပ်သား ရှိ၏။

## (၁၃၉) တတိယအဆင့် ပြာစီရင်နည်း

ဘော် ၁ကျပ်ကို အမှုန့်ရအောင် တဇဉ်းစာချ။ ပြဒါး၂ကျပ် နှင့်ရောထား။ ။၎င်းနောက် လုံတွင် စတုပညာသ ဆေးဖြင့် အတွင်းကမံ။ (အတွင်းလုံ လုပ်) ၎င်းလုံတွင် ငွေကဇဉ်းစာနှင့် ရောထားသော ပြဒါး ၂ကျပ်သားကို ထည့်။ ၎င်းပြဒါး အထက်က ဒုတိယအဆင့် ပြာ ၅ ကျပ်သားကို အပေါ်က ထပ်၍ ထည့်။ ၎င်းပြာ ၅ ကျပ်သားအပေါ်က စတုပညာသ ဆေးကိုပင်အုပ်၍ဖိ၍သိပ်ထည့်။ လုံကို စလောင်းပုံးပိတ်။ ဇော် ၃ထပ် မံ။ ဖွဲတပြည်ကစ၍ အထက်က ဖော်ပြ ခဲ့သော နည်း အတိုင်း ဖွဲ ၃ တင်းထည့်၊မီးစိုက်ပါလျှင် ပြာကျပြန်တော့၏။ ၎င်းပြာသည် တတိယဆင့်ပြာဖြစ်၏။ အချိန် ၈ကျပ်သားရှိ၏။

၎င်းနည်းအတိုင်း (၁၂) တဆယ့်နှစ်ကြိမ် မြောက်အောင် စီရင်ပြီးလျှင် ဖွဲ့ ၃ တင်း မီးအားနှင့် တနှစ်ပတ်လုံး မီး၌ စိုက်ထားရမည်။ ဤကဲ့သို့ မီးမပြတ်ဘဲ တနှစ်ပတ်လုံး ပြု လုပ် စီရင်ပါက အသမ္ဘိန္နသိဒ္ဓိမြောက် ထွက်ရပ်ပေါက် အာယုဝဍ္ဎန ပြာအဖြစ်သို့ ရောက်ရှိလေ၏။ ။ဘော်ငွေနှင့် စီရင်သော လက်ဝဲလမ်း သိဒ္ဓိမြောက် ထွက်ရပ်ပေါက် စီရင် နည်း ပြီး၏။

ဘော်ငွေနှင့် ထွက်ရပ်ပေါက် စီရင်ထုံးကို ပြပြီး၍ ဘရဏီ ရွှေနှင့် သိဒ္ဓိမြောက် ထွက်ရပ်ပေါက် စီရင်ထုံးကို ဖော်ပြပါအံ့။

ဘရဏီရွှေနှင့် စီရင်ပုံမှာ။ ။ရွှေ ၁ ကျပ်သားကို အမှုန့် ရအောင် တဇဉ်းစာချ။ ပြဒါး ၁မတ်သား၊ ဟင်းရိုင်း မြင်းသီလာထုတ်ပြီး ဟင်းရိုင်းသတ္တု ၁ ကျပ် ၁၂ပဲသား ဤ ရွှေ၊ပြဒါး၊ဟင်းရိုင်း ၃ပါးကို ရော၍ထား။ စတုပညာသ ဆေးကို လုံအတွင်းကမ်။ (အတွင်းလုံ လုပ်။) ၎င်းအတွင်း လုံ၌ ရောထားသော ရွှေ၊ ပြဒါး၊ ဟင်းရိုင်း ဓာတ်သုံးပါးကို ထည့်။ ။ထိုနောက် တဖန် အထက်က ချန်ထားခဲ့သော ဓာတ် ၄ ပါး ပြာ ၂ကျပ်သားကို အပေါ်ကဖိ၍ထည့်ပါ။၎င်း ဓာတ် ၄ ပါး ပြာအပေါ်က စတုပညာသဆေးကိုအပေါ်က အုပ်၍ ဆင့်ထည့်။ လုံစလောင်းဖုံး ပိတ်၊ ဇော် ၃ထပ်မံ။ ဖွဲ့ တမြည်က ၂ မြည်၊ ၃ မြည်၊ တစိပ်၊ ၆ မြည်၊ တခွဲ၊ တတင်း ၂ တင်း၊ ၃တင်းထိအောင် တက်၍ဖုတ်လျှင် ရွှေ ပြာကျ၏။ ဤပြာသည် ဒုတိယဆင့်ပြာ ဖြစ်၏။ အချိန် ၅ ကျပ်သား ရ၏။

## (၁၄၀) တတိယဆင့် ပြာစီရင်နည်း

ရွှေ ၁ကျပ်သားကို အမှုန့်ဖြစ်အောင် တဇဉ်းစာချ။ ပြဒါး ၄ ပဲသား မြင်းသီလာထုတ်ပြီး ဟင်းရိုင်း သတ္တု ၁ ကျပ် ၁၂ပဲသား ရင်းခါတ် ၃ပါးကို ရောချထား။

စတုပညာသဆေးကို လုံအတွင်းကမံ။ (အတွင်းလုံ လုပ်။) ရင်းအတွင်းလုံ၌ ရောထားသော ရွှေ၊ ပြဒါး၊ ဟင်းရိုင်း ခါတ် ၃ပါးကို ထည့်။ရင်းနောက် ဒုတိယဆင့်ပြာ ၅ကျပ်သားကို အပေါ်ကဖိ၍ထည့်။ ။ပြာ ၅ကျပ် အပေါ်က စတုပညာသဆေးကို ထပ်၍အုပ်ထည့်။ လုံစလောင်းဖုံးပိတ်၊ ဇော် ၃ထပ် မံ၍ ဖွဲ့ ၁ပြည်ကစ၍ အထက်နည်းအတိုင်း ၃တင်းထိအောင် တက်၍ဖုတ်လျှင် တဖန် ပြာကျပြန်တော့၏။ ဤပြာကား တတိယဆင့်ရွှေပြာ ဖြစ်၏၊ အချိန် ၇ ကျပ်သား ရ၏။

ငင်းနည်းအတိုင်း (၁၂) တဆယ့် နှစ်ကြိမ်မြောက်အောင် စီရင်ပြီးလျှင် ဖွဲ့ ၃တင်း မီးအားနှင့် တနှစ်တိုင်တိုင် မီး စိုက်ထားရမည်။ ။ဤသို့ တနှစ်တိုင်တိုင် မီးစိုက်ပါလျှင် ၁၂-ဆင့်မြောက် သိဒ္ဓိလမ်း ထွက်ရပ်ပေါက် အာယုဝဍ္ဎန ရွှေပြာအဖြစ်သို့ ရောက်လေတော့၏။ ။ဘရဏီရွှေနှင့် စီရင်သော လက်ျာလမ်း သိဒ္ဓိမြောက် ထွက်ရပ်ပေါက် အာယု ဝဍ္ဎနပြာစီရင်နည်း ဤတွင် ပြီးဆုံးပါသတည်း။

ဘော်ငွေနှင့်စီရင်သော လက်ဝဲလမ်း အာယုဝဍ္ဎနပြာ အလေးချိန် ပထမအဆင့်ပြာ ၂ကျပ်သား ရရှိနိုင်၏။နောက် ထပ် ၁၁ ကြိမ်တက်၍ စီရင်ရာ၌ ပြာအလေးချိန် ၃၃ကျပ်

သား ရရှိနိုင်၏။ ။သို့အတွက် ၁၂ ကြိမ်မြောက် ဖုတ်သော ပြာအချိန်မှာ အားလုံးပေါင်း ပြာအချိန် ၃၅ ကျပ်သား ရရှိမည် ဖြစ်ပါသည်။

ဘရဏီရွှေနှင့် စီရင်သော လကျ်ာလမ်း အာယုဝဍ္ဎနပြာမှာလည်း ရှေ့နည်းအတူ ပဋမအဆင့်ပြာအလေးချိန် ၂ ကျပ်နောက်ထပ် ၁၁ကြိမ်တက်၍ စီရင်ရာ၌ ပြာအလေးချိန် ၃၃ ကျပ်သားပင်ရ၍ ၁၂ ကြိမ်မြောက်ဖုတ်သော ပြာအလေးချိန်မှာ ပေါင်း ၃၅ကျပ်သားပင် ရရှိမည်ဖြစ်ပါသည်။

## အကျိုးကား

ရင်း(၁၂)တဆယ့်နှစ်ကြိမ်မြောက် စီရင်၍ရသော အာယုဝဍ္ဎနပြာ တမူးသား သို့မဟုတ် ၁ မတ်သားကို ပျားရည် တပိဿာတွင်ဖြစ်စေ၊ ထောပတ် တပိဿာတွင်ဖြစ်စေ၊ စတုမဓူ တပိဿာတွင်ဖြစ်စေ ထည့်၍ တနေ့လျှင် နံနက်တဇွန်း၊ ညတဇွန်း မှန်မှန် သုံးဆောင်မှီဝဲပါက အာယုသိဒ္ဓိပေါက်၍ အသက်ရာပေါင်း ထောင်ပေါင်းများစွာ ရှည်စေနိုင်သည်ဟု မကာရလောပ် တောင်တွင်းဆရာတော်ခင်ကြီးပျော်က မိန့်ဆိုတော်မူခဲ့ပါသည်။

နံနက်တဇွန်း ညတဇွန်းမစားဘဲ တနေ့လျှင် တဇွန်း မှန်မှန် မှီဝဲသုံးဆောင်ပျှင်လည်း ဤအကျိုးထူးကို ရရှိနိုင်သည်ဟု အဆိုရှိပေသည်။

ဆေးစားသောအခါ ဇွန်းအရွယ်မှာ ၁ ကျပ်သားတိတိ ဝင်သောဇွန်းကို အသုံးပြုရမည်။

ဆိုခဲ့ပြီးသောနည်းအတိုင်း ဤ(၁၂) တဆယ့်နှစ်ဆင့်မြောက် စီရင်ပြီးသော အာယုဝဍ္ဍနပြာကို ဂကျပ်သားတိတိကုန်အောင် ပျားရည် စတုမဓုတို့နှင့် သုံးဆောင် မှီဝဲသောသူသည် သိဒ္ဓိ အမျိုးမျိုးပေါက်၍ ထွက်ရပ်သို့ရောက်သော ဝိဇ္ဇာဓိုရ် ဖြစ် နိုင်ကြောင်းကို အောက်တွင် မိန့်ဆိုခဲ့သော စကားအရ သိရှိ နိုင်ပါသည်။

ဤသိဒ္ဓိပေါက်သည်ကိုရည်၍

ဘော်ငွေဘရဏီ၊ ပြာနှင့်မှီသော်၊ နှစ်လီထုံးကြ၊ သဘာဝမို့၊ မူလဓာတ်စင်၊ သေလေချင်၏၊ ဓာတ်စင်အသေ၊ ရုပ်ကာယေကို၊ ဆယ့်နှစ်သေပြန်၊ ဓာတ်သွားမှန်က၊ ရွှေသံပြာရောက်၊ အာယု ပေါက်လိမ့်ဟု မိန့်ဆိုတော်မူခဲ့ပါသတည်း။

## အထူးသတိပြုရန်

ဤသိဒ္ဓိမြောက် ထွက်ရပ်ပေါက် ဓာတုရသ အာယုဝဍ္ဍန ပြာ(၁၂)ဆယ့်နှစ်ဆင့် မြောက်အောင်စီရင် ပြုလုပ်ကြရန်မှာ အလွန် မလွယ်ကူလှပေ။ ဉာဏ်ပညာ ရင့်ကျက်၍ သမာဓိ တည်ငြိမ်သော ပါရမီရှင်များသာ လုပ်စွမ်းနိုင်သော အလုပ် ဖြစ်ချေသည်။

သို့ရာတွင် အထက်က စီရင်ပုံစီရင်နည်း လုပ်ထုံးလုပ်နည်း တို့ဖြင့် ဖော်ပြခဲ့ပြီးသော တတိယဆင့် သုံးကြိမ်မြောက် စီရင် အောင်မြင်ပြီးဖြစ်သော တတိယဆင့် ပြာကိုပင် ၆ လတိုင်တိုင် ဖွဲ့ ဒုတင်၌ မီးအားနှင့် နေ့ညမလပ် မီးမပြတ်စေဘဲ မီးစိုက်၍ ဖုတ်ပြုလျှင် ပြာနုတဖန်ဖြစ်သွားပြန်ပါသည်။

ရှင်းပြသည့် အထက်က ၁၂ ဆင့်လုပ်ထုံးတွင် ဖော်ပြခဲ့သော ပဌမ၊ ဆဋ္ဌမ(၅ဆင့်၊ ၆ဆင့်)ခန့် အခြေသို့ ပေါက်ရောက်သော မာတုရသ မာတ်လေးပါး၊ အာယုဇေနပြာအေးအဖြစ်သို့ ရောက်သွားတော့၏။

ရှင်းပြာကို ၁မတ်သားဖြစ်စေ၊ ငါးမူးသားဖြစ်စေ၊ ပျားရည် တပိဿာ၌သော်ရှင်း၊ သို့မဟုတ် ထောပတ်၊ စတုမဓု တပိဿာစီတို့၌ရှင်း ထည့်မွှေ ရောစပ်၍ နံနက်တဇွန်း၊ ညတဇွန်း သုံးဆောင်စားသောက်ကြရာ၏။

ရှင်းပြာကို ပျားရည်၊ စတုမဓု၊ ထောပတ်တို့နှင့် ပြာ ၁ကျပ်သားကုန်အောင် ရောစပ်၍ နံနက်တဇွန်း ညတဇွန်းသုံးဆောင်မှီဝဲ၍ သွားပါလျှင် အတိုင်းမသိသော အကျိုးထူးများကို ခံစားတွေ့ကြုံရမည်ဖြစ်လတ္တံ့။

အကျိုးထူးများမှာ

မည်မျှလောက် ကြီးမားသော အနာရောဂါကို ခံစား၍ နေရစေကာမူ ရှင်းပြာကို သုံးဆောင်ပါက ပြာ ၁မတ်သား၊ ၅ပဲသားမကုန်မီ ပျောက်ကင်း ချမ်းသာစေနိုင်သော အစွမ်းသတ္တိထူးရှိ၏။

အစာ အာဟာရတို့ကို မြိန်ရှက်စွာ စားသောက်နိုင်၏။ ခရီးကို လျင်မြန်စွာ သွားနိုင်၏။ တောင်ကိုလည်း မမောမပန်း လျင်မြန်စွာ တက်နိုင်၏။ တပူဇနာရှိသော ခရီးကိုပင် တဟုန်ထည်း ရောက်အောင် သွားစွမ်းနိုင်၏။ အသားအရေ အရောင်အဆင်း နုပျိုလှပလာနိုင်၏။ အမောအပန်း

များစွာမရှိဘဲ ကိုယ်လက် လှုပ်ရှား သွားလာ နေထိုင်နိုင်၏။ စွဲကပ်ဆဲဖြစ်သော အနာရောဂါများကို လျင်မြန်စွာပျောက် ကင်း ချမ်းသာ စေနိုင်၏။

ခန္ဓာကိုယ်၌ မကျမရောက် သေးဘဲ ကျရောက်ခြင်းငှာ ထိုက်သော ရောဂါဆိုး အနာဆိုး ဘေးဆိုး အန္တရာယ် အမျိုးမျိုးတို့ကိုလည်း မဖြစ်ပေါ် မကျရောက်အောင် ကာ ကွယ်နိုင်သော အစွမ်းသတ္တိထူး ရှိ၏။ ခတ်လေးပါးကို မပို မလို ညီမျှစေလျက် ခိုင်ခံ့၊ တည်တံ့ စေနိုင်သဖြင့် အသက်ကိုလည်းရှည်စေနိုင်သော တန်ခိုးသတ္တိထူးရှိ၏။

၁၂ကြိမ်မြောက် သိဒ္ဓိပေါက်မြာကို ထမြောက် အောင် မြင်အောင် စီရင်ပြုလုပ်ရန် ကိစ္စမှာ လွယ်ကူသော အလုပ် မဟုတ်ပေ။ လူမှုကိစ္စ များပြားသူအတွက် ပြုလုပ်စီရင်ရန် အလွန်ခဲယဉ်းကြပေလိမ့်မည်။

သို့ရာတွင် တတိယဆင့် ပြာကို အားထုတ် ပြုလုပ်ပါက အောင်မြင်နိုင်ကြပါသည်။ အနာရောဂါ ကင်း၍ အသက် ရှည်လိုသူတိုင်း ဤတတိယဆင့် အာယုဝဍ္ဍနပြာကို စီရင်၍ သုံးဆောင်မှီဝဲကြရန် အထူးသင့်လှပေသည်။ ။ထိုမှတပါး ဆေးပညာဖြင့် အသက်မွေးကြသော ဆေးဆရာကြီးများ သည်လည်း ဤ တတိယဆင့် ပြာကို ညွှန်ပြခဲ့သော အတိုင်း စီရင်ပြုလုပ်၍ ကိုးကွယ်ခြောက်ပါးသော အနာရောဂါတို့ကို ကုသကြရာ၌ဤအာယုဝဍ္ဍနပြာကိုအသုံးပြုပါလျှင်ပျောက်ကင်း သူ ပေါများ၍ လောက သံသရာ နှစ်ဖြာသော အကျိုးကို ပွားတိုးကြမည်ဖြစ်၍ ဤအာယုဝဍ္ဍနပြာကို ပြုလုပ်စီရင်ကြရန်

ကျွန်ုပ်က အထူးတိုက်တွန်းပါသတည်း။

ဤဖော်ပြခဲ့ပြီးသော ဓာတ်လေးပါး ပြာချနည်း၊ ဓာတ် ၉ပါး၊ ၁၂ပါး၊ ၁၈ပါးကို အချင်းချင်း ပူးကပ်၍ နဝင်း ဖြင့်သေအောင် သတ်နည်းများသည် လူလာမန်တို့ သိနိုင် ရန် ခက်ခဲသောနည်း ဖြစ်ပါသည်။ ။အတုလဆရာတော် ခင်ကြီးပျော် စီရင်ခဲ့သော နည်းများဖြစ်၍ ဒွာဒသိန်ကျမ်း သိဒ္ဓိလမ်း၏ အဖွင့်ဖြစ်သော အတုလဝိဇ္ဇာမယသိဒ္ဓိကျမ်းမှ ဤနဝင်းသတ်နည်းကို ထုတ်နုတ်၍ ဖော်ပြလိုက်ပါသည်။

**နဝင်းသတ်နည်း ပြီး၏။**

ဝ....ဝ

## (၁၄၁) သွတ်ပြင်း သတ်နည်း

သွတ်ပြင်းကို (နေစန္ဒာဆေးခေါ်) ယမ်းနှင့် ကျောက် ချဉ် နှစ်ပါးပေါင်း၍ (၁၀)လုံ ထိုး။ လုံပိတ်ထိုးပြီးလျှင် လက်ချား၊ ယမ်း၊ ဇာဂကသာနှင့် ၁၀လုံ ထိုး။ နိ၍သေ၏။ ၎င်းသွတ်သေနှင့် ကိတ်တွဲ၊ ၎င်းကို ကျောက်ချဉ်၊ ကန့်၊ ဇာဝကသာ၊ ယမ်း ဤလေးပါးတွင် ကန့်ကို ၂ကျပ်ထည့်၊ ၎င်းလေးပါးအမျှ ဆားလော်ဖြူနှင့် ထည့်၍ ကြိတ်ထား။ သွတ်နှင့်ကိတ် တွဲထားသော ဓာတ်ကို ဓာတ်၏ ၂ဆ ဆေး ထည့်၍ထိုး။ သံသားကျ၍ ချိတ်ဖြစ်၏။

၎င်းချိတ်ကို ဘော်၏ ၄စိပ် တစိပ်နှင့် ဘော်ကို ထိုး။ ရွှေနှင့်လေးတူ စပ်။ အရည် တူ၏။

## (၁၄၂) ပြာရိုက်နည်း

(ခြသေ့်ဆေးခေါ်) ဆေးဒါန်းရွှေဝါ၊ ကန့်၊ ဟင်းရိုင်း၊ ၎င်းဆေးကို ခတ်၍ ၄ပုံ တပုံထည့်။ ၎င်းအပေါ်က ဆား သိပ်၊ လုံပိတ်ထိုး။ ၎င်းခတ် ဆပ်၍။ ၎င်းဆေးနှင့်ပင် ထပ်၍ ထိုး။ အားလုံး ဆပ်ကုန်သောအခါ သံဆုံတွင် (ခြသေ့် ဆေး)တစိပ်နှင့်ရော၍ ထောင်းပြီးလျှင် သံပုရာရေနှင့်တေ၍ ကြေအိုးနှင့် ချက်။

ခန်းသောအခါ ချထား။ ခြောက်သောအခါ လုံတွင် သိပ်၊ ဇော်ဂျီ ၃ထပ်မံ။ ဖွဲတစိပ်နှင့် ဖုတ်။ ပြာကျ၍။ မကျ သေးလျှင် ထပ်၍ဖုတ်။ ၎င်းပြာနှံ ၄ရွေးဘော် ၁ကျပ်မှာပစ်။ ၁မတ် သွင်း။ အရည်တူ၍။

လက်လွှတ် လုပ်လိုမူ ၎င်းပြာကို (ခြသေ့်ဆေး) နှင့် ရွှေးနည်းတူ ဖုတ်။ ခတ်၍ လေးတူဆေးကုန်လျှင် တန်လေ။ ၎င်းပြာ ၄ရွေး၊ ဘော် ၁ကျပ်မှာပစ်။ လက်လွှတ်ဖြစ်၍။

## (၁၄၃) ရေသယံသံ၊ ခြသံတို့ကို ပြုလုပ်နည်း

ရေသယံသံဖြစ်စေ၊ ခြသံဖြစ်စေ၊ နုနုကောင်းကောင်း ချွတ်ပြီးလျှင် သတ်ရန်မှာ တမာ၊ ကလိန်၊ ဇီးဖြူ၊ ကြောင် လျှာမြစ်၊ ကျီးအာ၊ ကင်မွန်၊ ကင်ပိန့်ကြီးဥ၊ ၎င်း(၇)ပါးကို သံပုရာရေနှင့်ကြိတ်၍ နေလှမ်းလေ။ အရက်နှင့် ကြိတ် နေလှမ်းပါ။

ဝ....ဝ

ရှားစောင်းကြီးရေနှင့်ကြိတ်၍ သံကို ဆေး ၂ဆထည့်၍ လုံပိတ်ထိုး။ မီးပြင်းထိုး။ သေ၏။ ဒင်းကို ထောပတ်၊ ဝက်ဆီတွင် ထပ်ခါထပ်ခါ လောင်း။ ချော်နီထွက်လျှင် ကာယသိဒ္ဓိပေါက်၏။ ရွှေးပဲခန့် ကိုယ်မှာမြှုပ်လေ။ ဘေးရန်ကင်း၏။ လောင်းမြဲလောင်း။း ချော်ဝါဆင်းလျှင် လုံဟောင်းတွင် ဘော်ကို ထည့်ထိုး။ ရွှေဖြစ်၏။

ထိုနောက် လောင်းမြဲလောင်း။ ချော်ဖြူထွက်လျှင် ပျားရည်မှာ စိမ်၍ သောက်။ အာယုပေါက်၏။ ။ ထိုနောက် ဥသျှစ်သီးတွင် သွင်း။ ဖွဲမီး(၇)ကြိမ် စိုက်။ အသမ္ဘိန္နဓာတ်လုံး ဖြစ်၏။

ဒင်းဓာတ်ကို အာကာသသိဒ္ဓိပေါက်ရန် ဆေးဖော်နည်းကား။ ။ဘုမ္မရာဇာစေ၊ မဟော်ရာကြီးဥ၊ ဂန့်ဂေါ်ဝတ်ဆံ၊ ပညာလက်ာ၊ ထန်းမြစ်၊ အုန်းမြစ်၊ ကွမ်းသီးမြစ်၊ ပေမြစ်၊ ဒင်း ၈ ပါး အမျှစီ စု။ ဒင်းဆေးအလေး ဂမုန်းကြက်သွေး၊ ဂမုန်းရွှေဝါ ၂ ပါးပေါင်း ကဲလေ။

အားလုံး ၁၀ ပါးကို ပျားရည်နှင့် တေ။ အညက်ကြိတ်ပြီးလျှင် ၃ ပုံ ပုံ၍ထား။ တပုံကို ဇီးချိတ်ကဲ။ တပုံကို စိန်ပန်းနီကဲ။ တပုံကို ဆေးဥတလုံးဝါကဲ။ ပြီးလျှင် တောအရပ်သို့ သွား၍ သိလဆောက်တည်ပြီး၊ ပွဲနတ်ရကာတင်။ စည်းချ၍ ပဌမဆေးမှစ၍ ဓာတ်၏ နှစ်ဆေးကိုနှိုးပြီး လုံပိတ်ထိုး။

၉ လုံစီ ထိုး။ ဆေး ၃ပုံကုန်၍ ၂၇လုံ စေ့သောအခါ ဒင်းဆေးအားလုံးကို ရော၍ ဖျော်။ ၉ကြိမ် လောင်း။ ၉ကြိမ် စေ့သောအခါ နေလုလင်ကဲ့သို့ အရောင် ၆ပါးထွက်၍

အသက်ဝင်၏၊ ရင်းခတ်လုံး ၎င်း၍ ကောင်းကင်သို့ ပျံသွားနိုင်၏၊ သိဒ္ဓိဆယ်ပါးပေါက်၍ ဝိဇ္ဇာဖြစ်တော့၏။

## (၁၄၄) သိဒ္ဓိမပေါက် ခတ်လုံး စီရင်နည်း

သဗ္ဗဘင်္ဂ ဆပေါဒ် တြိဂုဒ္ဓေ ကောရာမော ကေသုဗ္ဗဏ္ဏ ။ပင့်အမှန် အမိပွားယ်ပြန်သော်–

၁။ ဘင် ၇ကျပ်
၂။ ပြဒါး ၆ကျပ်
၃။ ဂျတ် ၃ကျပ်
၄။ သွတ် ၁ကျပ်
၅။ ရွှေ ၁ကျပ်

ပြဒါးကို ချန်လှ၍ ဘင်၊ ဂျတ်၊ သွတ်၊ ရွှေ၊ ဤလေးထွေကို ပေါင်းပြီး လုံးပိတ် ထိုး။ မအေးတအေး ပြဒါးကျွေး၍ ကုန်ပြေးသော် ခတ် ၅ပါးလုံးတို့သည် ပေါင်းမိကြ၏။

နောက်မှ လုံးပိတ်၊ ချနိုဂ်ထိုးပြန်၊ အလင်း ခံ၍၊ ဆီပြန် အပေါင်း၊ မှာကိုင်း လောင်းသော်၊ ခတ်ငါးဖော်သည်၊ မပိုမကြွင်း၊ ၁ကျပ်ကျန်သော်၊ ကြွေးစုံပေါက်၏၊ ကြွေးစုံပေါက်သော်၊ အဖော်မိတ်ဆွေ၊ ထက်ဝက်ခွဲ၍၊ ပပေးလေနှင့်၊ ပေးပြေးသောခါ သစ္စာထား၍၊ နည်းမမှားစေ၊ ပေးပါလေလော့၊ ပေးဝေသူကော်၊ ကြွေးစုံပေါက်သော်၊ ကာယသိဒ္ဓိ၊ ပီယအရာ၊ လွန်ကောင်းပါ၏။ ဆရာဇော်ဂျီ၊ မိန့်ခဲ့သည်မှာ၊ လုပ်သူ

အများ၊ တပည့်များက၊ ကန်တော့ကြလျှင်၊ ငါးပါးရှန်သူ၊ မပြုသေးကင်း၊ ရောဂါရှင်းသည်၊ ရှင်ရင်းရဲသော့ မှာစကား တည်း။

နေ့နံကြီး၊ နှမ်းဆီ၊ ဝက်ဆီ၊ ထောပတ်ဆီ၊ မြွေပွေးဆီ တို့မှာ လောင်းပါလေ။

## (၁၄၅) မနောသိဒ္ဓိခတ်လုံး

သွတ်ပြင်းရလျှင်၊ အုန်းနို့ရေဟွင်၊ ၇-မီး သွန်လေ။ ပြီးလျှင်တထွေ၊ အခိုး သေ၏။ ၁နေနွေက၊ စ၍သွင်းလျှင်၊ ပဒိုင်းခတ္တာ။ ရေမှာ (၁၀)မီး၊ (၆)မီး တနင်္ဂနွေ၊ နွားနို့ ပေတည်း။ တထွေမှတ်ရာ၊ တနင်းလာထောပတ်၊ (၂၅) မှတ်လော၊ တရပ်အင်္ဂါ၊ ဂွိုဟ်မှာအပြီး။ ထိကရုံးကြီးမှာ၊ (၈) မီးသာတည်း။ ဗုဒ္ဓဟူးပျားရည်၊ ဂွိုဟ်သက်ပေတည်း။ တကျော့မှတ်ရာ၊ ရက်ဇီဝါမူ၊ ဆိတ်နို့ဟူ၏။ မီ ပူ ၁၉၊ ပူးမျိုးသောကြာ၊ ရက်မှာ နွားသွေး၊ ဂွိုဟ်သက်ပေးမှ၊ ရက်သတ္တလျှင်၊ လောက်ရစုံမြောက်၊ စေ့သည်ရောက်က၊ စိန်ကျောက်အမှန်၊ သဏ္ဌာန်တူစွာ၊ ဖြစ်ပေါ်လာ၏။ မြဲစွာ လက်စွပ်၊ လုပ်၍ဝတ်က၊ တလခရီး၊ နေ့ချင်းပြီး၏။ တနည်း တထွေ၊ ဥဒဂေမှာ၊ ပုဝါချည်ထုပ်၊ နာဂါလုပ်၍၊ သမုဒ် ဂင်္ဂါ၊ ကူးနိုင်ရာ၏၊ ဆာခြင်းမရှိ၊ ကင်းဘိရောဂါ၊ ဒေဝါ သိကြား၊ စကားပြောရဲ့၊ ဝေရရန့်သူ၊ ကွာဝေးဟူ၏။ တမူ ပီယ၊ မြင်သမျှလူ၊ ကြည်ဖြူသဒ္ဓါ၊ လိုရာမရ၊ ရှိပြန်ကလျှင်

ယခင်လက်ကွက်၊ ညာကစတင်၍၊ ရွတ်အံ့ဂါထာ၊ (၇)ခါဖြင့်၊ သေချာ မြှောင့်တန်း၊ လက်ရှိုးတန်း၍။ လေဖြန်း၍ မှုတ်၊ အလုပ်မှန်စွာ၊ လိုရာသမျှ၊ ရှေ့တွင် ရ၏။ မုချသဘော၊ ဇော်ဂျီပြောသည်၊ မနောသိဖွို့၊ ပြီး၏တည်း။

## ရွတ်ရန်ဂါထာ

အနေ့ာလောစုဒယ် လာတွန်စေဇွတ် စဝအိကာ ရှေ့ရွတ် လောခလ ကေါပါတေး လူဖေနိတာ ဇောဒေါနို။ ။

၎င်းဂါထာဖြင့် (၇) ခါရွတ်။ ဆန္ဒရှိတိုင်း ရောက်၏။ ။

## (၁၄၆) ပြဒါးမီးနေ သံပန်းသေလမ်း

ပြဒါး၊ သံ၊ ဘော်၊ ဒန်၊ ဘင်၊ ဆေးဒန်း။ လုံကိုမီးထောင် သေဝင်း ထိုးသော်လည်း ရွှေး၊ ပဲ၊ မူး၊ မလျော့မှ အသေမှန် ၏။ မှတ်လေ။

၎င်းရှာခတ်သေကို ဂဠုံ၊ နဂါး၊ ခြသေ့နှင့် အထက် အောက်နှိုး၍ ၃လုံစီ ပိတ်၍ထိုး။ (ဂဠုံ၊ နဂါး၊ ခြသေ့)ဆို သည်မှာ ဖြုပ်၊ ပိတ်ချင်း၊ ချင်းကို ခေါ်၏။ ထိုးရာ၌ ဖြုပ် ကောင်း ၃လုံထိုး။ ပိတ်ချင်း ၃လုံ ထိုး။ ချင်း ၃လုံထိုးလေ။ ၎င်းနောက် ဖြုပ်၊ ပိတ်ချင်း၊ ချင်း၃ ပါးလုံးပေါင်းပြီး ၃လုံ ထိုးလေ၊ အထက်အောက် နှိုး၍ ထိုးရမည်။ ၎င်းနောက် အလင်းဖွင့်၍ထိုး။ မကျည်းသီး စသော ချဉ်ရေ ၂၇ မျိုးတို့ စုပေါင်း၍ ၇မီးသွန်ပြီးလျှင် ထောပတ်၊ ဝက်ဆီ စသော အဆီ

၁၂ မျိုးကိုတွင် ၇မိး သွန်သော် အရောင် ၆မျိုး ကြွှံးပေါ် လာလိမ့်မည်။ ၎င်းကြှံးပေါ် ၁ူး ယူ၍ ဘော် ၁ကျပ်မှာပစ်။ ထုံးကဲ့သို့ ဖြစ်၏။ ၎င်းဘော်ထုံး ၁ကျပ်ကို ဘော် ၁ဝိမှာ ပစ်။ ထုံးကဲ့သို့ ဖြစ်ပြန်၏။ ၎င်း ဘော်ထုံး ၁ူးကို ကြေးနီ ၁ဝိတွင် ပစ်။ လက်ဝဲဖြစ်၏။

လက်ျာလိုသော် ကြှံးပေါ် ၁ူးယူ၍ ကိတ် ၁ကျပ်မှာ ပစ်။ ထုံးကဲ့သို့ ဖြစ်၏။ ၎င်းရွှေထုံး ၁ူးကို ကြေးနီ ၁ဝိတွင် ပစ်။ နာရဏီ ဖြစ်တော့၏။

ဝိဇ္ဇာဓရသိဒ္ဓိ အာယုဝဍ္ဍနကို လိုသော် အရောင် ၆ မျိုး ပေါ်သော ကြှံးပေါ်ကို ပျားရည်နှင့် စိမ်သောက်၊ ငုံ၍သွား။ တရာသီ ၄လပတ်လုံး သုံးစွဲရမူ ၉၆ပါး ကင်း၏။ အပါး၃၀ ပြီး၏။ အခုန်အလွှား အပေါ်အပါးမှာ ရေပေါ်၌ နင်း၍ သွားနိုင်၏။ ဆာလောင်မွတ်သိပ်ခြင်း ကင်း၏။ ရွှေရုပ်ကဲ့သို့ လှ၏။ ဟိမဝန္တာတောင်၊ မဟာကဿပတောင်၊ မြင်းမိုရ် တောင်သို့ မျက်တောင်တခတ် လျှပ်တပြက် လက်တတွက် နှင့်ပင် ရောက်နိုင်၏။

(မှတ်ချက်)

နံ့သင့်

၁ ဂဠုံ ဆိုသည်မှာ (ငြုပ်ကောင်း)ခေါ်၏။

၀ နဂါး ဆိုသည်မှာ (ပိတ်ချင်း) ခေါ်၏။

၃ ခြင်သေ့ ဆိုသည်မှာ (ချဉ်း)ခေါ်၏။

## (၁၄၇) ဆေးဒါန်း ပြဒါးထုတ်နည်း

ရွှေအပ်သီး ၁ဝိ
ပဲကြီးစေ့ ၁ဝိ
ဆေးဒါန်း ၁ဝိ

ရင်း ၃ပါး ဖယောင်းသားကျောက် ကြိတ်၍ တေပြီးလျှပ် ဒန့်လင်ဗန်းပြားကဲထည့် လှမ်း၊ ပြဒါးရေ ရ၏။

## (၁၄၈) ပြဒါးပြေဆေး

ပဒိုင်းခတ္တာရွက်
ကွမ်းရွက်
သံပုရာရွက်
ဩဇာရွက်

ရဝ်းအစို ၄ ပါးကို ပျားရည်နှင့်ကြိတ်၍ အထက် ၁ကျပ် အောက် ၁ကျပ် ထည့်ပြီး ဖွဲ့ အောက်တတင်း၊ အထက်တတင်း စိုက်။ ပြဒါး ပြေ၍၏။

## တနည်း ပြဒါးပြေဆေး

တမာခေါက် ပျားရည်နှင့် ကြိတ်။

ဖွဲ့မီး တရက် အထက် ၁တင်း၊ အောက် ၁တင်း စိုက်လေ။ ။ပြဒါး ပြေ၍၏။

## (၁၄၉) စားလမ်းခေတ်လုံး

စိန်နီမြင်းသွား ၁ဝိ၊ လက်ချားခ်ီးပေါက် ၁ပိ သားကို ယူ၍ သံပုရာရည်နှင့် ကြိတ်၊ နေလှမ်း။ ခြောက်သွေ့သော အခါ သံကောင်းကောင်း ၂ ကျပ် ဂ ပဲ၊ စိန်နီလက်ချား ၆ကျပ်သား အထက်အောက် နှီး၍ လုံတခိုင်တလုံထိုး။

သံကောင်းလျှင် သံမှာ (ဝ)ပေါ်လိမ့်မည်။ သံမကောင်း လျှင် ဆေးစား၍ ကုန်မည်။ သံ ကျန်ရစ်ခဲ့သော ငင်းဆေး ၁ကျပ်သားနှင့် သံကို ထိုး။ လုံလေးလုံကျလျှင် ဒေါင်းရုပ် ပေါ်မည်။ ငင်းနည်း လေးလုံထိုးပြန်သော် ယုန်ရုပ် ပေါ်လိမ့် မည်။ ငင်းနည်း လေးလုံထိုးပြန်သော် ဘုရားရုပ်ပွား ဆင်းတု ပေါ်လိမ့်မည်။

ငင်းကို ဆေး ဂပဲသားနှင့် လေးလုံ ထိုးပြန်သော် ယပ် တောင် ပေါ်ရမည်။ ငင်းယပ်တောင် ပေါ်သောအခါ ရွှေ ၁ပဲသား ကျွေး၊ လုံကျင်းလေ။ နောက် မကျွေးရ။ ဆက်ထိုး။ ဘော်ကို ကျင်းကြည့်ပါလေ။

## (၁၅ဝ) လက်ဝဲလမ်း

စိန်ဖြူ၊ ဆေးဒန်း၊ ဟင်းရိုင်း၊ ကန့် ၂ ပဲစီ ညက်စွာ ကြိတ်။ ပန်းကန်တွင် သံပုရာရည်နှင့် မီးပေါ်မှာ ချက်။ အရေ ဖြစ်လျှင်၊ သမလျှင်၊ အေးလျှင် အမှုန့်ပြု။ ငင်းပြဒါး ၂ပဲကို လုံငယ်တွင် ဆေးမှုန့် အထက်အောက်ထည့်၍ ဇော်မံ၊ ဖွဲ ၁စိပ်နှင့် ဖုတ်။ ပြာကျ၏။ ငင်းပြာသေ ၂ပဲယူ၍ ဘော် ၁ကျပ်မှာ ပစ်။ ဘော်ပြာကျ၏။ ငင်းပြာတရွေးယူ၍ နာ ၁ ၁ဝိမှာပစ်။ ဘော်ဖြစ်၏။

ဤဖော်ပြခဲ့သော လက်တွေ့နည်းများကို ရန်ကုန်မြို့ ဗဟန်းသုဓမ္မာတိုက်၊ မိုးကုတ်ကျောင်း ဆရာတော် ဦးကုမာရ၊ ဦးသုမင်္ဂလ အရှင်မြတ်များထံမှ မေတ္တာဖြင့် ပေးသောနည်းဖြစ်ပါသည်။

ပေါက်ကွဲသိုက်စာထွက်၊ ကွယ်မဝှက်ဘူး၊ ဓာတ်ပေါင်းကူးက၊ ဖြစ်ဖူးများဖွာ၊ ပဒေသာအစစ်၊ ဓမ္မရာဇ်သူမွန်၊ သူ့ကျွန် သူကောင်းဖြစ်၊ မငြိုးကရာဇ်မှာမူ၊ တွေ့လျှင် ပိကတ်ရှကို ပြုပါလေ။ ဘင်၊ နာ၊ ဂွတ်၊ ဖြူ၊ ဆား၊ ပြဒါး၊ ဆေးဒါန်းလက်ချား၊ ရွှာရှိက ဆေးရှိ၏ ဟူသတည်း။ ။ ဝိဇ္ဇာဓရအင်္ဂါယပ်ဆေးကျမ်း အဆို။

## (၁၅၁) ဓာတ်ပေါင်းကူးစီရင်နည်း

| | | | |
|---|---|---|---|
| ကျောက်ချဉ် | ၄ ပဲ | မပေါက်ထိုး | ၄ ပဲ |
| လက်ချား | ၄ ပဲ | ဇဝက်သာ | ၄ ပဲ |
| ယမ်း | ၄ ပဲ | ကန့် | ၄ ပဲ |
| ဆား | ၄ ပဲ | စိန် | ၄ ပဲ |
| ဆပ်ပျာ | ၄ ပဲ | ဆေးဒါန်း | ၄ ပဲ |

ဤဆေးအားလုံးကို ပေါင်း၍ ညက်စွာ အမှုန့်ပြု။ ပြဒါး ၂ကျပ် ၇ပဲသားနှင့်ရော၍ စရနယ်။ ၎င်းနောက် အဝကျဉ်းသောအိုးသစ်တွင်ထည့်။ အပေါ်က ကြွေးနီဖလားကို မှောက်၍အုပ်။ ဖလားနှုတ်ခမ်းနှင့် အိုးနှုတ်ခမ်းအစပ်ကို အငွေ့အနံ့လုံအောင်ကော်ထေး။ မီးဖိုတွင် တင်၍ မီးနာနာ ထိုးပေး။ မီးအရှိန်ပြင်း၍ ရဲရဲနီလာလျှင် အောက်မှာချ၍ အအေးခံ။ အေးလျှင်အိုးကိုဖွင့်၍ ဖလားတွင်ကပ်နေသော ဆေးချိုးများကို ခွာ၍

ယူပါ။ ၎င်းနောက် လုံစောက်တွင် ထည့်၍ အရည်လင်ရုံ ထိုး။ အရည်လင်သောအခါ ဆီတွင် လေဝင်းလျှင် သတ္တုအခဲ ရ၏။

ထို့နောက် ၎င်းသတ္တုက ၁ကျပ်၊ နာ ၄ပဲ၊ ဘင် ၄ပဲ၊ ဘော် ၄ပဲ၊ ဂျွတ် ၄ပဲ ၎င်းငါးပါးကို ပေါင်း၍ လုံသစ်တွင် ထည့်လျက် အရည်လင်ရုံ ထိုး။ အခဲ တဖန် ရပြန်၏။

ထို့နောက်တဖန်။ ၊လက်ချား၊ ဆေးဒါန်း၊ ဆား၊ ဆေး ၃ ပါးကို ပျော့ရည်နှင့် တေ၍ ၎င်းဓာတ် ၅ ပါးအခဲကို မံရမည်။ ၎င်းမံပြီးကို နောက်ထပ် နွားချေးနှင့် ထပ်၍မံရမည်။ ၎င်းနွားချေး မံပြီး အပေါ်က မြေစေးနှင့် နယ်၍ အဝတ် ၃ထပ် ထပ်ခါထပ်ခါ ရစ်ပတ်၍ မံရမည်။

ထိုသို့ ဆေး၊ နွားချေး၊ အဝတ်တို့ဖြင့် ၃ထပ် မံပြီးသော ဓာတ် ၅ ပါး အခဲကို ခြောက်သွေ့အောင် နေလှမ်း၍ ဖွဲ တကင်းနှင့် မီးဖုတ်ပါလျှင် ဓာတ် ၅ပါး ပြာကျလေတော့၏။ ဒန် ၅ကျပ်ကို အရေကျို။ ၎င်းပြာ ၁ပဲ ပစ်။ ရုပ် ၁ကျပ် သွင်း၍ ထိုးလျှင် ငွေဖြစ်၏။ ။အဆင့်တက်နည်းမှာ ပြာလိုက်ပါလေ။

(မှတ်ချက်) လက်ျာလမ်း ဓာတ်ပေါင်းကူးနည်းမှာ ရွှေပင်လို ရွှေပင်စိုက်ဆိုသည့်အတိုင်း စိရပ်ရာ၌ မျိုးစေ့ပြောင်း၍ စိုက်ကြရာသတည်း။

## (၁၅၂) ပြဒါးမူလခဲနည်းတမျိုး

၁။ ဟင်းနုနွယ်ဖြူ
၂။ နွယ်ဖြူ
၃။ ရင်းနှောင်း
၄။ ဆပ်ပြာသဲ
၅။ ဘဘော်ဖို
၆။ မိုးမျှော်ငရုတ်

ဤဆေး ၆ပါးကို ပဥ္စငါးပါးလုံး အကုန်ယူ၍ ညက်အောင်ထောင်း၍ အရေကို ညှစ်ယူရမည်။ ပြဒါးကို လုံကြီးကြီးမှာထည့်။ မီးပေါ်တင်ချက်။ မီးပူ၍ ပြဒါး ခုန်တိုင်းခုန်တိုင်း ဆေးရည်ကို တစက်တစက် ချ၍ နေထွက်က နေဝင်အထိ ဆေးရည် ၅ကျပ်သား ကုန်အောင် ချက်ပါလျှင် မူလပြဒါးခဲကို ရရှိနိုင်ပါသည်။

## (၁၅၃) မူလခဲပြဒါးကို အမာဆိုက်အောင် စီရင်သော ပြုတ်ခဲဆေးနည်း

၎င်းမူလခဲပြဒါးကို မာအောင်ပြုရန် ဆေးမှာ။ ။ပဒိုင်းပဥ္စငါးပါး၊ မဲဇလီပဥ္စငါးပါး၊ လက်ဖက်၊ ကွမ်းရွက်၊ ရေပဲတွေးပင်လုံး၊ ရေကရင်ပင်သုံး ဤဆေးတို့ကို အမှုန့်ပြု၍ ရေနှင့် ဖျော်ပြီးသော် အိုးဟွင်ထည့်၍ မီးဖိုမှာတင်။ ပြဒါးခဲကို အဝတ်နှင့်ထည့်၍ ၎င်းဆေးရေတွင် မှန်ထုပ်ချ၍ ထည့်ပြုတ်။ ။ခုနစ်ရေခန်းအောင် ပြုတ်လျှင် ၎င်းပြဒါးခဲ မာ၍သွားလိမ့်မည်။ ။ဤပြဒါးခဲသည် မီး၌ အထားခံရှိသာရှိသေးသဖြင့် မီးထားခံပြဒါးဟု ဆိုရ၏။

## (၁၅၄) တနည်း ပြဒါးမူလခဲနည်း

ရေကရင် ၁ကျပ်၊ ရေပဲတွေး ၁ကျပ်၊ ကြိတ်မှုန် ၁ကျပ်၊ တင်ါငရုတ် ၁ ကျပ်၊ ဇဝင်းဆေး ၄ ပါးရော၍ ညက်အောင် ကြိတ်။ ပြဒါး ၁ကျပ်နှင့် စရနယ်၍ လောက်စာလုံးကဲ့သို့လုံး၍ အပေါက်ကျဉ်းကျဉ်းအိုးတွင် ထည့်။ အပေါက် ဖလားမှောက်၍ ဖုံးအုပ်ပေး။ ဖလားနခမ်းနှင့် အိုးနခမ်း အစပ် ၂ခုကို အခိုး အငွေ့မထွက်နိုင်အောင် ကော်နှင့် ပေးပြီးလျှင် မီးဖိုမှာကပ်၍ အောက်က မီးထည့်ပေး။ မီးနိုရဲ၍ ဆေးကျွမ်းလောက်လျှင် မီးဖိုမှချ။ အိုးကို ဖွင့်။ အပေါ်က ဖလားတွင် ကပ်နေသော ပြဒါးကို ခါ၍ယူပါ။ ဇဝင်းပြဒါးကို ဇဝင်းဆေး ၄ပါးနှင့်ပင် တပ်၍ စရနယ်ပြီးလျှင် အထက်ကနည်းအတိုင်း ၃ကြိမ်တိုင်တိုင် အိုးတွင်ထည့်၍ မီးထိုးပေး။ အပေါ်က ဖလားတွင် ကပ်နေ သော ပြဒါးကို ခွာ၍ယူ။ ၃ကြိမ် စေ့သောအခါ လက်ချား နှင့်ရော၍ လုံးတွင်ထည့်။ မီးပေါ်တင် ထိုး။ အရေဖြစ်လျှင် အောက်ချ။ မူလပြဒါးခဲကို ရရှိ၏။ အထက် ဖော်ပြခဲ့သော ပြုတ်ဆေးနှင့် ခုနစ်ရေ ခန်းအောင် ခုနစ်ခါ ပြုတ်လျှင် ဇဝင်းပြဒါးခဲ မာ၍ သွားလိမ့်မည်။ ။ဤပြဒါးခဲသည် မီးနှင့် အထားခံရှိသော ရှိသေးသဖြင့် မီးထားခံပြဒါးဟု ဆိုရ၏။ ။

....ဝ....

## (၁၅၅) မီးထားခံပြဒါးခဲကို မီးနေပြဒါးခဲ ဖြစ်ရန် စီရင်နည်း

ဤသို့ ပြဒါးကို မီးထားခံအောင် အကြိမ်ကြိမ် စီရင်ပြီးသည့်နောက် မီးနေအောင် တဖန်ထပ်၍ စီရင်ရန်မှာ မီးထားခံပြဒါးကို မာအောင် ပြုတ်။ ဆေးနှင့် အကြိမ်ကြိမ် ပြုတ်ပြီးသောအခါ ၎င်းပြဒါးခဲကို မီးနေအောင် ချုပ်၍ စီရင်ရမည့်ဆေးကား။ ။ဖာလာဝတ္တီကို ပျားရည်နှင့် တော်၍ ၎င်းပြဒါးခဲကို မံပြီးလျှင် ဥသျှစ်သီးမှည့်အတွင်းမှာ ထည့်ပါ။ ။ ၎င်းဥသျှစ်သီးကို လုံအောင် ပိတ်၍ မီးတွင်းချ ဖုတ်ပါ။ အပေါ်ခွံ မဲလာလျှင် မီးမှ ဆယ်ယူ။ အအေးခံ။ ခွဲယူ။

၎င်းနည်းအတိုင်း ဆေးမံ၍ ဥသျှစ်သီးတွင် ထည့်၍ ၇ကြိမ် တိုင်တိုင် ဖုတ်ပြီးလျှင် ပြဒါးခဲသည် အသင့်အတင့် မီးနေပြဒါးခဲ ဖြစ်သွား၏။

### ၎င်းနောက် တဖန်ပြုလုပ်ရန်မှာ

၁။ ရှားဇောင်းကြီးမြစ်
၂။ ရှားဇောင်းလက်ဆက်မြစ်
၃။ ရှားဇောင်းလက်ညှိုးမြစ်
၄။ ချင်ရွှေးလေးပါးဆံ
၅။ ကန့်ချုပ်နီ
၆။ မဟော်ရာကြီး
၇။ သက်ရင်းကြီး
၈။ ဗျိုင်းမှို့

ဤဆေး(၈)မျိုးကို သင့်ရုံအမျှစု၍ အမှုန့်ထောင်း၊ ညက်အောင် ကြိတ်၊ ရေနှင့် ဖျော်ယူထား။ ။ဥသျှစ်နှင့် ဖုတ်ထားသော ပြဒါးခဲကို လုံတွင် ထည့်။ အောက်က မီးထည့်ပေး။ မီးပူ၍ ပြဒါးခုန်တိုင်းကြွတိုင်း ၎င်းဖျော်ထားသော ဆေးကို တစက်တစက်ချပေး။ အောက်ကလည်း မီးပြင်း ထည့်ပေး။

ဤကဲ့သို့ ဆက်တိုက် ပြဒါး ခုန်တိုင်းကြွတိုင်း ဆေးစက်ချပေးပါ များသောအခါ ပြဒါးသည် မခုန်ကြွနိုင်တော့ဘဲ မီးရဲရဲ၌ ဝပ်ခံနေတော့၏။ ထိုအခါမီးမှ ချ။ အအေးခံထား။

ထို့နောက် တဖန် ဆက်၍ ပြုလုပ်ရန်မှာ။ ။အထက်က ဖော်ပြခဲ့သော ဆေးရေအဖြစ် အသုံးပြုခဲ့သော ရှားစောင်းကြီးမြစ် စသော ဆေး ၈ မျိုးတွင် ဗျိုင်းမို့ကို ထည့်၍ ညက်အောင် ထောင်း။ အမှုန့်ပြု။ ။၎င်းပြဒါးခဲနှင့် လုံမှာ သီပ်၊ အထက်အောက်နီး၊ လုံပိတ်၊ ဇော်မံ၊ ထိုး။ ၎င်းဆေးမှုန့်နှင့်ပင် ဆေးမှုန့်အသစ်ထည့်၍ ၎င်းနည်းအတိုင်း ၃လုံ စေ့အောင် ထိုးပါလျှင် ပဋ္ဌမမီးနေပြဒါးခဲကို ရရှိပေလိမ့်မည်။ ။ပထမ မီးနေစီရင်နည်း ပြီး၏။

## ရှင်းပြဒါးခဲကို ဒုတိယမီးနေ စီရင်ရန်

### ဆေးကား

၁။ ရွှေလေးပါး ဆံ

၂။ ဗူးခါး ဆံ

၃။ ကာလိန် ဆံ

၄။ ဂုံညင်း ဆံ

ဤလေးလေးပါးကို ညက်အောင် ကြိတ်။ ပျားရည်နှင့် ‌ေ တာ၍ ပထမ မီးနေပြဒါးခဲကိုမံ၍ မီးဖိုမှာ တင်။ ၇မီး စေ အောင် လှော်ပါ။ တမီးထက်တမီး မီးပြင်းပြင်းနှင့် လှော် ရမည်။ ၇မီးစေသောအခါ ဒုတိယမီးနေ ပြဒါးအဖြစ်သို့ ရောက်၏။ ။ဤကား ဒုတိယမီးနေ ပြဒါးအဖြစ် စီရင်ခြင်း ပြီး၏။

**ထို့နောက် တဖန် ပဉ္စမ တိယမီးနေပြဒါး**
**စီရင်ရန်ဆေးကား**

| | | |
|---|---|---|
| ၁။ | ရွှားစောင်းကြီးမြစ် | ၂ မတ် |
| ၂။ | ရွှားစောင်းလက်ဆစ်မြစ် | ၂ မတ် |
| ၃။ | ရွှားစောင်းလက်ညှိုးမြစ် | ၂ မတ် |
| ၄။ | မန်ကျည်းပွေး | ၂ မတ် |
| ၅။ | ဖလံပွေး | ၂ မတ် |
| ၆။ | မက်လှင် | ၁ ကျပ် |
| ၇။ | မန်ကျည်းမှည့် | ၁ ကျပ် |

ဤဆေးအားလုံးကိုရော၍ အမှုန့်ပြု။ ပျားရည်နှင့် တော၍ ဒုတိယမီးနေ ပြဒါးခဲကို မံပြီးလျှင် မီးနှင့် ၇ကြိမ်တိတိ လှော် ရမည်။ ။လှော်သောအခါ တမီးထက်တမီး မီးပြင်းပြင်း ထည့်၍ လှော်။

နောက်ဆုံးအကြိမ်မှာ ရှင်းဆေးနှင့်ပင် ပြဒါးကို မံ။ ရှင်းဆေးပေါ်က မြေစေးနှင့် အဝတ်ကို နယ်၍ ၃ ထပ် ရစ်ပတ်ပြီးလျှင် မီးဖုတ်။ သို့မဟုတ် ဖွဲမီးဖြင့် ဆေးကျွမ်း လောက်အောင် ဖုတ်ပါလျှင် တတိယမီးနေ ပြဒါးအဖြစ်သို့ ရောက်၏။ ။ဤကား တတိယမီးနေ ပြဒါးစီရင်နည်းပြီး၏။

**ထို့နောက်တဖန် စတုတ္ထမီးနေပြဒါးစီရင်ရန် ဆေးကား**

တတိယမီးနေပြဒါးကို လုံမှ၁ထည့်၊ အရေကျို။ ရှဉ့်မ တက်ကြီးမြစ်ကို ခပ်၍ မွှေပေး။ ဆယ်ထပ်ချင်း၊ သင်းဝင် ပေါက်ဖြူ ရှပ်ဆေး ၂ ပါးရေတွင် ခံရေပြု၍ သွန်လောင်း ပါ။ ။ဤနည်းအတိုင်း ၃ ကြိမ်စေ့အောင် လုပ်ပါက စတုတ္ထမီးနေပြဒါးအဖြစ်သို့ ရောက်လေတော့၏။

ဤကား မူလခဲပြဒါး စတုတ္ထမီးနေစီရင်နည်းပြီး၏။

ဤသို့ ဖော်ပြပြီးခဲ့သော စီရင်နည်းတို့ဖြင့် မူလခဲ ပြဒါးကို ပဌမမီးနေကစ၍ ဒုတိယ၊ တတိယ၊ စတုတ္ထမီးနေတိုင်အောင် တက်၍ အသုံးမီးဘို့ရောက်အောင် ကြိုးစားပြုလုပ်ရန် အလူး သင့်ပေသည်။ ။အဘယ်ကြောင့်ဆိုသော် စတုတ္ထ မီးနေ အထိ မီးရင့်၍ခဲပြီးသော ပြဒါးသည်သာ ထွက်ရပ်လမ်းကို စီရင်ရာ၌သော်၎င်း၊စားလမ်းကို စီရင်ရာ၌သော်၎င်း ထမြောက် အောင်မြင်ပြီးစီးခြင်းသို့ ရောက်နိုင်သောကြောင့်ဖြစ်ပေသည်။

၀....၀

ပြာကျဆေးနှင့် စတုတ္ထမီးနေပြဒါးပြာရိုက်၍

## (၁၅၆) စားလမ်းစိရင်နည်း

စတုတ္ထမီးနေပြဒါး ပြာချဆေးကား

၁။ ရှားစောင်းကြီးမြစ်

၂။ ရှားဇောဖီးလက်ဆက်မြစ်

၃။ ရှားဇောင်းလက်လိုးမြစ်

၄။ မန်ကျည်းပွေး

၅။ ထနောင်းပွေး

၆။ ဖလံပွေး

ဤဆေး ၆ ပါးကို သင့်ရုံ အမျှစု၍ အမှုန့်ပြု စတုတ္ထမီးနေပြဒါး ၁ ကျပ်နှင့် ရှပ်းဆေးမှုန့် ၂ ကျပ်သားကို လုံအတွင်းမှာ ပြဒါးကို အလယ်ကထား၍ ထည့်သိပ်ပြီးလျှင် လုံကို အဖုံးပိတ်၊ ဇော်မံ၍(၇)ခါမီးဖုတ်။ မီးတိုက်လျှင် ပြဒါး ပြာကျတော့၏။

**စားလမ်းကား**။ ။နှာ ၁ဝိကျပ်ကို အရေကျို။ ရှင် ပြာ ၁ပဲကို နှာမှာပစ်၍ တိုးပူတ်ပြီးလျှင် ရှင်းနှာနှင့် ဒန်စိမ်း ဆတူနိုင်းချင်းတွဲ၍ ထိုးပူတ်ပါလျှင် **စားလမ်း** အပွင့်သွက်တော့၏။

**တနည်းလည်း**။ ။နှာ ၁ဝကိုထိုး၍အရေကျို။ပြာ ၁ကျပ်ကို ရှပ်းနှာအရေမှာပစ်လျှင် **ထုံးကျပြန်**၏။ ရှင်းထုံး ၁ ကျပ်ကို ဘင် ၁ဝိ အရေကျို၍ ရှင်းဘင်အရေမှာ ပစ်လျှင် ဘင်ဆတ်သွားပြန်၏။

**စားလမ်းကာ**။ ။ဝင်းဘင်ဆတ် ၁ကျပ်ကို ဒန် ၁ဝိကျ်သော အရေမှာပစ် စားလမ်းကိစ္စပြီးပြန်၏။

**တနည်းလည်း**။ ။ဝင်းပြဒါးပြာနှင့် နာကို ဆတူစက်၍ လုံပွင်ထည့်။ အဖုံးပိတ်၊ ဇော်မံ၍ မီးပြင်းထိုးလျှင် ပြာကျပြန်၏။

ဝင်းပြာကို တဖန် ဘင်နှင့် ဆတူစက်၍ လုံပိတ်ထိုးပြန်လျှင် ပြာကျပြန်၏။

ဂျုတ်လေးတူ ဆတူထိုးလျှင် ပြာကျပြန်၏။ ဘော်ဆတူလေးတူထိုးပြန်သော် ထုံးရောက်က်၏။

ဘော်တစ်ကြိမ်ဆင့်ပြန်သော် ထုံးကျောက်ကဲ့သို့ရှိ၏။

ထိုသို့ အဆင့်၅လီ တက်ပြီးမှ ခေတ် ၄ ပါး (၁.၀၀)ကို ၁ပဲကျပစ်။ ။နာမှာ ဒန်နိုင်းချင်း၊ ဘင်မှာ ဒန်စိမ်း ၄ကျပ်တွင် ၁ ကျပ်၊ ဒန်မှာ ၁ဝိကို ရုပ် ၁ကျပ်တိုး၍မှတ်။ အပြီးတိုင်လေ၏။ ဂသ်မှာကား တချက်တည်းပြီးလေ၏။

**တနည်းလည်း**။ ။ဝင်းပြာကို ဘော်နှင့် လေးတူထိုးပြီးသော် ဘင်နှင့် လေးတူထိုးပြန်၊ ပြီးလျှင် ဂျုတ်နှင့် လေးတူထိုးပြန်လျှင် ထုံးကျ၏။ ဝင်းထုံးနှင့် ဘော်လေးတူ ထိုးပြန်လျှင် ထုံးကျောက်ကဲ့သို့ ရှိ၏။ ။ဤသို့ရှိမှ အထက်ကနည်းအတိုင်း ပစ်၍စား။ခေတ် ၁ပါးပြီး၏။

**တနည်းလည်း**။ ။ဝင်းပြာနှင့် ဘော် လေးတူထိုး။ ဝင်းဂျုတ်လေးတူထိုး။ ဝင်းဘော် လေးတူထိုး။ ဝင်းဘင် လေးတူထိုး။ ပြန်ထုံးကျ၏။ရှေးနည်းအတူ ပစ်၍စား။ ပြီး၏။

တနည်း‌လည်း။ ။ပြာနှင့် ပြဒါးကို ဆတူလေးတူစရနယ်။ အထက်ကဖော်ပြခဲ့သော ပြာကျဆေးနှင့် မီးဖုတ်လျှင် ပြာကျပြန်တော့၏။ ၎င်းကျသော ပြာနှင့် လက်ချားကို ဆတူထိုးလျှင် ထုံးကျပြန်၏။ လက်ဝဲကိုလိုလျှင် ဘော်နှင့် လေးတူထိုး။ ထုံးကျ၏။

လကျ်ာကိုလိုလျှင် ရွှေနှင့် လေးတူထိုး။ ထုံးကျ၏။ ၎င်းလကျ်ာထုံးကို ဒန်ခတ်ပြာ၁၀ကျပ်လျှင် တမတ်သားခန့် ခပ်၍ထိုး။အုတ်မှုန့်၊ နန္ဒင်းမှုန့်နှင့်လှော်။ ရွှေစင်ဖြစ်လေ၏။

လက်ဝဲထုံးကိုကား ခေါက် ၃ ပါးမှာ ရွေးနည်းအတိုင်း တမတ်သားခန့် ခပ်၍ထိုးလျှင်ပြီးတော့၏။

ဤကား မူလပြာတက် အဓိပတိ လကျ်ာ လက်ဝဲလမ်းတည်း။ ။အတက်ကိုကား ဤနည်းအတိုင်း တက်၍ စီရင်သော် တက္ကဝိဇ္ဇာဓိုရ်ဖြစ်နိုင်~၏။

## (၁၅၇) စတုတ္ထမီးနေ မူလပြဒါးခဲကို ထွက်ရပ်ပေါက် စီရင်နည်း

စတုတ္ထမီးနေ မူလပြဒါးခဲကို ပဒိုင်းသီးတွင် သွတ်၍ ဖွဲ့မီးနှင့်ဖုတ်။ ပဒိုင်းသီးအခွံနွမ်းရုံ မဲရုံ ကြည့်၍ဖုတ်။ တလုံးပြီးတလုံး ပြောင်း၍ဖုတ်ပါ။ ဤကဲ့သို့ ပဒိုင်းသီးတွင် ပြဒါးအလုံး (၁၀၀)ပြည့်အောင် ဖွဲ့မီးနှင့် ဖုတ်ရမည်။မီးဖုတ်၍ ပြဒါးခဲကို သွတ်၍ အလုံး ၁၀၀ စေ့သောအခါ ပြဒါးခဲသည် အလွန်မာသော အဖြစ်သို့ ရောက်၏။ စို့ကိုင်၍ တူရိုက်ခံ၏။ တူနှင့်ရိုက်

သော် တူ ပေမှာသာ ်င်၍ နေ၏။ ဝှင်းပြဒါးခဲအမာလိုက်၍ စို့ရိုက်ခံသောအခါပြဒါးခဲကိုပဒိုင်းပဋ္ဌါးပါးနှင့်တနေ့ပြုတ်။ ရေကနုန်းနှင့် တနေ့ပြုတ်ရမည်။ ထိုအခါ ပြဒါးခဲသည် အဆင်း ၃ပါးနှင့် ပြည့်စုံလာ၏။

ထို့နောက် တဖန်ပြုလုပ်ရန်မှာ ၃ နှစ်ဟောင်းလေပြီးသော ရေအိမ်၌သော်ဝှင်း၊ ကုဋ္ဌိ၌သော်ဝှင်း ပစ်ချ၍ ထားရာ၏။ သုံးလစေ့သော် အပေါ်မှာတက်၍ နေလိမ့်မည်။ ။ ထိုအခါ အနုလောမသိဒ္ဓိပြီးလေ၏။ အမွှေးအကြိုင်နှင့် ထုံ၍ သိဒ္ဓိတင်ပြီးသော် ကောင်းမွန်စွာထားပါ။

ရွှေငွေကို အလိုရှိသောအခါ ခေါက် ၄ ပါးကို အရေကျို။ အရေလင်သောအခါ ခေါက်လုံးကို ပစ်ထည့်က ခေါက် ၄ ပါးသည် ရွှေစစ် ငွေစစ်ဖြစ်၏။ ခေါက်လုံးကားအပေါ်မှာ တက်၍ နေ၏။

ပျားရည်မှာစိမ်၍သောက်သော် ၉၆-ဖြာ အနာရောဂါ ကင်းငြိမ်းချမ်းသာ၏။ နွားနို့မှာစိမ်၍သောက်သော် ခွန်အားကြီး၏။ နံ့သာရေမှာ စိမ်၍ လိမ်းသော် အသားအရေ နူးညံ့၍ နံ့ပျံ့လာနိုင်၏။ နတ်၏ အရောင်အဆင်းကဲ့သို့ လှပလာ၏။ ။ရေမှာ စိမ်၍ သောက်သော် မအိုမသေ အသက်ရှည်စွာ အနာမရှိ ပကတိနတ်ကဲ့သို့ နေရ၏။ ။ရောဂါရှိသူတို့ကို ပြဒါးလုံး စိမ်သော ရေကို သောက်စေသော် အနာရောဂါ ကင်းငြိမ်း ချမ်းသာ၏။ ။သေသောသူတို့၏ အကောင်ကိုဝှင်း၊ အရိုးကိုဝှင်း၊ တိရစ္ဆာန်တို့၏ အကောင်ကိုဝှင်း၊ အရိုးကိုဝှင်း၊ ကျောက်ရုပ်၊ ရွှံ့ရုပ်၊ သစ်သားရုပ်

တို့ကိုရင်း ပြဒါးလုံးစိမ်သော ရေနှင့် ပက်ဖျန်း ရသော် အသက်ဝင်၍ အရှင်ဖြစ်လာ၏။ ။ရင်းပြဒါးလုံးကို ငုံ၍ ကောင်းကင်သို့ ပျံတက်သော် တယူဇနာမြင့်အောင် ပျံတက်နိုင်၏။ တပသီဝိဇ္ဇာဓိုရ်ဖြစ်၏။

ဤကား စတုတ္ထမီးနေမူလပြဒါးခဲကို တပသီဝိဇ္ဇာဓိုရ်ဖြစ်ရန် စီရင်သောလမ်း အဓိပတိထွက်ရပ် အနုလောမသိဒ္ဓိ ပြီးသော လမ်းတည်း။

## (၁၅၈) ဝိဇ္ဇာဓိုရ် ၄မျိုးကို ဖော်ပြခြင်း

၁။ အင်္ဂဝိဇ္ဇာဓိုရ် တပါး

၂။ ဇော်ဂီဝိဇ္ဇာဓိုရ် တပါး

၃။ တပသီဝိဇ္ဇာဓိုရ် တပါး

၄။ သေဿဝိဇ္ဇာဓိုရ် တပါး

ဤသို့အားဖြင့် ဝိဇ္ဇာဓိုရ် ၄ ပါးရှိ၏။ ထို ၄ ပါးတို့တွင် အင်္ဂဝိဇ္ဇာဓိုရ်သည် ၃ ပါးရှိ၏။ ၃ ပါးဟူသော်ကား။ ။

၁။ ဆေးဝိဇ္ဇာလည်းတပါး

၂။ မန္တာန်ဝိဇ္ဇာလည်း တပါး

၃။ ပြဒါးပြာစသော သေဿဝိဇ္ဇာ တပါး

ဤသို့အားဖြင့် ၃ ပါးရှိ၏။

ဇော်ဂီဝိဇ္ဇာဓိုရ်လည်း ၃ ပါးအပြားရှိ၏။ ။၃ ပါး ဟူသော်ကား။

၁။ ဆေးမျက်လှည့်ဇော်ဂီလည်း တပါး
၂။ မန္တာန်ဆေးစုပ်ဇော်ဂီလည်း တပါး
၃။ ပြဒါးကိုစားသော ဇော်ဂီလည်း တပါး
ဤသို့အားဖြင့် ၃ ပါးရှိ၏။

တပသီဝိဇ္ဇာဓိုရ်ကား။ ပြဒါးသေကို ငုံ၍ ကောင်းကင်ထို ပျံတက်နိုင်သော ဝိဇ္ဇာဓိုရ်တည်း။

သေသဝိဇ္ဇာဓိုရ်ကား။ သံသေကို ငုံ၍ ကောင်းကင်သို့ ပျံတက်နိုင်သော ဝိဇ္ဇာဓိုရ်ကို ဆိုသတည်း။ ဤသံသေဝိဇ္ဇာဓိုရ်သည် မနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိ၊ အနုလောမသိဒ္ဓိ၊ ဤသိဒ္ဓိလေးမျိုးကိုပြီးစေနိုင်၏။

(၁) အင်္ဂဝိဇ္ဇာဓိုရ် ဆရာတို့သည်ကား။ မနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ဝိဇ္ဇာမယသိဒ္ဓိအားဖြင့် သုံးပါးကိုသာ ပြီးစေနိုင်ကြကုန်၏။ ။အနုလောမသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိတို့ကိုကား မပြီးစေနိုင်ကြကုန်။

(၂) တပသီဝိဇ္ဇာဓိုရ်ကား။ မနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အနုလောမသိဒ္ဓိအားဖြင့် သုံးပါးကိုသာ ပြီးစေနိုင်၏။ ။ဝိဇ္ဇာမယသိဒ္ဓိကိုကား မပြီးစေနိုင်။

(၃) သေသဝိဇ္ဇာဓိုရ်ကား။ သိဒ္ဓိမျိုးစုံကို ပြီးစေနိုင်၏။

ထိုသို့ ဆိုအပ်ခဲ့ပြီးသော ဝိဇ္ဇာဓိုရ် လေးမျိုးတို့တွင်။ ။ အင်္ဂဝိဇ္ဇာဓိုရ်၊ ဇော်ဂီဝိဇ္ဇာဓိုရ်ဆရာတို့သည်ကား။ လူမနီးသော တောကြီးအရပ်၌ သေလေပြီးသော လူမိန်းမတို့၏ အကောင်၊ အရိုးတို့ကို အသက်သွင်း၍ရှင်း၊ နတ်မိစ္ဆာစသော နတ်မိန်းမတို့နှင့်ပင်း တဖက်လျှင် အရံငါးရာထား၍ ကာမချမ်းသာ စည်းစိမ်ကို ခံစားစံစား၍ နေကြကုန်၏။ ဆင် မြင်း ကျွဲ နွား စသော သတ္တဝါတို့၏ အကောင်၊အရိုးများကိုလည်း ရှင်စေ နိုင်၏။ ။ရွှေငွေကို ဖြစ်စေလိုသော်ကား။ တံတွေးနှင့် ခတ် လေးပါး အရေလင်ရာမှ ထွေးကာမျှဖြင့် ရွှေငွေတို့ကို ဖြစ်စေ နိုင်ကြကုန်၏။ ။ရွှေငွေဖြစ်သော စည်းစိမ်ကိုကား အလိုမရှိ ကြလေကုန်။

သေပြီးသောလူစသော သတ္တဝါတို့၏အကောင်၊အရိုးတို့ကို ရှင်စေလိုသော်ငင်း၊ နာဖျားသောလူစသော သတ္တဝါတို့ကို မာစေလိုသော်ငင်း ရေကိုငုံပြီးထွေးကာမျှဖြင့် ရှင်စေနိုင်ကြ ကုန်၏။ ရောဂါတို့ကို ပျောက်ကင်းစေနိုင်ကြကုန်၏။ အင်္ဂ ဝိဇ္ဇာဓိုရ်သည် ကောင်းကင်သို့ တယူဇနာတိုင်အောင် တက် နိုင်၏။ ဤကား အင်္ဂဝိဇ္ဇာဓိုရ်၊ ဇော်ဂီဝိဇ္ဇာဓိုရ် ဆရာတို့၏ ပြီးစေကြောင်း တန်ခိုးသတ္တိကို ဖော်ပြခြင်းပေတည်း။

(၃) တပသီ ဝိဇ္ဇာဓိုရ်ဆရာကား ရွှေငွေဖြစ်သော စည်း စိမ်ကို အလိုမရှိပေ။ လူမနီးသော တောအရပ်၌ သေလေ ပြီးသော လူမိန်းမတို့၏ အကောင်၊ အရိုး အသက် သွင်း၍ ရှင်း၊ ကျောက်၊ သစ်သား၊ ရွှံ့တို့ကို မိန်းမရုပ် လုပ်ပြီးလျှင် အသက်သွင်း၍ရှင်း၊ တဖက်လျှင် အရံငါးရာနှင့် ကာမ

စည်းစိမ်ကို မြိန်ရှက်စွာ ခံစား ခံစားရှိသော နေ၏။ ။လူ စသော သတ္တဝါ၊ ဆင်မြင်း စသောသတ္တဝါတို့၏ အကောင်။ အရိုးတို့ကို ရှင်စေလိုသော်ရင်း။ လူ ဆင် မြင်း စသော သတ္တဝါတို့၌ ကပ်ရောက်သော အနာရောဂါတို့ကို ပျောက် စေလိုသော်ရင်း၊ ကျောက်ရုပ်၊ ရွှံ့ရုပ်၊ သစ်သားရုပ်တို့ကို ရှင်စေလိုသော်ရင်း၊

ပြဒါးသေကို ရေတုပ် စိမ်၍ ထို စိမ်သည့်ရေနှင့် ပက် ဖျန်းကာမျှဖြင့် ရှင်စေနိုင်၏။ ရောဂါတို့ကို ပျောက်ကင်းစေ နိုင်၏။ ရွှေငွေကိုသော်ကား ဓာတ်လေးပါး အရေလာင်ရာ မှာ ပြဒါးသေကို ပစ်ချကာမျှဖြင့် ရွှေငွေ အပြီးတိုင် ဖြစ် သောဟူ၏။ ။တပသီဝိဇ္ဇာခိုရ်၏ ပြီးကြောင်း တန်ခိုးသတ္တိ ကို ဖော်ပြခြင်းပေတည်း။

(၄) သေသဝိဇ္ဇာခိုရ်ကား ဟိမဝန္တာ သုယောင်တော၌ သုယောင်သီးကို ဆွတ်ခူး၍ အသက် သွင်းပြီးသော် တဖက် လျှင် အရံငါးရာစီဖြင့် အရံထား၍ ကာမစည်းစိမ်ကို ခံစား စံစားလျက် အသက်ရှည်စွာ နေကုန်၏။ ထိုသုယောင်သီး တို့၏ သဏ္ဌာန်ကား လူမိန်းမ သတို့သမီးသည် (၁၅)နှစ် အရွယ်သဏ္ဌာန် ရှိကုန်လျက် အင်္ဂါကြီးငယ်နှင့် ပြည့်စုံစွာ ဆံထုံးအသွယ် ပေါက်လျက် ချစ် စ ဖွယ် တင့်တယ် စွာ သီးကုန်၏။

ထိုသုယောင်ပင်မှ ကြွေကျ၍ ပုပ်သော အနံ့တို့သည် လူသေများ၏ အပုပ်နံ့ကဲ့သို့ ပုပ်သောအနံ့ ရှိကုန်၏။

အပင်အောက်သို့ ကြွေကျသော သူယောင်သီး တို့ကို ကား ဆတ္တန်ဆင်မင်းတို့ စားကြကုန်၏။ ထိုသူယောင်တော ၌ကား ရသေ့တို့သည် သွား၍နေထိုင်ခြင်း မပြုကြပေ။

အဘယ်ကြောင့်နည်း ဟူမူကား။ ။ထိုသူယောင်သီး တို့သည် လေပြေလေညင်း သုတ်သွင်း၊ တိုက်ခတ်သည် ရှိသော် ကိန္နရီတို့သည် က, သီ, မြူးထူး ကုန်သကဲ့သို့ ပြုံးခြင်း၊ ရယ်ခြင်း။ ဟန်အမူအရာ အသွင်ကို ဆောင်သော အရောင်အဆင်းတို့ကို မြင်သောအခါ တပ်မက် ရာဂစိတ် ဖြစ်၍ ဈာန်မှ လျှောကျကြကုန်၏။

တို့ဈာန်ကို ရရှိရန် တဖန်ပြန်၍ ပွားပြင်အားထုတ်ကြရသော ကြောင့် မသွားဘဲ နေကုန်၏။ ။ဤကား- သေသေဝိဇ္ဇာခိုရ်၏ ဆရာအကြောင်းကို ဖော်ပြလိုက်ခြင်းပေတည်း။ ။ထိုသို့ ဆိုအပ်ခဲ့ပြီးသော ဝိဇ္ဇာခိုရ်ဆရာတို့သည် မိမိတို့ကိုယ်တိုင်၌ရင်း၊ သူတပါးတို့၏ကိုယ်တိုင်၌ရင်း၊ ရှိရှိသမျှဆနဝုတိ ရောဂါတို့ကို ပယ်နိုင်ကြကုန်၏။ ။အသက်မူကား ဘုရားတဆူနှင့် ဘုရား တဆူ၏ အကြား စည်းစိမ်ချမ်းသာကို ခံစား စံစား၍ ကြာ မြင့်စွာ နေကြကုန်၏။

ဝိဇ္ဇာလေးမျိုးတို့တွင် ဇော်ဂျီဝိဇ္ဇာခိုရ်၊ အင်္ဂါဝိဇ္ဇာခိုရ်တို့ သည် ပြဒါးပြာကို စား၍ ဖြစ်ကြကုန်၏။ ရွှေငွေကို ဖြစ်စေ လိုသော် ဓာတ်လှော်ပါး အရေလင်ရာ၌ တံတွေး ထွေးကာ မျှဖြင့် ရွှေငွေ ဖြစ်၏။

တပသီဝိဇ္ဇာဓိုရ်၊ သေသဝိဇ္ဇာဓိုရ်တို့သည် ပြာသော၊ သံသေသောကြောင့် ဖြစ်ကြကုန်၏။ ရွှေငွေကို ဖြစ်စေလိုသော် ဓာတ်လေးပါး အရေလင်ရာ၌ တိုကာမျှနှင့်ပင် ရွှေငွေ ဖြစ်နိုင်၏။ ။သေသဝိဇ္ဇာဓိုရ်ကား သံကို သေအောင် စီရင်နိုင်၏။ ။တပသီဝိဇ္ဇာဓိုရ်ကား ပြဒါးကို သေအောင် စီရင်နိုင်၏။

ဇော်ဂျီဝိဇ္ဇာဓိုရ်၊ အင်္ဂဝိဇ္ဇာဓိုရ် ဆရာတို့သည် မူလ ပြာတက်ကိုရင်း၊ ဓာတ်လေးပါး ပြာတက်ကိုရင်း၊ ပြဒါးပြာကိုရင်း၊ စီရင်နိုင်ကုန်၏။

ဝိဇ္ဇာဓိုရ်လေးပါးအကြောင်း ပြီး၏။

## (၁၅၉) အင်္ဂဝိဇ္ဇာဓိုရ်၊ ဇော်ဂျီဝိဇ္ဇာဓိုရ်တို့၏ ပြဒါးခဲပုံ အချင်းအရာကို ဖော်ပြခြင်း

သီလာစ ပိတ္တကာ၊ ပထဝီ ပုတိကာ။
ရုက္ခ ပုပ္ဖပဏ္ဏကာ၊ အာကာသ ဥဒကံ။
ဣမေသု-သုတာစတုဝိဓာ၊ ပကာသိတာ။ ။

သီလာစ ပိတ္တကာ၊ ကျောက်မှုန့်ကိုစားသောသုတရင်း၊
ရုက္ခ ပုပ္ဖပဏ္ဏကာ၊ သစ်ရွက် သစ်ပွင့်ကို စားသော သုတရင်း။

ပထဝီပုတိကာ၊ မြေအပုပ်ကိုစားသော သုတာရင်း။
အာကာသဥဒကာ၊ ဆီးနှင်း မိုးပေါက်ကို စားသော သုတာရင်း။
ဣမေသု-သုဟာစတုဝိဓာ၊ ဤ လေးပါးသော သုတာတို့ကို ဝါ၊
ပြဒါးတို့ကို။
ပကာသိတာ၊ သိအပ် ပြအပ်ကုန်၏။

## သိမှတ်ဖွယ်ရာအခိပ္ပာယ်မှာ

ပြဒါးအပြား ၄ပါး ရှိ၏။ လေးပါး ဟူသည်ကား။ ။ မြေအပုပ်စားသော ပြဒါးတမျိုး၊ ကျောက်မှုန့် စားသော ပြဒါးတမျိုး၊ သစ်ရွက်သစ်ပွင့် စားသော ပြဒါးတမျိုး၊ ဆီးနှင်း ဆီးပေါက်၊ မိုးရေ မိုးပေါက်ကို စားသော ပြဒါးတမျိုး၊ ဤသို့အားဖြင့် ပြဒါးတို့သည် လေးမျိုး ရှိကုန်၏ဟု သိမှတ်ရာ၏။

## ပြဒါးတို၏ ဓေါသဘုတ်ပုံကို ပြခြင်း

သီလာစပိတ္တိကဒေါသာနိ၊
နိက္ခိယောစ၊ ဖလိပိတ္တိကာ၊
အန္တောစရိယာ၊ အင်္ဂမှိသဏ္ဍမံ၊
သန္တတ္တေသျ၊ သုသိက္ခိတာ။ ။

သီလာစပိတ္တိကဒေါသာနိ၊ ကျောက်ဒေါသတို့ကို။
နိက္ခိယောဝ၊ ဟုတ်လိုသည် ရှိသော်။

ဖလိပိတ္တိကာ၊ ပန္ဒိုင်းသီးတို့ကို။ ဝါ၊ ပန္ဒိုင်းသီးတို့၏။
အဇ္ဈောစရိတွာ၊ စရသွင်း၍။ ဝါ၊ အတွင်းမှာ ထား၍။
အဂ္ဂိမှိ၊ မီးမှ။ ဝါ၊ မီးပေါ်မှာ။
ဘတ္တမ်၊ ခုနစ်ကြိမ်။
သန္တတ္တေယျ၊ ချက်ရာ၏။

### အဓိပ္ပာယ်သိမှတ်စရာမှာ

ကျောက်မှုန့်စားသော ပြဒါးတို့၏ အပြစ် အညစ်အကြေးတို့ကို ထုတ်လိုသော် ပန္ဒိုင်းသီး အတွင်းမှာ ထည့်၍ မီးမှာ ခုနစ်ကြိမ် ချက်သော် အညစ်အကြေး အပြစ် စင်ကြယ်သော ပြဒါးကို ရရှိနိုင်သည်ဟု သိမှတ်ရာ၏။

ပထဝီပုတိက ဒေါသာနိ၊
နိက္ခိယေဝ ပိလိင်္ဂုတမ္ဗုဏ္ဏဥ္စ၊
အဂ္ဂိမှိ သတ္တမ် သန္တတ္တေယျ။ ။

ပထဝီပုကိကဒေါသာနိ၊ မြေအုပ်စားသော ဒေါသတို့ကို။
နိက္ခိယေဝ၊ ထုတ်လိုသည်ရှိသော်။
ပိလိင်္ဂုဥ္စ၊ နှသွင်းဒဝ်း။
တမ္ဗုဏ္ဏဥ္စ၊ ကွမ်းရွက်ဒဝ်း။
အဇ္ဈမနုသိကာ၊ လူရိုးဒင်း။
စရိတွာ၊ စရနယ်၍။

ဖလိပိတ္တုကာ၊ ပဒိုင်းသီးတို့နှင့်။
သတ္တမံ၊ ၇ ကြိမ်။
အင်္ဂမှို၊ မီးမှာ၊ ဝါ။ မီးပေါ်မှာ။
သန္တတ္တဿ၊ ချက်ရာ၏။

## အစိပ္ပါယ်မှာ

မြေအပုပ်စားသော ပြဒါးတို၏ ဒေါသ အညစ်အကြေးကို ထုတ်လိုသော် ရှေးဦးစွာ နန္တင်းနှင့် နယ်ရမည်။ ထို့နောက် ကွမ်းရွက်နှင့် နယ်ရမည်။ ထို့နောက် လူရှီးနှင့်နယ်၍ ပဒိုင်းသီးကို ခွက်လုပ်၍ ၎င်းပဒိုင်းသီးခွက်၌ ပြဒါးကို ထည့်။ မီးပေါ်မှာတင်၍ ခပ်နွေးနွေး ၇ကြိမ် ချက်လျှင် စင်ကြယ်သော ပြဒါးကို ရရှိနိုင်၏။ ဒေါသကို ထုတ်လိုလျှင် ထုတ်နိုင်၏။ မထုတ်လိုကလည်း နေနိုင်၏။ ဤကား အင်္ဂလိတ္တာခိုရ် ဆရာ၏ အမှာစကားတည်း။

ရက္ခိပုပ္ဖိပဏ္ဏကာ၊ အာကာသဉဒကာ၊
ဒေါသာ န နိက္ခိတာ။ ။

ရက္ခိပုပ္ဖိပဏ္ဏကာ၊ ဘစ်ပွင့်စုပ်ပြဒါးရင်း။
အာကာသဉဒကာ၊ ဆီးနှင်းမိုးပေါက် စားသော ပြဒါးရင်း။
ဒေါသာ၊ အပြစ်တို့ကို။
န နိက္ခိတာ၊ မထုတ်အပ်ကုန်။

## သိမှတ်စရာ အဓိပ္ပာယ်မှာ

သစ်ပွင့်ကိုစုပ်သော ပြဒါးကိုရင်း၊ ဆီးနှင်း မိုးပေါက်ကို စားသော ပြဒါးကိုရင်း၊ ဒေါသအပြစ် အညစ်အကြေး ထုတ်စရာမလို၊ အလိုလို စင်ကြယ်ပြီး ဖြစ်သည်ဟု အဓိပ္ပာယ်ကို သိမှတ်ရာ၏။

သီလာစ ပထဝီပုတိကာ၊ အသုစိဝါဆာဒယိဝါ၊
ဓာတုဒေါသိနိဝါ၊ အင္ဂမေအတ္တိ၊
တေဓာတု အ ဒေါသိနိဝါ၊ ကတပေဗ၊
နာလိကဘဂ်ိကာ၊ ကသ်ဂ္ဂိကရဇိဇံတိလာ၊
လေ ာဟာန ခုမောရသံ၊ ပကာသိတာ။ ။

သီလာစပထဝီပုတိကာ၊ ကျောက်မှုန့်မြေ အပုပ်စားသောပြဒါးတို့တွင်
အသုစိဝါ၊ မစင်ကြယ်ခြင်းငှာ။
ဆာဒယိဝါ၊ ဖုံးလွှမ်းအပ်သော။
ဓာတုဒေါသိနိဝါ၊ ဓာတ် ဒေါသတို့သည်။
အင္ဂမေဝ၊ ရှစ်ပါးသာလျှင်။
အတ္တိ၊ ရှိ၏။
တေဓာတု အင္ဂဒေါသိနိဝါ၊ ထို ရှစ်ပါးသော ဒေါသတို့သည်။
ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။
နာလိကဘဂ်ိကာစ၊ နာဓာတ်၊ ဘင်ဓာတ်ရင်း။

ကသ်ႆ္ဂကရဇိဇံကိလာ၊ ကြေးနီ၊ ၈ သာ် ရွှေငွေမတော်ရင်း။
လောဟာနဓုမောရသံပါ၊သံဓါတ် အခိုးခတ် အငံခတ်ရင်း။
တပသိဝိဇ္ဇာဓရယော၊ တပသိဝိဇ္ဇာခိုရ် ဆရာတို့သည်။
နတ္ထိသတ်၊ အလိုမရှိ။
အနုလောမဝိစိန္တိတာ၊ အနုလောမ စီရင်သည်ရှိသော်။
နသိဒ္ဓိ၊ မပြီးနိုင်ရာ။

## အဓိပ္ပာယ် သိမှတ်ရန်ကား

ပြဒါး ၄မျိုးတို့တွင် သစ်ရွက်သစ်ပွင့် စားသော ပြဒါး ဆီးနှင်း မိုးပေါက် စားသော ပြဒါး ၂ မျိုးမှတပါး။ ။ မြေအပုပ်စားသော ပြဒါး၊ ကျောက်မှုန့် စားသော ပြဒါးတို့ကို ဒေါသအညစ်အကြေးထုတ်လိုသော် ရှေးဦးစွာ အရိုးဖြင့်နယ်။ ၎င်းနောက် နနွင်းဖြင့် နယ်၊ ၎င်းနောက် ကွမ်းရွက်ဖြင့် စရနယ်၊ ၎င်းနောက် လူရိုးဖြင့် စရနယ်ပြီးလျှင် ပဒိုင်းသီးကို ခွက်လုပ်၍ ပြဒါးထည့်။ မီးပေါ်တွင် နွေးနွေး ၇ ကြိမ် ချက်ရမည်။

၎င်းနောက် ၎င်းပြဒါးကို ပျားဖယောင်းဖြင့် စရနယ်၍ ဖယောင်းတိုင်လုပ် မီးထွန်း။ ဖယောင်းကုန်လျှင် ပြဒါးအရေ ကျန်လိမ့်မည်။ ၎င်းနောက် ၎င်းပြဒါးကို အပေါက် ကျဉ်းသော အိုးငယ်အသစ်မှာ ထည့်၊ အပေါ်က ခွက်တခုကို မှောက်၍ အုပ်ထား။ ခွက်နှင့် အိုးနခမ်းအစပ် ၂ခုကို ကော် ထေး၊ မြေမံ၊ အောက်က မီးတိုက်။ ။အပေါ်ခွက်မှာ အဝတ်

ကို ရေဆွတ်၍ အုပ်ထား။ ။မီးတိုက်၍ အဟန့်ကြာလျှင် အိုးကို ဖိုမှချ၍ အအေးခံထား။ ။အေးသောအခါ အထက် ခွက်တွင် ကပ်နေသော ပြဒါးကို ခွာယူပါ။

ဤသို့ ပြုလုပ်စီရင်မှသာ ဒေါသ အညစ်အကြေး စင် ကြယ်သော သုတပြဒါး ဖြစ်၏။ ။ပြဒါး မစင်ကြယ်သည် ရှိသော် နာ၊ ဘင်၊ ကြေးနီ၊ ရွှေ၊ ငွေ၊ သံ၊ အခိုး၊ အငန်၊ ဤအပြစ်ရှစ်ပါးတို့သည် နှောင့်ယှက်သောကြောင့် အနုလောမ သိဒ္ဓိကို စီရင်သော် မပြီးစီးနိုင်ရာသတည်း။ ။ဟု အဓိပ္ပာယ်ကို သိမှတ်ရာသတည်း။ ။ဤကား တပသိ ဝိဇ္ဇာခိုရ်ဆရာ၏ အမှာတည်း။

အင်္ဂဝိဇ္ဇာခိုရ်၊ ဇော်ဂီဝိဇ္ဇာခိုရ်တို့၏ အလိုမှာ ဓာတ်ဒေါသ တို့ကို ထုတ်သော်ငြားး၊ မထုတ်သော်ငြား၊ အပြစ်မရှိ။ ထုတ်လို သော် ထုတ်ရာ၏ဟု ဆိုကြကုန်၏။

ဓာတုအဋ္ဌဒေါသာနိ နိက္ခန္တိ၊ ပထမံဘက္ခံဝါစရနိတွာ၊
ပဉ္စာပိလိင်္ဂဋ္ဌ၊ စရနိကတိယမှိ တမ္ဗုကြူဂါ၊
အဋ္ဌမန္နုဿိကာ၊ စရနိတွာ အန္တာ မခုရိဝါ၊
စရနိကော အင်္ဂမှိဇလိတာ၊ ထာလကာ ကတွာ၊
နိက္ခယျ သုသိဒ္ဓွာဘာ။ ။

ဓာတုအဋ္ဌဒေါသာနိ၊ ရှစ်ပါးသော အပြစ်တို့ကို။
နိက္ခန္တိဝါ၊ ထုတ်လိုသည်ရှိသော်။
၁ ပထမံ၊ ရှေးဦးစွာ။

ဘတ္တံဝါ၊ ထမင်းနှင့်။
စရန္တိတွာ၊ စရနယ်၍
ပစ္ဆာ၊ နောက်မှ။
ပိလိင်္ဂ၊ နနွင်းနှင့်ရင်း။
စရန္တိ၊ စရနယ်၍။
တတိယမွိ၊ သုံးကြိမ်ရင်း။
တမ္ဗုလ္လဝါ၊ ကွမ်းရွက်နှင့်ရင်း။
အင္ဂုမနုဿိကာ၊ လူရိုးနှင့်ရင်း။
စရန္တိတွာ၊ စရနယ်၍။
အန္တ၊ အဆုံးမှ။ ဝါ၊ နောက်ဆုံး
မဓုရိဝါ၊ ပျားဖရောင်းတို့နှင့်ရင်း။
စရန္တိတွာ၊ စရနယ်၍။
အင်္ဂုမ္ဗိဇလိတာ၊ ပြောင်ပြောင်တောက်သောမီးကို။
ကတွာ၊ ပြု၍။ ဝါ၊ မီးထည့်၍။
ထာလကာ၊ မှောက်ခြင်းတို့ဖြင့်။ ဝါ၊ ပြဒါးထည့်သော ခွက်
.ပေါ်မှ ခွက်တခုကို မှောက်၍။
သုဘိက္ခိတာ၊ ကောင်းစွာပိရင်၍။
နိက္ခယျ၊ ထုတ်ရာ၏။ ဝါ၊ ဤသို့ထုတ်သော် ထုတ်ရာ၏။

**အဓိပ္ပါယ်ကား။** ။ နာ၊ ဘင်၊ ကြေးနီ၊ ဂသံ၊ ရွှေငွေ၊ သံ၊ အခိုး၊ အငန်၊ ဤရှစ်ပါးသော၊ ဓာတ်တို့သည် ပြဒါးကို ဖုံးလွှမ်းတတ်သဖြင့် ပြဒါးသည် မစင်ကြယ်ဘဲ ရှိတတ်၏။ ။ ထိုဒေါသ အပြစ်ရှစ်ပါးတို့ကို ထုတ်လိုသော်။ ။ပဌမ ထမင်း

နှင့် နယ်ရမည်။ ဒုတိယ နနွင်းနှင့် နယ်ရမည်။ တတိယ ကွမ်းရွက်နှင့်ဇုင်း၊ လူရိုးနှင့်ဇုင်း၊ စရနယ်ရမည်။ ။ ဇုင်း နောက် ပျားဖရောင်းနှင့်နယ်၊ ခွက်တခုမှာထည့်၊ အပေါ်က ခွက်တခုအုပ်၊ ခွက် ၁ ခု အစပ်ကို အခိုးမထွက်အောင် ကော်ထေး၍ အောက်က မီးတိုက်ပေး။ အပေါ်ခွက်ပေါ်က ရေဆွက်သောအဝတ်နှင့် အုပ်။ မီးတိုက်၍ အတန်ကြာလျှင် ပြဒါးသည် အပေါ်ခွက်တွင် ကပ်နေ၏။ အသာချ၍ အအေးခံထား။ အေးလျှင် ဖွင့်၍ အပေါ်ခွက်တွင်ကပ်သော ပြဒါးခွာယူ။ ဤသို့စီရင်၍ ဒေါသကိုထုတ်ရာ၏ဟု အဓိပ္ပာယ် ကို သိမှတ်ကြရာ၏။

## (၁၆၀) ပြဒါး ၄ မျိုး၏ အရိပ်သဏ္ဍာန်ကို ပြခြင်း

သီလာစ ပိတ္တိကာ၊ ဆာယာဒိယန္တိ၊
ပလာဝီပုတိကာ၊ ဆာယာ စိယန္တိ၊
ရက္ခပဏ္ဏိကာဝါ၊ ဆာယာနိယန္တိ၊
အာကာသဥဒကာ၊ ဆာယာခိယန္တိ၊
ဝိဇ္ဇာဓရာ၊ ပကာသိတာ။ ။

သီလာစပိတ္တိကာ ကျောက်မှုန့်စားသော ပြဒါးတို့၏။
ဆာယာ၊ အရိပ်သည်။
ဒိယန္တိ၊ ဝန်းကုန်၏။ ဝါ၊ ဝိုင်းကုန်၏။

ပထဝီပုတိကာ၊ မြေအပုပ်စားသော ပြဒါးတို့၏။
ဆာယာ၊ အရိပ်သည်။
စိယန္တိ၊ ရုံ့ရွဲကုန်၏။
ရုက္ခပဏ္ဏိကာ ါ၊ သစ်ရွက်စားသော ပြဒါးတို့၏။
ဆာယာ၊ အရိပ်သည်။
နီယန္တိ၊ လျားကုန်၏။ ဝါ၊ ရှည်ကုန်၏။
အာကာသဥဒကာ၊ သီးနှင်းမိုးပေါက်စားသော ပြဒါးတို့၏။
ဆာယာ၊ အရိပ်သည်။
ခိယန္တိ၊ ပိတ်ကုန်၏။
ဣတိ၊ ဤသို့။
ဓိဇ္ဇာဓရေ၊ ဝိဇ္ဇာဓိုရ်ဆရာကိုသည်။
ပကာသိကာ၊ ပြအပ်ကုန်၏။

## အဓိပ္ပာယ်မှာ

ပြဒါး ၄ မျိုးကို ခွဲခြား၍ သိမှတ်ရန်မှာ မြေအပုပ်စားသော ပြဒါးအရိပ်သည် ရုံ့ရုံ့ရွဲရွဲ ရှိသည်ဟု သိမှတ်ရာ၏။

ကျောက်မှုန့်စားသော ပြဒါး၏ အရိပ်သည် ဝန်းဝန်းတိတိ ရှိသည်ဟု သိမှတ်ရာ၏။

သစ်ပွင့် သစ်ရွက်စားသော ပြဒါး၏ အရိပ်သည် ရှည်ရှည်လျားလျားရှိသည်ဟု သိမှတ်ရာ၏။

ဆီးနှင့် မိုးပေါက်စားသော ပြဒါး၏ အရိပ်သည် ပိန်ပိန် ရှိသည်ဟု သိမှတ်ရာ၏။

ဤသို့လျှင် အရိပ်ကိုကြည့်၍ ပြဒါးလေးမျိုးတို့၏ လက္ခဏာ များကို သိမှတ်ကြရာ၏။

၀....၀

## (၁၆၁) ပြဒါးသတ်သောဆေးတို့ကို ပြဆိုခြင်း၊

သုတပါန္တိ၊ ပြဒါးသတ်ခြင်းတို့၏။
ဩသထိနိ ၀ါ။ ဆေးတို့သည်ကား။
နာနာဝိဓာ၊ အထူးထူးအပြားပြား များကုန်သော။
ဧဝေဝိဓာ၊ ထိုဆေးတို့ပတွင်။
ကေမူလံ၊ တခုတည်းသော အမြစ်ဖြင့်။
သုတမရဏံ၊ ပြဒါးသေခြင်းသည်။
အတ္ထိ၊ ရှိ၏။
ဧကမူလံ၊ တခုတည်းသော အမြစ်ဖြင့်။
သုတမရဏံ၊ ပြဒါးသေခြင်းတို့တွင်။
အတိအဂ္ဂိ၊ အလွန်ပူသောဆေးရင်း။
အတိခိတ္တံ၊ အလွန်ခါးသော ဆေးရင်း။
အတိယာ္တုံ၊ အလွန်စပ်သော ယားသောဆေးရင်း။
အတိတိတ္တံ အလွန်ဖန်သောဆေးရင်း။
အတိခီ ၊ အလွန်ချဉ်သောဆေးရင်း။
အတိစိတ္တံ၊ အလွန်မူးဝေစေတတ်သောဆေးရင်း။

အတိလောဟိတံ။ အလွန် သွေးအန်စေတတ်သောဆေးရင်း။
အတိဇိပိတ္တံ၊ အလွန်လျှာကြိုးသောဆေး၊ တုံကျင်စေတတ်သော
ဆေးရင်း။

ဋ္ဌတိ၊ ဤသို့။
နာနာဝိဓာ၊ အထူးထူးအပြားပြားသည်။
အတ္တိ၊ ရှိ၏။
ဧတေဝိဓာ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းတို့တွင်။
ဧတေသံဝိဓာနံ၊

ကေမူလံ၊ တခုတည်းသောအမြစ်ဖြင့်။
ကေမူလေန၊

သုတမရဏံ၊ ပြဒါးသေခြင်းကို။
ဝိဇ္ဇာဏေယျ၊ သိရာ၏။

ကေမူလံ၊ တခုတည်းသောအမြစ်ဖြင့်။
ကေမူလေန

အမရဏံ၊ မသေသည်ရှိသော်။

ဒွိမူလံ၊ နှစ်ခုသောအမြစ်ဖြင့်။
သန္ဓိတာ၊ ပေါင်းစည်းအပ်၏။

ဒွိမူလံ-ဒွိမူလေန၊ နှစ်ပါးမူလအမြစ်ဖြင့်။
အသုတမရဏံ၊ ပြဒါးမသေသည်ရှိသော်။
ဓာတိမူလံ-တိမူလေန၊ ၄ပါးမူလအမြစ်ဖြင့်။
သန္ဓိတာ၊ ပေါင်းစည်းအပ်၏။

တိမူလံ-တိမူလေန၊ ၃ပါးမူလအမြစ်ဖြင့်။
အသုတမရဏ်၊ ပြဒါးမသေသည်ရှိသော်။
စတုမူလံ၊ ၄ပါးမူလအမြစ်ဖြင့်။
သန္နိတာ၊ ပေါင်းစည်းအပ်၏။

စတုမူလံ-စတုမူလေန၊ လေးပါးမူလအမြစ်ဖြင့်။
အသုတမရဏ်၊ ပြဒါးမသေသည်ရှိသော်။
အနေကမူလံ၊ များစွာသောမူလအမြစ်တို့ဖြင့်။
သန္နိတာ၊ ပေါင်းစည်းအပ်၏။
တထေဝ၊ ထို့အတူသာလျှင်။
အင်္ကာစ၊ အကာနှိုက်ရင်း။
တစောစ။ အခေါက်နှိုက်ရင်း။
သာရဥ္စ၊ အနှစ်နှိုက်ရင်း။
ဖလဥ္စ၊ အသီးနှိုက်ရင်း။
ပဏ္ဏဥ္စ၊ အရွက်၌ရင်း။
ပုပ္ဖဥ္စ၊ အပွင့်နှိုက်ရင်း။
တာလဥ္စ၊ အနွယ်နှိုက်ရပြီး။
သန္နိတာ၊ ပေါင်းစည်းအပ်၏။
ကေဇမ္ဗူဒီပေ၊ ဇမ္ဗူဒိပ်တကျွန်းလုံးနှိုက်။
အနေကသဗ္ဗရုက္ခမေဝ၊ တပါးမက များစွာသော ဆေးတို့သည်သာလျှင်။
သုတဟန္တံဝါ၊ ပြဒါးသတ်ခြင်းအင်္ဂါနှိုက်။
သန္နိတ-သန္နိပဝိဝါ၊ ပေါင်းစည်းအပ်သော ဆေးအဝင်ဟူ၍။

ဉာတိတဗ္ဗံ၊ သိအပ်၏။
ဗဟုံ၊ များစွာသော။
ဩသထံ၊ ဆေးကို။
ဂဏနာ၊ ဂဏန်းသင်္ချာဖြင့်ရေတွက်ခြင်းငှာ။
အနန္တံ၊ အတိုင်းမသိအပ်ကုန်။
တေဩသဓေ နေဝ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော ဆေးတို့ကိုသာ
လျှင်။ ဝါ သည်သာလျှင်။
သုတာမရဏံ၊ သုတာသေခြင်းသည်။ ဝါ၊ ပြဒါးသေခြင်းသည်။
န၊ မဟုတ်။
စိန္တညာဏေန၊ ထိုးတွင်းသောဉာဏ်ဖြင့်။
ဉတွာ၊ သိ၍။
ဩသထံ၊ ဆေးတို့နှင့်။
ဝိစိန္တံ၊ စီရင်အပ်သည်ကို။
စိန္တေယျ၊ ကြံရာ၏။
ဣတိ၊ ဤသို့။
သုတေမရဏံ၊ သုတာသေခြင်းကို။
ဝိဇ္ဇာနေယျ၊ သိရာ၏။
တပသီဝိဇ္ဇာဓရယော၊ တပသီဝိဇ္ဇာဓိုရ်ဆရာတို့သည်၎င်း။
အင်္ဂဝိဇ္ဇာဓရယော၊ အင်္ဂဝိဇ္ဇာဓိုရ်ဆရာတို့သည်၎င်း။
ဝုတ္တံ၊ မိန့်အပ်၏။

ဇ-ဝိပ္ပာယ်ကား။ ပြဒါးကို သေစေတတ်သော ပြဒါးသတ်ဆေးတို့သည် များစွာရှိကုန်၏။ ဆေးမြစ် တမြစ်တည်းနှင့်လည်း ပြဒါးကို သေစေနိုင်၏။ တမြစ်နှင့် မသေသော် နှစ်မြစ်ဖြင့် သတ်က သေနိုင်၏။ နှစ်မြစ်နှင့် မသေသော် ၃ မြစ်ဖြင့် သတ်လျှင် သေနိုင်၏။ သုံးမြစ်နှင့် မသေခဲ့သော် ၄ မြစ် ၅ မြစ်စသောအားဖြင့် များစွာသော အမြစ်တို့နှင့် သတ်သော် မသေမရှိ၊ မုချသေရမည်ဟု ဝိဇ္ဇာမိုရ် ဆရာတို့ မိန့်ဆိုကြကုန်၏။

ထိုများစွာသော ဆေးတို့မှာ

၁။ အလွန်ပူသောဆေး၊

၂။ အလွန်ခါးသောဆေး

၃။ အလွန်စပ်သောဆေး

၄။ အလွန်ယားသောဆေး

၅။ အလွန်ဖန်သောဆေး

၆။ အလွန်ငံသောဆေး

၇။ အလွန်ချဉ်သောဆေး

၈။ အလွန်မူးစေတတ်သောဆေး

၉။ အလွန်သွေးအံစေတတ်သောဆေး

၁၀။ အလွန်လျှာကြီးစေတတ်သောဆေး

တိုကျင်စေတတ်သောဆေး

ဤဆေးအပေါင်းတို့တွင် တမျိုးမျိုးသည် ပြဒါးကို သေစေနိုင်သော ဆေးများဖြစ်ကုန်၏။

ဤဇမ္ဗူဒိပ်ကျွန်း၌ ပေါက်သမျှသော သစ်ပင်တို့သည် ပြဒါးသတ်သော ဆေးဘက်တွင် ဆေးဘက်ဝင်သော သစ်ပင်များသာဖြစ်ကုန်၏ဟု ဝိဇ္ဇာဓိုရ်ဆရာတို့မိန့်ဆိုကြကုန်၏။

ထိုဆိုအပ်ခဲ့ပြီးသော ဆေးတို့တွင် အလွန်စပ်သောဆေးဆိုသည်မှာ ချက်ချင်းစပ်၍ သေစေတတ်သော ဆေးပင်၊ ဆေးရွက်၊ ဆေးပွင့်၊ ဆေးမြစ်၊ ဆေးခေါက်များကို ဆိုသည်။

ထိုဆေးပင်များကား ဆင်ပိတ်ချဉ်း၊ ဆင်ပိစပ်၊ တောကျွမ်းစရိ၊ ငရုတ်ကောင်းစသည်တို့ကိုသိမှတ်ကြရာ၏။

အလွန်ပူသောဆေးဆိုသည်မှာ ချက်ချင်းပူ၍ သေစေတတ်သော ဆေးကိုဆိုသည်။ထိုဆေးပင်များကား။ ။ရှားဇောင်းသစ်ငုတ်၊ရှားဇောင်းကြီး၊ သိကြားလောင်မီး၊ ဂမုန်းဥပါယ်၊ ဖားပြုတ်ဆုတ်ဆိုင်း၊ ငရုတ်မိုးမျှော် စသည်တို့ကို သိမှတ်ကြရာ၏။

အလွန်ယားသောဆေးဆိုသည်မှာ ချက်ချင်းယား၍ သေစေတတ်သော ဆေးကို ဆိုသည်။ ထိုဆေးကား မဟော်ရာနီ၊ မဟော်ရာနက်၊ မဟော်ရာမင်း၊ ဂနီ၊ ဝနက်၊ ဝမင်းစသည်တို့ကို သိမှတ်ကြရာ၏။

အလွန်ခါးသောဆေးဆိုသည်မှာ ချက်ချင်းခါး၍ သေစေတတ်သော ဆေးကို ဆိုသည်။ ထိုဆေးမျိုးကား ကင်ပိန်းခါး၊ ခွေးခါး၊ဗူးခါးစသည်တို့ကို သိမှတ်ကြရာ၏။

အလွန် မူးဝေ အော့အန်စေတတ်သောဆေး ဆိုသည်မှာ ဒေါ်ရင်းဖြူ၊ ဒေါ်ရင်းနီ၊ ပလောင်သေ၊ ကုလားသေ၊ မြွေးဆိပ်စသော အပင်မျိုးတို့ကို သိမှတ်ကြရာ၏။

အလွန်ချဉ်သော ဆေးဆိုသည်မှာ ကျောက်ချဉ်၊ မက်လင်နွယ်ဆူးချဉ်၊ ချဉ်ပေါင်စသော အချဉ်မျိုးတို့ကို သိမှတ်ကြရာ၏။

အလွန်ဖန်သော ဆေးဆိုသည်မှာ သစ်တို၊ သစ်အယ်၊ မျောက်ငို၊ဆင်နီ ကပ္ပို စသည်တို့ကို သိမှတ်ကြရာ၏။

အလွန်ငံသော ဆေးဆိုသည်မှာ ဝါးမင်းစသော ဝါးများ၊ငှက်ပျောသူငယ်စာစသော ငှက်ပျောမျိုးတို့ကို သိမှတ်ကြရာ၏။

ဤသို့လျှင် များစွာသော ဆေးမြစ်၊ ဆေးရွက်၊ ဆေးခက်၊ ဆေးဖု၊ ဆေးဥ၊ ဆေးခေါက်၊ ဆေးသီး၊ ဆေးပွင့်၊ ဆေးနှစ် စသည်တို့ကို မှတ်သား၍ တမြစ်နှင့် မသေသော် နှစ်မြစ်၊ နှစ်မြစ်နှင့် မသေသော် သုံးမြစ်၊ လေးမြစ်၊ငါးမြစ်၊ ဆယ်မြစ်၊ တရာ၊ တထောင်စသော ဆေးမြစ်တို့ကို ပေါင်းစည်း၍ သတ်ကြရာ၏။ မသေ မရှိ၊ သေရမည် ကေန်သာတည်းဟု ဝိဇ္ဇာဓိုရ်ဆရာတို့ ညွှန်ပြကြပါကုန်၏။

တရက်နှင့်မသေသော် နှစ်ရက်။ သုံးရက်၊ဆယ်ရက်၊ တလ၊ နှစ်လစသည်ဖြင့် ဆေးတို့ဖြင့် ပေါင်းစုစီရင်လျှင် မသေမရှိ သေရမည် ကေန်သာတည်း။

(မှတ်ချက်) မီးနေ၊ မီးရပ်ဆိုက်အောင် စိတ်ရှည်စွာဖြင့် စီရင်ကြပါလျှင် မဖြစ်မရှိ ကောင်းမွန်ပြီးသော နည်းများ ဖြစ်သည်ကို ယုံကြည်ကြရာ၏။

ဤကား မူလဖြင့် ပြဒါးဘမ်းခြင်း၊ ပြဒါးသတ်ခြင်းဆိုင်ရာ စကားရပ် အပြီးသတ်တည်း။

ရန်ကုန်မြို့၊ သုဓမ္မာတိုက်၊ မိုးကုတ်ကျောင်းဆရာတော်

ဦးကုမာရ၊ ဦးသုမင်္ဂလအရှင်မြတ်တို့ထံမှ

မေတ္တာဖြင့်ပေးအပ်သော

## (၁၆၂) ပြဒါးဘမ်းရနလက်တွေ့နည်း

| | |
|---|---|
| ၁။ ဆား | ၁ ကျပ် |
| ၂။ ယမ်း | ၄ ။ |
| ၃။ စိန် | ၃ ။ |
| ၄။ ကန့် | ၂ ။ |
| ၅။ လက်ချား | ၉ ။ |
| ၆။ ဇဝက်သာ | ၆ ။ |
| ၇။ အေးဒါန်း | ၇ ။ |
| ၈။ ဟင်းရိုင်း | ၈ ။ |
| ၉။ ပြဒါး | ၅ ။ |

၎င်းတို့ကို နဝင်း (၉)ပါး ခေါ်၏။ ၎င်းဆေးစုတို့ကို တစ်ခုစီကောင်းပြီး လက်ချား ၉ ကျပ်သားကို ချော်ချက်၍ ကြည်လင်လျှင် ဆား ၁ ကျပ်ကိုထည့်၊ ၎င်းနောက် ယမ်း

၄ကျပ်ကို ထည့်ပါ။ ၎င်းနောက် ဇဝက်သာ ၆ ကျပ်ကို ထည့်။ ၎င်းနောက် ကန့် ၂ ကျပ်ကို ထည့်။ ၎င်းနောက် စိန် ၃ ကျပ်ကို ထည့်။ ၎င်းနောက် ဆေးဒန်း ၇ ကျပ်ကို ထည့်။ ၎င်းနောက် ဟင်းရိုင်း ၈ ကျပ်ကို ထည့်ပြီးလျှင် ပြဒါး ၅ကျပ်ကို ထည့်ပြီး အဖုံးပိတ်၍ မီးရှန်ထိုးပါ။ ပြဒါး မီးနေရ၏။

## (၁၆၃) ပြဒါးဆတ် ပြုလုပ်နည်း

အန္တေ္တာချော် ၂ ကျပ်၊ မဟူဖောက်ထုံး ၈ ကျပ် ချော် ချက်ပြီး ၎င်းချော်နှင့် ပြဒါးကို အုပ်၍မီးရှန်နာနာထိုး။ ညို၍ ဆတ်၏။ နှံနတ်ရေမှာလောင်း ဖြူလာ၏။ ပြဒါးဆတ်ကို ပြင်းပျော့စေလိုက ဟောတမာခေါက်ကို အရေကျကျ ကျို ပြဒါးကို အရေပျစ်အောင် ကျို၍ ၎င်းတမာခေါက်ရေကို လောင်း။ ပြင်းပျော့၏။

ပြဒါးကို မီးခံအလိုရှိမူ ယမ်း တောဇော်ငြိမ်း ၅ ကျပ်၊ နာ ၁ဝိနှင့် ချက်၍ရသောချော် အန္တောချော်၊ ၎င်းနှစ်ခုကို စပ်၍ ချက်သော ချော်ကို တစ်သုံးလုံးချော်ဟု ခေါ်၏။ တနည်း နာမ်–ရုပ်–ကတ္တား)ချော်ဟု ခေါ်၏။ ၎င်းချော်နှပ်၍ ပြဒါးကိုထိုးသော် မီးခံ၏။

....o....

## (၁၉၄) ယမ်းတေဇောငြိမ်းဆေး

ပထမဆေး စိန်၊ လက်ချား သုံးမူးစီထား။
ဒုတိယဆေး ကန့်၊ ဆေးဒါန်း သုံးမူးစီထား။
တတိယဆေး ဟင်းရိုင်း၊ မဖောက်ထုံး သုံးမူးစီထား။

ယမ်း ၅ ကျပ်ကို အရေကျိုပြီး ပထမဆေးကို ပေါက်ပေးပါ။ ၎င်းနောက် ဒုတိယဆေးကို ပေါက်ပေးပါ။ ၎င်းနောက် တတိယဆေးကို ပေါက်ပေးပါ။ ၎င်းနောက် လက်ချား ၃ ကျပ်ထည့်၊ နာနာထိုးပါက ယမ်း တေဇောငြိမ်း၍ ပိတုန်းရောင်ကဲ့သို့ရ၏။ အာကာသဖမ်းလေ။

## (၁၉၅) တေဇောငြိမ်းဆေး

ထုံးကြွက်တက်ရေ ၅ ဝိ၊ သံဆပ်ပြာ ၅ ဝိ၊ ၎င်း ၂ ပါးကို ချက်၍ ပျစ်လာလျှင် အုန်းစိမ်းရေတလုံးနှင့် ယမ်း ၁ ဝိထည့်ပြီး ချက်။ တေဇော ငြိမ်း၏။ လိုရာကိုဖမ်းလေ။

## (ခေါက်ခွဲနည်း)

| | |
|---|---|
| လက်ချား | ၁ ကျပ် |
| ကန့် | ၄ ။ |
| ဟင်းရိုင်း | ဂ ။ |

၎င်းဆေးစုကို တောင်းပြီး ၁ ပဲသားယူ၍ လိုအပ်သော ခေါက်တွင်ထည့်ပြီးထိုးပါက ခေါက်ကွဲ၏။

## (၁၆၆) သက်ဖြတ်ချော်နည်း

ဟင်းရိုင်း ၈ကျပ်၊ စိန် ၄ကျပ်၊ လက်ချား ၁ဝိ၊ ၎င်းတို့ကို ထောင်း၍ ချော်ချက်။ ချော်ဖြစ်လာလျှင် လုံပြောင်းပြီး ချော်သေအောင် ထပ်၍ထိုး။ အလိုရှိရာ ဓာတ်လုံးကို ၎င်းချော်သေနှင့် ပိတ်ပြီး ထိုးခဲ့သော် ကြယ်ရောင် လရောင်ကဲ့သို့ ဖြစ်လာ၏။ ကြယ်ရောင် လရောင်ကဲ့သို့ ရုပ်အဆင်း ဖြစ်လာသော ဓာတ်လုံးကို အသုံး ချရမည်မှာ အသက်ရှည်လို၍ ကိုယ်တွင်းရောဂါ ပျောက်ကင်းချမ်းသာပြီး သိဒ္ဓိပေါက်လိုက ကြံရေ၊ အုန်းရည်၊ ပျားရည်၊ ထောပတ်ရည်နှင့်စိမ်လေ။ ည နံနက် ကြေးဇွန်းတစ်ဇွန်းစီ မှန်မှန်စားပါက သိဒ္ဓိပေါက်လိမ့်မည်။

## (၁၆၇) သံကျွေးရန် ကျင်းလုံးသွတ်ဘမ်းနည်း

ဆေးဒန်း ၁ကျပ်၊စိန်နီ ၁ကျပ်၊ ကန့် ၁ကျပ်၊ ဇဝက်သာ ၁ ကျပ်၊ ဟင်းရိုင်း ၅ကျပ်၊ ၎င်းကိုအမှုန့်ပြု၍ သံပုရာရေနှင့် ၃ ရက်ကြိတ်။ ၃ နေလှမ်း။ အပြားကလေးလုပ်၍ ဒယ်အိုးထဲမှာ မှိုင်းခံစက္ကူခံပြီး ဆေးကိုထည့်။ မီးကော်ဘော ကောင်းကောင်း လုံစွာမံ၍ နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိ မီးမျှင်းမျှင်း တဖြေးဖြေးထိုး။

ပြီးလျှင် ကြေးနီ ၁ဝိသားလျှင် အထက်ပါဆေး ၁ကျပ် သားထည့်။ ချော်ကျက်အောင် ချက်ပြီးလျှင် အိုးကင်းထဲသို့

ပြောင်း၍ လောင်း။ ဂဠုံချော် ဖြစ်၏။ ၎င်းဂဠုံချော် ၁ကျပ်ကို ဘော် ၁ကျပ်သား ခတ်၍ထိုး။ ရေနံကဲမှာ ၃ မီးလောင်း။ ပါ၊နီဝင်းသော အသွင်သဏ္ဌာန် ထွက်လာ၏။ ၎င်းနောက် ကိုတ်နှင့် ဆက်တူစပ်လေ။

....၀....

## (၁၆၈) ဂဠုံချော်နှင့်သွက်ဘမ်းနည်း

သွက်ဘမ်းလိုသောအခါအထက်က ချော် ၂ သား၊ သွက် တဆထည့်၍ မီးရှန်နှာနှာထိုး။ တဖြေးဖြေး မီးမြှင့်ထိုး။ ၎င်းသွက်သည် ချော်နှင့်ပေါင်းစပ်၍ မိလိမ့်မည်။ ၎င်းသွက် ၅ကျပ်နှင့် သံစင်ကြယ်ပြီး ၁ကျပ်နှင့် ပေါင်း၍ နှာနှာထိုး။ ပါ။ ပြီးလျှင် သံလေးလေးတင်ကာ ၎င်းနည်းအတိုင်း သွက်သေ ၂ဝိ သားကုန်အောင် ကျွေးပြီးလျှင် သံကို နဝင်းဆေးနှင့် ချုပ်၍ရသော ပြဒါးကို ၁ကျပ်သားကျွေးပါ။ ၎င်းနောက် ကိုတ် ၅ မတ်သားကျွေး။ လုံကျင်း ထွက်ပါလိမ့်မည်။ ရွှေ ကျွေးသောအခါလည်း တစ်ခါတည်း ၅ မတ်သားလုံ ကျွေး။ ခွာတ်လုံးကို အရေကျို။ ရွှေကိုထည့်။ မီးအတော်နာအောင် ထိုး။ အအေးခံချထား။ အေးသောအခါ ခွာတ်လုံးကို ထုတ် ယူ၍ ရွှေချော်ကို ကောင်းစွာယူ၍ ၎င်းခွာတ်လုံးထိုးသော လုံ နှင့် ဘော် ၁ကျပ်ထည့်ပြီး ၎င်းချော်ကို လောင်းထည့်။ လုံ ပိတ်၊ ချော်ပျောက်အောင်ထိုးပါ။ ၎င်းဘော်ဝါ၏။ အမျိုးတူ ထွက်၏။

## (၁၆၉) မူလပီးမနေ့ ပြဒါးခဲလုပ်နည်း

ကာလိန်သီးအစိုကို ထိပ်ဝလှုပ်၍ အတွင်းသို့ ပြဒါးထည့်ပြီး မီးဖိုမှာ တယ်၍ ဒုတ်နှင့် မွှေပေးက အလိုလိုစင်ကြယ်သော မူလပြဒါးခဲ ရလိမ့်မည်။ ရသောပြဒါးကို ၎င်းအသီးထဲမှာ ရှိသောအဆံနှင့် အခွံကိုထောင်း၍ အထက်အောက်နှိုးပြီး မီးပြင်းထိုးက မထွက်နိုင်သောကြောင့် ပြဒါးမီးနေ ရ၏။

## (၁၇၀) မူလပြဒါးခဲနှင့် စားလမ်းစီရင်နည်း

မူလပြဒါးခဲနှင့် ဘော်စင်စင်မှာ ပစ်က ဘော်ကြေ၏။ ၎င်းဘော်ကြေကို နာမှာပစ်က ဘော်သာခွာဖြစ်၏။ ရေနံမှာ ၃မီးလှော်း။ လက်ဝဲ ဖြစ်၏။

လက်ျာမှာ မူလပြဒါးခဲနှင့် ရွှေကောင်းမှာ ပစ်။ ရွှေကြေ၏။ ၎င်းရွှေကြေက နာကို ပစ်က နာရကျဖြစ်၏။ ရေနံမှာ ၃မီးလောင်း၊ လက်ျာ ဖြစ်၏။

သိဒ္ဓိပေါက်လိုသော် မီးနေပြဒါးနှင့်ရွှေကောင်း လေးတူ တွဲပြီး ဖွဲ့မီးနှင့် ၁ ဆင့် ပြာစိုက်ပြီးလျှင် ၎င်းပြာကို ပျားရည် တပိဿာလျှင် တရွေးခပ်၍ စား။ ကုန်လျှင် နောက်ပျားရည် တပိဿာလျှင် ပြာနှစ်ရွေး ခပ်၍စား။ ပြာ တိုးပြီး စားပါ။ ၁၂ဆင့်။ ၁၂လ စားမိသော် သိဒ္ဓိ ပေါက် တော့၏။

(သတိ) မူလပြဒါး မီးနေမှန်မှ စားရန် သင့်၏။ သို့မဟုတ် မစားနှင့်။

## ဆရာဦးစိန္တာထံမှ မေတ္တာဖြင့်ပေးသော

## (၁၇၁) လက်ဖက်စားလမ်း

လမ်းတိုနည်းပြ၊ လူ့လောက၊ မှတ်ကြဝေကား။
ဘော်နာတကျပ်၊ ယမ်းတကျပ်၊ ညှိလပ်လုံပိတ်နှံ့။
တဖန်အလင်း၊ ကန့်ကိုသွင်း၊ ချိန်ရင်ငါးမူးမှန်။
တတန်ပစ်လေ၊ ဒုတ္တာရွှေ၊ ချိန်လေထိုနည်းရုံ။
ဘော်နာမြှည့်မြှည့်၊ ကိုးမူးထည့်၊ ဇာတိရွှေအမှန်။
သုံးရန်အသက်၊ တမူးစွက်၊ မပျက်သုံးစွဲရန်။
ညာဏ်မူရှားပါး၊ မလုပ်ညာ၊ မင်းကားမွဲတေပြန်။ ။

### အထက်ပါသံပေါက်၏ အဓိပ္ပာယ်မှာ

အင်္ဂလိပ်စားလမ်းဖြစ်သည့် လုပ်နည်း လုပ်ထုံး၌ လူ့ပြည်နေကြသည့် လူ့လောကသမားတို့သည် သေသေချာချာ မှတ်ပါ။ မှတ်ရန်မှာ ဘော်စင် တကျပ်၊ နာက တကျပ်၊ ယမ်းကတကျပ်ကို သုံးမျိုးတွဲမိသွားအောင် လုံနှင့် နာနာ ပိတ်၍ထိုးပါ။ တနာရီခန့်ထိုးပြီးမှ လုံအေးသွားလျှင် လုဖြေပြီး ခဲတစ်ခဲကိုယူပါ။ နောက်တကြိမ် အလင်းထိုးပြီး အရေဖြစ်၍ ကြည်လင်က ကန့်ငါးမူးသား အမှုန့်ပြု၍ခတ် မွှေလိုက်ပါ။ နောက် တတိအကြိမ်တွင် ရွှေသားဒုတ္တာ ငါးမူးသားကို ကြိတ်ချေ၍ မွှေနှောက်ခတ်လိုက်ပါ။ စတုတ္ထအကြိမ်ကို ပုရပိုက်ခေါက်ရွှေ တမူးသားတိတိသာ အသက်

သွင်းလိုက်လျှင် ကိုးမူးရေ ကိုက်၍နေသော ရွှေစင် ဖြစ်ပါသည်။ ဉာဏ်ပညာကင်းမဲ့၍ မလုပ်ဘဲနေပါမူ မင်းတို့တတွေသည် မွဲမြဲတေမြဲသာ မွဲတေမည်ဟု ဆိုထားသော အဓိပ္ပာယ်အကျယ် ဖြစ်ပါပေသည်။

## (၁၇၂) စားလမ်းတနည်း

'ကွမ်း, ပေါက်, ဆူး, မုံ၊ လေးပါးစုံ၊ လေးလုံပိတ်၍ထိုး။
ဆင်ကြွ ဝတ်ကြ၊ ခုကာလ၊ ပေါကြွရွှေတမျိုး။
သိလျက်နှင့်ဘင်၊ မထိုးချင်၊ မောင်လျှင်ရွှေးကံဆိုး။

## ရင်းသံပေါက် အဓိပ္ပာယ်မှာ

ကွမ်းရွက်ရေ၊ ပေါက်စီး၊ သို့မဟုတ် ပေါက်စေး ဖြစ်သည်။ဆူးပုပ်ကြီးမြစ်၊ မုံညင်းဥတို့ကို ပေါင်းမီအောင် ကြိတ်ထုတ်ပြီး အရေရက ပေါက်စေးနှင့် ရောပြီးထိုး။ ထိုးရမည့်ကိစ္စမှာ (ဘင်)နှင့်ထိုးရမည်။ ထိုဘင်ကို (သိလျက်နှင့်ပင်) ဟု ဆိုထားရင်းစကားအက္ခရာ ပြင်၍သိလျက်နှင့် ဘင်ဟု တိုက်ရိုက်ရေးထားလိုက်သည်။ ဘ,ကုန်းအက္ခရာ င,သတ် ဘင်မှ ဟုတ်မှန်မည်။ ထိုလေးမျိုး ဘာနှင့် ထိုးရမှန်း မသိအောင် စဉ်းစားဖို့ လိုချေသည်။ ဉာဏ်ပညာကို ထိုးထွင်းသိရန် လိုအပ်လှသည် ဖြစ်သောကြောင့် ရှေးပုဂံခေတ် ရှင်အဂ္ဂဂေါဏတို့ပင် ချဉ်နှင့်ချေးရေ အယူအဆများ မှားလျက်ရှိသည်။ သို့ဖြစ်၍ အဂ္ဂိယာပ်လုပ်ငန်းကို ပြုလုပ်လိုသော ပုဂ္ဂိုလ်တို့မှာ ပညာဉာဏ်ကို လွန်စွာ ရှေးရှုရပေသည်။

## (၁၇၃) လက်ချောစားလမ်း လုပ်နည်း မျိုး

ဘော်စစ်ဘော်ကောင်း တကျပ်၊ သွတ်နှစ်ကျပ်နှင့် တွဲ၍ ထိုး။ ၎င်းတွဲပြီး ခါတ်ပေါင်းကို သံဆုံနှင့် ညက်ညက် ထောင်းလိုက်။ ၎င်းထောင်းပြီးအမှုန့်ကို ဒုတ္တာလေးဆနှင့် အမှုန့်ပြု၍ ရောပါ။ ၎င်းရောပြီးနောက် သံပုရာရေနှင့်ရောပြီး အမှုန့်ကို သံဇလုံကြွေရေသုတ် ထွာဆိုင်ခန့်သာသာ ရှိသည့် ခွက်နှင့် ခါတ်မှုန့်အားလုံး တနာရီတိတိ ပြုတ်၍ချက်လိုက်။ ရေခန်းခြောက်လျှင် အသာအေး၍ထားပြီးမှအမှုန့်ကိုလုံစောက် ၌ ထည့်၍ ထိုး။ မိုးကြိုးတမျိုး ဖြစ်၏။ ထိုမိုးကြိုးခါတ်ခဲကို လေးငါးလုံခန့် ရေနံလောင်းပြီး မှတ်တင်၍ကြည့်ပြီး ၃ပုံ တပုံထည့်စပ်။ စားလမ်းလည်း ရ၏။ ဝတ်ဆင်လမ်းလည်း ရ၏။ မိမိတို့ တတ်နိုင်သလို အကျိုးရှိသော လမ်းတိုနည်း ဖြစ်၏။ အလှူလည်းပေး အမျှလည်းဝေ အထွေထွေ အကျိုးရှိနိုင် သော စားလမ်းကောင်းတခု ဖြစ်၏။ သူတပါးတို့ကိုလည်း နည်းနာ နိသျှ ကျနအောင် သင်ပြကြပါလေ။

## (၁၇၄) ကိုယ်ကျိုးအတွက် အင်္ဂလိပ်စာထပ်

ဖျင်ပိတ်ဖြူဂုဆိုးနှင့်၊ ဖိုထိုးသည့် ဝိဇ္ဇာ၊ ကိုယ်ကျိုးရှိ တဆိတ်ရှာလျှင် စိတ်ရှိရာကြံဆ။ ။မူလ, သွတ်တလုံး သေလျှင်၊ ရွှေဆိုတာ သုံးတောအနန္တ၊ ။ကိတ်သုတ, ဖက်ခါ ခြုံတယ်၊ စက်ပါလုံညီမျှ၊ သန္တက်လုံအ ၁ချလို့၊ မံကာပ ဖွဲ့ရှာ။ မီးကုန်လျှင် ။ကော်လာလုစ်ပါလို့။ ဘော်ဖြူသစ်

ဖွေးသွတ်ပမှာ၊ ရှင်းက ကြိုက်ကြေပြာကို၊ စိတ်စေတနာလာက်စွဲ ၍၊ တပဲကျဒန်ဟာတယ်၊ ဝဲတော့တကာယ် သုဝဏ္ဏ ပဂေး ကြွယ်တယ်၊ သူဌေးနှယ် ကာ့ူးကွဲ့လေး။ ။

## (၁၅၇) ရိက္ခာထောက်သော အဂ္ဂိယပ် တေးထပ်

သွတ်ဒုတ္ထာ နာပြဒါးရယ်နှင့်၊ ဟင်းလက်ချားစီမံ၊ ယွင်းကွက်ကျား မဖည်ဆန်တယ်၊ နီဖလံအလား။ ။ လကျာ်လမ်း ထိုအခြေဟာ၊ ပဒေသာပေါက်သည့်မခြား။ စဉ်းစားတော့ တပသီမှန့်လျှင်၊ ပြည်တန်သည့် အသွား၊ ရဏီမှန်ပတ္တမြားလိုပ၊ ကျောက်နဂါးပီပီ။ ။ အတန်တန် ရိက္ခာထောက်တာမို့၊ စိတ်မှာ နောက် အေးရပါတော့ မည်။ ။ ဖားခြင်သော့ရင်နို့ရည်ကို၊ မြင်၍ ဤသောက်ချိုး တော့၊ မောက်ဖြိုးလိုမကုန်ရှာ၊ ရေပြွန်ပမာ။ ။သိဒ္ဓိရ ဓာတ်လုံးဟာ၊ ကပ်သုံးဖြာ ကျော်ကြောင်းနော။ ။

## (၁၇၉) ၎င်ဘက်ပူပုံ အဂ္ဂိယပ် တေးထပ်

ဘော်ဘင်နာ သံဂျက်နှင့်၊ ဒန်သွတ်တို့သေအောင်၊ စိန် ဆေးဒါး ကန့်လက်ရှောင်၊ ဘူ့ဏ်သက်ရောင် ဓာတ်တွဲ။ ။ အဘ့မျှ ဂုဏဖိုမှာ မှုလာကို ထိုးကြတာနဲ ။ဟုတ်နိုးနှင့် ဖြစ်ကျိုးရှာသည့်၊ ညစ်ခိုးသာပျောက်ဘဲ။ ရှစ်ကိုးခါပေါက်

ပေါ့၊ စောက်လှဲသာနေရောင်။ ။ငွေသာကုန် ဗေထုံကွဲပါလို့၊ မြေပုံလဲ မလောက်နိုင်အောင်။ ။ကုတ်ပတ်လွှ လုပ်ရပ်ဘောင်မှာ၊ ဟုတ်ဟတ်အောင် မဆွယ်ကြပါနှင့်၊ ဆယ်ဘ၀ထိုးတော်မူ၊ ချေးမျှမဖြူ။ ။ဘ၀င်ကပ် ထပ်မှတ်သူတွေ၊ ရင်ဘတ်ပူလှိုန်းလို့နေ၁။ ။

## (၁၇၇) ဗဟုသုတပညာရပ်တေးထပ်

မသေခင်ပေါင်းစု၍၊ နှောင်းယခုတိုးအင်၊ အကြောင်းခုအကျိုးမြင်အောင်၊ အလိုးပင်မပြတ်။ ။ဗဟုသုနိသျှည်းဟာကို၊ သိပ်သည်းစွာ ရေး၍သာ မှတ်။ ပညာရှိကဝိဂံလျှင်၊ အသိဉာဏ် အတတ်၊ ပဏ္ဍိတ်အမြတ်မို့၊ ပြန်ဂဟပ်လုပ်ပါ။ ။ဂဇေသီ အာစောက်ချလျှင်ဖြင့်၊ ပါမောက္ခဖြစ်ရမည့်သာ။ ။အဲဒါမှပညာ၀ါပါ၊ မင်္ဂလာကနက်လှမ်းပါလို့၊ အတက်တန်းစင်မြင့်ခုံပေါ်၊ တင့်သင့်ယှံနော်၊ အထင်ဖြင့် မင်းမဟော်လို၊ အတွင်းပျော် ခစားဘို့နေ၁။ ။

(မှတ်ချက်) အထက်ပါအင်္ဂလိပ်သံပေါက်နှင့်အင်္ဂလိပ်ကဗျာတေးထပ် အားလုံးတို့မှာ ဆရာဦးစိန္တာထံမှ ပေးပို့ရရှိသည်။

## နန်းငွေတောင် ဆရာတော်၏

## (၁၇၈) သံပန်းသတ်ဆေး

| | |
|---|---|
| ဂမုန်းဖား | ၄ ပဲ |
| သံသေဂမုန်း | ။ |
| နွယ်ဖြူဥ | ။ |
| ချင်းစိမ်း | ။ |
| နနွင်းစိမ်း | ။ |
| ဂမုန်းရွှေဝါကြီး | ။ |
| ဟင်းကလာရိုင်း | ။ |

### ၎င်းသံပန်းသတ်ဆေး သုံးရန်ကား

၎င်းဆေးကား တမူး ယူ၍ တပဲစီ ခွဲ၍ သံတကျပ်ကို ထုခြေ၍ ကထုပ် ထုပ်၍ထား။ တပဲကို လုံထဲသို့ ထည့်၍ထား။ ၎င်းဆေးတပဲ အပေါ်က လက်ချားမီးပေါက် အုပ်၍ ထိုး။ ချော်ဖြစ်၏။ ၎င်းချော်ဖြစ်လျှင် လက်ချား၊ယမ်း ပေါက်ခါ ပေါက်ခါ နာနာထိုးပြီးလျှင် ၎င်းချော်ကို ကော်၍ ကြည့်။ နနွင်းသားကဲ့သို့ ဝါလိမ့်မည်။ မဝါသေးလျှင် ၎င်းဆေး ပေါက်၍ မီးနာနာထိုး။ ဝါလိမ့်မည်။ ဝါလျှင် ရပ်၍ထား။ ၎င်းအထက်က ထုပ်၍ ထားသော သံထုပ်ကို ၎င်းလုံထဲသို့ ထည့်။ အပေါ်က ယမ်း၊ လက်ချား အုပ်၍ မီးနာနာ ထိုး။ ချော်တွင်းက အရေပေါ်လိမ့်မည်။ ၎င်းဝနာက် ချော်အနား ပတ်ပတ်လည် ထိုး၍ ဝက်ဆီထဲသို့ လောင်းပါ။

## နန်းပွေ့တောင် ဆရာတော်၏

## (၁၇၉) ဓာတ်နိုင်ကျမ်းကား

ငွေကား ပထဝီဓာတ်၊ ခဲကား အာပေါဓာတ်။
ဂျုတ်ကား တေဇောဓာတ်၊ ဘင်ကား ဝါယောဓာတ်။
သွတ်ကား သည်းခြေဓာတ်၊ ဒါန်ကား အာကာသဓာတ်။
သံကား ပထဝီဓာတ်၊ ရွှေကား ဥတုအာပေါဟု ဆိုအပ်၏။

စိန်၊ ဆေးဒါန်းတို့ကား အာကာသဓာတ်။
ကျောက်ချဉ်ကား ပထဝီဓာတ်။
ဒုဿာကား အပုပ်ဓာတ်။
ဟင်းရိုင်းကား ဝါယောဓာတ်။
ကန့်ကား သည်းခြေဓာတ်။
ယမ်းကား ပထဝီဓာတ်၊ အာကာသဓာတ်။
သံကား အာပေါဓာတ်ဟု ဆိုအပ်၏။

ငွေကို ဆေးဒါန်းက နိုင်သည်။
ခဲကို ကျောက်ချဉ်က နိုင်သည်။
ဂျုတ်ကို လက်ချားက နိုင်သည်။
သွတ်ကို ဟင်းရိုင်းက နိုင်သည်။
ဒါန်ကို ကန့်က နိုင်သည်။
ပြဒါးကို ဒုဿာက နိုင်သည်။
သံကို ယမ်းက နိုင်သည်။
ရွှေကို ဆားက နိုင်သည်။

နိုင်သည်ဆိုသည်ကား ငွေခါတ်ကို ငွေမပျက်အောင် ဇုပ်အောင် ဆေးနှင့်ဖျက်ဆီးနိုင်မှ ခါတ်နိုင်သည်ဟူ၍ ဆိုသည်။ ၎င်း၏အရာများကို နားလည်မှသာလျှင် လုပ်ရပ်ခါတ်ကို နိုင်သည်ဟု ဆိုပါသည်။ ၎င်းတို့ကို နားမလည်က လုပ်ရပ်လုပ်ရန် စိတ်မကူးပါလေနှင့်။

## သရာတော် ဦးစန္ဒိမာ

## (၁၈၀) လက်တွေ့ပြဒါးအမ်းနည်း

၁။ ဇီးဖြူကန့် ၁၀ ကျပ်

၂။ ပြဒါး ၅ ကျပ်

**လုပ်ထုံးကား။** ။မြေအိုးတွင် သဲလည့်။ ၎င်းသဲပေါ်မှာ ကြွေပန်းကန်တယ်ထား။ ၎င်းကြွေပန်းကန်အတွင်းမှာ ဇီးဖြူကန့် ၁၀ိသားကို ထည့်၊ စလောင်း ပိတ်။ ။ထို့နောက် မြေအိုးကို ဖွဲမီးဖြင့် စိုက်၍ မီးမြှင်းမြှင်းအေးအေး ထည့်ပေး။ မီးပူရှိန် အနည်းငယ် ပူလာသောအခါ သဲပူလာလိမ့်မည်။ သဲပူရှိန် အပူများလာသောအခါ ကြွေပန်းကန်အတွင်းရှိ ဇီးဖြူကန့် အရေပျော်လာလိမ့်မည်။

ထိုအခါ ပြဒါး ၅ ကျပ်သားကို ဇီးဖြူကန့်ရေအတွင်းသို့ လောင်းထည့်ပါ။ ။ထိုနောက် တနေ့နှင့်တည မီးမြှင်းမြှင်း မပြတ်ဘဲ ဖွဲမီး ထည့်ပေးရမည်။ ။တနေ့နှင့်တည အချိန်ပြည့်သောအခါ သွတ်ပြားပေါ်တွင် ပြဒါးကို လောင်းလိုက်လျှင် ပြဒါးခဲပြီး ၅ ကျပ်သားကို ရရှိလိမ့်မည်၊ ၎င်းပြဒါးခဲကို လက်ချောင်းမီးပေါက်ဆိတ်၍ ၄ လုံး ပြဒါးနေရုံ မီး

မြှင်းမြှင်းနှင့်ထိုး။ ၎င်းချော်မှာ ချော်ဖြူဖြစ်ရလိမ့်မည်။ သိမ်းထား။ အသုံးကျား ကိုယ်သား ကိုယ်ရေပေါ်တွင် ပေါက်သော အနာနှင့် ယားနာများကို သွေးလိမ်းလျှင် ပျောက်ကင်းချမ်းသာသည်ဟု အညွှန်းကို တွေ့ရသည်။

ထို့နောက် ၎င်းလက်ချားမီးပေါက်နှင့် ၉ လုံစေ့အောင် ထိုးပြန်လျှင် ချော်ဝါ သို့မဟုတ် ချော်စိမ်း ထွက်လာလိမ့်မည်။ ၎င်းချော်ကိုလည်း သိမ်းထား၍ ရောဂါအမျိုးမျိုးတို့ကို သွေး၍ လိမ်းလျှင်လည်း ပျောက်ကင်း ချမ်းသာစေနိုင်သည်ဟု အညွှန်းကို တွေ့ရသည်။

ထို့နောက် ၎င်းလက်ချား မီးပေါက်နှင့်ပင် ၉ လုံစေ့အောင် ထိုးပြန်လျှင် ချော်နီ ထွက်လာလိမ့်မည်။ ၎င်းချော်ကိုလည်း ရှေးနည်းအတိုင်း သိမ်းထား၍ ရောဂါအမျိုးမျိုးတို့ သွေး၍လိမ်းက ပျောက်ကင်း ချမ်းသာစေနိုင်သည်ဟု အညွှန်းကို တွေ့ရသည်။

ထိုသို့ ၉ လုံးတိတိ ၃ ကြိမ် (၂၇)လုံ ထိုးပြီးသောအခါ အထက်တက်လမ်းကို မိမိတို့အလိုရှိရာ စားလမ်းနှင့် သိဒ္ဓိပေါက်လမ်းများကို အလိုဆန္ဒအတိုင်း ပြီးမြောက်အောင် စီရဖ်နိုင်သည်ဟု အမိန့်စကား ညွှန်ကြားထားပါသည်။

## (၁၈၁) ဓာတ်ဆတ်ကို ပျော့အောင် စီရင်နည်း

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဆေးဒါန်း | ၂ကျပ် ၈ပဲ | ၄။ | ဆား | ၂ကျပ် ၈ပဲ |
| ၂။ | လက်ချား | ၂ကျပ် ၈ပဲ | ၅။ | ဇဝက်သာ | ၂ကျပ်၈ပဲ |
| ၃။ | ယမ်းစိမ်း | ၂ကျပ် ၈ပဲ | ၅။ | ပရုပ် | ၂ကျပ် ၈ပဲ |

၎င်းဆေးအားလုံးကို အမှုန့်ညက်စွာကြိတ်။ ၎င်းဆေးဖြင့် ခေါင်းဆတ်ကို အလယ်ကထား၍ မီးပြင်းပြင်း ၃ လုံး ထိုးလျှင် ဆတ်သောခေါင်းသည် ပျော့၍သွားတော့၏။

## (၁၈၂) မနသိဒ္ဓိဝိဇ္ဇာအတတ်ပြာရိုက်နည်း

ဘော် ၁ကျပ်ကို ယမ်းဆားပေါက်၍ ထိုး။ ခေါင်းသား လုပ်၍ထား။ ၎င်းနောက် လူသားက ၁ ကျပ်၊ ဆေးဒန်းက ၁ကျပ်၊ ၎င်း ၂ ပါးကိုရော၍ ညက်စွာကြိတ်ထား။ ၎င်းနောက် ၎င်း၂ကျပ်ကို ဂုမ်ဂမန်နှင့်ရောကြိတ်ထား။၎င်းနောက် ကြေးနီနှင့် ဆေးဒန်းကိုရောထိုး။ ကြေးနက်သော၏။

ထို့နောက် အထက်ကဖော်ပြခဲ့သော ဘော် ၁ ကျပ် ကြိတ်ထားသောလူသားနှင့် ဆေးဒန်း၊ ဂုမ်ဂမန်၊ ကြေးနက် သေ အားလုံးကို ပေါင်း၍ လုံးကြီးမှာထည့် ဇော် ၃ထပ်မံ၍ မီးပြင်းပြင်းထိုးပြီးလျှင် အေးအေးခံထား။ လုံးခွဲယူ။ ရှစ်မူးရေ ဝါသောခေါင်းသားကို ရရှိမည်။ မိမိတို့လိုရာ အကျိုးရှိသလို စီမံကြရာ၏။

## (၁၈၃) ဟနည်းပြာရိုက်နည်း

သွတ်ဖြူ ၁ ကျပ်ကို ပြဒါး ၁ ကျပ်နှင့်တွဲ၊ ပြဒါးနှင့် သွတ် အရေလင်ဆဲမှာ ပေါက်ပန်းဖြူနှင့် မွှေလျှင် သွတ်ပြဒါး ပြာ ကျ၏။

ကိတ်နှင့် ဘင်ကို တွဲ။ ကိတ်နှင့် ဘင် အရေလင်ဆဲမှာ ပေါက်ပန်းဖြူမြစ်နှင့် မွှေပေးလျှင် ကိတ်နှင့်ဘင် ပြာကျ၏။

ပြဒါး ၁ကျပ်၊ နဝ ဂပဲကို တွဲ။ နဝနှင့်ပြဒါး အရေလပ်နေ ဆဲမှာ ပေါက်ပန်းဖြူမြစ်နှင့် မွှေလျှင် နဝပြဒါး ပြာကျ၏။ ကျီသီး ၁ကျပ်။ ဆေးဒါန်း ၂မတ် ရောကျို။ ပေါက်ပန်းဖြူ မြစ်နှင့် မွှေလျှင် ကြိတ်ခြေ့ကျ၏။

သံ ၁ကျပ်။ ကန့် ၅မတ်ကို အရေကျို။ အရေလင်တုန်း ကနခိုမြစ်နှင့် မွှေလျှင် ပြာကျ၏။

နဝ ၁ကျပ်၊ ဆေးဒါန်း ၂မတ်နှင့် အရေကျို။ အရေ ဖြစ် သောအခါ ကနခိုမြစ်နှင့်မွှေလျှင် ပြာကျ၏။

သွတ် ၁မတ်၊ လက်ချား ၁မတ်တွဲ အရေကျို။ အရေ ဖြစ်သောအခါ လက်ထုတ်မြစ်နှင့် မွှေလျှင် ပြာကျ၏။

ဘင် ၁ကျပ်ကို ဆေးဒါန်း ၁မတ်နှင့် ရောကျို။ အရေ ဖြစ်သောအခါ ကြောင်လျှာမြစ်နှင့် မွှေလျှင် ပြာကျ၏။

ဆေးဒါန်း ၁ကျပ်ကို အရေကျို။ အရေ ဖြစ်သောအခါ ငုံမြစ်နှင့် မွှေလျှင် ပြာကျ၏။

ဟင်းရိုင်း ကျပ်ကို အရေကျို။ အရေ ဖြစ်သောအခါ ဇဝက်သာနှင့် မွှေလျှင် ပြာကျ၏။

ကျောက်ချဉ်ကို အရေကျို။ အရေဖြစ်သောအခါ ကြောင် လျှာမြစ်နှင့် မွှေလျှင် ပြာကျ၏။

ကန့် ၁ကျပ်ကို အရေကျို။ အရေဖြစ်သောအခါ ကင်ပလင် မြစ်နှင့်မွှေလျှပ် ပြာကျ၏။

ပြာ ၁ ကျပ်ကို စိန်ဖြူ ၁ကျပ်နှင့် ညက်အောင် ကြိတ်။ လုံပိတ်ယိုး။ ဖွဲမီး ၁၀တင်းနှင့် မီးဖုတ်လျှင် ပြာကျ၏။

“ဖားပြုတ်ကင်းခြေ၊ လူ၏ပြေ၊ ဂေ၍စားကြလေ၊ ငါ့ကို လည်း အမျှဝေ၊ မော်ခေါရှပ်ကိုလည်း ပြုပြင်ပေး”ဟု မူရင်း စာဘွဲ့ အမှာစာပါရှိသည်။

## (၁၈၄) အင်္ဂါယပ်ထိုးသောသူ ထွက်ရပ်မပေါက် မပေါက် ဟောကျမ်း

အထွန်းကြိုဟ်သက်ကိုဘည်၊ ၆–ခုရော၊ ၄–ခုနှင့်ရော၊ အသီး အခါးရောပြီးလျှင် ၃၆–ခုချေယောက်လျှင် ၂၇–ခုနှင့်ချေ။ မချေလောက်လျှင် ၇ နှင့်စား။ ၁–ခုကြွင်းလျှင် ဒုက္ခဖြစ် တတ်သည်။

၂ ခုကြွင်းလျှင် လုံပေါက်သော အန္တရာယ်နှင့် တွေ့ရတတ် သည်။

၃–ခုကြွင်းလျှင် စားလမ်း၊ စပ်ဘုလမ်းကို ပြုလုပ်စီရင်က အောင်မြင်ထမြောက်ခြင်း ဖြစ်တတ်သည်။

၄–ခုကြွင်းလျှင် ထိုအင်္ဂါယပ်အလုပ်ဖြင့် ကြွယ်ဝ ချမ်းသာ သော သူကြွယ်အဖြစ် အခေါ်ခံရတတ်သည်။

၅ ခုကြွင်းလျှင် ကိုယ့်သူသည်ယို အင်္ဂါယပ်အလုပ်ဖြင့် စည်းစိမ် ချမ်းသာကြွယ်ဝ၍ သူဌေးဘဝ အခေါ်ခံရတတ်သည်။

၆–ခုကြွင်းလျှင် ထိုသူသည် ထိုအင်္ဂါယပ်လုပ်ငန်းကို ပြုလုပ် လျှင် လက်လွတ်ချွေးမွှေး ဖြစ်ရတတ်သည်။

## ဤစာအုပ်၏ အဆုံးနိဂုံးစကား

ဤမျှလောက်သော အက္ခရာစဉ်၊ ပုဒ်အစဉ်၊ ဝါကျအစဉ်၊ စကားအစဉ်တို့ဖြင့် စီစဉ်ရေးသားအပ်သော အင်္ဂလိပ်လက်စွဲ ရွှေလမ်းငွေလမ်းပဒေသာကျမ်းသည် အေးချမ်း သာယာစွာ အောင်မြင်ထမြောက် ပြီးဆုံးခြင်းသို့ ရောက်ပါသတည်း။

အင်္ဂလိပ်ပညာကို လိုက်စား ဆည်းပူးကြသော သုတဂဝေသီ ပုဂ္ဂိုလ်တို့သည် ဤစာအုပ်ကို ကြည့်ရှုလေ့လာ၍ မိမိတို့လိုရာ သိဒ္ဓိကို လွယ်ကူစွာ ပေါက်မြောက်အောင်မြင်နိုင်ကြပါစေကုန် သတည်း။

စာပြုဆရာကြီး

ဦးပေါ်ဦး

ရန်ကုန်မြို့။

၁၃၂၃-ခု၊ ဒုတိယဝါဆိုလဆုတ်(၆)ရက်၊
(၁၈-၈-၆၁)

....o....